ဂ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၀)၊ အမှတ်(၄၅)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၂ ၊ ၂၀၁၂)




ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးနိုင်ငံရေးခရီးစဉ်တွင် ထားဝယ်မြို့ခံလူထုအား နှုတ်ဆက်ပြီး ဗိုလ်ချုပ်လမ်းအတိုင်း ထားဝယ်လေဆိပ်သို့သွားရောက်ရန်ထွက်ခွာလာစဉ်

ဓာတ်ပုံ - ဇေယျာမောင်မောင်(အမရပူရ)

# ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးနိုင်ငံရေးခရီးစဉ်

ပြည်သူလူထုက မိမိတို့ကိုယ်တိုင် နိုင်ငံ့ခေါင်းဆောင်ဟုသဘောထား မဲပေးကြရန် ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

ဥက္ကာကိုကို၊ အိမြူလွင်

သတင်းအပြည့်အစုံ - စာ(၂၈)သို့

## ၅၈ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ရက်သာလို

**ဒေါ်အောင်ဆန်းစုကြည်ကြောင့် အနာဂတ်အတွက် အားတက်မိကြောင်း ကိုမင်းကိုနိုင်ပြောကြား**

သတင်းအပြည့်အစုံ-စာ(၃)

## တန်းမြင့်မြန်မာ့ဆန်တန်နှစ်သိန်း အင်ဒိုနီးရှား ဝယ်ယူ

**အောင်သူရ၊ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော်ဆန်စပါးဝယ်ယူရေးအဖွဲ့ Perum Bulogက မြန်မာနိုင်ငံမှ ဧည့်မထအုပ်စုဝင် တန်းမြင့်ဆန် တန်ချိန် နှစ်သိန်းအား တစ်နှစ်အတွင်း ဝယ်ယူရန် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့်ဇန်နဝါရီ၂၈ရက်တွင်နားလည်မှုစာချွန်လွှာလက်မှတ်ရေထိုးခဲ့ကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့

## ကုန်သွယ်ခွန်ကင်းလွတ်ခွင့် ပို့ကုန်အများစုအပေါ် သက်တမ်းထပ်မံတိုးမြှင့်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

ခြောက်လကင်းလွတ်ခွင့်ပြုထားသော ပို့ကုန်ရငွေအပေါ်မှ ကောက်ခံသည့် ကုန်သွယ်ခွန်ရှစ်ရာခိုင်နှုန်းအား ထပ်မံကင်းလွတ်ခွင့်ပြုရန် ဆုံးဖြတ်ထားပြီးပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါဆုံးဖြတ်ချက်ကို ဇန်နဝါရီ ၂၇ရက်က နိုင်ငံတော်အဆင့်ဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အသေးစိတ်အား ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်ပေးသွားမည်ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

စာ(၁၂)သို့


## ကျပ်ငါးထောင်တန်ဖုန်း ရောင်းချမည့်အစီအစဉ်မဖြစ်နိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကျပ်၅၀၀၀တန် မိုဘိုင်းဖုန်းရောင်းမည်ဆိုသော ရွှေပြည်တံခွန်ကုမ္ပဏီတို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးအပြီးတွင်ကျပ် ၅၀၀၀ တန်ဖုန်းအိပ်မက်မှာ လက်ရှိဆက်သွယ်ရေးဥပဒေများအရမဖြစ်နိုင်ကြောင်း အဖြေထွက်ခဲ့သည်။

အချုပ်ပို(D)သို့

7DAY NEWS JOURNAL

Vol.10, No.46 • FEBRUARY 2 , 2012

## ဦးသန့်မြင့်ဦး၏ River of Lost Footsteps စာအုပ်မြန်မာဘာသာဖြင့် မကြာမီထုတ်ဝေမည်

**Where China Meets India စာအုပ်ကိုလည်း မြန်မာဘာသာဖြင့်...**

**အောင်သူရ**


**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်၏ မြေးတော်စပ်သူ သမိုင်းပညာရှင်ဦးသန့်မြင့်ဦးရေးထားသော The River of Lost Footsteps စာအုပ်ကို မြန်မာဘာသာဖြင့်မကြာမီဖတ်ရှုရမည်ဟုဦးသန့်မြင့်ဦးကပြောသည်။

"နှစ်ပတ်၊ သုံးပတ်အတွင်း ထွက်လာမှာပါ" ဟု ဦးသန့်မြင့်ဦးက ဇန်နဝါရီ ၂၆ရက်တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာအုပ်တွင် ၁၈ ရာစု မြန်မာနိုင်ငံ အင်ပါယာအကြောင်းမှစ၍ လက်ရှိအခြေအနေထိ ဖြစ်ပျက်ခဲ့သော စိတ်ဝင်စားစရာ အဖြစ်အပျက်များ ပါရှိသည်။

အဆိုပါ စာအုပ်သည် အလွန်ခက်ခဲရှုပ်ထွေးသော မြန်မာနိုင်ငံသမိုင်းအား နားလည်အောင် ရေးသားထားပြီး ရှေးခေတ်သမိုင်းနှင့်ခေတ်ပြိုင် ပထဝီနိုင်ငံရေး ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဦးသန့်မြင့်ဦး ရေးထားသော ဒုတိယစာအုပ် Where China Meets India ကိုလည်း မြန်မာဘာသာပြန်သွားမည်ဟု ဦးသန့်မြင့်ဦးကဆိုသည်။ Where China Meets India စာအုပ်မှာ နိုင်ငံတကာနှင့် အင်္ဂလိပ်ဘာသာဖတ် မြန်မာစာဖတ်ပရိသတ်များကြားတွင် ကြိုက်နှစ်သက်သူများသည်။ ၎င်းပထမဆုံးရေးသော စာအုပ်မှာ ၂၀၀၀ ပြည့်နှစ်ကထုတ်ဝေခဲ့သော The Making of Modern Burma ဖြစ်သည်။




# ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် မလွတ်ကင်းသော ဒေသခံများကို လျော်ကြေးပေး ပြောင်းရွှေ့ရန် စတင်ဆောင်ရွက်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၄**

**ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် မလွတ်ကင်းသည့်ကျေးရွာများကို အီတာလျံထိုင်းကုမ္ပဏီဘက်က လယ်မြေတစ်ကေလျှင် ကျပ်သိန်းငါးဆယ်စီ လျော်ကြေးပေးရာ ပြောင်းရွှေ့မှုများ စတင်နိုင်ရန်ဆောင်ရွက်နေကြောင်း ဒေသခံအချို့ကပြောသည်။**



ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအနီးတစ်နေရာ

တစ်ကေလျှင် လျော်ကြေးကျပ်သိန်း ၅၀ ပေးသော မြေများမှာ ရာဘာစိုက်ပျိုးခြံများရှိသည့် လယ်မြေများကို ပေးခြင်းဖြစ်သည်။

သီဟိုဠ်ပင်များစိုက်ပျိုး ထားသည့် မြေယာများကိုလည်း တစ်ကေလျှင် ကျပ်သိန်းငါးဆယ်နီးပါး လျော်ကြေးပေးကြောင်း သီဟိုဠ်ခြံစိုက်ပျိုးသူ နဘုလယ်ဒေသခံတစ်ဦးကပြောသည်။

"ဒေသခံတွေဘက်ကကြည့်ရင် တစ်ဧကကို သိန်းတစ်ရာလောက်ပေးသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသက သီးနှံပင်တွေက ဈေးကောင်းရတဲ့အပြင် နှစ်သုံးဆယ်လောက်စားမကုန်ဘူး။ သူတို့ပေးတဲ့ သိန်းငါးဆယ်က နှစ်သုံးဆယ်နဲ့တွက်ရင်တော့ နည်းလွန်းပါတယ်" ဟု ထားဝယ်မြို့ပေါ်မှ ဆယ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သည့် အိမ်ခြံမြေလုပ်ငန်းတစ်ခုကို တည်ထောင်ထားသူတစ်ဦးက ၎င်း၏ အမြင်ကိုပြောသည်။

အီတာလျံထိုင်းကုမ္ပဏီက ပြောင်းရွှေ့ရမည့် ကျေးရွာများတွင် နေထိုင်သူများကို ငွေသားလျော်ကြေးအပြင်ပြန်လည်နေရာချထားပေးမည့် နေရာများတွင် နေထိုင်ရန် အိမ်ရာများကိုပါစီစဉ်ပေးသွားမည်ဟုသိရသည်။

"သူတို့က လျော်ကြေးတွေပေးတယ်။ တောင်သူတွေကတော့ တစ်ဧကကို အနည်းဆုံး သိန်းတစ်ရာလောက်လိုချင်ကြတယ်။ သူတို့က ငါးဆယ်ပဲပေးမယ်ပြောတယ်။ ညှိလို့တော့ခုထိမရသေးဘူး။ ဒါပေမဲ့ အိမ်တွေတော့ပြန်ရမယ်။ ပြောင်းရွှေ့ရမယ့်သူတွေ အနေနဲ့ သူတို့ရဲ့ လက်ရှိအိမ်အနေအထားပေါ်မူတည်ပြီး သင့်တော်တဲ့အိမ်ပုံစံကိုပြန်ရမှာလို့ကျွန်တော်တို့သိထားရပါတယ်" ဟုအထက်ပါ နဘုလယ်ဒေသခံအချို့က ပြောသည်။

လက်ရှိတွင် ပြောင်းရွှေ့မည့် ကျေးရွာအရေအတွက်မှာ ၁၈ရွာနှင့် အိမ်ခြေ ၃,၉၈၄ လုံး၊ အိမ်ထောင်စုပေါင်း ၄,၀၇၅ စုနှင့် လူဦးရေ ၂၃,၁၂၀ ဦးဖြစ်သည်။

အီတာလျံထိုင်းကုမ္ပဏီဘက်မှ အဆိုများအရ စီမံကိန်းနှင့် မလွတ်သော ပြောင်းရွှေ့ရမည့် ဒေသခံများအား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နေရာများတွင် ပြန်လည်ချထားပေးရန် မြန်မာအစိုးရနှင့် ညှိနှိုင်းထားသည်ဟုဆိုသည်။

မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် အဆိုပါ ရေနက်ဆိပ်ကမ်းစီမံကိန်း သည် စတုရန်းကီလိုမီတာ ၂၀၄ ဒသမ ၅၁ အကျယ်အဝန်းရှိပြီး ယင်းဒေသကို ဗဟိုပြုကာ နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စများကိုလည်းဆောင်ရွက်နေသည့် အထူးစီးပွားရေးစီမံကိန်း တစ်ခုဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒေါ်အောင်ဆန်းစုကြည်ကြောင့် အနာဂတ်အတွက် အားတက်မိကြောင်း ကိုမင်းကိုနိုင်ပြောကြား

**အားမာန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် နာမည်ကျော် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်တို့နှစ်ပေါင်း ၂၃နှစ်အတွင်း ပထမဆုံးအကြိမ်ပြန်လည်တွေ့ဆုံခဲ့သည်။ မြန်မာ့နိုင်ငံရေးတွင် လူများစွာသတိမပြုခဲ့မိသော်လည်း ထူးခြားစွာသမိုင်းဝင်ခဲ့သည့်ထိုနေ့မှာဇန်နဝါရီ ၂၄ ရက်ဖြစ်၏။

မြန်မာနိုင်ငံ၏ အထင်ရှားဆုံး နိုင်ငံရေးသမားနှစ်ဦးဖြစ်သောဒေါ်အောင်ဆန်းစုကြည်နှင့် ကိုမင်းကိုနိုင်တို့မှာ ၁၉၈၉ နှစ်ဆန်းပိုင်းနောက်ပိုင်းတွင် နေအိမ်အကျယ်ချုပ်နှင့် ထောင်ဒဏ်ကျခံခဲ့ရခြင်းတို့ကြောင့် ၂၃ နှစ်ကြာမှ ယခု ပြန်လည်တွေ့ဆုံနိုင်ခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်နှစ်ခုကျော်အကြာ မတွေ့ဆုံခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်နှင့်၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုဌေးကြွယ်၊ ကိုကိုကြီး၊ ကိုပြုံးချို၊



ဒေါ်အောင်ဆန်းစုကြည်နှင့်အတူတွေ့ရသော ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ဓာတ်ပုံ-NLD

ကိုဂျင်မီ၊ ကိုမြအေးတို့အပါအဝင် ကိုးဦးတွေ့ဆုံခဲ့သောစကားဝိုင်းသည် များစွာနွေးထွေးမှုရှိခဲ့သော မိသားစုတွေ့ဆုံပွဲဟု ကိုမင်းကိုနိုင်က ပြောသည်။ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင်ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းက သူမနှင့် ကိုမင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များတွေ့ဆုံပွဲနှင့်ပတ်သက်၍ ကိုမင်းကိုနိုင်ကို မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ကျွန်တော်တို့ သိသလောက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကိုမင်းကိုနိုင်မတွေ့ရတာ အနှစ်နှစ်ဆယ်လောက်ရှိပြီလို့ထင်တယ်။ ဇန်နဝါရီ၂၄ရက်ကတွေ့ဆုံပွဲလေး အကြောင်းပြောပြပေးပါလား။**

ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့ကို အပြင်မှာ အတူတွဲပြီး မထားနိုင်ဘူးဆိုပြီးတော့ ပြီးခဲ့တဲ့ ၂၃ နှစ်လုံးလုံး ဟောကိန်းထုတ်ခဲ့ကြတာရှိတယ်။ အဲဒါက ဗေဒင်နည်းနဲ့ပဲတွက်တွက်၊ နိုင်ငံရေးဗေဒင်ပဲခေါ်ခေါ်၊ အာရုံရတဲ့နည်းနဲ့ပဲပြောပြောပေါ့ဗျာ။ တကယ်တော့လည်း မှန်ခဲ့တာပေါ့။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက သူတို့မှာ ခွင်းချက်စကားတစ်လုံးရှိတယ်။ သေချာခိုင်မာတဲ့ အခင်းအကျင်းတစ်ခုကိုမရမချင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့နဲ့ကို တစ်ပြိုင်နက် အပြင်မှာ မထားဘူးလို့ဆိုတာ သွေးထွက်အောင် မှန်ခဲ့တယ်ပေါ့ဗျာ။ အခု သေချာခိုင်မာတဲ့ အခင်းအကျင်းတစ်ခုရသွားပြီးတဲ့ နောက်ကျမှ အပြင်မှာပြန်ပြီးဆုံတွေ့ခွင့်ရတာပါ။

**၂၃ နှစ်ကြာမှ ပြန်တွေ့ရတဲ့အခါ ဒေါ်အောင်ဆန်းစုကြည် ဘာတွေပြောင်းလဲသွားတယ်လို့ထင်ပါသလဲ။**

ပြန်တွေ့ကျတော့ အရင်ကထက်စာရင် ရင့်ကျက်မှုတွေ ပိုပြီးတော့ဒေါ်အောင်ဆန်းစုကြည်မှာ ကျွန်တော်မြင်ရတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ကာလတစ်ခုကိုဖြတ်သန်းပြီးပြီ။ နိုင်ငံရေးမှာပဲ နှစ် ၂၀ ကျော် ဖြတ်သန်းပြီးပြီဆိုတော့ ထုသားပေသားလည်းကျပါပြီ။ အဲဒီအခါကျတော့ ကျွန်တော်တို့ ပြန်ဆုံတွေ့ကြတဲ့အခါမှာ နှစ်ပေါင်းများစွာ ကွဲနေတဲ့မိသားစုပြန်တွေ့ဆုံပွဲလိုဖြစ်တဲ့အတွက် ဝမ်းသာအယ်လဲနဲ့ ဒေါ်အောင်ဆန်းစုကြည်ဘက်က သိပ်ကိုလှိုက်လှဲတဲ့ကြိုဆိုမှုကိုလည်း ကျွန်တော်တို့ တနွေးတထွေးကြီး ခံစားကြရတယ်။ ပြီးတော့ ကျွန်တော်တို့ တစ်ဦးချင်းစီရဲ့ဘဝတွေကို သူ အသေအချာနားလည်ထားတယ်။ ဒါ တော်တော်ထူးဆန်းတယ်ဗျ။ ကျွန်တော် အဲ့လိုခေါင်းဆောင်မျိုး သိပ်မတွေ့ဖူးဘူး။ သူက ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တစ်ဦးချင်းစီမှာ ဖြစ်နေတဲ့ စိတ်အနာတရတွေ၊ မိသားစုဘဝတွေကအစ သူအကုန်သိပြီးတော့ တစ်ယောက်ချင်းကို လိုက်ပြီး အကျအန နွေးထွေးမှုကိုပေးတယ်။ နောက်ပြီးတော့ သူက အရင်ကတည်းက ကျွန်တော်တို့ကို လူကြီးလူကောင်းလိုဆက်ဆံတာဗျ။ ဆိုကြပါတော့ဗျာ၊ အကြောင်းအရာတစ်ခုကို သဘောထားမတူသည့်တိုင်အောင် သူက ကျေကျေနပ်နပ်လက်ခံပြီးတော့ ဒီနေရာမှာဖြစ်ရင် တို့တွေ သဘောမတူကြဘူးဆိုတာကို လက်ခံတယ်။

**အချုပ်ပို(D)သို့**






## CRIME မှုခင်းသတင်း CORNER

### ပြည့်တန်ဆာခေါင်းနှင့် ပြည့်တန်ဆာကိုးဦးအား ဖမ်းဆီး

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇန်နဝါရီ-၁၉**

နေပြည်တော်ပျဉ်းမနားတွင် ယခုလ ၁၅ရက်ညပိုင်းက ပြည့်တန်ဆာအိမ်တစ်အိမ်သို့ အမာခံသတင်းပေးကူညီသူအား ပြည့်တန်ဆာခငွေပေးစေပြီး ထောင်ချောက်ဆင်ဖမ်းဆီးမှုကြောင့် ပြည့်တန်ဆာခေါင်းအမျိုးသမီးတစ်ဦးနှင့် ပြည့်တန်ဆာကိုးဦးအား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ရဲများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့က အမာခံသတင်းပေးနှစ်ဦးအား ပြည့်တန်ဆာပျော်ပါးခနှစ်သောင်းကျပ်အား မိတ္တူဆွဲမှတ်တမ်းတင်ကာပေးပြီး ပြည့်တန်ဆာသတင်းရရှိထားသော နေပြည်တော်ပျဉ်းမနားပေါင်းလောင်း (၂)ရပ်ကွက် မေတ္တာလမ်းနေ ဒေါ်××××၏ နေအိမ်သို့ပြည့်တန်ဆာနှင့်ပျော်ပါးရန် ခေါ်ယူ ရွေးချယ်ခိုင်းလိုက်သည်ဟုဆိုသည်။

ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဝင်ရောက်ဖမ်းဆီးရာတွင် ဒေါ်××××ထံမှ မိတ္တူဆွဲမှတ်တမ်းတင်ပေးထားသော ငွေနှစ်သောင်းအပြင် အခြားသော ငွေကြေးများနှင့် ပြည့်တန်ဆာကိစ္စအလို့ငှာ ရောက်ရှိနေသည်ဟုဆိုသော မိန်းမငယ်ကိုးဦးတို့ကိုပါ တွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ ပြည့်တန်ဆာခေါင်းပြုလုပ်သည်ဟုဆိုသော ဒေါ်×××××အား နေပြည်တော်ပျဉ်းမနားရဲစခန်း (ပ) ၄၉/၂၀၁၂ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေပုဒ်မ ၅(၁) အရလည်းကောင်း၊ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန် ရောက်ရှိနေသော အမျိုးသမီးငယ်ကိုးဦးအား နေပြည်တော်ပျဉ်းမနားရဲစခန်းက (ပ) ၅၀/၂၀၁၂ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေပုဒ်မ ၃(က) အရလည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

### နေပြည်တော်တွင် ညစ်ညမ်းခွေ၊ ပုံ၊ စာအုပ်များဖြန့်ဖြူးရောင်းချခြင်း တားမြစ်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ-၂၇**

နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်သူမည်သူမဆို အကျုံးဝင်သော ညစ်ညမ်းခွေ၊ ရုပ်ပုံ၊ စာအုပ်စသည်များကို ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများအား တားမြစ်သည့် အမိန့်တစ်ရပ်ကို နေပြည်တော်ကောင်စီက ဇန်နဝါရီ ၁၇ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

နေပြည်တော်ကောင်စီ၏ အမိန့်ကြေညာချက် ၁/၁၂ ဖြင့် ထုတ်ပြန်သော အဆိုပါကြေညာချက်တွင် အမိန့်ထုတ်ပြန်သည့်နေ့မှစ၍ မည်သည့်ဆိုင်၊ အိမ်၊ ဥပစာတွင်မျှ ညစ်ညမ်းသော ပြကွက်ပါ ဗီဒီယိုအခွေများ၊ ညစ်ညမ်းသော ဓာတ်ပုံ၊ ပန်းပု၊ ရုပ်တု၊ စာအုပ်စသည်များကို ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြသခြင်းမပြုရကြောင်း ဖော်ပြပါရှိသည်။

အထက်ပါတားမြစ်ချက်များကိုဖောက်ဖျက်ပါက ဖောက်ဖျက်သူ၏ နေအိမ်၊ အဆောက်အအုံ၊ ဥပစာ၊ ဆိုင်ခန်းများကို ခြောက်လထက်မနည်း ချိတ်ပိတ်သိမ်းဆည်းသွားမည်ဟု ဆိုသည်။ ထို့အပြင် လုပ်ငန်းနှင့် ဆက်စပ်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပြီး စစ်ဆေးအရေးယူရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရဲတပ်ဖွဲ့မှူးနှင့် ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့က တရားစွဲဆိုဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

အထက်ပါ အမိန့်ကြေညာချက်ကို နေပြည်တော်ကောင်စီဥပဒေအခန်း(၃)ပုဒ်မ(၈)၊ ပုဒ်မခွဲ(က)နှင့်(ခ)အရ တာဝန်ရှိသည်နှင့်အညီ ယင်းဥပဒေပုဒ်မ ၂၆(ခ)ပါလုပ်ငန်းလုပ်ကိုင်ခွင့်များကို ကျင့်သုံး၍ ထုတ်ပြန်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ထိုင်းနိုင်ငံမှ အရည်အသွေးနိမ့် ပုစွန် မြန်မာနိုင်ငံသို့ ဝင်ရောက်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တစ်မျိုးဖြစ်သော ပုစွန်များ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့လည်း တင်သွင်းမှုများရှိနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

"မြဝတီကနေ ကားနဲ့ ဗဟိုစံပြငါးဈေးထဲအထိဝင်လာတဲ့ထိုင်းနိုင်ငံက အရည်အသွေးနိမ့်ပုစွန်တွေ ဈေးချရောင်းနေတာ ရှိနေတယ်"ဟု ၎င်းက ပြောသည်။ မြန်မာ့ပုစွန်မွေးမြူရေးလုပ်ငန်းများသည် ပြည်ပတင်ပို့မှု ကျဆင်းလျက်ရှိနေသောကြောင့် လုပ်ငန်းရှင်အချို့မှာ လုပ်ငန်းရပ်တည်နိုင်ရေးအတွက် ကြိုးစားနေကြရသည်။

ထိုအခြေအနေတွင် ထိုင်းနိုင်ငံမှ ပုစွန်များ ရန်ကုန်မြို့အထိ ပြောင်းပြန်ဝင်ရောက်လာမှုကြောင့် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ မရပ်တည်နိုင်တော့သည့်အခြေအနေဖြစ်နေကြောင်း ပုစွန်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ အလားတူ တရုတ်နိုင်ငံမှ ပုံမှန်အရွယ်ထက်ငယ်သော ကြက်ဥများသည် ရွှေလီမြို့မှ မြန်မာနိုင်ငံ မူဆယ်မြို့သို့ဝင်ရောက်ခြင်းနှင့် လိုင်ဇာမှတစ်ဆင့် ကန့်ဘလူမြို့သို့လည်း ဝင်ရောက်နေကြောင်း ဒေသခံမွေးမြူရေး လုပ်ငန်းရှင်များကပြောသည်။ ၂၀၁၁တွင် မွေးမြူရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ ကြက်ဥများ တရုတ်တင်ပို့ရန် စီစဉ်နေကြောင်း ပြောခဲ့ဖူးသည်။

"ကြက်ဥတွေ အများကြီးဝင်သေးတာတော့ မဟုတ်ဘူး။ အဲဒီလိုပဲ အိမ်နီးချင်းနိုင်ငံတွေကနေ နည်းနည်းပါးပါး ယူရောင်းတဲ့သူတွေက စားဝတ်နေရေးအတွက် သွင်းနေတာတွေရှိတယ်" ဟု အသားတိုးကြက်ထုတ်လုပ်မွေးမြူ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာလှလှသိန်းကပြောသည်။

အထက်ပါမွေးမြူရေးနှင့်ရေထွက်ကုန်များမှာ တရားမဝင် ဝင်ရောက်ခြင်း ဖြစ်နိုင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အရေးယူပေးပါရန် တိုင်ကြားစာများပို့ထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

# အက်ဖ်အီးစီ ၂၀ တန်ဖုန်းကတ်များ ပြန်ရောင်း

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ထူးကုမ္ပဏီ၏လုပ်ငန်းခွဲတစ်ခုဖြစ်သော E-Lite Tech Manufacturing က အက်ဖ်အီးစီ ၂၀ တန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းဆင်းမ်ကတ်များကို တစ်ကျော့ပြန် ပြန်လည်ရောင်းချပေးနေပြီဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

ထူးကုမ္ပဏီအနေဖြင့် ၎င်းတို့၏ FEC ၂၀ တန်ကတ်များကို ယခုကဲ့သို့ပြန်လည်ရောင်းချရခြင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထံမှ ရောင်းချခွင့်ကို ပြန်လည်ရရှိလာခြင်းကြောင့်ဖြစ်သည်။

"အရင်ဒီအက်ဖ်အီးစီနှစ်ဆယ်တန်ကတ်တွေကိုရောင်းချမှု ရပ်သွားတာက ဆက်သွယ်ရေးရဲ့ ညွှန်ကြားချက်အရ ရပ်သွားတာပါ။ အခုတော့ ပြန်လည်ရောင်းချခွင့် ရလာတာနဲ့ ချက်ချင်းဈေးကွက်ထဲကိုဖြန့်တာပါ"ဟုအထက်ပါတာဝန်ရှိသူက ဆက်လက်ဆိုသည်။



အက်ဖ်အီးစီ ၂၀တန်နှင့်၅၀တန်ဖုန်းကတ်များကို အိုင်စီတီပြပွဲတွင် စတင်ရောင်းချစဉ်က တိုးဝှေ့ဝယ်နေသူများကိုတွေ့ရစဉ် ဓာတ်ပုံ-လမင်းနိုင်

အဆိုပါတစ်ခါသုံးဂျီအက်စ်အမ်ဆင်းမ်ကတ်များကိုဝယ်ယူရာတွင် အမြို့မြို့အနယ်နယ်ရှိမိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

ယခင်ရောင်းချခဲ့စဉ်က အက်ဖ်အီးစီ ၂၀ တန်ကတ်ဟုဆိုသော်လည်း မြန်မာငွေဖြင့် ဝယ်ယူရာတွင် ဝယ်ယူသူမှ နှစ်သောင်းကျပ် အတိအကျကိုပေးချေခဲ့ရသည်။

သို့သော် ယခုတစ်ခေါက်ရောင်းချမှုတွင်မူ ကုမ္ပဏီမှ သတ်မှတ်ထားသည့် အက်ဖ်အီးစီငွေတန်ဖိုးကို နေ့စဉ်ငွေလဲလှယ်နှုန်းများနှင့် တွက်ချက်ကာ ဝယ်ယူနိုင်မည်ဟုဆိုသည်။

စာ(၁၂)သို့

# ဖားကန့်ဒေသမှ စစ်ပြေးဒုက္ခသည်များ နေရပ်ပြန်သူများလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၄**

ဖားကန့်မြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ယခုရက်ပိုင်းအတွင်း စစ်ပြေးဒုက္ခသည်များ နေရပ်ပြန်မှုများလာကြောင်း မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်းများနှင့် ဒေသခံများကပြောသည်။

ဖားကန့်မြို့နယ်၌ ဇန်နဝါရီလဆန်းပိုင်းတွင် နေရပ်မှထွက်ပြေးလာသူများအတွက် ကယ်ဆယ်ရေးစခန်း ၁၀ စခန်းဖွင့်လှစ်ခဲ့သည်။

ယခုအခါ နယ်မြေတည်ငြိမ်မှုရှိလာသောကြောင့် ကယ်ဆယ်ရေးစခန်းငါးခုသာ ကျန်ရှိတော့ကြောင်း ကချင်ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

"ကားလမ်းပြန်ဖွင့်လာတယ်။ အပစ်အခတ်တွေလည်း မရှိတော့လို့ နေရပ်ပြန်တဲ့သူ တဖြည်းဖြည်းနဲ့ များလာတယ်။ အရင်ဖြစ်တုန်းက စခန်းလေးခုဖွင့်တယ်။ နောက်လူများလာလို့ ခြောက်ခု ထပ်ဖွင့်ခဲ့တယ်။ အခုတော့ ငါးခုပဲကျန်တော့တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဖားကန့်မြို့နယ်အတွင်းရှိ ကျန်ရှိသော ကယ်ဆယ်ရေးစခန်းငါးခုမှာ ငှက်ပျောတော၊ မှော်ဝန်း၊ လုံခင်း၊ မော်ဆီဇာ၊ ဆိတ်မူတို့ဖြစ်သည်။ ယင်းစခန်းငါးခုအနက် သုံးခုမှာ ယခုရက်ပိုင်းတွင် နေရပ်ပြန်သူဦးရေတိုးလာကြောင်း ငှက်ပျောတောကယ်ဆယ်ရေးစခန်းဖွင့်ထားရာ နှစ်ခြင်းဘုရားကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယခုလောလောဆယ် ပစ်ခတ်တာမရှိလို့အရင်၃၃၉ယောက်ရှိတာကနေ နေရပ်ကိုပြန်သွားကြတာ၊ ယခု အယောက်၅၀ပဲ ရှိတော့တယ်။ မနက်ဖြန်ဆိုရင် ထပ်ပြန်မယ့်သူတွေရှိသေးတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဆိတ်မူနှင့် မှော်ဝန်းကယ်ဆယ်ရေးစခန်းတို့တွင် ရွှေ့ပြောင်းနေထိုင်သူဦးရေ လျော့ကျလာသော်လည်း လုံခင်းနှင့် မော်ဆီဇာတို့တွင် လျော့ကျခြင်းမရှိသေးကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လုံခင်းနှင့် မော်ဆီဇာ ကယ်ဆယ်ရေးစခန်းသည် ဖားကန့်နှင့် ကာမိုင်းကားလမ်းအနီးရှိကျေးရွာများမှ ရွှေ့ပြောင်းလာသော ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ရာစခန်းဖြစ်သည်။

ကချင်ပြည်နယ်တွင် ကာမိုင်း ဖားကန့်ကားလမ်းအား ဇန်နဝါရီ ၁၅ ရက်တွင်ဖွင့်လှစ်ခဲ့ကာ ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ဆွေးနွေးခဲ့ပြီး နှစ်ဖက်သဘောတူကြေညာချက်တစ်ခု ထုတ်ပြန်နိုင်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

# ကျောက်မျက်ရတနာဈေးတွင် ပုဂ္ဂလိကကုမ္ပဏီများကို မြေကွက်ခွဲဝေချပေးမည်

## တစ်ကေလျှင် အက်ဖ်အီးစီ ကန်ဒေါ်လာနှစ်သိန်းခြောက်သောင်းကျော်ဖြင့် ◦ ◦ ◦

မင်းဒင်

**နေပြည်တော်၊ဇန်နဝါရီ - ၂၁**

နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်တွင် ကျောက်မျက်ရတနာအချောထည်ဈေးကြီး တည်ဆောက်ရန် မြေကေပေါင်း ၁၂၀ ကေအားချထားပေးမည်ဖြစ်ပြီး ကျောက်စိမ်း ကျောက်မျက်ကုမ္ပဏီများကိုလည်း မြေကွက်ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။



၂၀၁၁ နှစ်လယ် ကျောက်စိမ်းနှင့်ကျောက်မျက်ပြပွဲ ကျင်းပနေစဉ်

ဓာတ်ပုံ - စိုင်းသာအောင်

အဆိုပါဈေးကြီး တည်ဆောက်ရာတွင် ကုမ္ပဏီတစ်ခုလျှင် တစ်ကေနှုန်းဖြင့် အမှန်တကယ် လုပ်ငန်းအကောင်အထည်ဖော်နိုင်မည့်သူများအား စိစစ်ကာ ချထားပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေးရုံးခွဲ) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြေနေရာချထားခံရသည့် ကုမ္ပဏီများအနေဖြင့် မြေတန်ဖိုး ပေးသွင်းရမည့်ငွေသည် အမေရိကန်ဒေါ်လာ(သို့မဟုတ်) အက်ဖ်အီးစီ ၂၆၃,၀၀၀ ကျသင့်မည်ဖြစ်ပြီး မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)တွင် ယခုလ ၁၆ ရက်မှ ၃၁ ရက်အတွင်း အပြီးပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ နေပြည်တော်တွင် ကျောက်မျက်ရတနာအချောထည်ဈေးကြီး တည်ဆောက်မှုသည် မန္တလေးအချောထည်ဈေးကွက်အပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်းနှင့် နေရာနှစ်ခု အပြိုင် ဖွံ့ဖြိုးလာနိုင်ကြောင်း မန္တလေးမြို့ခံ ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

မြေနေရာချထားပေးခြင်းခံရသူများအနေဖြင့် လျှောက်ထားရာတွင် ပါရှိသည့် ဝန်ခံကတိပြုချက်များထဲ၌ မြေနေရာအားလွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ကျောက်မျက်လုပ်ငန်းသာ လုပ်ဆောင်ကြရန်များ ပါရှိကြောင်း သိရသည်။

# ကျေးလက်လူငယ်များ အရက်တူကြောင့် အသက်တိုနေ

အောင်သူရ

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

အရက်အတုများ သောက်သုံးခြင်းကြောင့် ကျေးလက်နေ လူငယ်များ အလုပ်မလုပ်နိုင်ဘဲ အသက်တိုနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

“အရက်အတုတွေသောက်ပြီး ခြောက်လလောက်ပဲ။ အကြာကြီး မခံတော့ဘူး။ ခြောက်လလောက်သောက်တာနဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ပျက်သွားတယ်။ အလုပ်လုပ်ချင်စိတ် ပျောက်သွားတယ်” ဟု ဝန်ကြီးကဆိုသည်။

ပြည်ထောင်စုဝန်ကြီးစစ်ကိုင်းတိုင်းခရီးစဉ်တွင် ကျေးရွာဆယ်ရွာရှိ အရက်များအား ဝယ်ယူစစ်ဆေးကြည့်ရာ ရွာခြောက်ရွာ၌ အရက်အတုများတွေ့ကြောင်း ဝန်ကြီးကပြောသည်။ ထိုအခြေအနေမှာစစ်ကိုင်းတိုင်းဒေသကြီးအပြင်ဧရာဝတီတိုင်းဒေသကြီးတွင်ပါတွေ့ရပြီး ခင်ပွန်းဖြစ်သူ ကွယ်လွန်သဖြင့် မုဆိုးမဖြစ်ရသူများပြားကြောင်း သတင်းရရှိသည်။

“ပဲခူးတိုင်းမှာလည်း ၁၀၀ မှာ၇၀ က အရက်တုတွေကြီးပဲ” ဟု ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းကဝမြို့နယ်မှ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ထိုအရက်အတုများသည်ပြည်တွင်းမှ ထုတ်လုပ်မှုများသာဖြစ်ကြောင်း ဝန်ကြီးက ဆိုသည်။

ထိုအရက်တုများအား စားသုံးသူကာကွယ်ရေးဥပဒေ အတည်ပြုပြီးနောက်ပိုင်းတွင် စစ်ဆေးမှုများပြုလုပ်သွားမည်ဟုသတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## ပညာရှင်များဖြင့် ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲရေးကော်မတီ ဖွဲ့စည်းထား


ဓာတ်ပုံ-ရဲအောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၈**

ရန်ကုန်မြို့တော် ရေရှည်ဖွံ့ဖြိုးရေးအတွက် ပညာရှင်များပါဝင်သည့် ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲရေးကော်မတီကို အစိုးရသစ်လက်ထက်တွင် ဖွဲ့စည်းထားကြောင်း အဆိုပါကော်မတီတွင် ပါဝင်သည့် မြို့ပြစီမံကိန်းပညာရှင်ဒေါက်တာကျော်လတ်က ပြောကြားသည်။

"ပညာရှင်တွေက ဝင်ကူညီပေးတာ။ ရန်ကုန်မြို့တော်စည်ပင်ကို အကြံပေးဖို့ကော်မတီကို ဖွဲ့ထားတာ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အဆိုပါကော်မတီကို အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ဝန်းကျင်တွင်စတင်ဖွဲ့စည်းခဲ့ပြီး မြို့ပြရေးရာပညာရှင် ဆယ်ဦးအပါအဝင် အခြားသောကဏ္ဍများမှ ပညာရှင်များနှင့် စုစုပေါင်း ၄၀ဦး ဝန်းကျင်ဖြင့် ဖွဲ့စည်းထားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင် တိုးတက်လာသော လူဦးရေနှင့်အညီ လူနေအိမ်၊ တိုက်ခန်းနှင့် မြို့ပြချဲ့ထွင်ရန် အကြံဉာဏ်ပေးရသည်ဟုဆိုသည်။

ထို့အပြင် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရန်မှာလည်း မြို့တော်ဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲရေးကော်မတီ၏ ဆောင်ရွက်ချက်တွင် ပါဝင်သည်။ အိမ်ရာစီမံကိန်းများနှင့်စက်မှုဇုန်များ အကောင်အထည်ဖော်ထုတ်မှုတွင်လည်း ထိုကော်မတီက အကြံဉာဏ်များပေးရသည်ဟု သတင်းရရှိသည်။

## အလှည့်ကျော် စားအုန်းဆီဖြန့်ဖြူးသူများအား နာမည်ပျက်စာရင်းသွင်းမည်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီသင်္ဘောများအား သက်ဆိုင်ရာနှင့်ပေါင်း၍အလှည့်ကျော်ပစ္စည်းချပါကထိုကုမ္ပဏီအားနာမည်ပျက်စာရင်းသွင်းမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

"လုပ်ငန်းရှင်တစ်ဦးနှစ်ဦးက ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ နာမည်သုံးပြီး အစဉ်လိုက်ကိုကျော်ပြီး ချသွားတယ်လို့ကြားတယ်။ နောက်ဒီလိုမျိုးကိစ္စတွေ တွေ့ရင်ပြောပါ၊ ချက်ချင်းအရေးယူပါ့မယ်"ဟု ဝန်ကြီးကဆိုသည်။ အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများလုပ်နေချိန်တွင် ထိုကဲ့သို့သော အခြေအနေမျိုးမှာ မရှိသင့်တော့ကြောင်း စီးပွားရေးပညာရှင်များက ပြောသည်။

ယခင်က စားအုန်းဆီတင်သွင်းမှုအား စီးပွားရေးဦးပိုင်မှ တစ်ဆင့် ပုဂ္ဂလိကကုမ္ပဏီကြီး တစ်ခုတည်းက လက်ဝါးကြီးအုပ် ဖြန့်ဖြူးခဲ့ပြီး သမ္မတဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရသစ်တက်လာပြီးနောက် စားအုန်းဆီအား လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့သည်။

## အခြေခံကျောင်းများတွင် စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများ ပို့ချမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

လာမည့် ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများအတွက် စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရေးဝန်ကြီးဌာနသို့ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာ၊ စာစောင်များပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ စိုက်ပျိုးရေးပညာရှင်များတတ်ကျွမ်းသောပညာရပ်များကိုလယ်ကွင်းထဲအရောက်ပို့၍ တောင်သူလယ်သမားများအကျိုးလက်တွေ့ထမ်းဆောင်ရန် လမ်းညွှန်ချက်အပေါ်တွင် ပါမောက္ခချုပ်နှင့် ပညာရှင်များက မိမိတို့အစိုးရသစ် စတင်တာဝန်ထမ်းဆောင်သည့်ကာလမှ ကိုးလတိုင်တိုင် အကြိမ်ကြိမ် ပေါင်းစပ်ညှိနှိုင်းရေးဆွဲပြုစုတင်ပြလာခဲ့သော အခြေခံပညာသူငယ်တန်းမှ ဒသမတန်း အထိ စိုက်ပျိုးရေးသင်ခန်းစာများကို လာမည့် ၂၀၁၂ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးတွင် ကျယ်ပြန့်စွာ ဖြန့်ကြက်သင်ကြားပေးနိုင်မည့်အတွက် အထူးဝမ်းသာကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဆိုပါ အခမ်းအနားတွင် ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဇန်နဝါရီ ၂၅ရက်၌ ဖော်ပြထားသည်။

အခြေခံပညာစိုက်ပျိုးရေး ဘာသာရပ်များကို သားသမီးများမှတစ်ဆင့် လက်ဆင့်ကမ်းပြီး တောင်သူလယ်သမားများ လက်တွေ့ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသတောင်သူလယ်သမားများ၏ သားသမီးများအနေဖြင့် မိဘ၏ လက်ငုတ်လက်ရင်း လယ်ယာလုပ်ငန်းခွင်အတွင်း စိုက်ပျိုးရေး ဘာသာရပ်များဖြင့် မိဘအား ထိရောက်စွာ ကူညီဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

ကွန်ပျူတာနည်းပညာအခြေခံဘာသာရပ်များကို အခြေခံပညာသင်ယူနေသော ကျောင်းသားများအား သင်ကြားပို့ချရန် စီစဉ်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေးအခြေခံဘာသာရပ်များကို ထပ်မံပို့ချရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

## ရန်ကုန်တွင် မြေအောက်ရထားလမ်းများဖောက်လုပ်ရန် အစီအစဉ်ရှိဟုဆို

**သီဟ**

**နေပြည်တော်၊ဇန်နဝါရီ-၂၆**

ရန်ကုန်ရှိ သီလဝါနှင့် ရန်ကုန်မြစ်ဝဒေသတွင် စီးပွားရေးဇုန်တစ်ခုတည်ဆောက်ရန် နိုင်ငံခြားအရင်းအနှီးများ ဖိတ်ခေါ်လျက်ရှိပြီး အဆိုပါ စီမံကိန်းများတွင် မြေပေါ်မြေအောက် ရထားလမ်းစီမံကိန်းထည့်သွင်းရေးဆွဲထားကြောင်းဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောသည်။

ရန်ကုန်မြို့တော်သည်စီးပွားရေးမြို့တော်ဖြစ်သဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီဆောင်ရွက်နိုင်ရန် နိုင်ငံခြားပညာရှင်များ၏ အကူအညီဖြင့်မြို့တော်ဖွံ့ဖြိုးရေး(City Development) အစီအစဉ်များ ရေးဆွဲလျက်ရှိသည်ဟုပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး၏ ပထမနေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်တင်နွယ်ဦး၏ရန်ကုန်မြို့အတွင်း ပြေးဆွဲလျက်ရှိသည့် မြို့ပတ်ရထားလမ်းကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

ဒေါ်တင်နွယ်ဦးက ယင်း၏ မေးခွန်းတွင် ဒဂုံတက္ကသိုလ်မှတစ်ဆင့် ဒဂုံမြို့သစ်ကိုဖြတ်ကာ ပုလဲ၊ ရွှေပေါက်ကံ၊ ထောက်ကြန့်၊ လှော်ကား အစရှိသည့် မြို့နယ်များသို့ မြို့ပတ်ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ်ရှိ၊မရှိ မေးမြန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရထားလမ်းဖောက်လုပ်ခြင်းသည် ကုန်ကျစရိတ်များပြားသည့် အတွက်ဦးစားပေးအဆင့်များသတ်မှတ်ပြီး ထိုဦးစားပေးအဆင့်များအတိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မေးခွန်းရှင်၏ မေးခွန်းတွင်ပါရှိသည့်လမ်းကြောင်းများ တိုးချဲ့ရန်အတွက် ၂၀၁၂-၁၃ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း ဖြေကြားသွားခဲ့သည်။

## မီးခွက်ဈေးနှင့် အောင်ဇေယျတံတားကြား ကုန်တင်ကားပေါ်မှပစ္စည်း အခိုးခံရမှုများလာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

လှိုင်သာယာမီးခွက်ဈေးနှင့်အောင်ဇေယျတံတားကြား ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်များ ပစ္စည်းခိုးခံရမှုများ မကြာခဏဖြစ်ပေါ်နေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များက ပြောသည်။

"ဒီနေရာက လမ်းမကောင်းတာကြာပြီ။ လမ်းက မကောင်းတော့ ကားတွေက ဖြည်းဖြည်းပဲမောင်းလို့ရတယ်။ ဒါကို ခိုးတဲ့သူတွေက အခွင့်ကောင်းယူပြီးတော့ အုပ်စုဖွဲ့ပြီး ခိုးနေကြတာ။ ခဏခဏအခိုးခံရတယ်"ဟု ရန်ကုန်-ဟင်္သာတလမ်းကြောင်းသွား ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယင်းနေရာတွင်လမ်းပျက်စီးမှုများမှာ အကွာအဝေးအားဖြင့် နှစ်မိုင်ကျော်ကျော်ခန့်သာ ဝေးကွာသော်လည်း လမ်းပြုပြင်မှုများပြုလုပ်ခြင်းမရှိ၍ တစ်နေ့ထက်တစ်နေ့ပိုဆိုးလာနေကြောင်း ကုန်တင်ယာဉ်မောင်းများက ပြောသည်။

ကားတာပေါ်လင်များကို ဓားဖြင့်ခွဲ၍ ပစ္စည်းခိုးယူသူများမှာ ကားပေါ်မှပစ္စည်းချပေးသူနှစ်ဦးနှင့် ကားလမ်းမပေါ်မှ ပစ္စည်းခိုးယူသူနှစ်ဦး အနည်းဆုံးလူလေးဦးခန့်အုပ်စုဖွဲ့ ခိုးယူလေ့ရှိကြောင်း သိရသည်။

ထိုနေရာ၌ပင် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက တစ်ပတ်အတွင်း၌ပင် နှစ်ကြိမ်ပစ္စည်းအခိုးခံရ၍ ကျပ်လေးသိန်းနီးပါးပေးလျော်ခဲ့ရကြောင်း ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ဒီနေရာက ခဏခဏခိုးတာသိလို့ သတိထားမောင်းပေမယ့် ညပိုင်းမောင်းရတော့ အခိုးခံရတယ်။ သိလို့လိုက်ရင်လည်း ထွက်ပြေးတော့ မမိဘူးပေါ့။ အုပ်စုလိုက်ဆိုတော့ ကားနဲ့ဝေးတဲ့ဆီအထိတော့မလိုက်ရဲဘူးလေ။ ကုန်သည်တွေကို လျော်ရတာ တော်တော်များနေပြီ"ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသအသီးသီးသို့ သွားသော ကုန်တင်ယာဉ်များမှာ မကြာခဏပစ္စည်းခိုးခံရမှုများဖြစ်ပွားနေကြောင်းသိရသည်။

၎င်းကားခိုးမှုများနှင့်ပတ်သက်၍ ပြီးခဲ့သည့် တစ်ပတ်အတွင်း၌ ကုန်ကားရှိ တာပေါ်လင်များကို ခွဲကာပစ္စည်းခိုးယူသောအမှုနှစ်ခုကို ငါးရက်အတွင်း နှစ်ကြိမ်ဖမ်းဆီးမိခဲ့ကြောင်း အဆိုပါရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# မြန်မာနှင့် စင်ကာပူ နည်းပညာအကူအညီများအတွက် နားလည်မှုစာချွန်လွှာများရေးထိုး

**အေးမြကျော်**

**စင်ကာပူ၊ ဇန်နဝါရီ - ၃၀**

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်၏ စင်ကာပူနိုင်ငံ ခရီးစဉ်အတွင်း စင်ကာပူနှင့် မြန်မာနှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်များရေးထိုးခဲ့ကြောင်းစင်ကာပူ အခြေစိုက် သတင်းဌာနများက ဖော်ပြကြသည်။

ထိုနားလည်မှုစာချွန်လွှာအရ စင်ကာပူနိုင်ငံမှ နည်းပညာဆိုင်ရာ အကူအညီများကို မြန်မာနိုင်ငံအား ကဏ္ဍသုံးခုအတွက် ပေးသွားမည်ဖြစ်ပြီး ယင်းတို့မှာ ပြည်သူ့အုပ်ချုပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများတွင်နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မြန်မာသမ္မတ ဦးသိန်းစိန်သည် စင်ကာပူနိုင်ငံသို့ သုံးရက်ကြာ ခရီးသွားရောက်လျက်ရှိပြီး ထိုနားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်စင်ကာပူနိုင်ငံခြားရေးနှင့် ဥပဒေရေးရာဝန်ကြီးတို့နှစ်ဦးက လက်မှတ်ရေးထိုး ခဲ့ကြခြင်းဖြစ်သည်။


သမ္မတဦးသိန်းစိန်နှင့်စင်ကာပူဝန်ကြီးချုပ် လီရှန်းလွန်းတို့ကိုတွေ့ရစဉ်

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍတွင် စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကျွမ်းကျင်အလုပ်သမားများအတွက် အခြေခံလိုအပ်ချက်များ တည်ဆောက်ရာတွင် လိုအပ်သော အကူအညီများကိုလည်း ကူညီပေးမည်ဟုသိရသည်။

သမ္မတဦးသိန်းစိန်သည် စင်ကာပူနိုင်ငံသို့ ဇန်နဝါရီ ၃၀ ရက်တွင်ရောက်ရှိခဲ့ပြီး သုံးရက်တာခရီးစဉ်မှာ ဖေဖော်ဝါရီ ၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အတွက် စင်ကာပူခရီးစဉ်မှာ ၂၀၁၂ခုနှစ်အတွင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။ ၂၀၁၁ ခုနှစ်အတွင်းက တရုတ်၊အိန္ဒိယနှင့် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။

**သတင်းထောက်အဖြစ်အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်သတင်းကောင်း**

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် သတင်းထောက်(၅)ဦး အလိုရှိသည်။ ဘွဲ့ရပြီး သတင်းထောက်အဖြစ် အမှန်တကယ်အသက်မွေးဝမ်းကျောင်းပြုလိုသူများ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်–လပြည့်ဝန်းပလာဇာ(၁၀ထပ်)၊ အမှတ်၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

# လက်ရှိအစိုးရလက်ထက်တွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မည်ဟု ဦးအောင်သောင်းပြောကြား

**သီဟ**

**တောင်ကြီး၊ ဇန်နဝါရီ - ၂၈**

လာမည့်သုံးနှစ်အတွင်း(သို့မဟုတ်) ယခု အစိုးရလက်ထက်တွင် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်သွားမည်ဟုပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သောင်းကပြောသည်။

ဦးအောင်သောင်းက ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) နှင့် ပဏာမငြိမ်းချမ်းရေးလက်မှတ်ထိုးပွဲအပြီးတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

"သုံးနှစ်မဟုတ်လည်း ဒီအစိုးရသက်တမ်းအတွင်းမှာ ရကိုရရမယ်။ ရမယ်လို့လည်းမျှော်လင့်ပါတယ်။ ရမယ်လို့ဆိုတာကလည်း ဒီတိုင်းရင်းသားခေါင်းဆောင်တွေကို ယုံကြည်လို့ပဲဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်နေလို့မရပါဘူး"ဟု ဦးအောင်သောင်းကပြောသည်။

ယခု အစိုးရလက်ထက်တွင် အားလုံးပြီးပြတ်စေရန်နှင့် ပြည်ထောင်စုလွှတ်တော်၌ တိုင်းရင်း သားအားလုံးအပါအဝင်ပါဝင်သင့်၊ ပါဝင်ထိုက်သူအားလုံး ပါဝင်လာစေရန် ဆောင်ရွက်သွားမည်ဟု ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်ကလည်း ဆက်လက်ပြောကြားသည်။

ယခု ပဏာမငြိမ်းချမ်းရေး လက်မှတ်ရေးထိုးခဲ့သည့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ(SSPP)နှင့်ရှမ်းပြည်တပ်မတော်(SSA) တို့အပြင် အခြားရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကြီးကြီးမားမားမရှိတော့ကြောင်းသိရသည်။



7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## ၂၀၁၂ ဖေဖော်ဝါရီ ၁ မှ ၇ ရက်ထိ
### မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့်သာယာပါ့မယ်။ ခန့်မှန်းကာလအတွင်း အနောက်လေစီးကြောင်းများအတွင်း မျှောပါလာတဲ့ လေဖိအားနည်းချိုင့်ဝှမ်း ဖြတ်သန်းမှုကြောင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနဲ့ အလယ်ပိုင်းတို့မှာ တိမ်စွယ်တန်းများ တစ်ကြိမ်ခန့်ဖြတ်သန်းသွားဖွယ်ရာရှိပါတယ်။ တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံတောင်ပိုင်းမှာ အရှေ့လေပွေလှိုင်းတစ်ခုဖြတ်သန်းသွားနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်အနေနဲ့ ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ဒေသမှာ (၃) ပေခန့်နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအမြင့်(၁)ပေ ခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ဇန်နဝါရီလ ဇန်နဝါရီလ(၂၁)ရက်မှ(၂၇)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာမိုးရေချိန်ဝဒသမ ၂လက်မမှဝဒသမ၈လက်မအထိ မြူများနဲ့ ဆီးနှင်းမိုးများ ရွာသွန်းခဲ့သောဒေသများမှာမြန်မာနိုင်ငံမြောက်ပိုင်း နဲ့ အရှေ့ပိုင်းဒေသများဖြစ်ကြပြီး၊ မိုးအနည်းငယ်ရွာသွန်းခဲ့တဲ့ဒေသတွေကတော့ မြန်မာနိုင်ငံတောင်ပိုင်းဒေသတွေ ဖြစ်ကြပါတယ်။ ကျန်ဒေသတွေမှာတော့ (၂)ရက်ခန့် မြူများကျဆင်းခဲ့တာကလွဲရင် အများအားဖြင့်သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများ အတွင်းမှာမျှောပါလာမယ့် အနောက်မြောက်အရပ်မှ လေဖိအားနည်းချိုင့်ဝှမ်းတစ်ခုတိုးဝင်လာမှုကြောင့် နှင်းမိုးများနဲ့အတူ မိုးအနည်းငယ်တစ်ကြိမ်ရွာသွန်းနိုင်ပြီး တောင်ပိုင်းစွန်းဒေသများမှာတော့ အရှေ့တောင်ဘက်မှတိုးဝင်လာမယ့် အရှေ့လေပွေလှိုင်းများကြောင့် မိုးအနည်းငယ်(၂)ရက်မှ(၃)ရက်ခန့် နေရာကွက်ကျား ရွာသွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးမှာတော့ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

တရုတ်နိုင်ငံပြည်မကြီးအတွင်းမှ အရှေ့မြောက်လေအေးများတိုးဝင်လာမှုနဲ့ အိန္ဒိယနိုင်ငံအတွင်းမှ အနောက်မြောက်လေအေးများ တိုးဝင်လာမှုနဲ့တို့လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ အားလျော့နည်းနိုင်တာကြောင့် အအေးပေါ့စရာရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် နောက်ပိုင်းရက်များမှာ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန် အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# ဆောက်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်း ၂၀၁၃ တွင် ရေးဆွဲပြီးစီးမည်ဟုဆို

ပြည်သိမ်း၊ သန်းဌေး

**ရန်ကုန်၊ ဇန်နဝါရီ-၂၈**

ဆောက်လုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (building code) ရေးဆွဲနေမှုမှာ ၂၀၁၃ ခုနှစ် ဆန်းပိုင်းတွင် အပြီးသတ်နိုင်မည်ဖြစ်ကြောင်း စီမံကိန်းနှင့်မြို့ပြဖွံ့ဖြိုးရေးပညာရှင် ဒေါက်တာကျော်လတ်က ပြောသည်။

အဆိုပါစည်းမျဉ်းစည်းကမ်းများကိုမြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ပူးပေါင်းရေးဆွဲနေသည်။လက်ရှိပြည်တွင်း၌ အသုံးပြုနေသည့် ဆောက်လုပ်ရေးဆိုင်ရာ စည်းမျဉ်းများသည် ဗြိတိသျှကိုလိုနီလက်ထက်ကတည်းက သတ်မှတ်ထားသော စံနှုန်းများဖြစ်ကြောင်း အထပ်မြင့် အဆောက်အအုံများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌဦးသန်းမြင့်က ပြောသည်။

"စံချိန်စံညွှန်းတွေနဲ့ပတ်သက်ပြီး စာအုပ်တွေက အထပ်မြင့်မှာလည်း ရှိတယ်။ စည်ပင်မှာလည်း ရှိတယ်။ အင်ဂျင်နီယာတွေမှာသာ မရှိသေးတာ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အင်ဂျင်နီယာများနှင့် သက်ဆိုင်သည့်ဆောက်လုပ်ရေး ဆိုင်ရာ စည်းမျဉ်းများရှိလာပြီး လိုက်နာ ဆောင်ရွက်ပါက အထပ်မြင့် အဆောက်အအုံ များ ပျက်စီး၊ ချွတ်ယွင်းမှုများ လျော့နည်းသွားနိုင်ကြောင်းဒေါက်တာကျော်လတ်က ဆိုသည်။

လက်ရှိရန်ကုန်မြို့မှ အထပ်မြင့် အဆောက်အအုံများနှင့် ပတ်သက်၍ စစ်ဆေးမှုအပိုင်းမှာလည်း "ကိုးထပ်အထက်ဆိုရင်တော့ အထပ်မြင့်က ရံဖန်ရံခါစစ်တယ်"ဟု ဦးသန်းမြင့်က ပြောသည်။ ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာမှလည်း စစ်ဆေးမှုများ ရှိကြောင်း သိရသည်။

"မြေညီထပ်ကွန်ကရစ်ယက်မတန်း(Ground Beam)မရှိဘဲ၊ ပထမထပ်ကျမှ နောက်ဖေးဘက်ကို ရေချိုးခန်းအိမ်သာတွက် လေးပေထုတ်ပြီး အုတ်နံရံစီထားတာ။ ဒါကြောင့် အောက်အမာခံမရှိဘဲ နောက်ဖေးလမ်းကြားမြောင်းနှုတ်ခမ်းဘေးထိရောက်နေလို့ ပြိုကျတာပါ" ဟု ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းရှင်ဖြစ်သော ဦးဝင်းကိုက ပြောသည်။

ဦးဝင်းကိုသည် အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ စောရန်ပိုင်(မြောက်ပိုင်း) ရပ်ကွက်ရှိ နံရံအက်မှုဖြစ် သွားသည့် အမှတ် ၃၆၇ ရှစ်ထပ်တိုက် ပထမထပ်၌ နေထိုင်သူဖြစ်သည်။

အဆိုပါ တိုက်ကို ၂၀၀၆ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ အဆိုပါတိုက်သည် မျက်နှာဖွင့် ၂၅ ပေဖြစ်ပြီး၊ အလျားပေ ၉၀ မှာ ရှိသည်။ နောက်ပိုင်းမှ ယခု ပြိုသွားသည့် ပထမထပ် နံရံ၄ ပေ ထပ်မံချဲ့ထွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စိုးရိမ်စိတ်တော့ မရှိဘူး။ ဒီနေရာက တောင်ကုန်းမြင့်လေးလိုဖြစ်နေတယ်။ ငယ်ငယ်ကလေးကတည်းက နေလာတော့ စိတ်ချရပါတယ်" ဟု ဒုတိယထပ်တွင် နေထိုင်သူ အသက် ၄၀ အရွယ် ဒေါ်လှယဉ်ကျေးက ဆိုသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး စီစီဂျီဆောက်လုပ်ရေး ကုမ္ပဏီက တာလပတ်အလိပ်ကို အမြင့် ၁၄ ပေထိ တင်ထားသဖြင့် ပြိုသွားခြင်းဖြစ်ကြောင်း ဆိုသည်။

# ကူးတို့ဆိပ် ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၂,၀၀၀ ကျော်ပေးရန်ကျန်

အေးမြတ်သူ

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

မင်္ဂလာတောင်ညွန့်မြို့နယ်ကူးတို့ဆိပ်မီးလောင်ပေါက်ကွဲမှုတွင် မီးဘေးဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းထားသော အလှူငွေကျပ်စုစုပေါင်း ကျပ်သိန်းနှစ်ထောင်ကျော်ကျန်ရှိနေသေးကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီးဦးမြင့်သိန်းက ပြောသည်။



*မေတ္တာမွန်ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ပတ်ဝန်းကျင်ရှိ နေအိမ်များကို အခင်းဖြစ်ပြီးနောက် တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဒဏ်ရာရရှိထားသူ ၂၀ ဦးအား ဇန်နဝါရီ ၂၈ ရက်တွင် ထပ်မံ၍ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ စုစုပေါင်း ငွေကျပ်သိန်း ၂၀ အားလှူဒါန်းငွေထဲမှ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

"လှူဒါန်းငွေကတော့ စာရင်းချုပ်လိုက်ရင်တော့ သိန်းနှစ်ထောင်ကျော်တော့ ကျန်မှာပေါ့။ စာရင်းတော့ မချုပ်ရသေးဘူး။ အဲဒီ့ထဲက မီတာတွေ ပေးတာလေ။ ကျန်တာတော့ သူတို့အတွက်ပဲလေ။ အဘတို့က ဘာမှမလုပ်ဘူး" ဟု လူမှုရေးဝန်ကြီး ဦးမြင့်သိန်းကပြောသည်။

ကူးတို့ဆိပ်ရပ်ကွက်အတွင်းတွင် အိမ်ခြေ ၉၀ ရှိသည့်အနက် မီတာရှိသော အိမ်ခြေ ၆၇ လုံးအား မီတာအသစ်များ ပြန်လည်တပ်ဆင်ပေးခဲ့ပြီး ကျန်မီတာမရှိသော အိမ်မြေများအား တပ်ဆင်၍ ရမရ စစ်ဆေးပြီးလျှင် တပ်ဆင်ပေးသွားမည်ဖြစ်သည်။ ယခုအခါ မီတာရှိအိမ်များအား အိမ်တစ်လုံးလျှင် မီတာအသစ်တစ်လုံးနှင့် မီးချောင်းငါးချောင်းအပါအဝင် မီးကြိုးများပါ တပ်ဆင်ပေးခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းကပြောသည်။"အိမ်တွေကိုမီတာတပ်မီးရိုက်တဲ့အခါအဲဒီ့အတွက်ကုန်ကျစရိတ်သိန်း ၁၃၀ ကျော်တော့ ရှိပြီပေါ့။ ရေရရှိရေးအတွက် စနစ်တကျ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ပြီး လုပ်ပေးမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အစိုးရက မီးဘေးသင့်ပြည်သူများအား ပျက်စီးသွားသော အိမ်တစ်လုံးလျှင် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် ဇန်နဝါရီ ၄ ရက်မှ ၂၅ ရက်အတွင်း အိမ်အားလုံးနီးပါး ပြန်လည်ဆောက်လုပ်ပေးခဲ့သည်။ အိမ်ပြန်ဆောက်ရာတွင် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများအစီအစဉ်ဖြင့် လိုအပ်သည့် အိမ်ဆောက်ပစ္စည်းအလုံးစုံကို ဝယ်ပြီး ကျန်ငွေကို အိမ်ရှင်ထံ ပြန်၍ပေးအပ်ခဲ့သည်။

ရန်ကုန်တစ်မြို့လုံး သိမ့်သိမ့်တုန်ခဲ့သော ဂိုဒေါင်ပေါက်ကွဲမှု၏ အကြောင်းရင်းကို သက်ဆိုင်ရာကထုတ်ပြန်ခဲ့ရာ ပေါက်ကွဲရခြင်းဖြစ်စဉ်မှာ ဂိုဒေါင်အမှတ် ၈၀ က မီးစတင်လောင်ခဲ့ပြီး ဂိုဒေါင်အမှတ် ၇၉ သို့မီးကူးရာ ထိုဂိုဒေါင်အတွင်း၌ ပေါက်ကွဲမှုဖြစ်စေသည့် ဓာတုပစ္စည်းတန်ချိန် ၁၀၇ ဒသမ ၇၄၂ တန်နှင့် ပရဆေးပစ္စည်းမျိုးစုံတန်ချိန် ၈၈ ဒသမ ၆၅၂ တန် သိုလှောင်မှုကြောင့် မီးရှိန်ကြောင့် ဓာတ်ပြုပြီး ပြင်းထန်သောပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဇန်နဝါရီ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြခဲ့သည်။

စစ်ဆေးရေးအဖွဲ့က ဂိုဒေါင်ငှားရမ်းအသုံးပြုခဲ့သော ဦးမောင်မောင်ဝင်းအား စစ်ဆေးခဲ့ရာ ၎င်းသည် ပရဆေးရောင်းဝယ်မှုတစ်ခုတည်း အဓိက လုပ်ကိုင်ရာမှ တရားမဝင် ဓာတုပစ္စည်းများအား အိန္ဒိယ၊ ထိုင်း၊ တရုတ်နယ်စပ်တို့မှ တင်သွင်းရောင်းဝယ်ဖြန့်ဖြူးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့သည်။

# ပြည်ပရောက်မြန်မာအချို့ နိုင်ငံသားပြန်လည် ခံယူလိုကြ

မြတ်စုမွန်

**ရန်ကုန်၊ဇန်နဝါရီ-၂၄**

မြန်မာနိုင်ငံမှ နှစ် ၂၀ ကျော်ကြာ ထွက်ခွာသွားခဲ့သော ABSDF အဖွဲ့ဝင်ဟောင်း နိုင်ငံခြားသားအဖြစ်ခံယူထားသူ ဦးအောင်သူငြိမ်းက ရှေ့ဆက်မြန်မာ့နိုင်ငံရေး ပွင့်လင်းလာမှုအပေါ် မူတည်ကာ မြန်မာနိုင်ငံသားအဖြစ်ပြန်လည်ခံယူသွားရန်အစီအစဉ်ရှိကြောင်း 7Day News သို့ပြောသည်။

ထိုင်းနိုင်ငံအခြေစိုက် ဗဟုအဖွဲ့၏ အကြီးတန်းအဖွဲ့ဝင်ဖြစ်သည့် ဦးအောင်သူငြိမ်းအား အဖွဲ့ကိုယ်စားပြုကာမကြာမီမြန်မာနိုင်ငံသို့ပြန်လည်လာရောက်မည့် ကိစ္စနှင့်ပတ်သက်၍မေးမြန်းစဉ် ၎င်းကထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ဗဟုက ကျွန်တော့်လူတွေမှာလည်း အဲဒီလိုစဉ်းစားချက်မျိုးရှိပါတယ်။ အခုအချိန်က ကျွန်တော်တို့က နိုင်ငံခြားသားပတ်စ်ပို့တွေနဲ့ပေါ့။ ဒါပေမဲ့လည်း ကျွန်တော်တို့ တိုင်းပြည်ရဲ့နိုင်ငံရေး ရှေ့လျှောက်ဘယ်လောက်ထိ ပွင့်လင်းလာမလဲဆိုတဲ့အပေါ် မူတည်ပြီးတော့ ကိုယ့်နိုင်ငံသားပြန်ခံယူဖို့ရှိပါတယ်။ အဲဒါကလည်းဆွေးနွေးတိုင်ပင်ပြီးမှ ဖြစ်လာမှာပါ" ဟု ဦးအောင်သူငြိမ်းက ဆက်လက်ပြောသည်။

စာ(၁၂) သို့

Life
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# လမ်းမထက်က သေမင်းတမန်

မင်းဒင်



မန္တလေး မြို့ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ် ကုသဆောင် လူနာခုတင်ပေါ်တွင် ဇန်နဝါရီ၁၉ ရက် ညက ရှစ်တန်းကျောင်းသားလေး တစ်ဦး လဲလျောင်းနေသည်။ ထိုကျောင်းသားလေး၏ ဖခင်က သူ့အား စကား တီးတိုး၍ပြောသည်။

"သားကို အဖေနဲ့အမေက ခွင့်လွှတ်ပါတယ်ကွာ။ ငါ့သားလေးကို ဆိုင်ကယ်မစီးခိုင်းတာ မင်းက ငယ်သေးလို့ပါ။ အခုလို တစ်ခုခုဖြစ်မှာ စိုးလို့ပါကွာ။ ခွင့်လွှတ်ပါတယ်။ မင်းကိုခွင့်လွှတ်ပါတယ်။ အဖေခွင့်လွှတ်ပါတယ်"ဆိုသော စကားလုံးတွေ မပီဝိုးတဝါးနဲ့ ဖခင်ဖြစ်သူနှုတ်က ထွက်ကျလာအပြီး စက္ကန့်ပိုင်းအကြာ သားငယ်လေး၏ မျက်ဝန်းတွင် မျက်ရည်ဥများတွဲခိုကာ အသက်ဇီဝိန်ချုပ်ငြိမ်းသွားခဲ့သည်။

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဆောင်တွင် ဇန်နဝါရီ ၁၈ ရက် နံနက်က ဆိုင်ကယ်တိမ်းမှောက်မှုကြောင့်လာရောက်ကုသမှုခံယူနေသော ထိုရှစ်တန်း ကျောင်းသားမှာ ည ၉ နာရီဝန်းကျင်တွင် သေဆုံးသွားခဲ့ပြီဖြစ်သည်။

ယာဉ်တိုက်မှုများကြောင့် မန္တလေးခရိုင်၊ ခုနစ်မြို့နယ်တွင် ပြီးခဲ့သည့်နှစ် ၂၀၁၁ အတွင်း လူပေါင်း ၁၃၃ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၁ နှစ်ဆန်းတွင်လည်းသေဆုံးမှုများ စတင်ဖြစ်ပွားနေသည်။

အထက်ပါ လူငယ်လေး၏ နံဘေးတွင်ရှိနေသည့် လူနာခုတင်များမှ လူနာစောင့်များကလည်း ဖခင်၏စကားသံများကို ကြားနေရပြီး ဝိညာဉ်ညင်သာစွာ ထွက်ခွာခွင့်ပြုလိုက်ခြင်း အပေါ် အောက်ပါအတိုင်း မှတ်ချက်ပြုသည်။

"တော်ပါသေးတယ်။ သူကြားချင်နေတဲ့ ခွင့်လွှတ်စကားတွေ ကြားလိုက်ရတော့ သူလည်း စိတ်ချမ်းသာသွားတာပေါ့။ ခံစားနေရတဲ့ ဝေဒနာနဲ့ အရွယ်နဲ့ကလည်း မမျှ။ ကောင်းတယ်လိုပဲ တွေးပါ။ ဒဏ်ရာကပြင်းတယ်။ ဆက်အသက်အရှင်နေတောင် မှတ်ဉာဏ်တွေ မကောင်းလောက်တော့ပါဘူး"ဟု လို့ဘေးခုတင်က လူနာစောင့်များက နှစ်သိမ့်စကားပြောကြားသည်။

နံနက် ၆ နာရီခန့်က ဆိုင်ကယ်ဖြင့် အလုပ်မှပြန်လာအပြီး ဆိုင်ကယ်လေးသိမ်းကာ အိပ်နေခဲ့သည်။ ခဏအကြာတွင် မိမိနာမည်အား အော်ခေါ်သံများကြောင့် နိုးလာခဲ့ကာ "မင်းရဲ့သား လမ်းထိပ်မှာ ဆိုင်ကယ်မှောက်ပြီးသတိလစ်နေတယ်" အော်ပြောသံထပ်မံကြားလိုက်ရသည်။ ဆိုင်ကယ်လည်း မိမိထားခဲ့သည့်နေရာတွင် မရှိတော့။

အပေါ်ထပ်မှ ပြေးဆင်းခဲ့သည်။ လမ်းထိပ်သို့ ဆက်ပြေးသည်။ သားလေးကိုယ်ခန္ဓာက အေးစက်နေပြီ။ လွန်ခဲ့တဲ့ နာရီဝက်ခန့်ကတည်းက လဲနေခြင်းဖြစ်သည်။ လူတွေဘယ်ရောက်ကုန်ပြီလဲမသိ။ ဝန်းကျင်တွင် ထူးထူးခြားခြား လူများရှိမနေ။ သွေးများစွာ ထွက်နေသော သားငယ်ကို သူပွေ့ချီလိုက်သည်။ ဆေးရုံကို သွားသည်။ ဆေးရုံရောက်တော့ နံနက်၇နာရီကျော်နေပြီဖြစ်သည်။

ဆေးရုံရောက်အပြီး အရေးပေါ်ဌာန၊ ထိုမှတစ်ဆင့် ဦးနှောက်နှင့်အာရုံကြောဌာနသို့ ပြောင်းသည်။လူနာကသတိလစ်နေသည်။ အသက်တော့ ရှူသေးသည်။ ညနေ၃ နာရီကျော်တွင် ခွဲစိတ်ခန်းသွင်းသည်။ ပြီးနောက် ခွဲစိတ်ခန်းမှ ထွက်လာ သည်။

လူငယ်လေးတွင် ရရှိထားသော ဒဏ်ရာများက များသည်။ ပါးစပ်တွင် တပ်ထားသည့်လက်ဖြင့်ညှစ်ပေးရသော အသက်ရှူကိရိယာအား တစ်ယောက်ပြီးတစ်ယောက် လဲလှယ်ကာညှစ်ပေးနေခဲ့ရသည်။

မိမိ၏ ခွင့်လွှတ်စကားကြားအပြီး အားလျှော့လိုက်ပုံရသည်။ မျက်ရည်ဥများ တွဲခိုကာ နှုတ်ဆက်မှုပြသ၍ တစ်ခဏအတွင်း နှလုံးခုန်ရပ်တန့် ကွယ်လွန်သွားခဲ့ကြောင်း ဖခင်ဖြစ်သူက ရှင်းပြသည်။

"ကလေးက ငယ်သေးလို့ ဆိုင်ကယ်မစီးခိုင်းဘူး။ ညပိုင်းအလုပ်အပြီး မနက်စောစောပြန်လာတာ။ သိမ်းထားတဲ့ ဆိုင်ကယ်ကို ခိုးစီးသွားတာ။ လူကြီးမသိအောင် ယူစီးတာဆိုတော့ မြန်မြန်သွား မြန်မြန်ပြန်မယ်ဆိုတဲ့ စိတ်ကူးမျိုးနဲ့ မြန်မြန်စီးပုံရတယ်။ နောက်ပြီး ဝမ်းတူးဖိုက်ဆိုင်ကယ်ဆိုတော့ ရှေ့ဘီးက ဒစ်ဘရိတ်။ စီးရင်းနဲ့ ရှေ့ဘရိတ်အုပ်ရင်လည်း လဲတတ်တယ်။ ဘယ်လိုကြောင့် လဲတာလည်းတော့အတိအကျမသိပေမယ့် လဲတဲ့ဒဏ်ရာက တော်တော်ပြင်းတယ်။ ယာဉ်တိုက်မှုမဟုတ်ဘဲ သူ့ဘာသာလဲတာ။ ရှေ့သွားတွေ အားလုံးကျိုးသွားတယ်။ နဖူးထိပ်ရှေ့ ဦးခေါင်းခွံလည်း ကျိုးသွားတယ်။ ဒီဒဏ်ရာတွေနဲ့ပဲ ဝေဒနာခံစားရင်း ဆုံးပါးသွားတာ" ဟု ဖခင်ဖြစ်သူက သူ၏သား ရှစ်တန်းကျောင်းသားလေး၏ အဖြစ်အပျက်မျိုး မဖြစ်စေရန်နှင့် သတိထားကြရန် ပြန်လည်ပြောပြသည်။

စာ(၁၁)သို့

---



## ဈေးဝယ်ထွက်မယ်

**အိဖြူလွင်**

အများနှင့်မတူထူးခြားဆွဲဆောင်မှုရှိတဲ့ အရည်အသွေးကောင်းကောင်းတွေနဲ့ စစ်မှန်တဲ့ပစ္စည်းတွေကို ရနိုင်မယ့်နေရာကို ဒီတစ်ပတ် 7Day Newsရဲ့ဈေးဝယ်ထွက်မယ်ကဏ္ဍက လမ်းညွှန်ပေးချင်ပါတယ်။

ရေမွှေးဆိုတာ ထုတ်တဲ့ နိုင်ငံနဲ့တံဆိပ်ပေါ် မူတည်ပြီး ဈေးနှုန်းနဲ့ အရည်အသွေး ကွာတာဖြစ်ပြီး၊ ဈေးနှုန်းအစစ်အမှန်၊ အရည်အသွေးအစစ်အမှန်ပစ္စည်းများကို ကြိုက်သူတွေက နှစ်သက်ကြမယ်လို့ယုံကြည်ပါတယ်။

ရေမွှေးကို ကိုယ်တိုင်သုံးချင်သူများအတွက်တင်မဟုတ်ဘဲ လက်ဆောင်ပေးမယ်ဆိုရင် ကိုယ်ပေးချင်တဲ့သူ မကြိုက်တဲ့ ရန့်ဖြစ်မှာစိုးရိမ်စရာမလိုတဲ့ ရန့်မျိုးစုံပါတဲ့ တံဆိပ်တူ ရေမွှေးတွေ တံဆိပ်မျိုးစုံ၊ ရန့်အမျိုးအစားစုံတဲ့ ရေမွှေး Setတွေစတဲ့အမျိုးအစားစုံရေမွှေးတွေကို တစ်မျိုးစီ အစုံ လိုက် ဒီဆိုင်မှာ ရနိုင်ပါတယ်။

နာမည်ကြီးတံဆိပ်တွေ ဖြစ်တဲ့ Tommy Hifiger, Estee lauder, Calvin Klein, Versace, DKNY, XOXO, Adidas, Ferrai, BVL, Lee, Elizabeth Arden, Meriah Carey စသဖြင့် အမျိုးအစားစုံလင်စွာရှိပါတယ်။

ပစ္စည်းတွေရဲ့ အရည်အသွေးစစ်မှန်မှုကိုတော့ အာမခံပြီး ဈေးနှုန်းက အနိမ့်ဆုံး ၂၅,၀၀၀ ကျပ်မှ ၉၅,၀၀၀ ကျပ်ခန့်ထိ အမျိုးအစားပေါ် မူတည်ပြီးကွဲပြားပါတယ်။ နှစ် ကူးကာလနှင့်အတူ မကြာခင်ရောက်ရှိတော့မယ့်ဗယ်လင်တိုင်းဒေးအတွက်ပါ ချစ်ခင်သူများကို လက်ဆောင်ပေးဖို့ရေမွှေးကို ရွေးချယ်လိုက်ပြီဆိုရင် ဝယ်ယူနိုင်မယ့်နေရာကတော့ အင်းစိန်မြို့နယ်၊ သုခ မှတ်တိုင်အနီးက အမှတ် ၇၇ မှာရှိ တဲ့ G & T ဆိုင်ပါလို့ လမ်းညွှန် ပေးလိုက်ပါတယ်။



---



## အိုးပို့လေး ချက်ကြရအောင်

ဗိုက်ဗီ

### ဝါးရင်းမှိုငရုတ်သီးချက်



ဝါးရင်းမှိုကချက်စားလို့ပဲ ပိုအဆင်ပြေတာကြောင့် ဝါးရင်းမှိုကို ခပ်စပ်စပ်လေးချက်ထားတာပါ။ တက်စာရှောင်တဲ့ လူမရှိတဲ့ အိမ်မှာဆိုရင်ဒီဟင်းလေးက ဆီပြန်ဟင်းတစ်မျိုးမျိုးနဲ့အရည်စပ်စပ်လေးတွဲဖက်စားသုံးလို့ရမှာပါ။

ဒီဟင်းချက်ဖို့ ဝါးရင်းမှိုသန့်သန့်လေးတွေပဲလိုပါတယ်။ ဝါးရင်းမှိုချက်ဖို့ပထမဆုံးရေနဲ့သန့်စင်အောင်အထပ်ထပ်ဆေးကြောပါမယ်။ဆေးကြောပြီးရင်ဒီမှိုကအရိုးမာတဲ့အတွက်လေးစိတ်ကွဲအောင်ထောင်းလိုက်ပါ။ပထမဆုံးကြက်သွန်ဖြူနီကိုနနွင်းနဲ့ဆီသတ်ပါမယ်။ဆီသတ်ပြီးတာနဲ့ခုနရေဆေးပြီးထောင်းထားတဲ့ဝါးရင်းမှိုတွေကိုထည့်လိုက်ရုံပါပဲ။

ဝါးရင်းမှိုကမာတဲ့ အတွက် နှစ်ရေလောက်အုပ်ပြီးတည်ဖို့လိုပါတယ်။နှစ်ရေလောက်မှာနူးပြီဆိုရင်ငရုတ်သီးစိမ်းလေးစိတ်ကွဲထောင်းထားတာနဲ့ပင်စိမ်းလေးအုပ်လိုက်ရုံပါပဲ။

7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012




# ဂျာနယ်ဒိုက်တာထံ ပေးစာ

## ပူပြင်းခြောက်သွေ့ဇုန် စိမ်းလန်းရေးမှပေးသော မျှော်လင့်ချက်

၁၈-၁-၂၀၁၂ ရက်ထုတ် 7Day News ဂျာနယ်တွင် ပါလာသည့် ပူပြင်းခြောက်သွေ့ဇုန် စိမ်းလန်းရေးအကောင်အထည်ဖော်မည်ဆိုသော သတင်းတစ်ပုဒ်ကြောင့် ပြောမပြတတ်အောင် ကျွန်မဝမ်းသာခဲ့ရသည်။ ထိုစီမံကိန်းက မုံရွာ၊ ရွှေဘို၊ မြောက်ဦး၊ မြင်းခြံ၊ ချောက် စသော ပူပြင်းခြောက်သွေ့ဇုန် စိမ်းလန်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုကပေးသော ဒေါ်လာ ၈သန်းဖြင့် ယူအင်န်ဒီပီမှ ဆောင်ရွက်မည့်စီမံကိန်းဖြစ်သည်။ ကျွန်မတို့ရွာသည် ဆင်းရဲသည့်ရွာတစ်ရွာဖြစ်သည်။ လျှပ်စစ်မီးမရရှိ၍ ယခုအချိန်ထိ ရေနံဆီမီးခွက်များ အသုံးပြုနေရခြင်း၊ ဆည်မြောင်းတာတမံနှင့် မြစ်၊ ချောင်း၊ အင်းအိုင်များ မရှိသည့် အတွက် ကောင်းကင်မှ ရရှိလာသည့် ရေဖြင့်သာ ထွန်ရက်စိုက်ပျိုးကြရခြင်း၊ မိုးခေါင်လွန်းသောကြောင့်ထန်းပင်များ ခန်းခြောက်သေခြင်း စသည်တို့ကြောင့် ရွာ၏ စီးပွားရေးသည် တစ်နှစ်ထက် တစ်နှစ်ဆိုးရွားစွာ ဆုတ်ယုတ်လာခဲ့သည်။

**တစ်ဖက်သို့**






7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## တစ်ဖက်စာမျက်နှာမှ

မိရိုးဖလာလုပ်ငန်းဖြစ်၍ လုပ်ကိုင်နေရသည့် တောင်သူများသည် နှစ်စဉ်အရှုံးနှင့်သာ ရင်ဆိုင်နေကြရသည်။ မိုးဦးနှမ်းစိုက်ပျိုးမရသည့် နှစ်မှာ ဆယ်စုနှစ်ကျော်ခဲ့ပြီဖြစ်သည်။ မိုးခေါင်ခံသည့် ဝါနှင့် ပဲစင်းငုံသာ အဓိက စိုက်ပျိုးကြရ၍ တစ်နှစ်ပတ်လုံးတစ်သီးစားဖြစ်သည်။ ရရှိလာသည့်ဝင်ငွေသည်စိုက်ပျိုးစရိတ်၊ ဆေးဖိုးသာရ၍ လုပ်အားခပါရှုံးသည်။

ထိုသို့သော အကျိုးဆက်များကြောင့် ရွာရှိအသက် ၁၈ နှစ်မှ ၅၀ အတွင်း လူငယ်လူလတ် ယောကျ်ားများသည် ဇာတိမြေကို စွန့်ခွာ၍ ရေခြား၊ မြေခြား တိုင်းတစ်ပါးသို့ ပြောင်းရွှေ့လုပ်ကြသည်။ သွေးမအောင်သည့် ဘီပိုးသမားများသာ ကျန်ခဲ့သည်။ ရွာလုံးကျွတ် လူကုန်သွားကြသည်။ အချို့သည်အဆင်ပြေသကဲ့သို့အချို့သည်အဆင်မပြေပါ။ ငွေတိုးရှာ၍ သွားသောသူများသည် အကြွေးရှင်ကို လုပ်ကျွေးနေသလိုဖြစ်နေသည်။ ကုန်ကျစရိတ်သည်ဆယ့်ငါးသိန်းအထက်တွင်ရှိသည်။ တစ်လတစ်လ၏ အတိုးနှုန်းသည် တစ်သိန်းခွဲအထက်တွင်ရှိနေ၍ နှစ်သိန်းဝင်သည်ဆိုလျှင်ပင် အဆင်မပြေကြပေ။ လစဉ်အတိုးဆပ်ရန်သာရသည်။ ငွေဈေးကျသည့် လများတွင် ပို၍ဆိုးပါသည်။

ထိုထက် ဆိုးသည်မှာ ဆင်းရဲသားများ၏ ဘဝကို စာနာမှုမရှိသည့် ပွဲစားများဖြစ်သည်။ ပွဲစားများ၏ အယုံသွင်းမှုအောက်တွင် မသိနားမလည်သည့် ရွာသားများသည် အားကိုးယုံကြည်လာကြသည်။ ယုံကြည်မှုကိုအခွင့်ကောင်းယူသည့်ပွဲစားများ၏ လိမ်လည်မှုကိုလည်း အကြိမ်ကြိမ်ခံကြရသည်။ အချို့ကို အလည်အပတ် ဗီဇာနှင့်ပို့သည်။ နိုင်ငံခြားသို့ ရောက်အောင်ပို့ပေးသည်။ တစ်လပြည့် သည့်နေ့တွင် မြန်မာပြည်သို့ ပြန်ရောက်လာသည်။ ထိုသို့သော ဖြစ်ရပ်မျိုးနှင့် ကြုံရသည့် မိသားစုများသည် နိုင်ငံခြားအကြွေးကို တစ်သက်ဆပ်၍ မကျေဖြစ်နေရရှာသည်မှာ အလွန်စိတ်တိုစရာ ကောင်းလှသည်။

နဖူးမှချွေး ခြေမကျသည်အထိ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်နေကြသည့် တောင်သူလယ်သမားတို့သည် တစ်နှစ်တွင် တစ်သိန်းပိုနိ ခဲယဉ်းလှသည်။ တစ်နှစ်ထက် တစ်နှစ် အကြွေးမတင်ရန် ရုန်းကန်နေကြရသည်။

စီးပွားရေး ကျပ်တည်းလာချိန်တွင် ပညာရေးကို စိတ်ဝင်စားမှုလုံးဝမရှိတော့ပေ။ ရေးတတ်၊ ဖတ်တတ်ရုံသာ သင်ကြားစေသည်။ သို့ပါ၍ ကလေးသူငယ်များသည် အရွယ်မရောက်မီ အိမ်ထောင်ပြုခြင်း၊ မိဘ၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့် လူငယ်များ များပြားလာခြင်း၊ အသိပညာ၊ အတတ်ပညာနည်းပါးလာခြင်းတို့သည် ရွာ၏ တိုးတက်မှုကို ဆုတ်ယုတ်လာစေခြင်းဖြစ်သည်။

တတ်နိုင်သည့်ဘက်မှ အားပေးကူညီစေချင်သော်လည်း အကြိမ်ကြိမ် ရင်မောစွာသက်ပြင်းချမိရုံမှလွဲ၍ ကျွန်မစွမ်းဆောင်မှု မရှိခဲ့ပေ။ ထိုသို့ဖြစ်နေချိန်တွင် သတင်းတစ်ပုဒ်ကြောင့် ကျွန်မ အားတက်မိသည်။

နိုင်ငံတော်အတွက်ပြည်သူလူထု၏အင်အားလိုသကဲ့သို့ပြည်သူလူထုအင်အားရှိရန်မှာလည်း နိုင်ငံတော်၏ ကူညီထောက်ပံ့ပေးမှုများရရှိရန် အများကြီးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အပူပိုင်းဇုန်စိမ်းလန်းရေးစီမံကိန်းတွင် ကျွန်မတို့၏ ရွာကိုလည်းပြုပြင်ပေးစေချင်သည်။ ကျွန်မတို့ ရွာနည်းတူ ဆင်းရဲသည့်ရွာများလည်းများစွာရှိနေသေးသည်ကို 7Day News ဂျာနယ်မှတစ်ဆင့် အားလုံးသိရှိစေရန် ရေးသားခဲ့ခြင်းဖြစ်သည်။ မြင်းခြံမြို့၏ အရှေ့တောင်ဘက်၊ မြင်းခြံ၊ မိတ္ထီလာလမ်းမကြီး၏ အရှေ့ဘက်ခြမ်း နှစ်မိုင်ကွာတွင် တည်ရှိနေသည့် ရွာကလေး၏ လိုအပ်မှုများကိုလည်း ဝိုင်းဝန်း အားဖြည့်ပေးရန် တောင်းဆိုပါသည်။

**ကြယ်စင်ထူး**



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## ဘယ်ဘဝမှာရှိနေနေ ဆင်းရဲခြင်း အမှန်တရားကို သိဖို့လိုတယ်

ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်း အမှန်တရားဖြစ်တယ်လို့ မြတ်ဗုဒ္ဓဟောကြားတော်မူတယ်။ အမှန်စင်စစ်ဆင်းရဲတယ်ဆိုတာကို မသိရင် ကံတရားကို နှစ်သက်သဘောကျတတ်တယ်။ ဘာဖြစ်လို့ ကံတွေကို ဒီလောက်တောင်သ ဘောကျနေတာလဲ၊ ကြိုက်ကြတာလဲလို့ ကောက်ချက်ချလိုက်ရင် ဒုက္ခသစ္စာကို မသိလို့ဆိုတဲ့ အဖြေထွက်လာပါတယ်။ ဒုက္ခသစ္စာကို မသိမမြင်တဲ့သူဟာ သံသရာကိုလည်းမကြောက်လန့်ဘူး။ သံသရာလည်ရမှာကိုလည်း မစိုးရိမ်ဘူး။ မျက်ကန်းတစ္ဆေမကြောက်ဆိုတဲ့ မြန်မာစကားပုံလို မျက်စိကန်းနေသူဟာ မမြင်ရတော့ တစ္ဆေကို မကြောက်မလန့်ဘူး။ ဒီသဘောပါပဲ။ ဒုက္ခသစ္စာကို မသိဘူးဆိုရင် သံသရာဆိုတာကိုမထိတ်လန့်ဘူး။ သံသရာလည်ချင်သလောက်လည်၊ သံသရာရှည်ချင်သလောက်ရှည်၊ သံသရာဒုက္ခဘယ်လောက်များများ သံသရာထဲမှာပဲ ပျော်တယ်။ သံသရာထဲမှာနေရတာကိုပဲ ကျေနပ်ကြတယ်။

လူပဲဖြစ်ရဖြစ်ရ၊ ဘာပဲဖြစ်ရဖြစ်ရ၊ လူဖြစ်နေရတာလည်း ကောင်းတာပဲ။ နတ်ဖြစ်ရတာ လည်းကောင်းတာပဲ။ လူ့ဘဝမှာ လည်းနေရတာ ပျော်တယ်။ နတ် ဘဝမှာလည်းနေရတာပျော်တယ်။ လူ၊ နတ်ဘဝတွေမှာနေချင်တယ်ဆိုပြီးဖြစ်နေတာဟာ အဖြေရှာကြည့်ရင် ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်းအမှန်တရားကို မသိလို့ပါ။ အဲဒီတော့ နိဗ္ဗာန်လိုချင်တဲ့သူဟာ ဒုက္ခသစ္စာကိုသိရပါမယ်။ ခန္ဓာရဲ့ ဒုက္ခ၊ ဘဝရဲ့ ဒုက္ခ၊ သံသရာရဲ့ ဒုက္ခတွေကို ရှင်းရှင်းလင်းလင်းသိနေရပါမယ်။ လူပဲဖြစ်နေဖြစ်နေ၊ နတ်ပဲဖြစ်နေဖြစ်နေ၊ တိရစ္ဆာန်ပဲ ဖြစ်နေဖြစ်နေ ဘယ်လိုဘဝမှာပဲ ရောက်နေ၊ ဘဝမှာနေရတဲ့ ဆင်းရဲအကျပ်အတည်းကို သဘောပေါက်နားလည်ဖို့ လိုအပ်တယ်။

ရည်ညွှန်း ‘ဓမ္မလမ်းပေါ်မှာ’ ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ

## ပြည်သူ့ ဥယျာဉ်တွင် ပထမဆုံးအကြိမ် ဓမ္မသဘင်ကျင်းပမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ရန်ကုန်ပြည်သူ့ဥယျာဉ်တွင် ပထမဆုံးအကြိမ်အဖြစ် ဓမ္မသဘင် တရားပွဲများကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ရက်ထိ ငါးညတိုင် ကျင်းပမည်ဟု ဓမ္မသဘင်ကျင်းပရေး ယာယီကော်မတီအဖွဲ့မှ သတင်းရရှိသည်။

တရားပွဲများကို သာသနာတော်နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ညစဉ် ည ၇နာရီမှစတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ တိုင်း ဒေသကြီး အစိုးရအဖွဲ့မှ တရားပွဲကျင်းပခွင့်ကို ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

တရားပွဲများတွင် ယော ဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ သီတဂူဆရာတော်၊ ဇန်းမော်ဆရာတော်စသည့် ဆရာတော်ကြီးများက တရားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

## City Mart တွင် ပထမဆုံးအကြိမ် ပန်းချီပြပွဲကျင်းပ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၈**

ရန်ကုန်မြို့ ဓမ္မစေတီလမ်းပေါ်ရှိ City Mart တွင် ပထမအကြိမ်အဖြစ် Art Exhibition ပန်းချီပြပွဲကို ဇန်နဝါရီ ၂၇ မှ ၃၁ ရက်ထိ ပြုလုပ်ကျင်းပခဲ့ပြီး ပန်းချီကားပေါင်း ၂၀ ကျော် ပါဝင်ပြသခဲ့ကြောင်း City Mart Holding Co., Ltdမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာ ၈ ဦး၏ ပန်းချီကား ၂၀ ကျော် ပါဝင်ပြသပြီး ပန်းချီကားရောင်းချငွေ ၃၀ ရာခိုင်နှုန်းကို ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသို့ပေးအပ်လှူဒါန်းမည်ဖြစ်သည်။



**ဓမ္မစေတီလမ်းပေါ်ရှိ စီးတီးမတ် (မြေနီကုန်း) မြေညီထပ်၌ ပြသခဲ့သော ပန်းချီပြပွဲ**

“အစ်မတို့ဆီမှာ ပြပွဲလေး လုပ်လိုက်တဲ့အတွက် Customer တွေအတွက် အမြင်ဆန်းအောင်လိုပေါ့။ သူတို့အတွက်လည်း အတွေ့အကြုံ အသစ်လေးရအောင် ကိုယ့်ဈေးဝယ်သူတွေ Art Gallery တွေ၊ Showroom တွေသက်သက်ချည်းမသွားရအောင် ဈေးဝယ်လာရင်း ပွဲလေးတွေ ကြည့်သွားမယ်။ လေ့လာဝယ်ယူလို့လည်းရမယ်”ဟု City Mart မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## စာ - ၉၊ လမ်းမထက်က သေမင်းတမန် မှ

မန္တလေးခရိုင်တွင် ၂၀၁၁ခုနှစ် အတွင်း ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုပေါင်း ၁၇၈ မှုထိ ဖြစ်ပွားကာ ၆၆ဦးသေဆုံးပြီး ၁၆၉ဦးအထိ ဒဏ်ရာရရှိခဲ့သည်။

ယာဉ်တိုက်မှုစုစုပေါင်း ၃၁၀ မှု၊ သေဆုံးမှု ၁၃၃ဦးထိရှိခဲ့သည်။ ၂၀၁၀ ခုနှစ်ထက် ၂၀၁၁ ခုနှစ်တွင် သေဆုံးသူဦးရေ ၂၇ ဦးတိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ စာရင်းဇယားများအရ သိရှိရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်သည် ၂၀၁၀ ခုနှစ်ထက် သေဆုံးသူဦးရေ တိုးလာခဲ့ရာ ယခု ၂၀၁၂ ခုနှစ် နှစ်ဆန်းမှ စတင်ကာ မောင်းနှင်စီးနင်းသူများ ကိုယ်တိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ပိုမိုအားကောင်းကာ လျှော့ချရမည်ဖြစ်သည်။

မန္တလေးခရိုင်တစ်ခုတည်း အတွင်း၌ပင် သုံးရက်လျှင် တစ်ဦးနှုန်းဖြင့် သေဆုံးနေခြင်းဖြစ်သည်။

**၂၀၁၁ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအထိ မန္တလေးခရိုင်၌ မြို့နယ်အလိုက် ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုအခြေအနေ**

| စဉ် | ခရိုင် | ယာဉ်တိုက်မှု | သေဆုံးမှု | ဒဏ်ရာရသူ |
|---|---|---|---|---|
| က | အောင်မြေသာစံ | ၃၉ | ၁၃ | ၃၃ |
| ခ | ချမ်းအေးသာစံ | ၄၈ | ၁၁ | ၅၀ |
| ဂ | မဟာအောင်မြေ | ၄၄ | ၁၇ | ၅၄ |
| ဃ | ချမ်းမြသာစည် | ၄၉ | ၁၇ | ၅၄ |
| င | ပြည်ကြီးတံခွန် | ၂၉ | ၁၅ | ၃၅ |
| စ | ပုသိမ်ကြီး | ၄၅ | ၂၅ | ၈၇ |
| ဆ | အမရပူရ | ၅၆ | ၃၅ | ၈၉ |
| | ပေါင်း | ၃၁၀ | ၁၃၃ | ၄၀၂ |

**၂၀၁၁ ခုနှစ်အတွင်း ဇန်နဝါရီမှ ဒီဇင်ဘာလအထိ မန္တလေးခရိုင်၌ ဖြစ်ပွားခဲ့သည့် ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုအခြေအနေ**

| စဉ် အကြောင်းအရာ | အမှု | သေဆုံးမှု | ဒဏ်ရာရသူ |
|---|---|---|---|
| ၁။ ဆိုင်ကယ်ချင်းတိုက်မှု | ၄၈ | ၁၂ | ၅၉ |
| ၂။ ဆိုင်ကယ်နှင့် ယာဉ်တိုက်မှု | ၃၆ | ၁၂ | ၃၄ |
| ၃။ ဆိုင်ကယ်တမ်းမှောက်မှု | ၁၈ | ၁၀ | ၁၅ |
| ၄။ ဆိုင်ကယ်မှ အခြားတိုက်မှု | ၂၃ | ၁၆ | ၁၈ |
| ၅။ ဆိုင်ကယ်မှ လူတိုက်မှု | ၄၀ | ၁၃ | ၂၉ |
| ၆။ ဆိုင်ကယ်နှင့်စက်ဘီးတိုက်မှု | ၁၃ | ၃ | ၁၄ |
| ပေါင်း | ၁၇၈ | ၆၆ | ၂၃၃ |

7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## မျက်နှာဖုံး- တန်းမြင့် မြန်မာ့ဆန်တန်ချိန်နှစ်သိန်း အင်ဒိုနီးရှားဝယ်ယူ မှ



"ဒီနှစ် ဖေဖော်ဝါရီကနေ နောင်နှစ် ဖေဖော်ဝါရီအထိ တန်ချိန် နှစ်သိန်းဝယ်မယ်။ တစ်လကို တန်ချိန် တစ်သောင်းခွဲလောက် ပို့နိုင်အောင် လုပ်မယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။

ဝယ်ယူမည့်ဆန်များမှာညှော် မထအုပ်စုဝင် ၅ မှတ်၊ ၁၀ မှတ်၊ ၁၅ မှတ် ဆန်များဖြစ်ပြီး လောလောဆယ်တွင် ၅ မှတ် ဆန်တစ်တန်လျှင်အမေရိကန်ဒေါ်လာ၅၀၀ ဖြင့် ဈေးဆိုထားကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၀ပြည့်နှစ်မှစ၍ ရာသီဥတုဖောက်ပြန်ကာ သီးနှံအထွက်နှုန်းလျော့ကျခဲ့သဖြင့် မြန်မာနိုင်ငံမှ ဆန်အားပြန်လည်ဝယ်ယူရခြင်းဖြစ်ကြောင်း Perum Bulog ဥက္ကဋ္ဌ Mr.Sutarto Alimoeso က ပြောသည်။

အင်ဒိုနီးရှားအစားအစာ အေဂျင်စီ Bulog ၏ အဆိုအရ အာဆီယံနိုင်ငံမှ ဆန်ပြန်ဝယ်ယူခြင်းမှာ ဆယ်နှစ်ကျော်အတွင်း ပထမဆုံးဝယ်ယူခြင်းဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ၂၀၀၁ မှ ၂၀၀၆ ခုနှစ်ထိ ဆန်တင်ပို့ခဲ့ပြီး ထိုနောက်ပိုင်း မှစ၍ တင်ပို့ခြင်းမရှိတော့ဘဲ ၂၀၁၁-၁၂ဘဏ္ဍာနှစ်တွင်တန်ချိန် ၂၁၂၅ တန်သာ တင်ပို့ခဲ့သည်။

ယခုအင်ဒိုနီးရှားနိုင်ငံဖြင့် စာချုပ်ချုပ်ဆိုထားသော ဆန်တန်ချိန်နှစ်သိန်းအားမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းအနေဖြင့် သာတင်ပို့မည်ဖြစ်ကြောင်းအသင်း ဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။

ထို့အပြင် ဂျပန်နိုင်ငံကလည်းမြန်မာနိုင်ငံမှတန်းမြင့် ဆန်တန်ချိန်သုံးသိန်းဝယ်ယူရန် လေ့လာမှုများပြုလုပ်နေပြီး မလေးရှားနိုင်ငံကလည်း တစ်လလျှင် တန်ချိန်ငါးထောင်ဝယ်ယူရန်ရှိကြောင်း သတင်းရရှိသည်။

"ဓာတ်မြေဩဇာအသုံးနည်းတဲ့အတွက် ဂျပန်က မြန်မာဆန်ကို သဘောကျတယ်လို့ ပြောတယ်" ဟု ဥက္ကဋ္ဌဦးချစ်ခိုင်က ဆိုသည်။ မြန်မာနိုင်ငံမှ မိုးစပါးပေါ်ချိန်တွင် အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့ခြင်းအပါအဝင် မြန်မာငွေကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်း ကျဆင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ဆန်မှာ ဈေးကွက်ပျောက်ခဲ့ရသည်။

ယခုရက်ပိုင်းတွင်အရန်ဆန်ဝယ်ယူခြင်း အပါအဝင် ပြည်ပဈေးကွက်မှ ဝယ်ယူမည့်သတင်းများ ထွက်ပေါ်လာသော်လည်း ရန်ကုန်အခြေစိုက် ဆန်ဈေးကွက်မှာဈေးအတက်အကျမရှိကြောင်း စုံစမ်းသိရှိရသည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ယခုလအထိ ဆန်တန်ချိန် ၅ ဒသမ ၃၃ သိန်းတင်ပို့ခဲ့ပြီး လျာထားချက် ကျော်လွန်နေပြီဖြစ်သည်။

## မျက်နှာဖုံး-ကုန်သွယ်ခွန်ကင်းလွတ်ခွင့် ပို့ကုန်အများစုအပေါ် သက်တမ်းထပ်မံတိုးမြှင့်မည် မှ

ဇန်နဝါရီ ၂၃ ရက်တွင်ပြုလုပ်သော ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲ၌ ကင်းလွတ်ခွင့် ခြောက်လပြုထားသော ပို့ကုန်ရငွေပေါ် ကောက်ခံသော ရှစ်ရာခိုင်နှုန်းအား သက်တမ်းတိုးခွင့်ရရှိရန် ကြိုးစားသွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ကပြောသည်။

"သက်တမ်းတိုးတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့လည်း သတင်းရထားပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်မှုဆောင်တစ်ဦးကပြောသည်။

နိုင်ငံတော် သမ္မတရုံးက ဩဂုတ် ၁၅ ရက်မှ ဖေဖော်ဝါရီ ၁၄ရက်ထိ ခြောက်လတာအတွင်း ပို့ကုန်ရငွေမှ ရရှိသောကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း(ယခင် ၂ရာခိုင်နှုန်းလျှော့ပြီး)အား ကုန်ပစ္စည်း ခုနစ်မျိုးပေါ် ကောက်ခံခြင်းကို လျှော့ပေါ့ပေးခဲ့သည်။

"ရှစ်ရာခိုင်နှုန်းသာ ပြန်ပေးရရင် ဆန်ကဈေးကွက်မှာ ဘယ်လိုမှ ယှဉ်လို့ရမှာ မဟုတ်ဘူး" ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က သုံးသပ်သည်။

ကုန်သွယ်ခွန် ၈ရာခိုင်နှုန်း လျှော့ပေါ့ပေးခဲ့သော ကုန်စည်များမှာ ဆန်၊ ပဲမျိုးစုံ၊ ရေချိုရေငန်ထွက်ပစ္စည်း၊ ပြောင်း၊ နှမ်း၊ ရာဘာ၊ တိရစ္ဆာထွက်ပစ္စည်းများနှင့် သစ်၊ ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်ထားသော တန်ဖိုးမြင့်ပစ္စည်းများပါဝင်သည်။

သက်ဆိုင်ရာ ပို့ကုန်ရငွေပေါ် ကောက်ခံသောအခွန်အား ခြောက်လလျှော့ပေါ့ခဲ့သဖြင့် ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အသက်ရှူချောင်ခဲ့သည်။

လက်ရှိကမ္ဘာ့ဈေးကွက်တွင်လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းမှာကျဆင်းနေသဖြင့် ရှစ်ရာခိုင်နှုန်း ပြန်လည်ကောက်ခံပါက ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှာမဟုတ်ကြောင်း ဝါးခယ်မရောင်းဝယ်ရေး ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာဦးစိုးထွန်းကသုံးသပ်သည်။

လယ်ယာထွက်ကုန်ပစ္စည်း အချို့အား ရှစ်ရာခိုင်နှုန်းလျှော့ပေးခဲ့သော်လည်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူတင်ပို့မှုအပေါ် လျှော့ပေါ့ပေးခြင်းမရှိသဖြင့် လျှော့ပေါ့ပေးပါရန် အဆိုပါအသင်းမှ တာဝန်ရှိသူက တောင်းဆိုခဲ့သည်။

ထို့အပြင် ဥယျာဉ်ခြံထွက်ကုန်များဖြစ်သော ဆီးသီးခြောက်၊ သရက်ပြား၊ ကြံသကာ၊ ထန်းလျက်တို့ကိုလည်း ရှစ်ရာခိုင်နှုန်းမှ လျှော့ပေါ့ပေးရန် မူဆယ် ၁၀၅ မိုင်မှ ကုန်သည်များကဆိုသည်။

နိုင်ငံတော်က ကုန်သွယ်ခွန် ရှစ်ရာခိုင်နှုန်းအား ခြောက်လကင်းလွတ်ခွင့်ပေးခဲ့သဖြင့် ယခုနှစ်ကုန်သွယ်မှုတွင်ပို့ကုန်မှဒေါ်လာသန်း၅၀၀ကျော်ထိတိုးမြှင့်ရရှိခဲ့သည်။ အစိုးရသစ်တက်ပြီးနောက် အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းမှာ ၈၀၀ကျပ်အောက် ကျဆင်းခဲ့သဖြင့် အစိုးရက ပို့ကုန်ရငွေပေါ် ကောက်ခံသည့် အခွန်အား ၃ ရာခိုင်နှုန်း တစ်ကြိမ်၊ ငါးရာခိုင်နှုန်း တစ်ကြိမ် လျှော့ပေးခဲ့သည်။ ယခုလက်ရှိတွင် အမေရိ ကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလယ်နှုန်းမှာ ၈၂၅ ကျပ်ဝန်းကျင်သာ ဈေးရှိနေသည်။

## စာ(၈) ပြည်ပရောက်မြန်မာအချို့ နိုင်ငံသားပြန်လည် ခံယူလိုကြ မှ

စွမ်းရည်ဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများကိုချင်းမိုင်တက္ကသိုလ်နဲ့ တွဲကာ လေ့ကျင့်ပညာပေးရေးသင်တန်းများလုပ်ဆောင်နေသည့် မြန်မာလူမျိုးများဦးဆောင်သောဗဟုအဖွဲ့မှအကြီးတန်းအဖွဲ့ဝင်ဖြစ်သည့် ဦးအောင်သူငြိမ်းအပြင် ဦးအောင်နိုင်ဦးကလည်း မြန်မာနိုင်ငံသို့ ခေတ္တသွားရောက်ကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဝိုင်းဝန်းကူညီလုပ်ဆောင်နိုင်ရန် လေ့လာသွားမည်ဖြစ်ကြောင်း ပြောသည်။

ဖေဖော်ဝါရီလထဲတွင်ပြန်ဖြစ်မည်ဟုဆိုသည့် ဦးအောင်သူငြိမ်းက "ကျွန်တော်မပြန်ဖြစ်ရင် တောင်ကျန်တဲ့လူတွေပြန်ဖြစ်မယ်ထင်တယ်။ အခုကညှိတုန်းရှိသေးတယ်။ အားလုံးအဆင်ပြေရင် ဗဟုတစ်ဖွဲ့လုံးသွားမယ်"ဟု ပြောသည်။ ဗဟုအဖွဲ့၏ ပြည်တော်ပြန်ခရီးစဉ်သည် လူမှုရေးအရဝင်ထွက်ခွင့်ပြုသောဗီဇာဖြင့်သာလာရောက်ရမည့်ခရီးစဉ်ဖြစ်ကြောင်း ၎င်းကပြောသည်။ နောက်ပိုင်း မြန်မာနိုင်ငံတွင် ၎င်းတို့အနေဖြင့် လုပ်ဆောင်ခွင့်ရမည်ဆိုပါက လူထု စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်သင်တန်းကျောင်းများကိုဖွင့်လှစ်သွားချင်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

ပြည်ပရောက်မြန်မာလူမျိုးများ ပြန်လည်လာရောက်ခွင့်ပြုကြောင်းနိုင်ငံတော်သမ္မတဦးသိန်းစိန်က ၂၀၁၁ ဩဂုတ်လလယ်တွင် ပြောကြားခဲ့ပြီးနောက် အလည်အပတ်လာရောက်ခဲ့သည့် သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာချုပ်ဟောင်း၊ လက်ရှိဗဟုအဖွဲ့၏ အကြီးတန်းအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် ဒေါက်တာတင်မောင်သန်းက"လောလောဆယ်တော့ မြန်မာပြည်မှာ ရုံးခွဲဖွင့်ဖို့ အစီအစဉ် မရှိသေးပါဘူး။ ကိုအောင်သူငြိမ်းတို့ကိုအောင်နိုင်ဦးတို့လည်းမရောက်ကြသေးဘူး။ သူတို့သွားပြီးမှဆုံးဖြတ်ဖြစ်လိမ့်မယ်"ဟုပြောသည်။

နိုင်ငံတော်သမ္မတ၏ ပြည်ပရောက်မြန်မာများနှင့်ပတ်သက်၍ ပြောကြားမှုအပြီးတွင် နိုင်ငံရေးလောကတွင် ထင်ရှားသည့်ပုဂ္ဂိုလ်အချို့ မြန်မာနိုင်ငံသို့ ခေတ္တပြန်ရောက်လာခဲ့ကြသည်။ မကြာမီပြန်လာမည်ဆိုသည့်ဦးအောင်သူငြိမ်းနှင့် ဦးအောင်နိုင်ဦးတို့သည်လည်း ၁၉၈၈နောက်ပိုင်း တောခိုကာမြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) တွင် ပါဝင်ခဲ့သူများဖြစ်ကြသည်။

စီးပွားရေးအခွင့်အလမ်းသစ်

SUNSILK CLEAR LUX Fair & Lovely POND'S

ကမ္ဘာ့နိုင်ငံပေါင်း (၁၂၅)နိုင်ငံတွင် အောင်မြင်စွာရပ်တည်နေသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီမှ ဈေးကွက်တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အောက်ဖော်ပြပါမြို့အသီးသီးတွင် ဖြန့်ချိရေးကိုယ်စားလှယ် (Distributor) များ လိုအပ်နေပါ၍ ဖိတ်ခေါ်အပ်ပါသည်။

| အောက်မြန်မာပြည် | အထက်မြန်မာပြည် |
| --- | --- |
| ရန်ကုန် | မြစ်ကြီးနား |
| ပုသိမ် | မကွေး |
| ဟသ်ာတ | ပခုက္ကူ |
| ကျိုက်ထို | ညောင်ဦး |
| ဘားအံ | |

ကုမ္ပဏီမှ အောက်ပါအချက်အလက်များကို အခြေခံ၍ လျှောက်ထားသူများကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ (၁) ငွေကြေးအင်အား။ (၂) လုပ်ငန်းခွင်တွင် ပါဝင်ဦးဆောင်နိုင်ခြင်း။ (၃) နယ်မြေခံဖြစ်ခြင်း။ (၄) စိတ်ဓာတ်ပြည့်ဝ၍ အကျင့်စာရိတ္တကောင်းမွန်ခြင်း။

စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။

အမှတ်(၉၀) တက္ကသိုလ်ရိပ်သာလမ်း၊ ပဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၅၁၁၇၆၁၊ ၀၁ ၅၀၄၆၆၄၊ ၀၉၇၃၀ ၇၀၈၈၆

E-mail : SoeSandy.Lin@unilever.com
YinHnin.Phyu@unilever.com

အထက်မြန်မာပြည် - ဖုန်း - ၀၉ - ၂၈၅၁၉၆၉ အောက်မြန်မာပြည် - ဖုန်း - ၀၉ -၄၃၁၀၄၁၇

## စာ-၄၊ အက်ဖ်အီးစီ ၂၀တန်ဖုန်းကတ်များ ပြန်ရောင်း မှ

ထိုသို့ အက်ဖ်အီးစီ ၂၀၊ ၃၀၊ ၅၀ တန်ကတ်များပြန်ရောင်းချခြင်းနှင့်ပတ်သက်၍ အသက် ၂၇ နှစ် အရွယ် ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက "ငါးသိန်းဖုန်းတွေ မကိုင်နိုင်တဲ့သူ၊ မကြာခင်ထွက်လာမယ့်တန်ဖိုးနည်းဆိုတဲ့ သုံးသိန်းဖုန်းတွေကို မကိုင်နိုင်တဲ့သူတွေကတော့ ဒီဖုန်းတွေနဲ့ဖြေရမှာပေါ့။ ဒါပေမဲ့ ဒီတစ်ခါသုံး ဆိုတာကလည်း ရေရှည်အသုံးပြုတဲ့သူတွေအတွက်တော့အဆင်မပြေပါဘူး" ဟု ၎င်း၏အမြင်ကိုပြောသည်။

ယခုအခါ စတင်ဖြန့်ချိနေပြီဖြစ်သော်လည်း ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဈေးကွက်သို့ ကျယ်ပြန့်စွာစတင်ဖြန့်ချိရောင်းချပေးမည်ဟုဆိုသည့် ကတ်အရေအတွက်ကန့်သတ်မထားဘဲ လိုသလောက်ရောင်းချပေးမည်ဟုလည်းဆိုသည်။

Health
7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## ရာသီဥတုကြောင့် လေဖြန်းသူများလာ

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

အအေးဒဏ်ကြောင့် အချို့သူများတွင် လေဖြန်းခြင်းများ ဖြစ်ပွားနေကြကြောင်း သတင်းရရှိသည်။

ရောဂါတစ်ခုခုကြောင့် လေဖြတ်ခြင်းမျိုးမဟုတ်ဘဲ အအေးလွန်သည့်အတွက် မျက်နှာရှိအာရုံကြောများ ထုံသွားကာ ပါးတစ်ခြမ်းရွဲ့သွားကြခြင်းဖြစ်ပြီး အသက်ကြီးသူများတွင် ပို၍ပြင်းထန်စွာဝေဒနာခံစားရကြောင်း အထွေထွေရောဂါကုဆရာဝန်များကပြောသည်။

"ကျွန်မတို့ လွန်ခဲ့တဲ့တစ်ပတ်လောက်က ကျိုက်ထီးရိုးသွားကြတုန်း တည်းဖို့နေရာလည်းခက်တော့ ပါလာတဲ့တစ်ယောက်က ကားပေါ်မှာအိပ်တယ်။ အဲဒီအချိန်က အပြင်မှာလည်း အရမ်းအေးနေတဲ့အပြင် ကားပေါ်မှာလည်း အဲကွန်းနဲ့ အရမ်းအေးနေတာ။ မနက်ရောက်တော့ သူက သူအရမ်းအေးပြီး တစ်ကိုယ်လုံး ထုံနေတယ်လို့ပြောလို့ မျက်နှာကြီးရွဲ့သွားတာ မနည်းကိုပြန်လုပ်လိုက်ရတယ်"ဟု ကျိုက်ထီးရိုးဘုရားသို့သွားခဲ့သည့် အမျိုးသမီးတစ်ဦးကပြောသည်။

အအေးလွန်သည့်အခါတွင်သွေးကြောများထုံသွားသည့်အတွက် ထိုသို့ဖြစ်ဖြစ်ရခြင်းဖြစ်ပြီး ခရီးသွားသည့်အခါ ပြတင်းပေါက်များဖွင့်ပြီး အိပ်မိသည့်အခါမျိုး၊ ရေချိုး၊ ခေါင်းလျှော်နေရင်းနှင့် အအေးလွန်သည့်အခါမျိုးများတွင် ပါးတစ်ခြမ်းရွဲ့သွားလေ့ရှိကြသည်။ အချို့အေးသည့်အချိန်အလွန်အမင်းရယ်မောခြင်းကြောင့်လည်း ပါးတစ်ခြမ်းရွဲ့သွားသည့် လူများလည်းရှိကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းကပြောသည်။

"အိမ်နားက အသက်၆၀ကျော်အဘွားတစ်ယောက်ဆိုလည်း မနက်ပိုင်းလေဖြတ်သလို ပါးကြီးရွဲ့သွားတာ။ ဆရာဝန်ကတော့ လေဖြတ်တာမဟုတ်ဘူး။ အေးလို့လေဖြန်းသွားတာလို့ပြောတယ်။ အခုထိတော့သိပ်မသက်သာသေးဘူး"ဟုတောင်ဒဂုံမြို့နယ်မှ မခင်ညိုက ပြောသည်။

ထိုသို့ဖြစ်လာလျှင် အာရုံကြောပြန်အားကောင်းစေသည့် ဆေးဝါးကုသမှုများ၊ လေ့ကျင့်ခန်းများဖြင့် ပြန်လည်ကုသနိုင်ပြီး တစ်ပတ်မှ တစ်လခန့်အထိ ကုသချိန်ကြာမြင့်နိုင်ကြောင်း သိရသည်။



## ဆေးဝါးလွန်ကဲ၍ အဆိပ်သင့်မှုများလာ

**ဝတ်ရည်အောင်**

အဆိပ်သင့်ကုသမှု ဌာနများတွင် ဆေးဝါးလွန်ကဲခြင်းကြောင့်ဖြစ်သည့် အဆိပ်သင့်ခြင်းနှင့် မတော်တဆဖြစ်ပွားသည့် အဆိပ်သင့်ခြင်းတို့တွင် ဆေးဝါးကြောင့်အဆိပ်သင့်ခြင်းသည်ဖြစ်ပွားမှုများပြားလာကြောင်း ထိုဌာနများရှိ တာဝန်ရှိသူအချို့က ပြောသည်။။

ယခုနှစ်ပိုင်းများအတွင်း ဆေးဝါးကြောင့်အဆိပ်သင့်ခြင်းသည် အဆိပ်သင့်ခြင်းအားလုံး၏ ၅၁ ရာခိုင်နှုန်းရှိပြီး၊ အဆိပ်သင့်မှုများတွင် အများဆုံးဖြစ်သည်။ ထိုအထဲတွင် သေကြောင်းကြံစည်ကာ ဆေးဝါးအလွန်အကျွံ အသုံးပြုသည့်သူများရှိသကဲ့သို့ ရောဂါအတွက် ဆေးသုံးစွဲရင်းများသွားခြင်းကြောင့်ဖြစ်သည့် အဆိပ်သင့်ခြင်းများလည်းရှိကြောင်း ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးဆီးချိုနှင့်အထွေထွေရောဂါကု သမားတော်ကြီး အဆိပ်သင့်ကုသဌာနမှ ဒေါက်တာရဲမြင့်က ပြောသည်။

ဆေးဝါးများသုံး၍ သေကြောင်းကြံစည်သူများတွင်အသက် ၂၁ နှစ်မှ ၃၀နှစ်အတွင်းသည် အများဆုံးဖြစ်ကြပြီး ၃၁နှစ်မှ ၄၀ အတွင်းမှာ ဒုတိယအများဆုံး ဖြစ်ကြသည်။ အများစုမှာ စီးပွားရေးဆိုင်ရာ ပြဿနာများကြောင့် များပြားကြောင်း သုတေသနဆိုင်ရာ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ သို့သော် အချို့မှာ ရောဂါကုသစဉ် ဆေးများသွားခြင်းဖြစ်သည်။

ရောဂါ သက်သာစေရန် ဆေးအဖြစ် သုံးကြသည့်အခါ လူတစ်ဦးနှင့်တစ်ဦး ဆေးပမာဏခံနိုင်ရည်ချင်းလည်း မတူညီကြသလိုအသုံးများပြီးအသက်ပါသေစေသည့် အကိုက်အခဲပျောက်ဆေးများတွင်လည်း ဆေးခံနိုင်ရည်အား ခန္ဓာကိုယ်အလေးချိန်ဖြင့် သတ်မှတ်ကာပမာဏများပြားပါက ခန္ဓာကိုယ်အား အဆိပ်အတောက်ဖြစ်စေလာခြင်းဖြစ်သည်။

စာ(၁၄)သို့

## မြန်မာနိုင်ငံတွင် ၂၀၁၀အတွင်း ငှက်ဖျားရောဂါကြောင့် လူ ၈၀၀ခန့် သေဆုံး

**ဝတ်ရည်အောင်**
**ရန်ကုန်၊**
**ဇန်နဝါရီ-၂၅**

၂၀၁၀ ပြည့်နှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ခြောက်သိန်းခွဲရှိခဲ့ပြီး ငှက်ဖျားရောဂါကြောင့် သေဆုံးသူပေါင်း ၇၈၈ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှထုတ်ပြန်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၆၈ ရာခိုင်နှုန်းသည် ငှက်ဖျားဒေသများတွင် နေထိုင်နေကြရသည့်အပြင် ယခုအခါ ငှက်ဖျားရောဂါပိုးအတွက် အသုံးပြုသည့် အာတီမီစီနင်းငှက်ဖျားဆေးများအားတဖြည်းဖြည်းယဉ်ပါးလာပြီး ဆေးမတိုးသည်များလည်း ရှိလာပြီဖြစ်ကြောင်း နေပြည်တော်၌ ပြုလုပ်သည့် မြန်မာနိုင်ငံအာတီမီစီနင်းဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာအသိပေးဆွေးနွေးပွဲတွင် ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့ကြောင်း ဇန်နဝါရီ ၂၅ရက် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

"ဆေးယဉ်ပါးမှုက နယ်စပ်ဒေသတွေမှာ တွေ့နေရာကနေ တဖြည်းဖြည်းများပြားလာမှာစိုးလို့ထိန်းချုပ်မှုတွေ ဆောင်ရွက်နေတယ်။ ဆေးတွေကို အပြင်မှာ ကိုယ့်ဘာသာကိုယ်လွယ်လွယ်ကူကူဝယ်သောက်ခြင်းကလည်း ဆေးယဉ်မှုဖြစ်စေတဲ့အကြောင်းအရင်းတစ်ခုဖြစ်တယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းရှိ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံရှိ မြို့နယ် ၃၃၀ ခုတွင် ၂၈၄ မြို့နယ်၌ ငှက်ဖျားရောဂါအမြစ်တွယ်နေပြီး ဦးစားပေးကာကွယ်နှိမ်နင်းရမည့်ရောဂါအဖြစ်လည်း သတ်မှတ်ထားသည်။

အာတီမီစီနင်းဆေးယဉ်ပါးမှုများအား မြန်မာနိုင်ငံ၏ အရှေ့ပိုင်းဒေသများနှင့် ထိစပ်နေသည့် နယ်စပ်ဒေသများတွင် တွေ့ရှိရခြင်းဖြစ်ပြီး ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံနယ်စပ်ဒေသများတွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငှက်ဖျားရောဂါအဓိကကြုံတွေ့နေရသူများမှာ ရွှေ့ပြောင်းလုပ်သားများ၊ ဖွံ့ဖြိုးရေးစီမံကိန်းမှလုပ်သားများ၊ ငှက်ဖျားဒေသသို့ ပြောင်းရွှေ့နေထိုင်သူများ၊ တောင်ယာလုပ်ကိုင်သူများ၊ သစ်ခုတ်ဝါးခုတ်လုပ်သားများ၊ တောနှင့်ဆက်နွယ်ပြီး အခြားလုပ်ငန်းလုပ်ကိုင်သူများတွင် အဖြစ်များကြပြီး ရွှေ့ပြောင်းလုပ်သားများ၏ ငှက်ဖျားရောဂါကြုံတွေ့ရမှု ပြဿနာသည်အကြီးမားဆုံးဖြစ်နေကြောင်း ကျန်းမာရေးဝန်ကြီးက ထည့်သွင်းပြောကြားသွားသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း အာတီမီစီနင်းဆေးယဉ်ပါးမှု ထိန်းချုပ်ရေးစီမံချက်များ၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် နိုင်ငံအတွင်းတွင်သာမက နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် နိုင်ငံများသို့ ဆေးယဉ်ပါးမှုပျံ့နှံ့ခြင်းအား ကာကွယ်ရန်နှင့် အနည်းဆုံး အာတီမီစီနင်းဆေးယဉ်ပါးမှုပျံ့နှံ့ခြင်းအား သိသိသာသာနှောင့်နှေးသွားစေရန် ရည်ရွယ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။



Regional

7 DAY NEWS

Vol.10, No.46 • FEBRUARY 2 , 2012

# မြင်းခြံမြို့နယ် မြေအောက်ရေများ အာဆင်းနစ်ပါဝင်မှုများနေ

ဝတ်ရည်အောင်

ရန်ကုန်၊ ဇန်နဝါရီ- ၂၆

မြင်းခြံမြို့နယ်အတွင်းရှိ သောက်သုံးရေတွင်း၆၃တွင်း၌၅၄တွင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် သောက်သုံးရေအာဆင်းနစ်(စိန်ခဲတတ်) ပါဝင်မှုထက် များပြားနေကြောင်း သုတေသန စာတမ်းတစ်ခုတွင် ဖော်ပြထားသည်။

ထို ၅၄ တွင်း၌ ၁၀ တွင်းမှာ မြန်မာနိုင်ငံမှ သတ်မှတ်ထားသည့် သောက်သုံးရေပါဝင်မှုစံညွှန်းတစ်လီတာလျှင် အာဆင်းနစ်ခဲတတ်ပါဝင်မှု ၀.၀၅ မီလီဂရမ်တာထက်ကျော်လွန်နေပြီး ကျန် ၄၄ ခုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် နှုန်း ၀.၀၁ မီလီဂရမ်/ လီတာ ထက်ကျော်လွန်ကြောင်းဆေးသုတေသနဦးစီးဌာန (မြန်မာနိုင်ငံ အလယ်ပိုင်း) မှ ပြုလုပ်ထားသည့်သုတေသနစာတမ်း၌ ဖော်ပြထားသည်။

သောက်သုံးရေ အရင်းအမြစ်အားလုံးမှာ တွင်းရေအတိမ်စားများသာ ဖြစ်ကြပြီး ဒေသခံအားလုံးမှာ သောက်ရေအဖြစ်အသုံးမပြုမီညသိပ်ရုံမှအပ အခြားမည်သည့်နည်းမှအသုံးမပြုကြကြောင်း အဆိုပါ စာတမ်းတွင် ဖော်ပြထားသည်။

ပညာရှင် ၆ ဦး စုပေါင်းပြုလုပ်သည့် အဆိုပါ စာတမ်းတွင် သောက်သုံးရေတွင် အာဆင်းနစ်ပါဝင်မှု လျှော့ချရန်အတွက် ကျောက်ချဉ်အသုံးပြုနိုင်ကြောင်း လေ့လာတင်ပြခြင်း ဖြစ်သည်။

သောက်သုံးရေများတွင် ကျောက်ချဉ် ၄၅၀ မီလီဂရမ်/ လီတာအသုံးပြုပါက အာ ဆင်းနစ်ပါဝင်မှုမှာ ၂ နာရီခန့်အကြာတွင် ၀.၀၂၄၂ မှ ၀.၀၁၅၄ အထိ ကျဆင်းသွားသည့်အတွက် အာဆင်းနစ်ပါဝင်သော သောက်သုံးရေများကြောင့် ရေရှည်တွင် အဆိပ်သင့်ခြင်းအန္တရာယ်နည်းပါးစေရန် ကျောက်ချဉ်အား အသုံးပြုနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ မြစ်ဝကျွန်းပေါ်ဒေသများရှိ အများအသုံးပြုနေကြသည့် သောက်သုံးရေများထဲတွင် အာဆင်းနစ်ပါဝင်မှု များပြားပြီး ယခုစစ်ဆေးခဲ့သည့်ရေအရင်းအမြစ်များမှာမြင်းခြံမြို့နယ် ကျေးရွာ ၅ ရွာနှင့် မြို့ပေါ်ရပ်ကွက်(၁)ခုရှိသောက်သုံးရေများအား ဆေးသုတေသန(မြန်မာပြည် အလယ်ပိုင်း) ဇီဝဓာတုဗေဒ သုတေသနဌာနမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာမှ ပြုလုပ်ထားသည့်စာရင်းအရသောက်သုံးရေအရင်းအမြစ်ထဲတွင်အာဆင်းနစ်ပါဝင်နှုန်း မြင့်မားသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။

အာဆင်းနစ်ပါသော ရေများအသုံးပြုခြင်းကြောင့် အဆိပ်သင့်ခြင်းအား ရေရှည်တွင် ခံစားရနိုင်ပြီး စတင်ဖြစ်ပွားသည့်အချိန်တွင် ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ဝမ်းသွားခြင်းလက္ခဏာများပြသကြောင်း သိရသည်။ ထို့နောက် တက်ခြင်း၊ လက်သည်းများ အရောင်ပြောင်းလာခြင်းအပြင် ပြင်းထန်လာပါက ဝမ်းသွားခြင်း၊ အန်ခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ကြွက်သားများ နာကျင်တောင့်တင်းခြင်း၊ဆံပင်များကျွတ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ တက်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှထုတ်ပြန်ထားသည်။

အဆိပ်သင့်ခြင်းကြောင့်ခန္ဓာကိုယ်အတွင်းရှိ အဆုတ်များ၊ အရေပြား၊ကျောက်ကပ်နှင့်အသည်းများထိခိုက်ပြီးနောက်ဆုံးတွင် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

အာဆင်းနစ် အဆိပ်သင့်ခြင်းကြောင့် ကင်ဆာရောဂါများ၊ လေဖြတ်ခြင်း၊ အသက်ရှုလမ်းကြောင်း အောက်ပိုင်းတွင် ရောဂါများဖြစ်ပွားခြင်း ဆီးချိုရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

## မန္တလေးတွင် ကားပေါ်မှ ကွမ်းတံတွေးထွေးခြင်း အမှိုက်ပစ်ခြင်းများကို အရေးယူပြီ



မန္တလေးမြို့ရှိ ခရီးသည်တင်ကားများ

ညီညီဇော်

မန္တလေး၊ ဇန်နဝါရီ- ၂၇

မန္တလေးတိုင်း ဒေသကြီးအတွင်း ယာဉ်များပေါ်မှ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်စွန့်ပစ်ခြင်းနှင့် ကျယ်လောင်စွာ ဟွန်းတီးခြင်းများကိုဖေဖော်ဝါရီလ ၁ ရက်မှစ၍စစ်ဆေး အရေးယူနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြို့ရွာများ သန့်ရှင်းသာယာရေးနှင့် အများပြည်သူတို့အားစိတ်အနှောင့်အယှက်မဖြစ်စေရန် ရည်ရွယ်ပြုလုပ်သည်ဟုဆိုသောအဆိုပါစီမံချက်ကို ဇန်နဝါရီ ၂၅ ရက်ကတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အသိပေးချက်ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အသိပေးချက်နှင့် ပတ်သက်၍ မန္တလေးမြို့နှင့် အမရပူရမြို့သို့ပြေးဆွဲနေသည့် အမှတ်(၈)ယာဉ်လိုင်းမှယာဉ်မောင်းတစ်ဦးက "သေချာတော့ လာမပြောသေးဘူး။ ခရီးသည်တွေလည်း ကွမ်းစားကြသလို ကျွန်တော်တို့ကားသမားတွေတော်တော်များများလည်းကွမ်းစားကြတယ်။ နောက်ဆို သတိထားစားရမှာပေါ့" ဟု ပြောသည်။

ပညာပေးကာလအဖြစ်ဇန်နဝါရီလ ၃၁ ရက်အထိ သတ်မှတ်ခဲ့ပြီး ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီ(မြို့တွင်း)က လက်ကမ်းစာစောင်များဖြန့်ဝေကာခရီးသည်များအား သတိပေးနှိုးဆော်ခြင်း၊ ယာဉ်များပေါ်တွင် သတိပေးစာတန်းများကပ်ခြင်းပြုလုပ်၍ဖေဖော်ဝါရီလမှ စတင်ကာ စည်ပင်သာယာဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မော်တော်ယာဉ်များနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်းကလည်းယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်ဟုဆိုကာ မန္တလေးမြို့ရှိ ခုံးကျော်တံတားနှစ်ခုကို ဆိုင်ကယ်မဖြတ်သန်းရသတ်မှတ်ခြင်း၊ မြို့တွင်း လူစည်ကားရာ ၇၈ လမ်းနှင့်လမ်း၈၀ကိုဖြတ်သော အရှေ့အနောက်သွား လေးလမ်းကို တစ်လမ်းမောင်းလမ်းအဖြစ် သတ်မှတ်လိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

သို့သော် ယာဉ်ကြောပိတ်ဆို့မှုမှာမူ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်ကြောင်း မန္တလေးမြို့ခံများက ပြောကြားသည်။

## စည်းကမ်းမဲ့ပွဲကြည့်သူအချို့ကြောင့် ထိုင်ခုံများကျိုးပဲ့ပျက်စီးကာ ကျပ်သိန်း ၄၀ ကျော်ဆုံးရှုံးခဲ့ဟုဆို

ကြီးမြင့်နိုင် (လှိုင်ကော်)

လှိုင်ကော်၊ ဇန်နဝါရီ- ၂၃

နှစ်၆၀ပြည့်ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် လွိုင်ကော်မြို့ ကန္ဒာရဝတီအားကစားကွင်း၌ပြုလုပ်ခဲ့သောအိုင်စီတီးဝိုင်းဖျော်ဖြေပွဲတွင် စည်းကမ်းမဲ့ပွဲကြည့်သူအချို့၏ လက်ချက်ကြောင့် ပလတ်စတစ်ထိုင်ခုံပေါင်း ၈၀၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့ကြောင်း အဆိုပါပွဲစီစဉ်ရာ၌ ပါဝင်သူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

"လူငယ်ပွဲကြည့်ပရိသတ်အချို့က ပလတ်စတစ်ထိုင်ခုံတွေပေါ် မှာ ကခုန်ပျော်ပါးရာက ထိုင်ခုံတွေကျိုးပဲ့ပျက်စီးကုန်တာပါ။ အချို့ကလည်း တမင်သက်သက်ချိုးဖဲ့ဖျက်ဆီးခဲ့ကြတဲ့ သဘောရှိပါတယ်။ ကျွန်တော်တို့ကလည်း လူငယ်တွေသဘောရှိ ပျော်ကြပါစေဆိုပြီး လွှတ်ထားလိုက်မိတာပါ" ဟု ၎င်းကပြောသည်။

"ဒီလိုကြီးစည်းမဲ့ကမ်းမဲ့ ပျော်ပါးတာမျိုးကတော့ မဖြစ်သင့်ပါဘူး။ ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေတာမျိုးမဖြစ်စေဘဲ ပျော်ပါးလို့ရပါတယ်။ လူငယ်တွေအတွေးအခေါ် မလွဲဖို့လိုပါတယ်"ဟု ပွဲကြည့်ပရိသတ်တစ်ဦးက ပြောသည်။ဖျော်ဖြေပွဲကို ရုံဝင်ခ ၅၀၀၀ ကျပ်၊ ၇၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ်ဖြင့် ဇန်နဝါရီ၁၄ ရက်နှင့် ၁၅ ရက်ညများကပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် တစ်လုံးလျှင် ၆၀၀၀ ကျပ်ဝန်းကျင်တန်ဖိုးရှိပလတ်စတစ်ထိုင်ခုံ ၈၀၀ ခန့်ကျိုးပဲ့ပျက်စီးခဲ့သဖြင့် ငွေကျပ်သိန်း ၄၀ ကျော်ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

## အာဖရိကနှင့် အာဆီယံသို့ ဆန်ဈေးကွက် အရှာထွက်မည်

ထူးသန့်

နေပြည်တော်၊ ဇန်နဝါရီ- ၂၇

မြန်မာ့ဆန်ပြည်ပဈေးကွက်ပိုမိုရရှိရန် နှစ်စဉ်ဆန်တင်သွင်းစားသုံးနေရသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့ဆန်ဈေးကွက်ရှာဖွေခရီးထွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းမြင့်ကပြောသည်။

"စီး/ကူးဒုတိယဝန်ကြီးအပါအဝင် ဆန်စပါးလုပ်ငန်းအသင်း က လူတွေနဲ့ အာဆီယံ၊ အာဖရိကကိုဈေးကွက်ရှာပြီး တစ်ခါတည်း ရောင်းချဖို့ ထွက်ခွာသွားဖို့လည်းရှိပါတယ်"ဟု နေပြည်တော် ပျဉ်းမနားမြို့နယ်အလျှင်လိုကျေးရွာပညာပေးစိုက်ခင်းတွင် ယနေ့ကျင်းပပြုလုပ်ခဲ့သော အခမ်းအနားတစ်ရပ်၌ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

လက်ရှိဈေးကွက်တွင်စပါးဈေးများ အေးနေပြီး စိုက်ပျိုးထုတ်လုပ်သူလယ်သမားများတွက်ခြေကိုက်မှုနည်းနေသည်။ ထို့ကြောင့် နွေစပါးကိုစိတ်ဝင်စားမှုနည်းနေကြောင်း၊ ထိုအခြေအနေကြောင့်စပါးဈေးကိုဆွဲတင်ရန် အရန်ဆန်စုဆောင်းဝယ်ယူခြင်း၊ ပြည်ပဈေးကွက်များ ထိုးဖောက်ရှာဖွေခြင်းများပြုလုပ်ခြင်းဖြစ်နိုင်ကြောင်းလည်း အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဆန်စက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ပြည်ပဈေးကွက်က မရှာလို့မရတော့ဘူး။ စိုက်ခိုင်းရုံနဲ့မပြီးဘူးလေ။ ဈေးကွက်ရှာပေးပြီး ဈေးကောင်းရလာမှသာ လယ်သမားတွေစိတ်အားထက်သန်လာမှာ"ဟု ၎င်း၏အမြင်ကိုပြောသည်။ ယခုရက်သတ္တပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံကလည်း မြန်မာနိုင်ငံမှ ဆန်ကို ဝယ်ယူရန် အဆိုပြုလာကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောသည်။ လက်ရှိကမ္ဘာ့ဆန်ဈေးကွက်၌ ထိုင်းနိုင်ငံ၊ ဗီယက်နမ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများက အများအပြားတင်ပို့လွှမ်းမိုးနေသည်။ မြန်မာနိုင်ငံထွက်ဆန်မှာမူ အရည်အသွေးနှင့် ထုတ်လုပ်တင်ပို့နိုင်သည့်ပမာဏများ၌တည်ငြိမ်ရန်လိုအပ်နေသေးကြောင်း စိုက်ပျိုးရေးပညာရှင်များကသုံးသပ်ပြောကြားသည်။



လုပ်ငန်းခွင်ဝင်နေသော လယ်သူမအချို့

7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## သစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တောရိုင်းဆင်များ ဆက်လက်ဖမ်းဆီး

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ- ၂၃**

ရခိုင်ပြည်နယ်မောင်တော-ဘူးသီးတောင်-ရသေ့တောင်မြို့နယ်များသို့ သွယ်တန်းလျက်ရှိသော မေယုတောင်တန်းနှင့် အခြားတောင်တန်းများတွင် ကျက်စားသည့် တောရိုင်းဆင်များကို သစ်ထုတ်လုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန် ဆင်ဖမ်းအဖွဲ့မှ ဆက်လက်ဖမ်းဆီးလျက်ရှိကြောင်း သတင်းရရှိသည်။

ဆင်ဖမ်းအဖွဲ့ကို ဘူးသီးတောင်တွင် စခန်းချထားပြီး မိုးတွင်းကာလ၌ ဆင်ဖမ်းသည့်အလုပ်ကို ရပ်ထားနားကြပြီး ဆောင်းတွင်းနှင့် နွေရာသီတွင် ဖမ်းဆီးမှု စတင်ကြကြောင်း ဆင်ဖမ်းအဖွဲ့မှ ဆင်ဆရာဝန်တစ်ဦးက ပြောကြားသည်။

"ဒီနှစ်မှာတော့ တောရိုင်းဆင်ထီးတစ်ကောင်၊ အမတစ်ကောင်ဖမ်းထားပါပြီ။ မနှစ်ကတော့ ငါးကောင်ဖမ်းခဲ့ပါတယ်။ ပင်လယ်ထဲက မျောပါလာတဲ့တစ်ကောင်နဲ့ပါဆိုရင် စုစုပေါင်းရှစ်ကောင်ရရှိထားပြီဖြစ်ပါတယ်"ဟု ပြောကြားသည်။

မေယုတောင်တန်းကြီးမှ ဖမ်းဆီးရမိသည့် တောရိုင်းဆင်များကို အယဉ်သွင်းကာ တောင်ကုတ်၊ သံတွဲသစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကျောက်ပန်းတောင်းသစ်ထုတ်လုပ်ရေးလုပ်ငန်းများသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

## တရုတ်နှစ်ကူးအပြီး မန္တလေး ပဲ၊ နှမ်းဈေးကွက် ပြန်သွက်လာ

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ- ၂၈**

တရုတ်နှစ်သစ်ကူးကြောင့်အရောင်းအဝယ်တန့်ခဲ့သည့် မန်းပဲနှမ်းဈေးကွက်သည် နှစ်ကူးပြီးချိန်တွင် တရုတ်ကုန်သည်များ အရောင်းအဝယ်ပြန်လည်လုပ်ကိုင်လာရာ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း သတင်းရရှိသည်။

နှစ်ကူးချိန် တရုတ်ဝယ်လက်များ အရောင်းအဝယ်လုပ်ငန်း ရပ်နားထားမှုကြောင့်တရုတ်ဘက်မှ အဝယ်ရှိသည့် ပဲနှမ်းအချို့ အရောင်းအဝယ်တန့်နေခဲ့ပြီး ယခုလက်ရှိတွင်တရုတ်ကုန်သည်အချို့ ပြန်ဝင်လာသောကြောင့် ပုံမှန်အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း ကုန်သည်တစ်ဦးကဆိုသည်။

"သူတို့ပြန်ဝင်လာလို့ အရောင်းအဝယ်တွေကောင်းလာတာတော့ မဟုတ်ဘူး။ ပုံမှန် အခြေအနေအတိုင်း အရောင်းအဝယ် လုပ်လို့ရတာကိုပြောတာပါ။ ဈေးတွေကတော့ နှစ်ကူးမတိုင်မီနဲ့ နှစ်ကူးပြီးချိန် ဈေးတူတူလောက်ပဲ။ ခုမှ အရောင်းအဝယ်ပြန်စမှာဆိုတော့လေ" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လတ်တလော အခြေအနေတွင် ပဲတီစိမ်း၊ နှမ်းနက်နှင့် နှမ်းဖြူများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး အညာမြေထွက်ပဲအသစ်များလည်းဝင်လာပြီး ရန်ကုန်ဘက် အဝယ်လိုက်နေကြောင်း သိရသည်။

မုံရွာ၊ ပခုက္ကူ နယ်ဘက်မှ အများဆုံးဝင်ရောက်လာသည့် ပဲစင်းငုံ(နီ)သည် ရေကြောင်းဖြင့် ရန်ကုန်ဆင်းနေပြီး သုံးတင်းတစ်အိတ်လျှင်၄၅,၀၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကာ နယ်စုံဝင်လာသဖြင့် ယခင်အပတ်ကထက် တစ်အိတ်လျှင် ၃,၀၀၀ ခန့် ဈေးကျလာသည်ဟုကုန်သည်တစ်ဦးက ပြောသည်။ မန်းဈေးကွက်အတွင်းသို့ဝင်သော ပဲများကို ရန်ကုန်သို့ ပို့ဆောင်ရာတွင် ရေလမ်းကြောင်းသည် ကားခထက် တစ်ပိဿာလျှင် ၁၅ ကျပ်နှင့် ၂၀ ကြားသက်သာမှုကြောင့် ယမန်နှစ်ကထက် ပိုမိုအသုံးပြုမှုများလာခဲ့သည်ဟု လက်ရှိတင်ပို့နေသူပဲကုန်သည်တစ်ဦးကဆိုသည်။

လက်ရှိ မန်းပဲနှမ်းဈေးကွက်ပေါက်ဈေးများသည် ယမန်နှစ်များထက် ဈေးနိမ့်သောကြောင့် လှောင်လက်များကဝယ်ရန်စောင့်ကြည့်နေကြကြောင်း ပဲကုန်သည်တစ်ဦးက သုံးသပ်သည်။



ဓာတ်ပုံ-ခိုင်သာအောင်

*မန္တလေးကုန်စည်ဒိုင်အတွင်းတွင် ပဲအရောင်းအဝယ်ပြုလုပ်နေကြသူများကို တွေ့ရစဉ်*



*ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အဝီစိတွင်းရေခပ်နေသော အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်* ဓာတ်ပုံ-မောင်ကံ

## စီဒီအန်အဖွဲ့က မောင်တောနှင့် ဘူးသီးတောင်တွင် အဝီစိတွင်း ၃၆ တွင်း တူးဖော်ပေးမည်

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ- ၂၅**

မောင်တောအခြေစိုက် အိုင်အန်ဂျီအိုအဖွဲ့အစည်းတစ်ခုဖြစ်သည့် စီဒီအန်အဖွဲ့က ဒေသတွင်း၌စိုက်ပျိုးရေးနှင့် သောက်သုံးရေများရရှိရေးအတွက် အဝီစိတွင်း ၃၆တွင်း ကို မောင်တောမြို့နယ်နှင့် ဘူးသီး တောင်မြို့နယ်များတွင် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှာ မောင်တော နယ်စပ်ဒေသတွင် ၂၀၁၁ ခုနှစ်မှ ဝင်ရောက်ဆောင်ရွက်လာသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သဘာဝဘေးဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးနှင့် ရိက္ခာဖူလုံရေး စီမံချက်ကို အဓိကထားဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။ အဝီစိတွင်းတစ်တွင်း၏ အရွယ်အစားမှာ အကျယ် ၄ ပေပတ်လည်၊ အနက် ၂၀၀ ပေစီရှိကြောင်း သိရသည်။

စီဒီအန်အဖွဲ့မှာ နယ်သာလန်အခြေစိုက်အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ကူညီပေးရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးထားကြောင်း သိရသည်။




## နှစ်လုံးထီဒိုင်တစ်ဦးအား ဖမ်းမိ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇန်နဝါရီ- ၂၆**

တရားမဝင် နှစ်လုံးထီတိုက်လောင်းကစားမှုပြုသည်ဟုဆိုသောလူတစ်ဦးအား ဇန်နဝါရီ ၂၅ ရက်တွင်ဖမ်းဆီးနိုင်ခဲ့ကြောင်း နေပြည်တော်ပျဉ်းမနားရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီခွဲအချိန်က တရားမဝင် နှစ်လုံးထီတိုက်လောင်းကစားမှုပြုသည်ဟု သတင်းရရှိထားသော နေပြည်တော်ပျဉ်းမနားမြို့ မင်္ဂလာသာဇံရပ်ကွက်ချင်းစု(၁)ရပ်ကွက်ရှိဦး ×××(၄၈နှစ်) အိမ်သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်းအမှတ် ၁/ ၂၀၁၂ဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ ထိုသို့ဝင်ရောက်ဖမ်းဆီးစဉ် ယင်းနေ အိမ်အောက်ထပ်တွင် နှစ်လုံးထီတိုက်လောင်းကစားဆက်စပ်ပစ္စည်း ၄ မျိုး၊ လောင်းကြေးငွေ ၁၂၇,၀၀၀ ကျပ်ဖြင့် လောင်းကစားနေသည်ကို သက်သေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

တရားမဝင်နှစ်လုံးတိုက်ထီ လောင်းကစားပြုသူ ဦး ××× အား နေပြည်တော်ပျဉ်းမနား ရဲစခန်း (ပ)၆၇/ ၂၀၁၂လောင်းကစားအက်ဥပဒေပုဒ်မ ၁၅(က)/ ၁၆(က)အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများအရ သိရသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် တရားမဝင် နှစ်လုံး၊ သုံးလုံးလောင်းကစားမှုများကို ပပျောက်အောင်ဆောင်ရွက်လျက်ရှိသော်လည်း အဆိုပါ လောင်းကစားမှုများမှာ လူနေရပ်ကွက်များတွင်လည်းကောင်း ကျေးလက်ဒေသများတွင်လည်းကောင်း တွင်ကျယ်စွာတည်ရှိနေဆဲဖြစ်ကြောင်း နေပြည်တော်ဒေသခံတစ်ဦးကဆိုသည်။

7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## ကားလမ်းရေကျော်မှုလျော့ကျရန် မုံရွာ-မန္တလေးကားလမ်းတွင် တံတားတိုးဆောက်လုပ်

မျိုးမင်းဦး

**မုံရွာ၊ ဇန်နဝါရီ- ၂၃**

မုံရွာ-မန္တလေးကားလမ်းပေါ်တွင် ပြီးခဲ့သောနှစ်ကမူးမြစ်ရေလျှံကာ လမ်းမကြီးပေါ် အထိရေကျော်ခဲ့ပြီး ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များသွားလာရေး အခက်ကြုံတွေ့ခဲ့ရသည့် ညောင်ပင်ဝန်းကျေးရွာအနီးလမ်းပိုင်းအား မူးမြစ်ရေကျော်မှုလျော့နည်းစေရေးအတွက်လမ်းတံတားများတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း မုံရွာ-မန္တလေးခရီးသည်တင် ယာဉ်မောင်းများ၏ပြောကြားချက်များအရ သိရသည်။



မုံရွာ–မန္တလေးလမ်းပိုင်းတစ်နေရာ ရေကျော်စဉ်

"မူးမြစ်ရေကျော်ချိန်မှာ ကိုယ်ပိုင်ယာဉ်ငယ်တွေနဲ့ခရီးသည်တင်ယာဉ်ငယ်တွေ သွားလို့မရဘူး။ ယာဉ်ကြီးတွေကတော့ ရသလောက်ကူးဖြတ်ကြတယ်ဆိုပေမယ့်ညောင်ပင်ဝန်းဒေါ် အေးမထမင်းဆိုင်အနီးကရေကျော်က ရေလှိုင်းပုတ်ပြီးယာဉ်တွေတိမ်းမှောက်တာတွေလည်းရှိတယ်။ ရေကျော်ကိုတံတားဆောက်ဖို့ပြင်ဆင်နေပြီ။ ပြီးခဲ့တဲ့နှစ်ကရေတိုက်စားလို့ တံတားကမ်းကပ်ခုံကိုလည်းပြန်ပြင်ထားသလို ရေစီးကောင်းအောင်လမ်းတံတားတွေတိုးချဲ့ဆောက်နေပြီ" ဟုစစ်ကိုင်းမြို့နယ်ညောင်ပင်ဝန်းကျေးရွာဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မူးမြစ်ရေမြင့်တက်ချိန်တွင် မုံရွာ-မန္တလေးကားလမ်းမကြီးပေါ် ရေကျော်၍လမ်းမြေတိုက်စားမှုပိုများသောညောင်ပင်ဝန်းကျေးရွာ ပန်းချယ်ရီစားသောက်ဆိုင် အနီး လမ်းကူးတံတားသစ် တစ်စင်းတိုးချဲ့တည်ဆောက်လျက် ရှိပြီး အဆိုပါလမ်းပိုင်းတွင်မူးမြစ်ရေအများဆုံးစီးဆင်းသော ညောင်ပင်ဝန်း ဒေါ်အေးမထမင်းဆိုင် အနီးရှိ ရေကျော်နေရာတွင် ကွန်ကရစ် တံတားတစ်စင်းအားတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မုံရွာ-မန္တလေး ကားလမ်းမကြီးအား B.O.T စနစ်ဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး နောက်ပိုင်း လမ်းအဆင့်တိုးမြှင့်တည်ဆောက်ခြင်းနှင့်မူးမြစ်ရေကျော်လမ်းပိုင်းအား လမ်းကူးတံတားများတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

## ဆိုင်ကယ်စီးလာသည့် ဦးဇင်းတစ်ပါး ဆယ်ဘီးကားတိုက်မိ၍ ပျံလွန်

သန်းအောင် (ဟဲဟိုး)

**ကလော၊ ဇန်နဝါရီ- ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၊ ဟဲဟိုးမြို့အရှေ့ဘက်တောင်ကြားတွင် ဇန်နဝါရီ၉ ရက်မွန်းတည့် ၁၂ နာရီဝန်းကျင်ခန့်က ဟဲဟိုးဘက်မှ ရွှေညောင်ဘက်သို့ ဦးတည်၍ ဆိုင်ကယ်စီးလာသော ဦးဇင်းတစ်ပါးသည်ဆယ်ဘီးကားနှစ်စီးကို ကျော်တက်စဉ်လမ်းမှာ အကွေ့နေရာဖြစ်၍ ကားခေါင်းဘယ်ဘက်အခြမ်းအား ဝင်တိုက်မိသည်။ ဆိုင်ကယ်တိမ်းမှောက်ပြီး ဦးဇင်း၏ ဦးခေါင်းအား ဆယ်ဘီးကား၏ နောက်ဘီးဖြင့် ကြိတ်မိ၍ ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ကားနှစ်စီးမှာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်သွားကြစဉ် တာဝန်သိပြည်သူတို့၏ သတင်းပေးပို့မှုအရ ဟဲဟိုးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေ ဖမ်းဆီးခဲ့ရာ ယာဉ် မောင်း စောသန်းထွေး(ခ) ကိုထွေးမောင်းသည့် ဆယ်ဘီးကားအား ဒုရဲအုပ်အောင်ဆန်းကျော်နှင့် အဖွဲ့ကလည်းကောင်း၊ ယာဉ်မောင်းကျော်ဝင်း မောင်းနှင်သည့် ဆယ်ဘီးကားအား အောင်ပန်းရဲစခန်း၏ အကူအညီဖြင့် စခန်းမှူးရဲအုပ်စိုးတင့် နှင့်အဖွဲ့ကလည်းကောင်း အချိန်မီဖမ်းဆီးနိုင်ခဲ့သည်။ ယာဉ်မောင်းနှစ်ဦးအား ဟဲဟိုးရဲစခန်းမှ (ပ)၃/ ၂၀၁၂ ပြစ်မှုပုဒ်မ၃၀၄-ကဖြင့် အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ပျံလွန်တော်မူသည့် ဦးဇင်းမှာ ကလောမြို့နယ် နန်းတိုင်ကျေးရွာအုပ်စု ပန်းဖယ်ရွာကျောင်းမှ ဝါတော် ၃ ဝါရှိ ဦးဇင်းဦးနန္ဒိယဖြစ်ကြောင်းသိရသည်။

## မဟာဂန္ဓာရုံကျောင်းတိုက်၌ ဆေးပညာ ဟောပြောပွဲ ပထမဆုံးအကြိမ် ကျင်းပ

စိုင်းသာအောင်

**မန္တလေး၊ ဇန်နဝါရီ- ၂၆**

အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ မဟာဂန္ဓာရုံကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့နှင့် မန္တလေးမြို့အောင်သုခဆေးရုံတို့ ပူးပေါင်း၍ ကျောင်းတိုက်အတွင်းရှိ သီတင်းသုံးနေကြသော သံဃာတော်များအား ကျန်းမာရေးဆိုင်ရာ ဆေးပညာဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အောင်သုခဆေးရုံမှ ဒေါက်တာအောင်ကျော်ဦး၊ ဒေါက်တာမီမီဌေးတို့က အသည်းရောင် အသားဝါရောဂါ မဖြစ်ပွားရေး၊ ဖြစ်ပွားနေသော အသည်းရောင်ဘီနှင့် စီတို့နှင့်ပတ်သက်၍ ရောဂါများ၊ ကူးစက်ပုံ၊ ကာကွယ်ပုံ၊ ရောဂါဖြစ်ပွားပါက နေထိုင်ရမည့်ပုံစံနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း နာယက ဆရာတော်တစ်ပါးက မိန့်ကြားသည်။

ကျောင်းတိုက်ရှိစာသင်သားသံဃာတော်များအားအသည်းရောဂါမဖြစ်ပွားစေရန် ဘီပိုးကာကွယ်ဆေးများအခမဲ့ထိုးပေးသွားမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသည် မဟာဂန္ဓာရုံကျောင်းတိုက်တွင်ပထမဦးဆုံးပြုလုပ်သောဆေးပညာ ဟောပြောပွဲဖြစ်ကြောင်း သိရသည်။

## ကျောက်နီမော် မီးဘေးသင့်များအတွက် ဒုတိယအကြိမ် ကျပ်သိန်း ၆၀၀ ကျော်လှူ

မာန်ယုကျော်

**စစ်တွေ၊ ဇန်နဝါရီ- ၂၁**

၂၀၁၁ နိုဝင်ဘာ ၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒုတိယအကြိမ် ကျပ်သိန်း ၆၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ပထမအကြိမ်အဖြစ်ပြည်နယ်အစိုးရအဖွဲ့ကမီးဘေးသင့်ပြည်သူများအား ငွေကျပ်သိန်း ၃၀၀ ကျော်ဖိုး သွားရောက်လှူဒါန်းခဲ့ကြပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်း၊ ဆန်နှစ်အိတ်နှင့် ကယ်ဆယ်ရေးအဝတ်အထည် ကျပ်တစ်သိန်းဖိုး လှူဒါန်းခဲ့ကြသည်။ ယခုဒုတိယအကြိမ်ဖြစ် လှူဒါန်းခဲ့ကြရာတွင် မီးဘေးသင့်ပြည်သူများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀,၀၀၀၊ သွပ် ၁၅ ချပ်၊ အဝတ်အထည်အသုံးအဆောင်ပစ္စည်း ကျပ် ၅၀,၀၀၀ ဖိုးဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ည ၁၁ နာရီအချိန်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၉၂ လုံးမီးလောင်ကျွမ်းခဲ့ပြီးအိမ်ထောင်စု ၁၂၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြကာ ကျပ်သိန်းပေါင်းတစ်ထောင်ဖိုးခန့် ပျက်စီးဆုံးရှုံးသွားခဲ့သည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရခိုင်ပြည်နယ်တွင် မီးလောင်မှု ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး အများစုမှာ ပေါ့ဆမီးကြောင့်လောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရသည်။

## ရခိုင်ဒေသရှိ ကျေးရွာအားလုံးလျှပ်စစ်မီးရရှိရေး ၂၀၁၅ အထိ ကွင်းဆင်းဆောင်ရွက်မည်

မာန်ယုကျော်

**စစ်တွေ၊ ဇန်နဝါရီ- ၂၃**

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာအားလုံးလျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေး ဆပ်ကော်မတီက လာမည့် ၂၀၁၅ အထိ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးသာလူချေဦးဆောင်၍ အဖွဲ့ဝင် (၇)ဦးဖြင့် ဆပ်ကော်မတီ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်မြို့နယ်များရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး ဒေသနှင့် သင့်လျော်သည့် လျှပ်စစ်စွမ်းအင်ရရှိရေးနည်းစနစ်များကို အသုံးပြုလျက် အမြန်ဆုံး လျှပ်စစ်မီးလင်းရေးကို ဦးစားပေး ကျေးရွာအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်မီးဆိုတာက ဒေသတစ်ခုဖွံ့ဖြိုးဖို့အတွက် အဓိက အခန်းကဏ္ဍကနေ ပါဝင်နေတာမို့ ခုလိုမျိုး ကျေးရွာအားလုံးလျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးတာ ကျွန်တော်တို့ အနေနဲ့ အများကြီးဝမ်းသာပါတယ်။ သက်ဆိုင်ရာတွေကိုလည်းကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ရေရှည်အကျိုးဖြစ်ထွန်းလာနိုင်ပါစေလို့ မျှော်လင့်မိပါတယ်" ဟု ပုဏ္ဏားကျွန်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အလိုက် အိမ်ခြေ ၁၀၀ အထက် လျှပ်စစ်မီးမရှိသေးသည့် ကျေးရွာစုစုပေါင်း ၉၂၄ ရွာရှိပြီး အိမ်ခြေ ၁၀၀ အောက်လျှပ်စစ်မီးမရှိသေးသည့် ကျေးရွာ စုစုပေါင်းမှာ ၁၆၆၇ ရွာရှိကြောင်းလည်း သိရသည်။



ကျောက်ဖြူမြို့တွင် ၂၀၁၀နှစ်ကုန်ပိုင်းက အိမ်တစ်အိမ်၌ အလှူပြုလုပ်စဉ်

ဈေးတန် ပြင်ဦးလွင် မြေကွက်
–ပတ်ဝန်းကျင်ဈေးထက်သက်သာရမည်၊
–ပြည်ချစ်ဘုရားကြီးအနီး ဝင်ခါမီယာကွက်၊
– ရေမီး၊ ပတ်ဝန်းကျင် အထူးကောင်း၊
–ခပ (၃၈'× ၃၀') ၃ကွက်တွဲ၊
–တစ်ကွက် (၂၀၀)သိန်း၊
–ဦးရာလူရမည်၊
ဆက်သွယ်ရန် –၀၉၄၉၂၃၁၄၀၆၊ ၃၃၁၄၀၆၉၅၊ ၀၉၅၀၂၅၅၃၄၊

(၁)ရက်တည်းသာ... (၄)နှစ် မြောက်
ချစ်သူများနေ့.၁၄.၂.၂၀၁၂
ပန်းစည်းဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်၊
မော်လမြိုင်၊ထားဝယ်၊ တောင်ကြီး၊
..မြို့များသို့....အိမ်တိုင်ရာရောက်ပန်းစည်းပို့ဆောင်ပေးပါသည်။
အမှတ် ၂၂၊ရွှေလဝင်းလမ်းနှင့် ချမ်းသာလမ်းထောင့် စမ်းချောင်းမြို့နယ်။
ဖုန်း၊ ၀၉ ၆၈၃ ၆၂၇၁၄၊ ၀၉ ၆၈၃ ၆၀၆၈၅
mail., cold.phyu@gmail.com, dj.photo.mm@gmail.com

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
အလယ်တန်း အထက်တန်း ဘွဲ့ကြို ဘွဲ့ရများ အားလုံး အတွက်
ဂုဏ်ရည်ဦးအောင်နိုင်
Basic Grammar စာအုပ်အသစ် (ထွက်ပါပြီ)
Grammar & Essay နွေသင်တန်း (မတ်-၁၄)
၂၄၂–ပန်းဆိုးတန်းလမ်း ရန်ကုန်။ Tel : 01-252 919, 09-430 85263

7DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

# ဈေးသက်သာသော စားအုန်းဆီ ဆက်လက်တင်သွင်းရမည်

ညီညီဇော်

မန္တလေး၊ ဇန်နဝါရီ - ၂၆



စားအုန်းဆီကို လတ်တလော ဈေးကွက်အနေအထားအရ ဈေးနှုန်းသက်သာခြင်း၊ အရည်အသွေးပိုမြင့်မားလာခြင်းတို့ကြောင့် ဆက်လက်တင်သွင်းနေဦးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်တွင် ဇန်နဝါရီ ၁၇ ရက်က ဆီနှင့်ဆီထွက်သီးနှံဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပခဲ့ရာ ၎င်းအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပြောကြားချက်အရ စားအုန်းဆီ ဆက်လက်တင်သွင်းနေဦးမည်ဟုသိရကြောင်းအစည်းအဝေးတက်ရောက်ခဲ့သည့် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပြောသည်။

"အဲဒီအစည်းအဝေးမှာ စီးပွားကူးသန်းညွှန်ကြားရေးမှူးတို့နောက် တာဝန်ရှိတဲ့ လူတွေပြောတာကတော့မြန်မာပြည်ရဲ့ပြည်သူလူထုသန်း(၆၀) ဆီနဲ့ပတ်သက်ပြီး ဝန်ထုပ်ဝန်ပိုး ဈေးတက်သွားတာမျိုး မဖြစ်စေချင်ကြတဲ့အတွက် အသွင်းကတော့ ရပ်မှာမဟုတ်ဘူးလို့ သိရပါတယ်" ဟု မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးထွန်းထွန်းက ပြောသည်။

ပြည်တွင်းတွင် စားအုန်းဆီ ဈေးနှုန်းသက်သာမှုကြောင့် ပဲဆီဝယ်အားကျဆင်းလာပြီး ဆီစက်များ မလည်ပတ်နိုင်တော့သည့် အခြေအနေ ရောက်ရှိနေရာ လက်ရှိတွင်မန္တလေးမြို့ရှိဆီစက်အားလုံး၏ ၁၅မှ ၂၅ရာခိုင်နှုန်းသာလည်ပတ်နိုင်တော့ကြောင်း ဆီလုပ်ငန်းရှင်များက ပြောသည်။

"အစ်ကိုတို့အနေနဲ့ကလည်း အသွင်းကိုမရပ်ခိုင်းပါဘူး။ မလိုတဲ့အချိန် လျှော့သွင်း၊ လိုတဲ့အချိန် ပိုသွင်း တကယ်လို့ ဈေးနှုန်းအပြောင်းအလဲရှိခဲ့သော် ထိန်းနိုင်အောင် အစိုးရအနေနဲ့ အရန်ဆီထားနိုင်ရင်ထားဖို့ လိုအပ်မယ်။ နောက်ပြီး တရားမဝင် လမ်းကြောင်းကနေဝင်နေတဲ့စားသုံးဆီတွေကိုလည်း ပိတ်ပေးဖို့တောင်းဆိုထားတယ်။ ဘာကြောင့်တောင်းဆိုတာလည်း ဆိုတော့(၁)အချက်က အခွန်ဘဏ္ဍာမရဘူး။ (၂)အချက်က တရားဝင်ဝင်တာမဟုတ်တဲ့အတွက် FDA စစ်ဆေးမှုမရှိတဲ့အတွက် ဒီဆီဟာစားသင့်သလားမစားသင့်ဘူးလားဆိုတာ ဘာမှပြောလို့မရဘူး။ တားပေးပါမယ်လို့တော့ပြောတယ်" ဟု မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးထွန်းထွန်းက ပြောသည်။

တရားမဝင်စားသုံးဆီများကို တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်၊ အိန္ဒိယနယ်စပ်များမှ ဝင်ရောက်လေ့ရှိပြီး တရုတ်နယ်စပ်မှ အဓိက ဝင်ရောက်သည်။ ဈေးကွက်အနေအထားအရ ခန့်မှန်းကြည့်ရာ မြန်မာပြည်တွင်းသို့ စားအုန်းဆီသည် တစ်လလျှင် တရားဝင် ဝင်ရောက်မှုမှာ တန်ချိန် (၃၀၀၀၀)ခန့်ရှိပြီး တရားမဝင် ဝင်ရောက်မှုမှာ တန်ချိန် (၁၅၀၀၀) အထိ ရှိကြောင်း ၎င်းပုဂ္ဂိုလ်ကပြောသည်။

"ကျွန်တော်တို့ဖြစ်စေချင်တာနဲ့ သူတို့ရည်ရွယ်တာလေးကို ကျွန်တော်ရှင်းအောင်ပြောပြပါ့မယ်။ ကျွန်တော်တို့က စားအုန်းဆီသွင်းတာကို မကန့်ကွက်ဘူး။ ပြည်တွင်းမှာထွက်တဲ့ကုန်ကြမ်းနဲ့ ကျွန်တော်တို့စက်တွေကလည်ပြီးတော့ ဆီကဏ္ဍတစ်ခုအနေနဲ့ ဖြည့်ချင်တာ။ အဲဒီကဏ္ဍဖြည့်တဲ့ နေရာမှာ အစိုးရအနေနဲ့ ဘယ်လို ပံ့ပိုးပေးနိုင်မလဲ၊ ကူညီပေးနိုင်မလဲ ကျွန်တော်တို့ဆန္ဒက အဲဒါပါ။ သူတို့ရဲ့ဆန္ဒကတော့ ဒီဖြစ်နေတဲ့ ဈေးနှုန်းလေးကို ပျောက်သွားမှာစိုးတာပါ။ ကျွန်တော်တို့ကတော့ ကိုယ့်ပြည်တွင်းကထွက်တဲ့ ကျန်းမာရေးအတွက် ပိုသင့်တော်တဲ့ဆီကို ထုတ်ချင်တာက ကျွန်တော်တို့စက်သမားတွေရဲ့ ဆန္ဒပါ"ဟု ဆီလုပ်ငန်းရှင်ဖြစ်သူ ဦးဇော်မင်းကြည်ကပြောသည်။

"ဆီထွက်သီးနှံပေါ်တဲ့အချိန် လျှော့သွင်း၊ ဆီထွက်သီးနှံမပေါ်တဲ့အချိန် ဥပမာစိုက်နေတဲ့အချိန် လိုအပ်ရင် ပိုသွင်း၊ လိုတိုးပိုလျှော့လေး သွင်းစေချင်တာပေါ့၊ တကယ်လို့ ဈေးအတက်အကျမှာ ပြည်သူကို ဈေးနှုန်းရုတ်တရက်မြင့်တက်သွားတာကို ခံနိုင်အောင် အစိုးရအနေနဲ့ အရန်ဆီတို့ ဘာတို့ ထားသင့်ရင် ထားရမယ်။ ဆန်စပါးတို့ ဘာတို့မှာ စီစဉ်ဆောင်ရွက်နေသလိုပေါ့။ အဲလိုလေးတွေထားသင့်ပါတယ်ဆိုပြီး ကိုယ်တို့ မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်များကိုယ်စားဦးကိုကြီးက စာတမ်းတော့ဖတ်ခဲ့တယ်" ဟု အတွင်းရေးမှူးဦးထွန်းထွန်းက ပြောသည်။

ဒေါက်တာမြင့်မြင့်ခင်၏ သက်ရှည်ကျန်းမာ မြန်မာ့အစားအစာ စာအုပ်တွင် "အခုနောက်ဆုံး သိထားရတာက တိရစ္ဆာန်က ရတဲ့အဆီဟာ နှလုံးရောဂါနဲ့ အခြားခေတ်ပေါ်ရောဂါတွေအားပေးတာမှာ အဆိုးဆုံးပဲ။ အသီးအရွက်က ရတဲ့ဆီက ဒီလိုမဆိုးဘူး။ အသီးအရွက်က ရတဲ့ဆီမှာလည်း ခွဲပြောလို့ရသေးတယ်။ အဲဒီအထဲမှာ သံလွင်ဆီက အကောင်းဆုံးပဲ။ အုန်းဆီ၊ စားအုန်းဆီတို့ကတော့ တိရစ္ဆာန်ကရတဲ့ ဆီနဲ့သွားတူလို့ အဆိုးဆုံးပါ။ ဒီတော့ စားသုံးဆီဟာ ကျန်းမာရေးအတွက် အလွန်အရေးကြီးပါတယ်"ဟု ရေးသားဖော်ပြထားသည်။ နိုင်ငံတော်မှ အရည်အသွေးပြည့်မီသော စားအုန်းဆီများကို ၂၀၁၁ခုနှစ် မေလကစပြီး ပို့ကုန်ဝင်ငွေရှိသော လုပ်ငန်းရှင်တိုင်းကို တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

# ကြက်မွေးမြူရေးဇုန်တွင် တစ်နှစ်အတွင်း ကြက်ခြံ ခုနစ်ခြံအထိရှိလာ

မျိုးမင်းဦး

မုံရွာ၊ ဇန်နဝါရီ- ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ်တွင် ကြက်မွေးမြူရေးဇုန်အား တည်ထောင်ခဲ့ပြီးနောက်ပိုင်း တစ်နှစ်တာကာလအတွင်းကြက်မွေးမြူရေးလုပ်ငန်းရှင်လေးဦးမှ ကြက်ခြံခုနစ်ခြံမွေးမြူလုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

"ပြီးခဲ့တဲ့ ၂၀၁၀ မတ်လဆန်းမှာ ယင်းမာပင်မြို့နယ်၊ သရက်ကန်ကျေးရွာအတွင်းကြက်မွေးမြူရေးခြံ၃၀ကျော်မှာကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရတဲ့အတွက်ကြက်ခြံတွေဖျက်ဆီးသုတ်သင်ခံခဲ့ရတယ်။ ကျေးရွာအတွင်းမှာ ကြက်မွေးမြူခွင့်မပြုတာရောနောက်ထပ်မွေးမြူရေးလုပ်ငန်းအတွက် အရင်းအနှီးမထုတ်နိုင်တာရောကြောင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်တွေလုပ်ငန်းပြောင်းလဲလုပ်ကိုင်လာကြတယ်။ အခုယင်းမာပင်မြို့နယ်ကြက်မွေးမြူရေးဇုန်သာပြောတယ် သရက်ကန်ကျေးရွာကမွေးမြူရေးလုပ်ငန်းရှင် သုံးဦးနဲ့ တံခါးရင်းကျေးရွာက ကြက်မွေးမြူရေးလုပ်ငန်းရှင် တစ်ဦး စုစုပေါင်း မွေးမြူရေးလုပ်ငန်းရှင်လေးဦးရဲ့ကြက်ခြံခုနစ်ခြံဆောက်လုပ်ပြီးစီးသွားပေမယ့် မွေးမြူရေးလုပ်ငန်းရှင်တွေမှာ မတည်ငွေလိုအပ်ချက်ကြောင့် ကြက်အကောင်ရေ ၂၀၀၀ သာမွေးမြူနိုင်သေးတယ်" ဟု ယင်းမာပင်မြို့နယ် ကြက်မွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးစိန်မင်းကပြောကြားခဲ့သည်။

ထိုကြက်မွေးမြူရေးဇုန်အတွင်း ပေ ၁၅၀×၁၀၀ မြေကွက် ၃၈ ကွက်အား ဖော်ထုတ်ခဲ့ပြီး မြေကွက်တစ်ကွက်လျှင် ကျပ် ၁၂ သိန်းဖြင့် ရောင်းချကြောင်း သိရသည်။ ယင်းမာပင်မြို့နယ်၊ သရက်ကန်ကျေးရွာအတွင်း ၂၀၁၀ မတ်လအတွင်းဖြစ်ပွားခဲ့သောကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့်နောက်ပိုင်း မွေးမြူရေးလုပ်ငန်းရှင်အများစုသည် ကြက်မွေးမြူရေးလုပ်ငန်းများပြန်လည်လုပ်ကိုင်ရန် အရင်းအနှီးမတည်ချေးငွေများ ထောက်ပံ့မှု မရှိခဲ့သဖြင့် ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနည်းပါးခဲ့ခြင်းဖြစ်ကြောင်းကြက်မွေးမြူရေးလုပ်ငန်းရှင်အချို့က ပြောသည်။

၂၀၁၁ ဇန်နဝါရီ လဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့သော ယင်းမာပင်မြို့နယ် ကြက်မွေးမြူရေးဇုန်သည် တစ်နှစ်တာကာလအတွင်းမြေကွက်လေးကွက်တွင်ကြက်မွေးမြူရေးခြံခုနစ်ခြံသာ လုပ်ကိုင်နိုင်ခဲ့ပြီး ဇုန်အတွင်းမြေကွက်များဝယ်လိုအား သိသိသာသာလျော့နည်းနေဆဲဖြစ်ကြောင်း ယင်းမာပင်မြို့ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များပြောပြသည်။

"ယင်းမာပင်မြို့နယ် ကြက်မွေးမြူရေးအထူးဇုန်သာပြောတယ်။ ယင်းမာပင်မြို့ပေါ်က ကြက်မွေးမြူရေးလုပ်ငန်းရှင်တွေ ဇုန်မထုတ်သရွေ့တော့ မွေးမြူရေးဇုန်မှာစည်ကားမှာမဟုတ်သေးဘူး။ ယင်းမာပင်မြို့ပေါ်လူနေရပ်ကွက်တွေအတွင်းက ကြက်မွေးမြူရေးခြံတွေလာမယ့်ဇွန်လကုန်မှာအပြီးသတ်ပြောင်းရွှေ့ရမည်ဆိုပေမယ့် ယနေ့အချိန်အထိ လူနေရပ်ကွက်တွေအတွင်းမှာ ကြက်သားပေါက်တွေမွေးမြူနေဆဲပါ"ဟုယင်းမာပင်မြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းမှ မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

## ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်နှင့် လစဉ်ထုတ်ဝေလျက်ရှိသော 7Day News၊ 7Day Sports၊ 7Day Shopping Guide၊ အင်တာနက်ဂျာနယ် နှင့် မြန်မာပီးပဲလ် မဂ္ဂဇင်း တို့တွင် တာဝန်ထမ်းဆောင်ရန် ထက်မြက်၍ အရည်အချင်းရှိသော ငွေကောက် ဝန်ထမ်းများ အမြန်အလိုရှိသည်။

Junior Cashier ကျား (၂) ဦး

- အသက် ၁၈ နှစ် မှ ၂၅ နှစ်အတွင်း၊ ဘွဲ့ရဦးစားပေးမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
- အကျင့်စာရိတ္တ ကောင်းမွန်၍ ကျန်းမာရေး အထူးကောင်းမွန်ရမည်။
- မိမိအလုပ်ကို တာဝန်ယူလုပ်ကိုင်နိုင်ရမည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၂၅.၂.၁၂) ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

လပြည့်ဝန်းပလာဇာ (၁၀)ထပ်၊ အမှတ်(၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

## ဝန်ထမ်းအလိုရှိသည်

Receptionist မ (၂) ဦး

- အသက် ၁၈ နှစ်မှ ၂၃ နှစ်အတွင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
- ရုပ်ရည်ချောမောပြေပြစ်ပြီး၊ အိမ်ထောင်မရှိသူ၊ အပျို ဖြစ်ရမည်။
- အရပ် ၅ ပေ၊ ၂ လက်မ အထက်ရှိသူဖြစ်ရမည်။
- အပြောအဆို သွက်လက်ပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်ရမည်။
- ကွန်ပျူတာ နှင့် အင်္ဂလိပ်စာ အခြေခံအဆင့်ရှိရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၂၅.၂.၁၂) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

လပြည့်ဝန်းပလာဇာ (၁၀)ထပ်၊ အမှတ်(၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

# ဘားအံစက်မှုဇုန် ဧပြီလတွင် စတင်လည်ပတ်နိုင်ရန် စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ကရင်ပြည်နယ်၊ ဘားအံမြို့ရှိစက်မှုဇုန်တွင် အထည်ချုပ်စက်ရုံအချို့အား ဧပြီလမကုန်မီ လည်ပတ်နိုင်ရန် ဆောင်ရွက်နေကြောင်း ကရင်ပြည်နယ်စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက ပြောသည်။

"ဖေဖော်ဝါရီ လဆန်းမှာ ပန္နက်ရိုက်ပြီး တည်ဆောက်ရေးစမယ်။ အခု စက်ချုပ်သင်တန်းတွေလည်းပေးနေပြီ" ဟု ဝန်ကြီးက ဆိုသည်။


အဆိုပါ စက်မှုဇုန်တည်ဆောက်ရေးအတွက် တာဝန်ယူထားသော ကုမ္ပဏီက လျှပ်စစ်မီးကို ဖေဖော်ဝါရီလတွင်ရရှိရန် ဆောင်ရွက်ထားပြီး လမ်းများအား ဧပြီလ၌ အပြီးဖောက်လုပ်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုစက်မှုဇုန်တွင် UMH အထည်ချုပ်စက်ရုံကဧပြီလမကုန်မီဖွင့်လှစ်နိုင်ရန် ကြိုးစားနေကြောင်း သတင်းရရှိသည်။

ထိုစက်ရုံများဖွင့်လှစ်ပါက စက်ရုံတစ်ရုံတွင် အနည်းဆုံးလူတစ်ရာခန့်အလုပ်ရရှိကြမည်ဖြစ်ပြီး တစ်လလျှင် အနည်းဆုံးလစာငွေကျပ်ငါးသောင်းခန့်ရရှိနိုင်ကြောင်းသတင်းရရှိသည်။ ထိုစက်မှုဇုန်များတွင်လက်ခစားစက်ရုံများဖြစ်သည့် အထည်ချုပ်စက်ရုံများ အဓိကဖွင့်လှစ်ခွင့်ပြုခြင်းမှာ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပွင့်လန်းစေလို၍ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ၂၀၁၁ နှစ်လယ်ပိုင်းက ပြောကြားခဲ့သည်။

အဆိုပါစက်မှုဇုန်အားယခင်က ဧက ၁၀၀၀ သာသတ်မှတ်ခဲ့သော်လည်းနောက်ထပ်ဧက၆၀၀ တိုး၍ ဖောက်လုပ်နေကြောင်း သတင်းရရှိသည်။

# အွန်လိုင်းမှတစ်ဆင့် အလုပ်ရှာနိုင်ပြီ




**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၈**

ပြည်တွင်း၌ အလုပ်အကိုင်ရှာဖွေနေသူများအတွက်အွန်လိုင်းမှတစ်ဆင့်အလုပ်အကိုင်ရှာဖွေလျှောက်ထားနိုင်မည့်ဝက်ဘ်ဆိုက်တစ်ခုကို လွှင့်တင်လိုက်ကြောင်း Precious Link Service Co.Ltd မှတာဝန်ရှိသူတစ်ဦးကပြောသည်။

အင်တာနက်အသုံးပြုမှုများတွင်ကျယ်လာခြင်းကြောင့် အွန်လိုင်းတွင် အလုပ်အကိုင်ရှာဖွေနိုင်ရန်ရည်ရွယ် ဆောင်ရွက်ထားခြင်းဖြစ်ပြီး အလုပ်အကိုင်ရှာဖွေနေသူအတွက်အခမဲ့ဝန်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အွန်လိုင်းအသုံးပြုသူတွေအတွက် ရည်ရွယ်ထားပါတယ်။ ကိုယ့်စီဗီကိုတင်ပြီး အွန်လိုင်းကတစ်ဆင့်လျှောက်ထားနိုင်ပါတယ်။ ဝန်ထမ်းရှာဖွေနေတဲ့လုပ်ငန်းတွေလည်းကျွန်တော်တို့ဆီမှာတင်ထားနိုင်ပါတယ်။ အလုပ်ရှာဖွေနေတဲ့သူတွေအတွက် အခမဲ့ဝန်ဆောင်ပေးသွားမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အလုပ်ရှာဖွေနေသူများ အနေဖြင့် ကိုယ့်ရေးအချက်အလက်အပြည့်အစုံနှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံကို အီးမေးလ်ပေးပို့ထားနိုင်ပြီး မိမိလုပ်ကိုင်လိုသောအလုပ်အကိုင်အမျိုးအစားများကိုလည်း ဖော်ပြထားကြောင်းသိရသည်။

အွန်လိုင်းမှတစ်ဆင့်အလုပ်အကိုင်ရှာဖွေနေသူများအနေဖြင့် www.perfectlinkservice.com တွင်ဝင်ရောက် ကြည့်ရှုလေ့လာနိုင်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Hardware Technician - ကျား ၂ ဦး၊ ရုံးအကူဝန်ထမ်း - ကျား ၁ ဦး၊ အရောင်းဝန်ထမ်း - မ ၂ ဦး။
TNT Computer Systems
**ဖုန်း-၃၇၄၈၅၇၊ ၀၉-၇၃၁၀၅၄၁၃**

-------------------------

ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်သည့် Marketing Manger-၁ ဦး။ (အတွေ့အကြုံ သုံးနှစ်၊လစာညှိနှိုင်း) ဖြိုးသန့်ကျော်ပုံနှိပ်နှင့် မီဒီယာလုပ်ငန်းစု
**ဖုန်း-၂၀၀၅၇၅၊ ၉၀၀၀၄၂၁**

-------------------------

အလှကုန်ကျွမ်းကျင် အရောင်းမြှင့်တင်ရေးဝန်ထမ်း-၁၀ဦး၊ကွန်ပျူတာစာရင်းကိုင်ကျွမ်းကျင် - ၁ ဦး။
Blue Ribbon Trading Co.,Ltd
**ဖုန်း-၉၀၀၀၈၈၇၊ ၀၉၅၁၁၂၆၄၇**

-------------------------

(၁) Furniture Sale & Marketing - မ ၇ ဦး၊ (၂) လိုက်ကာ Sale & Marketing - မ ၁၀ ဦး၊ (၃) အထွေထွေဝန်ထမ်း - ကျား ၃ ဦး၊ (၄) ယာဉ်မောင်း(ကားကြီးမောင်းရန်)- ကျား ၃ ဦး၊ (၅) Graphic Designer - ကျား၊မ ၃ ဦး။
**Vanda Living Mall**
**ဖုန်း-၆၆၄၆၇၅**

-------------------------

Office Staff အရောင်းစာရေး - ကျား/မ ၅ ဦး၊ Site Engineer - ကျား ၃ ဦး၊ Accountant - မ ၃ ဦး၊ Marketing - ကျား/မ ၅ ဦး၊ အရောင်း(စရိတ်ငြိမ်း) - ကျား/မ ၅ ဦး၊ Computer Operator - မ ၃ ဦး။
စေတနာ၊ အမှတ်-၁၈၇၊ ၃၄ လမ်း။
**ဖုန်း-၂၄၃၈၁၉**

-------------------------

(၁) Marketing Manager - ကျား ၃ ဦး၊ မ ၂ ဦး၊ (၂) B.Ag - ကျား ၃ ဦး၊ မ ၂ဦး၊ (၃) International Business Manager - ၁ ဦး၊ (၄) Import and Export ကျွမ်းကျင် - ၁ ဦး၊ (၅) Dip (Agri;) - ၃ ဦး။
မြန်မာ့ရွှေသီးနှံကုမ္ပဏီလီမိတက်
**ဖုန်း-၀၉-၉၁၀၁၁၈၆၆၊ ၀၆၆-၄၂၃၇၈**

-------------------------

Pre-school (အဆင့်မြင့်မူကြို) တွင်တာဝန်ထမ်းဆောင်ရန်ဆရာမများအလိုရှိသည်။
**ဖုန်း-၀၉-၇၃၀၃၁၄၀၇**

-------------------------

အရောင်းဝန်ထမ်း - မ ၄ ဦး
7Store Computer Sale, Service & Distribution Center
အမှတ် (၁၆၅/၁၆၇)၊ အနော်ရထာလမ်းနှင့် ၃၄ လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။

-------------------------

Marketing - (ကျား/မ) ၂ ဦး၊ အိမ်အကူ(မ) - ၁ ဦး။
**ဖုန်း-၅၇၂၂၀၀၊ ၅၇၂၂၇၁**

-------------------------

(၁) Waiter - ကျား ၃ ဦး၊ (အင်္ဂလိပ်စကားပြောနိုင်သူ) (၂) Cashier - မ ၂ ဦး၊ (အင်္ဂလိပ်စကားအသင့်အတင့်ပြောနိုင်သူ)။
**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅ (ext:၃၀၂၇)**

-------------------------

အဆောင်မှူး (ဆရာ၊ဆရာမ) - ၁ ဦးအလိုရှိသည်။
**ဖုန်း-၀၉-၅၀၆၁၃၆၈**

-------------------------

ယာဉ်မောင်းအလိုရှိသည်
KMD Sales & Service Centere
၁၇၄-၁၈၂၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။

-------------------------

Cashier ကျွမ်းကျင် - မ ၂ ဦး၊ Waiter ကျွမ်းကျင် - ကျား ၃ ဦး၊ အကြော်ဆရာ(ကျွမ်းကျင်) - ကျား ၂ဦး။
**ဖုန်း-၀၉-၅၀၉၃၈၇၀**

-------------------------

(၁)ငွေကိုင် - မ ၂၀ ဦး၊ (၂)လုံခြုံရေးဝန်ထမ်း - ကျား ၃၀ ဦး။
City Mart Holding Co., Ltd
အမှတ်(၁-၁၁)၊ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

-------------------------

ယာဉ်မောင်း - ကျား ၁ ဦး၊ အသက်(၃၀)အထက် ယာဉ်မောင်းနှင့် လိုင်စင်သက်တမ်း ၅ နှစ်ရှိသူ၊ နယ်ဝေးခရီးမောင်းနိုင်သူ။
**ဖုန်း-၅၃၀၈၈၁၊ ၀၉-၇၃၀၄၂၃၇၄**

-------------------------

အမျိုးသမီးဆံပင်ညှပ်/ကောက် (ကျွမ်းကျင်) - မ ၅ ဦး၊ ခေါင်းနှိပ်လျှော်/မျက်နှာသစ် (ကျွမ်းကျင်) - မ ၅ ဦး၊ ခြေသည်း/လက်သည်းပန်းချီ(ကျွမ်းကျင်) - မ ၃ ဦး။
**ဖုန်း-၀၉-၇၃၀၈၉၂၅၉**

-------------------------

Software Engineer - 5 Posts Male/Female
Hexagon System Co., Ltd
**Room(9), Building 7, 2nd Fl, Myanmar Info-Tech, Hlaing Tsp, Yangon.**

-------------------------

1. Laboratory Supervisor - 1 Post (Ywarthargyi)
2. Electrician - 1 Post (Ywarthargyi)
Dusit Inya Lake Hotel
**Ph: 652536, 652544**
**thithi.ga@gmail.com**

-------------------------

HR Admin ဝန်ထမ်း - မ ၅ ဦး၊ Internet & E-mail၊ English (ကျွမ်းကျင်) - မ ၅ ဦး။
Family United Power Co., Ltd
**ဖုန်း-၅၂၃၀၇၂၊ ၅၃၇၄၆၆**

-------------------------

အရောင်းဝန်ထမ်း - မ ၂ ဦး
၂၂၇၊ မြေညီ၊ ရွှေဘုံသာလမ်း (အလယ်)။

-------------------------

၂၄ နာရီ မီနီမတ်အတွက် ကျား၊မ အလိုရှိသည်။
**ဖုန်း-၀၉-၇၃၀၆၈၄၃၈**

-------------------------

Helper - ကျား ၂ဦး၊ Technician - ကျား ၂ဦး။
အမှတ်(၅၁၆)၊ ဇမ္ဗူသီရိအရှေ့ (၁)လမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

-------------------------

အရောင်းဝန်ထမ်း - ကျား ၃ ဦး၊ မ ၂ ဦး။ (၁၀ တန်းအောင်၊ အသက် ၃၀ အောက်)
**ဖုန်း-၃၈၃၄၆၆၊ ၃၈၇၆၄၀**

-------------------------

သင်ကြားရေးဝန်ထမ်း(မ) အသက်(၃၀)အောက် ရန်ကုန်မြို့ထဲတွင် နေထိုင်သူ အလိုရှိသည်။
**ဖုန်း-၀၉-၇၃၀၄၉၅၄၃**

-------------------------

Web and Windows Developer - M/F 4 Posts
mana-com ict solution
**ဖုန်း-၀၉-၇၃၀၅၇၃၇၁၊ ၀၉-၇၃၀၅၇၈၁၀**

-------------------------

(၁) အရောင်းဝန်ထမ်း - ကျား/မ ၁၀ ဦး၊ (၂) Import Staff - ကျား/မ ၃ ဦး၊ (၃) စာစီစာရိုက် (ကျွမ်းကျင်) - ကျား/မ ၃ ဦး၊ (၄) Receptionist - မ ၂ ဦး၊ ဧည့်ကြို - ကျား ၂ဦး။
THANLWIN Int'l Co., Ltd
**ဖုန်း-၆၄၆၆၃၀၊ ၆၂၆၆၃၃**

-------------------------

လုံခြုံရေးဝန်ထမ်း - ကျား ၈၀ ဦး၊ မ ၂၀ ဦး။
လှည်းတန်းမှတ်တိုင်၊ မေတ္တာဦးဆေးခန်း။
**ဖုန်း-၅၂၆၆၄၈၊ ၀၉-၇၃၂၁၃၆၀၃**

-------------------------

**မော်ဒယ်လ်ဖိတ်ခေါ်ပွဲ**
ငြိမ်းချမ်းအေး-အနုပညာရင်ပြင်မှ သီချင်းဗီစီဒီရိုက်ကူးရန်အတွက် မော်ဒယ်လ်သရုပ်ဆောင်-ကျား/မ အလိုရှိသည်။
**ဖုန်း-၀၉-၄၃၁၀၆၅၆၇**

-------------------------

**မိန်းမဝတ်**
Fashion Designer
အမျိုးသမီးအလိုရှိသည်။
**ဖုန်း-၀၉-၇၃၂၄၁၇၀၀**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

Education
7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# စာသင်ခန်းထဲက ကြိမ်လုံးနှင့် ယနေ့ပညာရေး



နေလင်းထွန်း

**အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးနေသည်။ စာသင်ခန်းအတွင်း ကျောင်းသား၊ ကျောင်းသူများ မိမိထိုင်ခုံနေရာတွင် တည့်တည့်ထိုင်၍ ရှေ့တွင် စာပြနေသောဆရာမ၏ သင်ကြားပို့ချချက်များကို ငြိမ်သက်စွာခံယူနေကြသည်။ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိမူလတန်းကျောင်းလေးအတွင်း စာသင်ခန်းတစ်ခု၏ မြင်ကွင်းဖြစ်သည်။**

မြန်မာနိုင်ငံရှိအခြေခံပညာကျောင်းများ၌ စာသင်ခန်းအတွင်းစာသင်ချိန်တွင် ကျောင်းသားတစ်ဦးနှင့်တစ်ဦးစကားပြောဆိုခြင်းကိုကန့်သတ်ထားပြီးဆရာ၊ ဆရာမများ၏ သင်ကြားပို့ချချက်များကို ပြန်လှန်မေးခွန်း ထုတ်ဆွေးနွေးသော အလေ့အထမှာ မရှိသလောက်နည်းပါးနေသည်။

ကျောင်းသား၊ကျောင်းသူများသည် ဆရာ၊ဆရာမနှင့် ကျူရှင်များအပေါ်တွင်အလွန်အမင်းမှီခိုအားထားနေခြင်းကြောင့် ကိုယ်တိုင် လေ့လာသင်ယူခြင်း၊ စဉ်းစားတွေးခေါ် သုံးသပ်ခြင်းကဲ့သို့ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ပီပြင်စွာပေါ်ထွန်းလာရေး၊စာသင်ခန်းတွင်ဆရာနှင့်အပြန်အလှန်ဆွေးနွေးခြင်း၊ကျောင်းသား၊ကျောင်းသူများ အချင်းချင်းဆွေးနွေးခြင်း နည်းလမ်းများဖြင့် ကိုယ်တိုင်လေ့လာသင်ယူမှု ဖွံ့ဖြိုးလာစေရန် ပြောင်းလဲသွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်ရှိအမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့ ယခင်နှစ် ဇူလိုင်လတွင် ရောက်ရှိခိုက် ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်းများတွင်ဆရာဗဟိုပြုပညာသင်ကြားနည်းစနစ်ကျင့်သုံးနေရာမှကျောင်းသားဗဟိုပြုပညာသင်ကြားနည်းစနစ်ကိုပြောင်းလဲကျင့်သုံးရန် စတင်ကြိုးပမ်းအားပေးလာခဲ့သည်။ သို့သော် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာစာသင်ခန်းအများစုတွင်ဆရာ၊ဆရာမများ သည်ကြိမ်လုံးအသုံးပြု၍ စာသင်ကြားခြင်းများရှိနေဆဲဖြစ်ပြီး ဆရာနှင့် ကျောင်းသားအပြန်အလှန် ဆွေးနွေးသင်ကြားခြင်း၊ စာသင်ချိန်တွင်ကျောင်းသူ၊ကျောင်းသားအချင်းချင်းပြောဆိုဆွေးနွေးလေ့လာခြင်းအလေ့အထများကျယ်ပြန့်လာ စေရန်အခက်အခဲများရှိနေဆဲဖြစ်သည်။

“ကြိမ်လုံးနဲ့ ကျောင်းသားဗဟိုပြုသင်ကြားနည်းနဲ့က ဆန့်ကျင်ဘက်ပါပဲ။ကြိမ်လုံးက အကြောက်တရားနဲ့ကျောင်းသားကိုကိုင်တွယ်တာပါ။တကယ်တော့ ကျောင်းသားဗဟိုပြုသင်ကြားနည်းကိုသွားမယ်ဆိုရင်တုတ်တစ်ချောင်းမှမရှိသင့်ပါဘူး။ခေတ်မီတိုးတက်တဲ့စနစ်ကို ကျင့်သုံးနေတဲ့ကျောင်းတွေမှာကြိမ်လုံးရှိစရာအကြောင်းမရှိပါဘူး”ဟုနှစ်ပေါင်းသုံးဆယ်ကျော် ပညာရေးနယ်ပယ်တွင်လုပ်ကိုင်နေသောကျောင်းသား ဗဟိုပြုသင်ကြားနည်းစနစ်ဆိုင်ရာကျွမ်းကျင်ဆရာမတစ်ဦးကပြောသည်။

ကျောင်းသားဗဟိုပြုသင်ကြားနည်းသည် ကလေးများ၏ အာရုံခံစားနိုင်မှုစွမ်းရည်ကို အသိအမှတ်ပြု၍ ထိုအာရုံခံစားမှုကိုတုံ့ပြန်စေမည့်ခိုင်မာသောအတွေ့အကြုံများမှတစ်ဆင့်အသိပညာနှင့် ကျွမ်းကျင်မှုများကိုကိုယ်တိုင်အသိပညာဖြင့်တည်ဆောက်ယူစေခြင်းဖြစ်သည်။

ကျောင်းသားများအား အလွတ်ကျက်မှတ်၍ပြန်လည်ဖြေဆိုစေခြင်း၊ကျောင်းသားမှ မေးခွန်းများမေးခြင်းကို ဆူပူကြိမ်းမောင်းခြင်း၊စာသင်ခန်းတွင် စကားပြောဆိုနေခြင်းကိုပိတ်ပင်ခြင်း၊ကျောင်းသားကို ကြိမ်လုံးအသုံးပြုကိုင်တွယ်ခြင်းတို့သည် ကျောင်းသားဗဟိုပြုသင်ကြားနည်းအောင်မြင်စွာကျင့်သုံးနိုင်ရန်အတွက်အတားအဆီးများ ဖြစ်နေကြောင်း ပညာရှင်များကဝေဖန်ထောက်ပြသည်။

“ကြိမ်လုံးအသုံးပြုမှု ဘယ်လောက်အတိုင်းအတာထိရှိနေလဲဆိုတာတော့မလေ့လာထားတော့ မသိပါဘူး။ဒါပေမဲ့ကြိမ်လုံးမရှိတဲ့ကျောင်း စာသင်ခန်းဆိုတာတော့ မရှိပါဘူး။ ကျောင်းတွေ အများကြီးရောက်ဖူးပါတယ်။ တွေ့ရသလောက်တော့ကြိမ်လုံးမရှိတဲ့ကျောင်းတွေမကြုံဖူးဘူး။ကြိမ်လုံးက control (ထိန်းချုပ်) လုပ်နိုင်တဲ့အရာပေါ့။ တုတ်နဲ့ ရိုက်ချင်မှ ရိုက်မယ်။ တုတ်တစ်ချောင်းရှိတယ်ဆိုတာ ကလေးတွေရဲ့ အာရုံကိုဆွဲဆောင်လို့ရတယ်။ သင်ပုန်းပေါ်မှာရှိတာကို ညွှန်ပြချင်ရင် ဆရာမကကြိမ်လုံးနဲ့ ညွှန်လိုက်တာပါပဲ။ကလေးတွေစကားပြောနေတဲ့အချိန် အာရုံဆွဲဆောင်ချင်ရင် ထရုံကိုတုတ်နဲ့ရိုက်လိုက်တယ်။ အဲ့ဒါက ဘာကိုဆိုလိုလဲဆိုတော့ မငြိမ်ရင် ဒီဟာနဲ့ရိုက်မယ်လို့ ကလေးကနားလည်ထားတာလေ”ဟု သင်ကြားရေးနည်းစနစ်ဆိုင်ရာပညာရှင်ဖြစ်သူက ဆိုသည်။

အခြေခံပညာကျောင်းများတွင်ကျောင်းသားများအားရိုက်နှက်ဆုံးမခြင်း၊ ဆူပူမာန်မဲခြင်းဖြင့် လိမ္မာရေးခြားရှိလာစေရန်၊ပညာတတ်မြောက်စေရန် သွန်သင်နေခြင်းများသည်ခေတ်စနစ် အခြေအနေများနှင့် ကွာခြားမှုများရှိလာနေသည်။

စာ(၂၂)သို့

**ပညာရေးသတင်းတိုများ**

## စင်ကာပူကျောင်းတစ်ခုတွင် ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ဇန်နဝါရီ-၂၈**

စင်ကာပူနိုင်ငံရှိ SSA Global Education တွင်ပညာသင်ယူလိုသော မြန်မာကျောင်းသားများအနေဖြင့် ၂၀၁၂ပညာသင်နှစ်အတွက်ပညာသင်ဆုများလျှောက်ထားနိုင်ကြောင်း သိရသည်။ ဘဏ္ဍာရေးနှင့် စာရင်းအင်း၊ စာရင်းအင်းပညာဆိုင်ရာဥပဒေ၊ ဘဏ်လုပ်ငန်းဆိုင်ရာ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ်များအတွက် ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ပြီး ပြည်တွင်းရှိပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် မေးမြန်းလျှောက်ထားနိုင်သည်။

## စင်ကာပူပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန်၊ဇန်နဝါရီ-၂၈**

စင်ကာပူနိုင်ငံရှိEdu Trustလက်မှတ်ရကျောင်းများပါဝင်သော ၂၀၁၂ ခုနှစ် စင်ကာပူပညာရေးပြပွဲကို ဖေဖော်ဝါရီ ၁၇ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ပြည်ပတွင်ပညာသင်ယူလိုသောကျောင်းသားများအနေဖြင့် ပညာရေးပြပွဲသို့ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

## ကမ္ဘာ့ဘဏ်ကချီးမြှင့်မည့် ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ဇန်နဝါရီ-၂၇**

ဂျပန်နိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းချီးမြှင့်သောပညာသင်ဆု အစီအစဉ်အတွက်မဟာဘွဲ့သင်တန်းများတက်ရောက်ရန်မတ်လကုန် နောက်ဆုံးလျှောက်ထားနိုင်ကြောင်းသိရသည်။ ပညာသင်ဆုအစီအစဉ်အတွက် www. worldbank.org တွင် ဝင်ရောက်လေ့လာနိုင်သည်။

## အင်ဂျင်နီယာဘာသာရပ်အကြောင်း ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ဇန်နဝါရီ-၂၇**

မလေးရှားနိုင်ငံရှိတက္ကသိုလ်များတွင် အင်ဂျင်နီယာဘာသာရပ် လေ့လာသင်ယူလိုသောကျောင်းသားများအတွက် ပညာရေးဆွေးနွေးပွဲအား ဖေဖော်ဝါရီလ ၃ရက် နေ့လယ် ၁ နာရီမှ ၃ နာရီထိ ရွှေဘုံသာလမ်းရှိ MSI ပညာရေးရုံးခန်း၌ ပြုလုပ်မည်ဖြစ်သည်။ နော်တင်ဟမ်တက္ကသိုလ်၊ ကာတင်းတက္ကသိုလ်တို့တွင် အင်ဂျင်နီယာပညာလေ့လာသင်ယူနေသော ကျောင်းသား၊ကျောင်းသူ သုံးဦးဆွေးနွေးပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

## စာ-၂၂၊ စာသင်ခန်းထဲက ကြိမ်လုံးနှင့် ယနေ့ပညာရေး မှ

ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများရှိပညာသင်ကြားနည်းများနှင့် စာသင်ခန်းအခြေအနေများသည် ပြည်တွင်းရှိစာသင်ခန်း ဖွဲ့စည်းပုံများနှင့် ကွဲပြားခြားနားမှုများ ကြီးထွားလာနေသည်။

"နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနကတော့ မူဝါဒအားဖြင့် အပြောင်းလဲလုပ်လိုက်ပြီ။ ဒါပေမဲ့အယူအဆတစ်ခုကို လူ့အဖွဲ့အစည်းထဲပြောင်းတယ်ဆိုတာ လွယ်ကူတာတော့မဟုတ်ပါဘူး။ ကျောင်းတွေမှာတချို့ ဆရာ၊ဆရာမတွေက ကိုယ်ထိလက်ရောက် ရိုက်နှက်ဆုံးမတာတွေရှိနေသေးတယ်။ မိဘတစ်ယောက်အနေနဲ့ ကျွန်တော့်သားသမီးကို အစိုးရကျောင်းမှာပဲထားချင်တယ်။ ကျွန်တော်လည်း အစိုးရကျောင်းမှာ ကြီးပျင်းလာတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ငယ်ငယ်ကလို ရိုက်နှက်ဆုံးမတာမျိုး ကိုယ့်သားကို မကြုံတွေ့စေချင်ဘူး။ ဒါကြောင့်ကျွန်တော်ပုဂ္ဂလိကကျောင်းမှာပဲထားတယ်။အဲ့လိုပြောလို့ပုဂ္ဂလိကကျောင်းကိုသဘောကျတယ်လို့ ပြောတာမဟုတ်ပါဘူး။ပုဂ္ဂလိကကျောင်းတွေမှာလည်း လိုအပ်ချက်တွေ အများကြီးရှိတယ်။ ကိုယ့်သားသမီးကို ကိုယ်ထိလက်ရောက်ရိုက်နှက်ဆုံးမတာမကြုံတွေ့စေချင်တဲ့တစ်ချက်တည်းနဲ့ပုဂ္ဂလိကကျောင်းမှာထားတာပါ။တကယ်တော့ ဆရာ၊ဆရာမက ကျောင်းသားတွေကိုဆုံးမတဲ့နေရာမှာကိုယ်ထိလက်ရောက်ရိုက်နှက်တာတင် မဟုတ်ဘဲနဲ့အပြောအဆိုနဲ့ အပြုအမူတွေကလည်း အရေးကြီးပါတယ်။ တချို့ ဆရာမတွေကပြောတာဆိုတာ ကြမ်းတမ်းတာတွေရှိတယ်။ကြားလည်းကြားနေရတယ်၊ မြင်လည်း မြင်တွေ့နေရတယ်။ အဲ့ဒါကကလေးအနာဂတ်အတွက်၊ လူ့အဖွဲ့အစည်း အနာဂတ်အတွက်ကောင်းကျိုးမရှိပါဘူး"ဟု ပုဇွန်တောင်မြို့နယ်မှ ကလေးငယ်တစ်ဦး၏ဖခင်ကပြောသည်။

ဆရာ၊ဆရာမများ၏ စာသင်ခန်းအတွင်း ကျောင်းသားများအားကိုင်တွယ်မှု၊ သွန်သင်ဆုံးမမှု၊ ဆက်ဆံပြောဆိုပြုမူမှုများသည် အုပ်ထိန်းသူမိဘများအတွက် ဂရုပြုစရာများဖြစ်လာပြီး ဆရာနှင့်ကျောင်းသားအပြန်အလှန်နားလည်ချစ်ခင်လေးစားခြင်းထက် အကြောက်တရားကိုဦးစားပေးသောဆက်ဆံရေးကို တွန်းအားပေးလျက်ရှိသည်။

"ကျွန်တော်ထင်တယ်၊ဆရာ၊ ဆရာမ အများစုက စေတနာသန့်သန့်နဲ့ကို အရိုက်ကြမ်းကြမ်း၊ အပြောအဆိုကြမ်းကြမ်းနဲ့ ဆုံးမတာပါ။ကျွန်တော်တို့လည်း အဲ့ဒီလိုကြီးပျင်းလာခဲ့တာပါ။ နာနာရိုက်မှ လိမ္မာလာမယ်လို့ သူတို့ထင်နေကြတယ်။ အဲ့ဒါမှားပါတယ်။ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ အသက်ကြီးသူက အသက်ငယ်သူကို၊ ခွန်အားကြီးသူက ခွန်အားငယ်သူကို ကိုယ်ထိလက်ရောက်ဆုံးမတာက အရမ်းကို အမြစ်တွယ်နေတဲ့ သဘောတော့ရှိတယ်"ဟု အဆိုပါကျောင်းသားဖခင်က သုံးသပ်သည်။

ကျောင်းစာသင်ခန်းများတွင်ဆရာနှင့် ကျောင်းသားအချိုးကွာဟချက်ကြီးမားနေခြင်း၊ သင်ရိုးညွှန်းတမ်းနှင့်သင်ခန်းစာများအား အချိန်မီ ပြီးပြတ်စေရန် ဦးစားပေးနေရခြင်း၊ မိရိုးဖလာသင်ကြားမှုပုံစံဖြစ်တည်နေခြင်း၊ လုံလောက်သော ကျောင်းသားဗဟိုပြုသင်ကြားနည်းဆိုင်ရာသင်တန်းများတက်ရောက်ထားနိုင်မှုမရှိခြင်း၊အတန်းရှိ ကျောင်းသားများကို ငြိမ်အောင်မထိန်းနိုင်ထားပါက သိက္ခာကျသည် ဆိုသော အမြင်များရှိနေခြင်း စသည့် အခြေခံအကြောင်းရင်းများသည် ကျောင်းဆရာ၊ဆရာမများ အတွက် ကျောင်းသားဗဟိုပြုသင်ကြားမှုကို အသုံးပြုနိုင်ရန် ခက်ခဲမှုများဖြစ်သည်။

"ကျောင်းသားဗဟိုပြုသင်ကြားနည်းသင်တန်း တက်ပြီး ကျောင်းပြန်ရောက်တော့ အဲ့ဒီနည်းကိုသုံးပြီးသင်တယ်။ ကလေးတွေအတွက် ကစားနည်းတွေ၊ ကစားစရာတွေနဲ့သင်တယ်။ ဒါပေမဲ့ မိဘတွေက သူတို့ကလေးကို စာပဲသင်စေချင်တယ်။ အဲ့လိုနည်းနဲ့သင်နေတာကိုဆော့နေကြတယ်လို့ပဲမြင်တယ်။ကလေးတွေ ဆူညံနေတာထက် တိတ်တိတ်ဆိတ်ဆိတ်ပဲ စာသင်နေတာကို မိဘတွေက ပိုသဘောကျတယ်။ကြာတော့ ကစားစရာတွေလည်း ပျက်စီးပြီး ဆော့နေကြတယ်ပဲ မြင်နေတာဆိုတော့အရင်လို စာပဲပြန်ရေးခိုင်းရတယ်။ တော်တော်ပင်ပန်းတယ်။ ကျောင်းသားဗဟိုပြုနည်းနဲ့သင်ရတာက ရိုးရိုးတန်းတန်းသင်ရတာထက်ခွန်အား ပိုစိုက်ထုတ်ရတယ်"ဟု ပဲခူးမြို့နယ်မှ မူလတန်းပြဆရာမတစ်ဦးက ဆိုသည်။

ယင်း အခြေအနေများကြောင့် ပြည်တွင်းရှိစာသင်ခန်းအများစုသည် ကြိမ်လုံးအသုံးပြုသင်ကြားနည်းကိုသာ ဦးစားပေးကျင့်သုံးလျက်ရှိပြီး ကြိမ်လုံး မရှိသောစာသင်ခန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွန်စွာနည်းပါးနေသေးကြောင်း ပညာရှင်များက ဝေဖန်ထောက်ပြလျက်ရှိသည်။

အစိုးရနှင့် ပညာရေးဝန်ကြီးဌာန၏ မူဝါဒချမှတ်မှု၊ သက်ဆိုင်ရာ ပညာရေးဝန်ထမ်းများ၏ အစီအစဉ်ကျနသော အကောင်အထည်ဖော်ဆောင်ရွက်မှု၊ဆရာ၊ ဆရာမများနှင့် အုပ်ထိန်းသူ မိဘများ၏ ပညာသင်ယူခြင်းအပေါ် သဘောထားအမြင် ပြောင်းလဲမှုများဖြင့် ကျောင်းသားများအတွက် ကြိမ်လုံးကင်းစင်သော စာသင်ခန်းများ ပိုမိုများပြားလာစေရန် တည်ဆောက်ရမည်ဖြစ်သည်။

သို့မှသာ တိတ်ဆိတ်ငြိမ်သက်နေသောကျောင်းစာသင်ခန်းများသည် ဆွေးနွေးငြင်းခုံမှု၊ရင်းနှီးတိုင်ပင်မှု၊ ဝေဖန်သုံးသပ်မှု၊အဖွဲ့စည်းစိတ်ဓာတ်ဖြစ်တည်မှု၊ တက်ကြွပျော်ရွှင်မှုများဖြင့် ပညာလေ့လာဆည်းပူးစရာနေရာများအဖြစ်သို့ ပြောင်းလဲနိုင်မည်ဖြစ်သည်။

## ဗြိတိသျှကောင်စီ နွေရာသီအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

**အင်္ဂလိပ်ဘာသာစကား လေ့လာ သင်ယူလိုသော ကျောင်းသားများအတွက် နွေရာသီအင်္ဂလိပ်စာသင်တန်းကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သတင်းရရှိသည်။**

ကျောင်းသားများအတွက် အသက် ၇ နှစ်မှ ၉ နှစ်၊အသက် ၁၀ နှစ်မှ ၁၂နှစ်၊အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အသက် ၁၆ နှစ်မှ ၁၇နှစ်စသည်ဖြင့် ခွဲခြား၍ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းငါးသောင်းဖြစ်သည်။

နွေရာသီအင်္ဂလိပ်စာ သင် တန်းများကို မတ်လ ၂၁ရက်မှ ဧပြီ ၅ ရက်ထိ နာရီပေါင်း ၃၀ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အတန်းတစ်တန်းတွင် ကျောင်းသား ၁၈ဦးသာ အများဆုံးထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းများအတွက် ဖေဖော်ဝါရီ၁၃ ရက်တွင် စတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် မလိုအပ်ကြောင်းသိရသည်။

ဗြိတိသျှကောင်စီ(မြန်မာ)တွင် နွေရာသီအင်္ဂလိပ်စာသင်တန်းတက်ရောက်လိုသော ကျောင်းသားများအနေဖြင့် အမှတ်( ၇၈)၊ ကမ်းနားလမ်းရှိ ၄င်းဌာနသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။

## Chevening ပညာသင်ဆု ဖေဖော်ဝါရီ ၁၇ နောက်ဆုံး လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊**

**ဇန်နဝါရီ-၂၆**

ဗြိတိန်နိုင်ငံတွင်ဘွဲ့လွန်ပညာဆည်းပူးလေ့လာလိုသောမြန်မာကျောင်းသားများအနေဖြင့် Chevening ပညာသင်ဆုအစီအစဉ်ကိုဖေဖော်ဝါရီ ၁၇ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း ဗြိတိသျှသံရုံးမှ သတင်းထုတ်ပြန်လိုက်သည်။

နိုင်ငံအဝန်းရှိထူးချွန်မြန်မာကျောင်းသားများကို ရွေးချယ်၍ ဗြိတိန်တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းပညာ တက္ကသိုလ်များတွင် တစ်နှစ်ကြာမြင့်မည့် မဟာဘွဲ့သင်တန်းတက်ရောက်နိုင်ရန် ယင်းပညာသင်ဆုချီးမြှင့်နေခြင်းဖြစ်သည်။

"ဗြိတိသျှတက္ကသိုလ်တွေဟာ ကာလရှည်ကြာစွာ မြင့်မားတဲ့ အသိအမှတ်ပြုမှုတွေ ရရှိထားပါတယ်။ယူကေမှာပညာသင်ယူဖို့ မြန်မာရဲ့ အနာဂတ်ခေါင်းဆောင်တွေကို တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ပညာအရည်အသွေးတွေ ကျွန်တော်တို့ ပံ့ပိုးကူညီနိုင်တဲ့အတွက် ကျေနပ်မိပါတယ်။ ဒီနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးက အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် အခုလို အပြောင်းအလဲကာလမှာ ဖြစ်ပါတယ်။ ပညာသင်ဆုလျှောက်ထားဖို့ကျွန်တော် အားပေးလိုပါတယ်"ဟု ဗြိတိသျှသံအမတ် Mr Andrew Heyn က ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

Chenvening ပညာသင်ဆုအစီအစဉ်ဖြင့် ဗြိတိန်နိုင်ငံတွင် မြန်မာကျောင်းသား ၃၂ ဦး ပညာသင်ယူခဲ့ပြီး၊ ယခင်နှစ်က မြန်မာကျောင်းသား ၃ဦးသည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုပညာရပ်၊ ကူးစက်ရောဂါပြန့်ပွားခြင်း၊ ကာကွယ်ခြင်းဆိုင်ရာပညာရပ်၊ နိုင်ငံတကာပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုပညာရပ်တို့ကို လေ့လာသင်ယူလျက်ရှိကြကြောင်းသိရသည်။

ယခုပညာသင်ဆုအစီအစဉ်အတွက် လူ့အခွင့်အရေး၊ နိုင်ငံရေးသိပ္ပံနှင့် အုပ်ချုပ်မှု၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်၊ ဂျာနယ်လစ်ဇင်နှင့် မီဒီယာ၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ပဋိပက္ခဖြေရှင်းရေးဘာသာ ရပ်များလျှောက်ထားသူများကိုဦးစားပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိဗြိတိသျှသံရုံးကထုတ်ပြန်ထားသည်။

ပညာသင်ဆုရွေးချယ်ခံရပါက ဗြိတိန်ဗီဇာ၊ ဗြိတိန်နိုင်ငံသို့အသွားအပြန် လေယာဉ်လက်မှတ်၊ စတာလင်ပေါင် ၁၂၀၀၀ ထက် မပိုသော ကျောင်းစရိတ်နှင့် လစဉ် အသုံးစရိတ်များကို ရရှိမည်ဖြစ်ပြီး https://www. chevening. fco.gov.uk/ Chevening Applications/CA_Start. aspx မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။



Technology

7Day News Journal

Vol.10, No.46 • FEBRUARY 2 , 2012

# ဘားကမ့်ရန်ကုန်တွင် ဆွေးနွေးမည့်အကြောင်းအရာများ ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာတွင် လွှင့်တင်မည်




ယုဇနကိုကို

**ရန်ကုန်၊ ဇန်နဝါရီ-၂၄**

နည်းပညာဆိုင်ရာ အကြောင်းအရာများကို လွတ်လပ်စွာ ဟောပြောဆွေးနွေးလိုသည့် ဘားကမ့်ရန်ကုန် (Barcamp Yangon 2012) ကိုတတိယအကြိမ်မြောက်ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါနည်းပညာဖလှယ်ပွဲတွင် ဆွေးနွေးဟောပြောကြမည့် အကြောင်းအရာများကို ဖေ့စ်ဘွတ်ခ်နှင့်တွစ်တာဆိုက်များတွင် ထပ်ဆင့်လွှင့်တင်ခြင်းကိုပါယခင်နှစ်များကဲ့သို့ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဘားကမ့်ရန်ကုန် ၂၀၁၂ တွင် ပါဝင်လာမည့် ပြည်တွင်း၊ပြည်ပမှကွန်ပျူတာပညာရှင်ဦးရေမှာ ယခင် ကျင်းပပြီးစီးသော အကြိမ်များထက် ပိုမိုများပြားလာမည်ဖြစ်ကြောင်း ထိုပွဲကို စီစဉ်သူမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ သတင်းရရှိသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဆွေးနွေးဟောပြောကြမည့် အိုင်စီတီဆိုင်ရာ ထုတ်ကုန်များနှင့် နည်းပညာဆိုင်ရာ အကြောင်းအရာများမှာလည်း ဆန်းသစ်များပြားလာနိုင်ဖွယ်ရှိကြောင်း အထက်ပါစီစဉ်သူအဖွဲ့မှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

ထိုပွဲနှင့်ပတ်သက်၍ ရန်ကုန်မြို့တွင်း ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုမှအသက် ၂၄ နှစ်အရွယ်ရှိ လုပ်သက် ၄ နှစ်ခန့်ရှိ ဝက်ဘ်ဒီဇိုင်နာအမျိုးသားတစ်ဦးက "ဘားကမ့်ကို နှစ်တိုင်းတက်ဖြစ်ပါတယ်။ အဓိကက ပြည်တွင်းအပြင် ပြည်ပက ပညာရှင်တွေလာတာအရမ်းကောင်းတယ်။ ကျွန်တော်တို့မသိတာတွေကျွန်တော်တို့ဒီမှာမလုပ်နိုင်တာတွေကိုသူတို့ဆီကနေ သိရကြားရတဲ့အတွက် နောက်ပိုင်းမှာ ပြန်ပြီးလက်တွေ့ကျကျအသုံးချနိုင်ပါတယ်။ အခုတစ်ခေါက်မှာ နိုင်ငံတကာဘားကမ့်တွေ ပိုလာမယ်ဆိုရင် ဒီကနည်းပညာလောကမှာ ပိုပြီးပြောင်းလဲမှုတွေဖြစ်လာမယ်လို့ထင်ပါတယ်"ဟု ၎င်း၏အမြင်ကိုပြောသည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ဦးစီးကျင်းပသည့် အဆိုပါဘားကမ့်ကို လာမည့်ဖေဖော်ဝါရီ ၁၁ နှင့် ၁၂ ရက်များတွင် ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၀ ဖေဖော်ဝါရီလမှ စတင်ကာကျင်းပခဲ့သည့် ဘားကမ့်ရန်ကုန်သည် ပထမဆုံးကျင်းပခဲ့သည့်အကြိမ်တွင်တက်ရောက်သူဦးရေနှစ်ထောင်ကျော်ခဲ့သည်။

ဒုတိယအကြိမ်ကျင်းပသည့်ပွဲတွင် တက်ရောက်သူဦးရေမှာ လေးထောင်ဝန်းကျင်ရှိခဲ့ပြီး နိုင်ငံတကာမှ Barcamper ဦးရေ နှစ်ဆယ်နီးပါး တက်ရောက်ခဲ့ကြသည်။

# Apple ထုတ်ကုန်များတွင် ဖေဖော်ဝါရီ ၁၄ အမှတ်တရစာသားများ ရေးထိုးနိုင်ပြီ

ယုဇနကိုကို

**ရန်ကုန်၊ဇန်နဝါရီ-၂၈**

Apple ၏နည်းပညာထုတ်ကုန်ပစ္စည်းများပေါ်တွင် ဖေဖော်ဝါရီ ၁၄ နှင့်သက်ဆိုင်သည့် အမှတ်တရစာသားများကို ရေးသားထိုးထွင်းနိုင်မည့် (Engraving) အစီအစဉ်တစ်ခုကို ကေအမ်ဒီကွန်ပျူတာကုမ္ပဏီက ၎င်း၏အရောင်းစင်တာများတွင် ဝန်ဆောင်မှုပေးသွားမည်ဟု သတင်းရရှိသည်။

မကြာမီ ရောက်ရှိလာမည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် Apple ၏ ထုတ်ကုန်များကို အမှတ်တရလက်ဆောင်ပေးလိုသူများအတွက် ပြုလုပ်ပေးမည့် အဆိုပါအစီအစဉ်သည် စင်ကာပူနိုင်ငံရှိ Apple Store မှ တိုက်ရိုက်မှာယူပေးမည်ဖြစ်သည်။



အဆိုပါအစီအစဉ်တွင် မှာယူနိုင်မည့် ပစ္စည်းများမှာ iPod Shuffel ၊ iPod nano၊ iPod Touch နှင့် iPad 2 အစရှိသည့် ထုတ်ကုန်များဖြစ်သည်။

အဆိုပါ နည်းပညာထုတ်ကုန်များကို ကေအမ်ဒီကုမ္ပဏီမှတစ်ဆင့် မှာယူလိုသူများအနေဖြင့် မိမိဝယ်ယူသည့် ပစ္စည်းများပေါ်တွင် အမှတ်တရစာသားများ ရေးထိုးမှာယူရာတွင် မူလပါကင်အတိုင်းကိုလက်ခံရရှိမည်ဖြစ်သည်။

ယင်းအစီအစဉ်ဖြင့် စင်ကာပူနိုင်ငံ Apple Store မှ ထုတ်ကုန်များကို မှာယူလိုသူများအနေဖြင့် လာမည့် ဖေဖော်ဝါရီ ၇ ရက်နောက်ဆုံးထားပြီး KMD Apple Corner တွင် မှာယူနိုင်ကြောင်း သိရသည်။

# Telenor မိုဘိုင်းကုမ္ပဏီ မြန်မာ့ဆက်သွယ်ရေးသို့ အကူအညီပေးရန် အစီအစဉ်ရှိ

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

နော်ဝေအခြေစိုက် ကမ္ဘာကျော် Telenor မိုဘိုင်းကုမ္ပဏီက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးရေး အကူအညီများပေးသွားရန်အစီအစဉ်ရှိကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက် နော်ဝေအစိုးရက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လမ်းဖွင့်ပေးခဲ့ရာ Telenor ကုမ္ပဏီက ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိပြီး ပထမဆုံးအနေဖြင့် အကူအညီပေးရန် အစီအစဉ်ရှိကြောင်း ဝန်ကြီးကဆိုသည်။

**စာ(၂၄)သို့**



# ၂၀၁၁ တွင် အာရှပစိဖိတ်၌ ကွန်ပျူတာရောင်းချရမှု ၁၁ ရာခိုင်နှုန်းမြင့်တက်

**မနီလာ၊ ဇန်နဝါရီ - ၂၃**

တစ်ကိုယ်ရေသုံး ကွန်ပျူတာများ အာရှပစိဖိတ်ဒေသအတွင်းရောင်းချရမှုသည် ၂၀၁၁ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သုတေသနကုမ္ပဏီ IDC ကပြောကြားသည်။

IDC ၏ အစီရင်ခံစာ၌ အာရှပစိဖိတ်ဒေသ၏ ထိပ်တန်းကွန်ပျူတာကုမ္ပဏီကြီးသုံးခုဖြစ်သော လီနိုဗို၊ အေဆာနှင့် ဒဲလ်တို့၏ကွန်ပျူတာများတင်ပို့ရောင်းချမှုမြင့်တက်လာခြင်းကြောင့် ထိုသို့ရောင်းအားတက်ခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။ IDC က ၂၀၁၁ နှစ်ကုန်တွင် တရုတ်ကွန်ပျူတာကုမ္ပဏီ လီနိုဗို၏ ဈေးကွက်ဝေစုသည် ၂၂ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ကွန်ပျူတာရောင်းချရမှုနှုန်း ၂၄ ရာခိုင်နှုန်းရှိခဲ့သည်ဟုဆိုသည်။

အေဆာကုမ္ပဏီမှာ ရောင်းအား ၃၈ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ရောင်းအား ၉ ရာခိုင်နှုန်းမှ ၂၀၁၁ ခုနှစ်တွင် ရောင်းအား ၂၃ ရာခိုင်နှုန်းဖြင့် စံချိန်တင်ခဲ့ကာ ဈေးကွက်ဝေစု ၁၀ ဒသမ ၄ ရာခိုင်နှုန်းရခဲ့သည်။ IDC ၏ အာရှပစိဖိတ်သုတေသနဌာနဒုဥက္ကဋ္ဌ ဘရိုင်ယန်မားကလည်း "ပီစီကွန်ပျူတာဈေးကွက်ဟာ ပြီးခဲ့တဲ့နှစ်က ဝယ်ယူမှုတိုးခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးမသေချာမှုနဲ့ သင်ပုန်းကွန်ပျူတာတွေ ဈေးကွက်တွင်း ပြိုင်ဆိုင်မှုကြီးထွားလာတာတောင်မှ တိုးလာခဲ့တာပါ"ဟုပြောသည်။

—*Ref: ANN*



Photo - Getty Images




# ITPEC စာမေးပွဲကျင်းပမည်

ယုဇနကိုကို

**ရန်ကုန်၊ဇန်နဝါရီ- ၂၆**

ပြည်တွင်းသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) မှ နှစ်စဉ်ကျင်းပပေးနေကျဖြစ်သည့် ITPEC စာမေးပွဲများကို မကြာမီကျင်းပပေးတော့မည်ဖြစ်သည်။

အာရှနိုင်ငံအများစုတွင် နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အဆိုပါ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ စာမေးပွဲကို အမျိုးအစားနှစ်မျိုး ခွဲခြားထားကြောင်း MCPA မှသိရသည်။

Fundamental Information Technology Engineering Examination (FE) စာမေးပွဲနှင့် Information Technology Passport Examination (IT Passport) စာမေးပွဲတို့ဖြစ်သည်။

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာအခြေခံဗဟုသုတရှိပြီး အိုင်တီလုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နေသူများအနေဖြင့် IT Passport စာမေးပွဲကို ဖြေဆိုနိုင်မည်ဖြစ်သည်။

FE စာမေးပွဲမှာမူ ပရိုဂရမ်မာများ၊ ပရိုဂရမ်ဒီဇိုင်းရေးဆွဲသူများနှင့် ဆော့ဖ်ဝဲလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသည့် အိုင်တီကျွမ်းကျင်သူများဖြေဆိုရမည့် စာမေးပွဲအမျိုးအစားဖြစ်သည်။

ITPEC စာမေးပွဲကို မြန်မာနိုင်ငံကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားများ၊ အိုင်စီတီလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသူများနှင့် ကွန်ပျူဘာသာရပ်ကို စိတ်ဝင်စားသူမည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်သည်။

Information Technology Professional Examination Council အမည်ရှိ အဖွဲ့အစည်းမှ စစ်ဆေးပေးသည့် အဆိုပါ စာမေးပွဲသည် အိုင်စီတီဘာသာရပ်ကို လေ့လာလိုက်စားပြီး ကျွမ်းကျင်ပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လိုသူများ၏ အရည်အချင်းကို စစ်ဆေးအသိအမှတ်ပြုပေးခြင်းဖြစ်သည်။

ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ မြန်မာနှင့်ဂျပန်နိုင်ငံတို့သည်ITPEC အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။

စာမေးပွဲကိုလာမည့် ဧပြီ ၂၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီးစာမေးပွဲအမျိုးအစားနှစ်မျိုးကို တစ်ချိန်တည်းတွင်ဖြေဆိုရမည်ဖြစ်သည်။

ဖြေဆိုခွင့်လျှောက်လွှာများကို ဖြေဆိုရမည့် ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံဝင်းအတွင်းရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းသို့ ၂၀၁၂ ဧပြီ ၂၅ ရက်တွင် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

## စာ(၂၃) - Telenor မိုဘိုင်းကုမ္ပဏီက မြန်မာ့ဆက်သွယ်ရေးသို့ အကူအညီပေးရန် အစီအစဉ်ရှိ မှ

မြန်မာနိုင်ငံနှင့် နော်ဝေးနိုင်ငံတို့ ကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများပြုလုပ်ရန် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်းကပြောသည်။

Telenor မိုဘိုင်းကုမ္ပဏီသည် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။

နော်ဝေးနိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် စက်မှုဝန်ကြီး ဦးစိုးသိမ်း အပါအဝင် တခြားသောအဖွဲ့အစည်းအချို့နှင့် တွေ့ဆုံခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ သတင်းထောက်များနှင့် တွေ့ဆုံခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# မြန်မာပြည် လူနေမြို့ ရွာပြဿနာများ

ဒေါက်တာကျော်လတ်



မြန်မာပြည်လူနေမြို့ရွာများနှင့်ပတ်သက်၍ အဓိကကျသောဝိသေသနလက္ခဏာများမှာ (၁) ကျေးလက်ဒေသများမှ မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ခြင်းအားဖြင့် မြို့ပြဒေသများတွင် လူဦးရေတိုးနှုန်းမြင့်မားခြင်း၊ (၂) မြန်မာပြည်တွင် လူဦးရေအများဆုံးဖြစ်သော ရန်ကုန်မြို့သည် ဒုတိယအကြီးဆုံးဖြစ်သည့် မန္တလေးမြို့ထက် ငါးဆခန့် ပိုမိုကြီးလျက်ရှိခြင်း၊ (၃) မြန်မာပြည်၏ တောင်ပိုင်းဒေသများတွင် လူဦးရေသိပ်သည်းမှုမြင့်မား၍ မြောက်ပိုင်းဒေသများတွင် လူဦးရေသိပ်သည်းမှုနည်းပါးခြင်း၊ (၄) မြန်မာပြည်၏တောင်ပိုင်းဒေသများတွင် မြို့ကြီးပြကြီးများနှင့် မြို့ပြဒေသနေလူဦးရေများပြားခြင်းတို့ ဖြစ်ပါသည်။

တတိယအချက်ဖြစ်သည့် မြန်မာပြည်တောင်ပိုင်းဒေသများတွင် လူဦးရေသိပ်သည်းမှုမြင့်မားခြင်းနှင့်ပတ်သက်၍ မြန်မာပြည်၏တောင်ပိုင်းဒေသများဟု သတ်မှတ်နိုင်သော ပဲခူးတိုင်းတောင်ပိုင်းတွင်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များသည် ဧရိယာအားဖြင့် မြန်မာပြည်တစ်ပြည်လုံး၏ ထက်ဝက်ခန့် (၅၃ ဒသမ ၇၈ ရာခိုင်နှုန်း)ရှိသော်လည်း လူဦးရေအားဖြင့် ၁၉၈၃ ခုနှစ်ခန့်တွင် ၂၂ သန်းခန့်နေထိုင်ပြီး မြောက်ပိုင်းဒေသများတွင် ၁၃ သန်းခန့်သာနေထိုင်ကြသဖြင့် သိပ်သည်းမှုအားဖြင့် တောင်ပိုင်းဒေသများတွင် စတုရန်းတစ်မိုင်လျှင် လူ ၁၅၈ ဦးခန့်နှင့် မြောက်ပိုင်းဒေသများတွင်စတုရန်းတစ်မိုင်လျှင်လူ ၁၀၈ ဦးခန့် နေထိုင်ကြပါသည်။ မြို့ပြဒေသများတွင် နေထိုင်ကြသောလူဦးရေနှင့် ပတ်သက်၍ မြန်မာပြည်တစ်ပြည်လုံးတွင် အဆိုပါ ၁၉၈၃ ခုနှစ်က မြို့ပြဒေသနေ လူဦးရေ ၈ ဒသမ ၆၉ သန်းရှိခဲ့ရာ ၆ ဒသမ ၁၅ သန်းခန့်ရှိသော (သို့မဟုတ်) စုစုပေါင်း မြို့ပြဒေသနေ လူဦးရေ၏ ၇၀ ဒသမ ၈ ရာခိုင်နှုန်းသည် တောင်ပိုင်းရှိ ၅၄ ရာခိုင်နှုန်းခန့်သော ဧရိယာတွင် နေထိုင်ကြသည်။ ယင်းသို့ တောင်ပိုင်းဒေသများတွင် မြို့ပြများပေါ်ပေါက်ပြီး လူဦးရေသိပ်သည်းမှုမြင့်မားသော်လည်း မြောက်ပိုင်းဒေသများတွင် လူနေကျဲ၍ အများစုမှာ ကျေးလက်ဒေသများတွင်သာ နေထိုင်ကြသည်။ ထိုလက္ခဏာမှာ မြန်မာပြည်၏ မြောက်ပိုင်းနှင့်တောင်ပိုင်းဖွံ့ဖြိုးမှုကွာခြားချက်ကို ဖော်ပြခြင်းဖြစ်သည်။ ရရှိသောစာရင်းဇယားများအရမြန်မာပြည်တွင် ၁၉၉၉ ခုနှစ်တွင်း မြို့များဟု သတ်မှတ်သော မြို့ပြဒေသများ ၄၀၀ နီးပါးခန့်ရှိသည်။ ထိုလူဦးရေတွင်တစ်သိန်းအထက်ရှိသော မြို့များမှာ ၁၆ မြို့ရှိ၍ လူဦးရေတွင် ငါးသောင်းနှင့်တစ်သိန်းအတွင်းရှိသော မြို့များမှာ ၂၀ ရှိသည်။ ထိုလူဦးရေတစ်သိန်းအထက်ရှိသော မြို့များမှ ခြောက်မြို့သာ မြောက်ပိုင်းဒေသများဖြစ်သော၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးကိုင်းတို့တွင်သာရှိသည်။ မြန်မာပြည်၏ မြို့ပြဒေသလူဦးရေ၇၁ ရာခိုင်နှုန်းခန့်သည် မြန်မာပြည်တောင်ပိုင်းဒေသများတွင်ရှိသည့်အပြင်လက်ရှိအကောင်အထည်ဖော်ရန် စီမံကိန်းကြီးတို့ကြောင့် တောင်ပိုင်းဒေသတွင် လူဦးရေငါးသိန်းပတ်ဝန်းကျင်ခန့်ရှိမည့် မြို့ကြီးများ နောင်လာမည့်နှစ် ၄၀ ခန့်တွင် ထပ်မံတိုးပွားပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ယင်းတို့မှ အရေးအကြီးဆုံးသော ပေါ်ပေါက်မည့်မြို့များမှာ SEZ (Special Economic Zone) ခေါ် အထူးစီးပွားရေးဇုန်တို့ဖြစ်သည်။ အကောင်အထည်ဖော်မည့်စီမံကိန်းကြီးများကြောင့် ထားဝယ်မြို့နှင့် ကျောက်ဖြူမြို့တို့သည် တစ်သန်းပတ်ဝန်းကျင်ခန့်အထိ ကြီးပွားလာနိုင်သည်။ အထူးစီးပွားရေးဇုန်များတွင် လူဦးရေတစ်သိန်းခန့်အတွက် အလုပ်အကိုင်များ ဖော်ထုတ်မည်ဆိုပါလျှင် ထိုမြို့ ထိုဒေသသည် မိသားစုများနှင့် ပေါင်းစပ်လျှင် ငါးသိန်းခန့်အထိ ကြီးထွားမည်ဖြစ်သည်။ တစ်ဖန် ထိုလူဦးရေငါးသိန်းခန့်ကို ပံ့ပိုးမှုလုပ်ငန်းများအတွက် ထပ်မံ၍ လူဦးရေသုံးသိန်းခန့် တိုးပွားမည်ဖြစ်သည်။ ထို့ကြောင့် လုပ်သားဦးရေ တစ်သိန်းခန့်အတွက် စက်ရုံ၊ အလုပ်ရုံများ ဖော်ထုတ်ပါလျှင် လူတစ်သန်းခန့်အထိပင် ကြီးထွားလာနိုင်သည်။

ယင်းတို့ကိုအခြေခံ၍ နောင်လာမည့်ဆယ်စုနှစ်များတွင်အထူးစီးပွားရေးဇုန်များဖြစ်သည့် ထားဝယ်နှင့် ကျောက်ဖြူမြို့တို့အပြင် ငါးသိန်းအထက်ခန့်ပင် ရှိမည့် မော်လမြိုင်မြို့၊ ပုသိမ်မြို့၊ ပြည်မြို့ အစရှိသည်တို့ကို ထည့်သွင်းတွက်ချက်ပါလျှင် မြန်မာပြည်တောင်ပိုင်းဒေသများသည်တစ်သန်းပတ်ဝန်းကျင်ခန့်ရှိသည့် မြို့ကြီးပေါင်း ၁၀ မြို့ခန့်ပင် ရှိနိုင်ပြီး မြောက်ပိုင်းဒေသများတွင်မူ မန္တလေးမြို့သည်သာ တစ်သန်းမှ နှစ်သန်းခန့်ရှိမည့်မြို့ဖြစ်ပေသည်။ မြောက်ပိုင်းဒေသရှိ အလုပ်အကိုင်နှင့် စီးပွားရေးစွမ်းဆောင်မှုရှိသောမြို့များဖြစ်သည့် လားရှိုးမြို့၊ တောင်ကြီးမြို့၊ မုံရွာမြို့နှင့် မြစ်ကြီးနားမြို့တို့သည် လူဦးရေငါးသိန်းခန့်စီရှိသော မြို့ကြီးများအဖြစ် ၂၀၅၀ ခုနှစ်တွင်ပြောင်းလဲနိုင်ရန် အလားအလာရှိပါသည်။

မြန်မာပြည် လူဦးရေဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ထိုသို့တောင်ပိုင်းဒေသများတွင် မြို့ကြီးပြကြီးများပေါ်ပေါက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများခြင်း စသည်တို့မှာ နိုင်ငံတော် စည်းလုံးညီညွတ်မှုအတွက် ကောင်းသော အလားအလာများ မဟုတ်ပေ။ ယင်းသည်ကို ရှေ့ရှု၍ မြန်မာပြည်မြောက်ပိုင်းဒေသတွင်ရှိသော မြို့ကြီးများဖြစ်သည့် မန္တလေး၊ လားရှိုး၊ မုံရွာ၊ တောင်ကြီး၊ ဗန်းမော်နှင့် မြစ်ကြီးနားမြို့များကို ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားသင့်ပေသည်။ ။

| စဉ် | ပြည်နယ်/တိုင်း | လူဦးရေ | | | ဧရိယာ/စတုရန်းမိုင် | ဧရိယာ ရာခိုင်နှုန်း | လူနေသိပ်သည်းမှု စတုရန်းမိုင် |
|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | စုစုပေါင်း | | | |
| ၁။ | ကချင် | ၀. ၂၀ | ၀. ၇၀ | ၀. ၉၀ | ၃၄၃၇၉ | ၁၃. ၁၆ | ၂၆ |
| ၂။ | ကယား | ၀. ၀၄ | ၀. ၁၂ | ၀. ၁၇ | ၄၅၃၀ | ၁. ၇၃ | ၃၇ |
| ၃။ | ချင်း | ၀. ၀၅ | ၀. ၃၁ | ၀. ၃၇ | ၁၃၉၀၇ | ၅. ၃၂ | ၂၇ |
| ၅။ | စစ်ကိုင်း | ၀. ၅၃ | ၃. ၃၂ | ၃. ၈၆ | ၃၆၅၃၄ | ၁၃. ၉၉ | ၁၀၆ |
| ၆။ | မန္တလေး | ၁. ၂၁ | ၃. ၃၆ | ၄. ၅၈ | ၁၄၂၉၅ | ၅. ၄၇ | ၃၂၀ |
| ၉။ | မကွေး | ၀. ၄၉ | ၂. ၇၅ | ၃. ၂၄ | ၁၇၃၀၅ | ၆. ၆၂ | ၁၈၇ |
| | မြန်မာနိုင်ငံအထက်ပိုင်း | ၂. ၅၄ | ၁၀. ၅၈ | ၁၃. ၁၂ | ၁၂၀၉၅၀ | ၄၆. ၃၀ | ၁၀၈ |
| ၇။ | တနင်္သာရီ | ၀. ၂၂ | ၀. ၇၀ | ၀. ၉၁ | ၁၆၇၃၆ | ၆. ၄၁ | ၅၅ |
| ၃။ | ကရင် | ၀. ၁၈ | ၀. ၈၈ | ၁. ၀၆ | ၁၁၇၃၁ | ၄. ၄၉ | ၉၀ |
| ၈။ | ပဲခူး | ၀. ၇၄ | ၃. ၀၆ | ၃. ၈၀ | ၁၅၂၁၄ | ၅. ၈၂ | ၂၅၀ |
| ၁၀။ | မွန် | ၀. ၄၇ | ၁. ၂၁ | ၁. ၆၈ | ၄၇၄၈ | ၁. ၈၂ | ၃၅၄ |
| ၁၁။ | ရခိုင် | ၀. ၃၀ | ၁. ၇၄ | ၂. ၀၅ | ၁၄၂၀၀ | ၅. ၄၄ | ၁၄၄ |
| ၁၂။ | ရန်ကုန် | ၂. ၇၁ | ၁. ၂၂ | ၃. ၉၇ | ၃၉၂၇ | ၁. ၅၀ | ၁၀၁၀ |
| ၁၃။ | ရှမ်း | ၀. ၇၉ | ၂. ၉၂ | ၃. ၇၂ | ၆၀၁၅၅ | ၂၃. ၀၃ | ၆၂ |
| ၁၄။ | ဧရာဝတီ | ၀. ၇၄ | ၄. ၂၅ | ၄. ၉၉ | ၁၃၅၆၇ | ၅. ၁၉ | ၃၆၈ |
| | မြန်မာနိုင်ငံအောက်ပိုင်း | ၆. ၁၅ | ၁၅. ၉၈ | ၂၂. ၁၈ | ၁၄၀၂၇၈ | ၆၃. ၇၀ | ၁၅၈ |
| | စုစုပေါင်း | ၁၁. ၂၃ | ၃၇. ၁၄ | ၄၈. ၄၁ | ၂၆၁၂၂၈ | ၁၀၀. ၀၀ | ၁၈၅ |

# အုပ်ချုပ်ရေးဥပဒေပြုရေးကဏ္ဍများတွင် အမျိုးသမီးများ ပိုမိုနေရာရရန်လိုဟုဆို

**မေဝင်းမွန်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

မြန်မာနိုင်ငံလူဦးရေ၏ ငါးဆယ်ရာခိုင်နှုန်းကျော်ရှိသည့်အမျိုးသမီးများကို အမျိုးသားများနှင့်ခွင့်တူညီမျှရေးအတွက် နိုင်ငံတော်အုပ်ချုပ်မှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ဥပဒေဖော်ဆောင်မှုစသည့်ကဏ္ဍများတွင် ပိုမိုနေရာရရန်လိုအပ်ကြောင်း အမျိုးသမီးများ အခွင့်အရေးဆိုင်ရာလေ့လာဆောင်ရွက်သောအဖွဲ့အစည်းများမှသိရသည်။

အမျိုးသမီးထုကိုကိုယ်စားပြုသည့်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကိုကြည့်လျှင်လည်း ရာခိုင်နှုန်းအနည်းငယ်သာရှိနေပြီး အမျိုးသား၊ အမျိုးသမီးခွင့်တူညီမျှရေးဆောင်ရွက်သည့် အဖွဲ့အစည်းများက လာမည့်ကြားဖြတ်ရွေးကောက်ပွဲအမီ အမျိုးသမီးကိုယ်စားပြုပုဂ္ဂိုလ်များပိုမိုနေရာရလာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းအမျိုးသမီးများ လူနေမှုဘဝ တိုးတက်ရေးဆောင်ရွက်နေသည့် အင်န်ဂျီအို တစ်ခုကဆိုသည်။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်က ၄ ရာခိုင်နှုန်းလောက်ပဲကိုယ်စားပြုနေတယ်။ နိုင်ငံတကာစံနှုန်းတို့၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်တွေနဲ့ဆိုရင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းရှိရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာတော့ တန်းတူအခွင့်အရေးရှိတယ်လို့ပါပါတယ်။ လွှတ်တော်မှာအမျိုးသမီး ဦးရေဘယ်လောက်ရာခိုင်နှုန်းရှိရမယ်ဆိုတာ အခြားနိုင်ငံအတော်များများမှာရှိတယ်။ ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း၊ အချို့ဆိုရင် ၅၀ ရာခိုင်နှုန်း အဲလိုမျိုးတွေရှိတယ်။ ဒါကြောင့်မို့လို့ လာမယ့်ကြားဖြတ် ရွေးကောက်ပွဲကနေစပြီးတော့ တိုးတက်လာစေချင်လို့ဆောင်ရွက်နေပါတယ်"ဟု အမျိုးသမီး အခွင့်အရေးဆိုင်ရာ အင်န်ဂျီအိုဖြစ်သော ဖန်တီးအိမ်မှ ဒါရိုက်တာဒေါ် ရွှေရွှေစိန်လတ်က ပြောကြားသည်။


လာမည့်ဧပြီလကြားဖြတ် ရွေးကောက်ပွဲတွင်လစ်လပ်နေရာ ၄၈ ရှိနေရာရှိပြီး တိုင်းဒေသကြီးလွှတ်တော်တွင် ၂ နေရာ၊ အမျိုးသားလွှတ်တော်တွင် ၆ နေရာ၊ ပြည်သူ့လွှတ်တော်တွင် နေရာ ၄၀ ရှိသည်။

"အမျိုးသမီးတွေအတွက် ပံ့ပိုးပေးတဲ့ အဖွဲ့အစည်းတွေကလည်း အရှိန်အဟုန်နဲ့ဆောင်ရွက်ပေးကြမယ် ဆိုရင်ရှေ့လုပ်ငန်းစဉ်အတွက် ပိုပြီးကောင်းလာနိုင်ပါတယ်။ နိုင်ငံတော်ကလည်း ဒီထက်ပိုပြီးတော့ အမျိုးသမီး၊ အမျိုးသားခွင့်တူညီမျှမှုနဲ့ပတ်သက်ပြီး လုပ်ပေးမယ်၊ ကာယကံရှင်တွေကလည်းအသိပညာတွေ၊ အခြားနိုင်ငံတွေကလုပ်နည်းလုပ်ဟန်တွေသိလာပြီး ဘက်စုံတစ်ပြိုင်တည်းကြိုးပမ်းကြမယ်ဆိုရင် အမျိုးသမီးတွေရဲ့ အရည်အသွေးနဲ့ အမျိုးသမီးကဏ္ဍတွေပိုပြီး တိုးတက်လာမယ်။ ရည်ရွယ်ချက်၊ ယုံကြည်ချက်ရှိရမယ်။ အမျိုးသမီး ရာခိုင်နှုန်းက ၅၀ ရာခိုင်နှုန်းကျော်တယ်။ မျှတပြီးလက်တွေ့ကျကျဆိုရင် ကဏ္ဍတိုင်းမှာ အမျိုးသမီးတွေ နေရာရဖို့လုပ်ဆောင်ရပါမယ်။ လာမယ့်ရွေးကောက်ပွဲမှာဆိုရင်အမျိုးသမီးတွေပိုများနိုင်တယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ပြောကြားသည်။



လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီက ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်၄၈ဦးတွင် အမျိုးသမီး၁၃ဦးပါဝင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012



# ဟိုတုန်းက . . . ဆရာတွေ

မင်းသန်းထိုက်(ဒေးဒရဲ)

တော မြို့ကလေးတွေမှာ နေထိုင်ရတဲ့ စာသမားများရဲ့ ဒုက္ခကလည်း မသေးလှပါ။ စာကြည့်တိုက်ကောင်းကောင်းမရှိ။ အငှားဆိုင်တွေမှာကလည်း စာအုပ်ကမစုံ။ လစဉ်ထုတ်မဂ္ဂဇင်းကို မဆိုထားနှင့်။ ဂျာနယ်တွေတောင် အစုံမရောက်တော့ တချို့မဂ္ဂဇင်းတွေဆိုတစ်လ၊နှစ်လကျော်မှပဲဖတ်ရပါတော့တယ်။

အခုလည်း ကိုယ်ဖတ်ချင်တဲ့ မဂ္ဂဇင်းကို အငှားဆိုင်မှာ သွားသွားမေးတိုင်း ငှားသွားတာနဲ့ ချည်းတိုးတိုးနေလို့ ၂၀၁၁ ခု ဒီဇင်ဘာလထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းက အခုမှပဲ ကျွန်တော့်လက်ထဲရောက်ပါတော့တယ်။ ဒါပေမဲ့ ကျွန်တော်စောင့်ငှားရကျိုးနပ်ပါတယ်။ ဆရာတင်မောင်သန်းရဲ့ “မင်္ဂလာရှိသော မနက်ခင်း”ဆောင်းပါးတစ်ပုဒ်နဲ့တင် ကျွန်တော့်ချဉ်ခြင်းတွေ အကုန်ပြေသွားပါတော့တယ်။

ဆောင်းပါးအကြောင်းအရာက မြန်မာစာပါမောက္ခဆရာကြီး ဦးဧမောင်နဲ့ ရေစကြိုနယ်က ဆယ်တန်းကျောင်းသားလေး မောင်ဘဂျမ်းတို့အကြောင်းပါ။ မောင်ဘဂျမ်းဆိုတာ နောင်တစ်ချိန်မှာ မြန်မာကဗျာဆရာကြီးဖြစ်လာမယ့် ဆရာတင်မိုးပါ။ မောင်ဘဂျမ်းရဲ့ ဆယ်တန်းမြန်မာစာအဖြေလွှာ ကောင်းလွန်းလို့ ဆရာကြီးဦးဧမောင်က မောင်ဘဂျမ်းကို သူနဲ့လာတွေ့ဖို့ လူကြုံနဲ့မှာသတဲ့။ မှာတဲ့လူကြုံကလည်း အညာကိုကိစ္စတစ်ခုနဲ့သွားတဲ့ ပညာရေးဝန်ကြီးတဲ့။ ဝန်ကြီးကလည်း တက္ကသိုလ်ပါမောက္ခက လူကြုံမှာတဲ့ကိစ္စကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးသတဲ့။ အညတြတောသားကလေးတစ်ယောက်ရဲ့ ကိစ္စကိုဝန်ကြီးတွေ၊ပါမောက္ခတွေ အရေးတယူ ရှိလိုက်ကြပုံများ။ ကျွန်တော့်မှာ ဖတ်ရင်း ဖတ်ရင်း ကြက်သီးတွေ ဖြန်းဖြန်းထရလောက်အောင် ရင်ထဲမှာ ပီတိလှိုင်းတံပိုးတွေ တလိပ်လိပ်တက်ခဲ့ရပါတယ်။

မောင်ဘဂျမ်းခမျာမှာလည်း သူ့လိုတောသားကို ပါမောက္ခကတောင် အရေးတယူ ရှိတယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာရှာတာပေါ့။ ဒါပေမဲ့လို့ သူ့မှာ ရန်ကုန်ကိုသွားဖို့ လမ်းစရိတ်ကလည်း မရှိ၊ မြို့ကြီးပြကြီးဆိုလို့ မန္တလေးကိုတောင် ကိုရင်ဝတ်တုန်းက တစ်ခေါက်သာ ရောက်ဖူးတာဆိုတော့ ထီပေါက်ပြီးလက်မှတ်ပျောက်တဲ့သူလို သွားတွေ့ဖို့ အခွင့်မသာခဲ့ရှာပါဘူး။ ဒီဇာတ်လမ်းဒီတွင် နိဋ္ဌိတံပြီပေါ့။

အောင်စာရင်းထွက်တော့ မောင်ဘဂျမ်းမြန်မာစာဂုဏ်ထူးရပါတယ်။ တက္ကသိုလ်တက်ဖို့ ငွေကြေးလည်း မပြည့်စုံတော့ အညာမြို့လေးတစ်မြို့မှာပဲ အလယ်တန်းပြဆရာဝင်လုပ်နေလိုက်ပါတယ်။ မောင်ဘဂျမ်းဘက်က ဇာတ်လမ်းကို ကန့်လန့်ကာချလိုက်တဲ့ သဘောပါ။ ကိုယ့်ဘဝနဲ့ ကိုယ့်အကြောင်း ရှိပါစေတော့ပေါ့။

ဒါပေမဲ့ ဒီဇာတ်လမ်းကို ဒီတွင် အဆုံးသတ်ခွင့် မပေးနိုင်ခဲ့တာက ပါမောက္ခဆရာကြီး ဦးဧမောင်ပါ။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်စာရင်းမှာ မောင်ဘဂျမ်းပါမပါ စုံစမ်းပါတယ်။ ရန်ကုန်တက္ကသိုလ်မှာမပါတော့ မန္တလေးတက္ကသိုလ်မှာ ဆက်စုံစမ်းပါတယ်။ မန္တလေးတက္ကသိုလ်မှာလည်း မပါတော့သက်ဆိုင်ရာ ရေစကြိုပညာရေးဌာနနဲ့ညှိနှိုင်းပြီး မောင်ဘဂျမ်းကို မန္တလေးတက္ကသိုလ်ရောက်အောင်ပို့ဖို့ စီစဉ်ပါတော့တယ်။ ဒီလိုနဲ့မောင်ဘဂျမ်းရဲ့ဘဝမှာပညာရေး လမင်းကြီး ထွန်းလင်းခွင့်ရလိုက်ပြီး မြန်မာစာပေကောင်းကင်မှာလည်း“တင်မိုး” ဆိုတဲ့ တောက်ပတဲ့ကြယ်ကြီးတစ်လုံးပေါ် ပေါက်ခဲ့ရပါတော့တယ်။ ဒါဟာ မြန်မာစာပါမောက္ခဆရာကြီး ဦးဧမောင်ရဲ့ ပညာရေးကုသိုလ်ပြုမှုက သီးပွင့်ခဲ့ရတဲ့ အသီးအပွင့်တွေပါ။

ကျွန်တော့်မှာ ဒီဆောင်းပါးလေးကို ဖတ်ပြီး ကိုယ်မမြင်ဖူးလိုက်တဲ့ ပါမောက္ခဆရာကြီးဦးဧမောင်ကိုလည်း ရင်ထဲက လှိုက်လှိုက်ပြီး ကြည်ညိုမိသလို ဒီအကြောင်းကို ရေးပြတဲ့ဆရာတင်မောင်သန်းနဲ့ ဖော်ပြပေးတဲ့ ရုပ်ရှင်တေးကဗျာအယ်ဒီတာအဖွဲ့ကိုလည်း အထူးကျေးဇူးတင်မိပါတယ်။

ဒါက နိုင်ငံသိ ထင်ရှားတဲ့ ပါမောက္ခဆရာကြီးနဲ့ ကဗျာဆရာကြီးတို့အကြောင်းပါ။ သူတို့လို မထင်ရှားပေမယ့် ဆရာနဲ့တပည့်အကြား နွေးထွေးတဲ့ဆက်ဆံရေး ရှိခဲ့တဲ့ ဆရာတပည့်နှစ်ယောက် အကြောင်းကိုလည်း ပြောပြချင်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၅ ရက်က ကျွန်တော်တို့မြို့မှ ကျောင်းသားဟောင်းများရဲ့ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပခဲ့ပါတယ်။

ဆရာကန်တော့ပွဲမတိုင်မီ တစ်လလောက်ကတည်းက ရန်ပုံငွေရှာဖွေရေးအဖွဲ့တွေ ဖွဲ့ကြ၊ကြိုဆိုရေးအဖွဲ့တွေ ဖွဲ့ကြ၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့တွေ ဖွဲ့ကြနဲ့ ကျောင်းသားဟောင်းကြီးတွေလည်း ငယ်မူတွေပြန်ပြီး နုပျိုလန်းဆန်းနေကြပါတယ်။ ဒီလိုနဲ့ တစ်ရက်မှာ ကန်တော့ခံဆရာတွေ စာရင်းပြုစုဖို့ ကျွန်တော်တို့အတူတွဲပြီး တာဝန်ကျတဲ့ ကျောင်းသားဟောင်းကြီးတစ်ယောက်က စကားစပ်မိရင်း ဒီအကြောင်းလေး ပြောပြတာပါ။

“ငါကွာ၊ ဒီလို ဆရာကန်တော့ပွဲနေ့ရောက်တိုင်း ငါ့ဆရာဦးစံဝေကို အရမ်းသတိရတယ်ကွာ။ ငါ့ဆရာကို ဒီလိုအခမ်းအနားမျိုးနဲ့ စင်ပေါ်မှာထိုင်ပြီး ကန်တော့ခံတာ မမြင်လိုက်ရဘူး။ ငါ့ဆရာဆုံးတော့ (၅၈)နှစ်ပဲရှိသေးတယ်။ သူ့ကျေးဇူးကြောင့် ငါဆယ်တန်းအောင်ခဲ့တာကွ”လို့ဆိုတော့ ကျွန်တော်က “လင်းအောင် ရှင်းစမ်းပါဦး”လို့ စကားထောက်ပေးလိုက်ရတယ်။

ဒီမှာတင် ထိုကျောင်းသားဟောင်းကြီးက သူနှင့်ဆရာဦးစံဝေ ပတ်သက်ခဲ့မှုကို ရှင်းပြပါတယ်။

“ဒီလိုကွ။ ငါဆယ်တန်းတက်တဲ့နှစ်က သီတင်းကျွတ်ကျောင်းပိတ်ရက် ရွာပြန်သွားချိန်မှာ ငါ့အစ်ကိုကလည်း မိန်းမခိုးသွားတယ်ကွ။ အိမ်မှာ လယ်တွေကလည်း တိုးလိုးတန်းလန်းပေါ့ကွာ။ ဒီနှစ်မှ လူငှားကလည်း ငှားမထားတော့ အဖေတစ်ယောက်တည်း မနိုင်မနင်းပေါ့။ ဒီတော့ ငါကျောင်းထွက်ရတာပေါ့ကွာ။ ကျောင်းတွေ ပြန်ဖွင့်တော့ ငါပြန်မတက်ရတော့ဘူး။ တစ်ပတ်လောက်လည်းကြာရော ငါ့သူငယ်ချင်းနှစ်ယောက်ကိုခေါ်ပြီး ဆရာဦးစံဝေရွာကိုရောက်ချလာပါရော။ အိမ်ကအဖေ၊အမေတွေလည်း ဆရာကိုယ်တိုင်လာခေါ်တာဆိုတော့ အားနာနာနဲ့ပြန်ထည့်လိုက်ရတာ ပေါ့ကွာ။ ဒါနဲ့ပဲ ငါ့မှာ ကျောင်းပြန်တက်ခွင့်ရပြီး ဆယ်တန်းအောင်ခဲ့ရတာကွ”

ထိုကျောင်းသားဟောင်းကြီးက သူကန်တော့ခွင့် မရလိုက်တဲ့ သူ့ဆရာအကြောင်းကို လွမ်းလွမ်းဆွေးဆွေးကြီး ပြောပြပါတယ်။ ကျွန်တော့်မှာလည်း နားထောင်နေရင်းကပဲ ကြည်နူးသလို၊ ဝမ်းသာသလိုဘယ်လိုမှန်းမသိတဲ့ခံစားမှုတစ်မျိုးနဲ့ မျက်ရည်များ တောင်ဝဲမိပါတယ်။ ဩော်-ဟိုတုန်းကဆရာတွေရဲ့တပည့်တွေ အပေါ်ထားတဲ့ နွေးထွေးတဲ့ မေတ္တာတရား။ အသက် (၆၀) ပြည့်ခါနီးတာတောင် ကွယ်လွန်သွားတဲ့ ဆရာ့ကျေးဇူးတွေကို မမေ့မလျော့ ထုတ်ဖော်ပြောကြားနေတဲ့ တပည့်ဟောင်းကြီးတစ်ယောက်ရဲ့ ကရုဏာလွှမ်းတဲ့ကျေးဇူးစကား။ ကောင်းရာသုဂတိကနေ ဆရာဦးစံဝေကြားနိုင်ပါစေလို့ကြားထဲကနေ ကျွန်တော်ဆုတောင်းပေးနေမိပါတယ်။

အဲဒီအာစရိယပူဇော်ပွဲ အခမ်းအနားမှာပဲ သက်တော်ရှည်ဆရာဟောင်းကြီးတစ်ယောက် ပြောပြတဲ့ အကြောင်းကလည်း ကြည်နူးစရာ ကောင်းလှပါတယ်။ ၁၉၇၀ လောက်ဆီက ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲလုပ်တော့ သူတို့ကျောင်းက ခရိုင်မှာ ပထမရသတဲ့။ ဒါနဲ့ ကလေးတွေကို ကျောင်းမှာ ဂုဏ်ပြုပွဲ ပြန်လုပ်တော့ ကလေးတွေက tracksuit လိုချင်ကြတယ်။ ကျောင်းကလည်း ဆင်းရဲတဲ့ကျောင်းဆိုတော့ tracksuit ပေးနိုင်လောက်အောင် ရန်ပုံငွေကလည်း မရှိဘူး။ ကျောင်းဂုဏ်ဆောင်ခဲ့တဲ့ ကလေးတွေရဲ့ ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်တော့ ကျောင်းအုပ်ကြီးနဲ့တကွ ဆရာတွေ စုဝေးတိုင်ပင်ပြီးတော့ လောလောဆယ် လိုတဲ့ ငွေကို တခြားကနေ အတိုးနဲ့လှည့်ပြီး ကလေးတွေကို ဂုဏ်ပြုပွဲလုပ်ပေးခဲ့တယ်။ အဲဒီဂုဏ်ပြုပွဲမှာလည်း ကလေးတွေလိုချင်နေတဲ့ tracksuit တွေ ဝယ်ပေးနိုင်ခဲ့ကြတယ်။ နောက်ကျမှ ချေးထားတဲ့ငွေကို ကျောင်းမှာ ဘူးပင်စိုက်ပြီး ဘူးသီးရောင်းရငွေနဲ့ ပြန်ဆပ်ခဲ့ကြတယ်တဲ့။ ဒီအကြောင်းကိုလည်း ဆရာတွေကလွဲပြီး ဘယ်ကျောင်းသားမှ မသိခဲ့ကြဘူးတဲ့။ ဆရာကြီးက ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြတော့ ကျွန်တော့် ရင်ထဲ ကြည်နူးလိုက်တာ။

ဆရာမြို့မငြိမ်းရဲ့ လူချွန်လူကောင်းသီချင်းထဲက စာသားလေးတစ်ပိုင်းတစ်စကို ကျွန်တော်သတိရမိပါတယ်။ “ကလေးလေးတွေ ပညာရရှိဖို့တော့၊ အမိမိပုံသွင်၊ အာစရိတွေပင်၊ လူချွန်လူကောင်းလေးတွေဖြစ်အောင်၊ မြေတောင်မြှောက်ကာ မြှင့်တင်”တဲ့။

ခေတ်တွေ ဘယ်လိုပြောင်းပြောင်း၊ စနစ်တွေ ဘယ်လိုပြောင်းပြောင်း ဆရာ့ရဲ့ အဓိကလုပ်ငန်းတာဝန်ဟာ “ကလေးလေးတွေ ပညာရအောင် သင်ကြားပေးဖို့ပါ” လူချွန်လူကောင်းလေးတွေ ဖြစ်အောင် မြေတောင်မြှောက်ပေးကြဖို့ပါ” သူတို့လေးတွေရဲ့ အနာဂတ်ဟာ နိုင်ငံတော်ရဲ့ အနာဂတ်ပါ။ သူတို့လေးတွေရဲ့ အနာဂတ်ဟာ ဆရာတွေရဲ့လက်ထဲမှာပါ။ ပုဂ္ဂလိကကျောင်းတွေ ပေါ်လာပြီဆိုပေမယ့် အများစုကတော့ အစိုးရကျောင်းတွေကိုပဲ အားကိုးကြရမှာပါ။

ပါမောက္ခ ဆရာကြီး ဦးဧမောင်လိုကိုယ်မမြင်ဖူးတဲ့ အညတြတောသားလေးတစ်ယောက်ရဲ့ အစွမ်းအစကို သိမြင်လို့ မရမကခေါ်ယူပြီး မြေတောင်မြှောက်ပေးတဲ့ ဆရာမျိုးတွေ။ ကျောင်းထွက်ပြီး တောမှာ လယ်ပြန်လုပ်နေတဲ့ တပည့်ကို တောအထိ လိုက်ခေါ်ပြီး ကျောင်းပြန်တက်ခိုင်း၊ စာမေးပွဲဝင်ဖြေခိုင်းတဲ့ ဦးစံဝေလို ဆရာမျိုးတွေ။ ကိုယ့်တပည့်လေးတွေ ပျော်ပါစေဆိုတဲ့ ဆန္ဒနဲ့ကလေးတွေ မသိအောင်ဘူးပင် စိုက်ပြီး ရန်ပုံငွေရှာ၊ ကလေးတွေရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးခဲ့တဲ့ သက်တော်ရှည်ဆရာဟောင်းကြီးတို့ရဲ့ အပြုအမူတွေဟာ ရင်ထဲနွေးရလောက်အောင် ကြည်နူးစရာ ကောင်းလှပါတယ်။

ဒီလိုဆရာတွေနဲ့သာကျွန်တော်တို့ရဲ့ ပညာရေးလောကကို တည်ဆောက်လိုက်ရရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့လည်း ကျွန်တော့်မှာ စိတ်ကူးတွေအယဉ်ကြီး ယဉ်နေမိပါတော့တယ်။ ။

---

# ကချင်စစ်ပြေး ဒုက္ခသည်များ ကူညီရန် လွှတ်တော်တွင် အဆိုပြုမည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၄**

ကချင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်သူများကို လူသားချင်း စာနာထောက်ထားမှုဖြင့် ကူညီရန် လွှတ်တော်တွင် အဆိုပြုလွှာတင်သွင်းမည့် စာတမ်းတစ်ခု ပြုစုနေကြောင်း ကချင်ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

“စာတမ်းမူကြမ်းကို ဦးခက်ထိန်နမ်၊ ဒေါ်ဒွဲဘူတို့နဲ့ ညှိနှိုင်းနေတယ်။ သဘာဝဘေးအန္တရာယ်တစ်ခုလိုပဲ ဘယ်လိုအချိန်ကြရင် ဘယ်လိုကူညီကြမလဲ။ ထောက်ပံ့မှုတွေ ရောက်ဖို့နယ်မြေပေါင်းစပ်မှုတွေ ဘယ်လိုလုပ်မလဲဆိုတာ ဆွေးနွေးနေကြတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းစာတမ်းတွင် ဒုက္ခသည်များကို မည်သို့ကူညီမည်ဆိုသည့် အချက်များကို ရေးသားထားကြောင်း။ စာတမ်းပြီးစီးပါက လွှတ်တော်တွင် အဆိုပြုလွှာတစ်ခု အနေဖြင့် တင်သွင်းမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ကြသည့် ဒုက္ခသည်တစ်သိန်းဝန်းကျင်ခန့်ရှိကြောင်း ၂၀၁၁ ဒီဇင်ဘာ တတိယပတ်တွင် စာရင်းကောက်ခဲ့သူ လူမှုရေးအကူအညီပေးသည့် လီဆူးကချင်တိုင်းရင်းသူတစ်ဦးက ပြောသည်။

ကယ်ဆယ်ရေးစခန်းများကို ကချင်ပြည်နယ်အတွင်းရှိဗန်းမော်မြို့၊ ရွှေကူမြို့၊ မြစ်ကြီးနားမြို့နှင့် ဖားကန့်မြို့တို့တွင် အဓိကဖွင့်လှစ်ထားသည်။ မြို့များအတွင်းရှိ ကယ်ဆယ်ရေး စခန်းများတွင် ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့မှု အစီအစဉ်နှင့်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာပုဂ္ဂိုလ်များက စားနပ်ရိက္ခာ ထောက်ပံ့ကူညီမှုများပေးကြသည်။

နယ်စပ်ဒေသနှင့် မြို့နှင့် အလှမ်းဝေးသော ကျေးရွာဒေသများတွင် နယ်မြေမငြိမ်သက်မှုများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ကယ်ဆယ်ထောက်ပံ့မှုများ လိုအပ်နေသေးသည်။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.46 • FEBRUARY 2 , 2012

## ဒေါ်အောင်ဆန်းစုကြည်ကို ဘနာဇီရာဘူတို ဒီမိုကရေစီဆု ချီးမြှင့်


ဒေါ်အောင်ဆန်းစုကြည်ကို ဘနာဇီရာဘူတို၏သမီးအာစီဖာဘူတိုက ဘနာဇီရာဘူတိုဒီမိုကရေစီဆု ချီးမြှင့်စဉ် ဓာတ်ပုံ-အေးမြကျော်

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**
မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဘနာဇီရာဘူတို ဒီမိုကရေစီဆုကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက သူမ၏နေအိမ်တွင်ဘူတို၏ မိသားစုဝင်များက ပေးအပ်ခဲ့သည်။

လက်ရှိပါကစ္စတန်သမ္မတသည် ၂၀၀၇ ခုနှစ်တွင်လုပ်ကြံသတ်ဖြတ်ခံခဲ့ရသောဘနာဇီရာဘူတို၏ ခင်ပွန်းဖြစ်ပြီး ယနေ့ မွန်းလွဲ ၂ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ လာရောက်တွေ့ဆုံခဲ့သည်။

ဘူတိုဒီမိုကရေစီ ဆုတံဆိပ်ကိုဘူတို၏သမီးငယ်ဖြစ်သူက ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီအရေး အတွက် ကာလရှည်ကြာစွာနိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် စွန့်လွှတ်အနစ်နာခံမှုများအတွက် ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘနာဇီရာဘူတိုသည် ပါကစ္စတန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင်လုပ်ကြံခံရသဖြင့်ကွယ်လွန်ခဲ့သည်။

သူမကို ဂုဏ်ပြုသည့်အနေဖြင့် ပါကစ္စတန် ပြည်သူ့ပါတီက ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်သည်ထိုဆုကို ပထမဆုံး လက်ခံရရှိသူလည်းဖြစ်သည်။

## ကြားဖြတ်ရွေးကောက်ပွဲတွင် တစည ပါတီ ၂၃ နေရာ ဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ် လောင်းများ၏ အမည်စာရင်းအားဇန်နဝါရီ ၂၀ ရက်ကထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေသော မဲဆန္ဒနယ် ၄၈ နေရာရှိသည့်အနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ၂၃နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင်ထောက်ခံမဲကောင်းခဲ့သည့် နယ်မြေများ၊ ယင်းနယ်မြေများရှိ ပါတီဝင်များအနေအထား၊ ယင်းနယ်မြေများရှိပြည်သူများက ပါတီအပေါ် ထားရှိသည့်သဘောထား၊ ပြိုင်ဘက်အနေအထားများအပေါ် မူတည်၍ ရွေးချယ်ထားခြင်းဖြစ်ပြီး ရာနှုန်းပြည့် အလားအလာကောင်းရန် မျှော်လင့်ထားကြောင်း ၎င်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဦးဟန်ရွှေကပြောသည်။

တစည ပါတီက ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၃နေရာတွင် ပြည်သူ့လွှတ်တော်အတွက် ၁၇ဦး၊ အမျိုးသားလွှတ်တော်အတွက် လေးဦး၊ တိုင်းဒေသကြီးလွှတ်တော်အတွက် နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီးတစ်ဦးသာ ပါဝင်သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါဝင်လာခြင်းနှင့်ပတ်သက်၍ ဦးဟန်ရွှေက "ဟိုတုန်းကတည်းက NLD ကိုတရားဝင်နိုင်ငံရေးပါတီဖြစ်ဖို့ အမြဲတိုက်တွန်းခဲ့တာပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မထိခိုက်ပြုတဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ပဲ သွားကြရအောင်။ အန်ကယ်တို့ကလည်း ဒီလမ်းကြောင်းကို ယုံတယ်၊ ဒီလမ်းကြောင်းနဲ့ပဲ သွားမယ်ဆိုပြီးတော့ အမြဲတမ်းဖိတ်ခေါ်ခဲ့ပါတယ်။ ခုပါတီလည်း မှတ်ပုံတင်တယ်၊ ရွေးကောက်ပွဲလည်း ဝင်မယ်ဆိုတော့ အန်ကယ်တို့ကကြိုဆိုတာပေါ့။ အထူးပြောစရာမရှိပါဘူး"ဟုပြောကြားခဲ့သည်။




## အပြောင်းအလဲများ ရယူရန်အတွက် အကောင်းဆုံးအချိန်

အိဖြူလွင်

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**
အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ယခုအချိန်သည် မြန်မာနိုင်ငံအတွက် လိုအပ်သော အပြောင်းအလဲများကိုယူဆောင်နိုင်မည့် အခွင့်အရေးတစ်ခုရှိနေပြီဟု ထင်မြင်ကြောင်းယနေ့ညသတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ယနေ့ည ၆ နာရီက တက္ကသိုလ်ရိပ်သာလမ်းရှိနေအိမ်၌ တွေ့ဆုံသော တွေ့ဆုံမှုအပြီး ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင်ဒေါ်အောင်ဆန်းစုကြည်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြောင်းလဲနိုင်သည့်အခွင့်အရေးများ များလာသည်ကို ယခုရှိနေသောမြန်မာမီဒီယာများကို ကြည့်၍ပင် သိနိုင်ပါသည်ဟု သူမကပြောကြားခဲ့သည်။

သူမ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်စဉ်ကာလထက်ပင် မီဒီယာများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပို၍ များလာသည်ဟု ပြောနိုင်ကြောင်း သူမက ပြောကြားသည်။

မြန်မာနိုင်ငံသည် အားကောင်းခိုင်မာသော ဒီမိုကရေစီနိုင်ငံအဖြစ်သို့သွားနေသည်ဟုမီဒီယာ ကဏ္ဍတစ်ခုတည်းက ကိုယ်စားပြုပြီး မပြောနိုင်သော်လည်း ယခုအချိန်၌ထိုကဲ့သို့အခြေအနေကို ရောက်ရှိအောင်ပြောင်းလဲနိုင်သည့် အခွင့်အရေးသည် ကျွန်ုပ်တို့တွင်ရှိနေပြီဟုဒေါ်အောင်ဆန်းစုကြည်က နော်ဝေအခြေစိုက်သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

## ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီ ၂၀၁၅ ရွေးကောက်ပွဲကျမှ ဝင်ပြိုင်မည်

အိဖြူလွင်

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**
ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီ(SNLD)က ပါတီပြန်လည်မှတ်ပုံတင်ပြီး ၂၀၁၅ ရွေးကောက်ပွဲမှ ပါဝင်ယှဉ်ပြိုင်မည်ဟု ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအပါအဝင် အကျဉ်းကျခံနေရသူပါတီဝင်များ ယခုလ ၁၃ ရက်တွင် အကျဉ်းကျခံနေရခြင်းမှ လွတ်မြောက်လာသောကြောင့် ပါတီအစည်းအဝေးများ ပြန်လည်ကျင်းပပြီး ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲတွင် ဒုတိယကိုယ်စားလှယ်ဦးရေ အများဆုံးအနိုင်ရရှိခဲ့သော ပါတီဖြစ်သည်။

ပါတီခေါင်းဆောင်များ ၂၀၀၅ ခုနှစ်ခန့်တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသောကြောင့် ပါတီလှုပ်ရှားမှုများ မရှိခဲ့ဘဲ ၂၀၁၀ ပါတီမှတ်ပုံတင်ဥပဒေကြောင့် ထိုပါတီသည် နိုင်ငံရေးပါတီအဖြစ်မှ ပျက်ပျယ်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်တွင် အင်အားကြီးသော တိုင်းရင်းသားပါတီဖြစ်ခဲ့သည့် SNLD ပါတီက ၂၀၁၀ တွင် နိုင်ငံရေးပါတီအဖြစ် ရွေးကောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့သောကြောင့် ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်လိုသူများက ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ကို အသစ်ဖွဲ့စည်းခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အသစ်ဖွဲ့စည်းခဲ့သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည်လည်းအင်အားကြီးမားသော တိုင်းရင်းသားပါတီတစ်ခု ဖြစ်ခဲ့ပြီး ရွေးကောက်ပွဲတွင်လည်း ဒုတိယ ကိုယ်စားလှယ်ဦးရေအများဆုံးအနိုင်ရရှိခဲ့သည်။

ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြန်လည်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်တော့မည်ဆိုပါက အင်အားကြီးသော ရှမ်းပါတီနှစ်ခုဖြစ်လာမည်ဖြစ်သည်။

ပါတီနှစ်ခုပြန်လည်ပေါင်းစည်းရန် အစီအစဉ်ရှိမရှိကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းအား မေးမြန်းခဲ့ရာ ထိုသို့ပေါင်းစည်းရန်နှင့် SNLD ပါဝင်ယှဉ်ပြိုင်ခြင်းကြောင့် ပါတီကို ဖျက်သိမ်းရန်အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

## ပြည်ခိုင်ဖြိုးလည်း ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အားလုံး နိုင်ရမည်ဟု ဦးဌေးဦးပြောကြား

သီဟ

**နေပြည်တော်၊ဇန်နဝါရီ-၂၆**
လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်အားလုံး၌ မိမိတို့ပါတီမှ အနိုင်ရရှိမည်ဟု ခန့်မှန်းကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကပြောသည်။



ဦးဌေးဦးကယနေ့ပြန်လည်ကျင်းပသည့်ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့မစတင်မီ သတင်းထောက်များနှင့်တွေ့ဆုံစဉ်ယင်းသို့ပြောကြားသွားခြင်းဖြစ်သည်။

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မကြာသေးမီက ပြန်လည်မှတ်ပုံတင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည်လည်း လစ်လပ်နေရာအားလုံးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအား အမည်စာရင်း ထုတ်ပြန်ထားပြီးဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကမူ ကိုယ်စားလှယ်လောင်းအမည်စာရင်းအား ထုတ်ပြန်ထားခြင်းမရှိသေးပေ။

"ကိုယ်စားလှယ်တွေကိုရွေးနေပါတယ် အဓိကကတော့ လူထုသဘောကျတဲ့သူ၊အကျင့်စာရိတ္တကောင်းတဲ့သူပြည်သူနဲ့ အဲဒီဒေသအပေါ် စေတနာရှိသူဖြစ်ရပါမယ်" ဟု ဦးဌေးဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

▶ မျက်နှာဖုံးမှ

# ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးနိုင်ငံရေး ခရီးစဉ်

ဥက္ကာကိုကို၊ အိဖြူလွင်၊ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)



ဒေါ်အောင်ဆန်းစုကြည်သည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ပထမဆုံးနိုင်ငံရေး ခရီးစဉ် ထွက်ခွာရန် ရန်ကုန်လေဆိပ်သို့ နံနက်ခြောက်နာရီခွဲ တိတိတွင်ရောက်ရှိလာသည်။ ရေညှိစိမ်းရောင် ရင်ဖုံးအကျီလက်ရှည်နှင့် လုံခြည်ဝတ်ဆင်ထားသော ဒေါ်အောင်ဆန်းစုကြည်ထံ၌တက်ကြွသော အပြုံးများကိုတွေ့ရသည်။

ထားဝယ်လေဆိပ်သို့ ဆင်းသက်လာသည့်မြန်မာ့လေကြောင်းလေယာဉ်တံခါးပေါက်မှ ဒေါ်အောင်ဆန်းစုကြည် လှမ်းထွက်လိုက်ခြင်းဖြင့် ထားဝယ်မြို့၏ခရီးစဉ် နံနက်ခင်းမှာ စတင်အသက်ဝင်လာသည်။

ရေးဆွဲထားသော ထားဝယ်၊ လောင်းလုံးခရီးစဉ်လမ်းကြောင်းအတိုင်း လေယာဉ်ကွင်းမှ ထားဝယ်-ရေးလမ်းဆုံ၊ ဥတ္တားကြီးလမ်းဆုံ၊ လောကမာရဇိန်ဘုရားကြီးလမ်းဆုံတို့မှ ဆေးရုံလမ်းရှိ ထားဝယ်အမျိုးသားဒီမိုကရေစီအဖွဲ့ရုံးသို့သွားရာလမ်းတစ်လျှောက်တွင် ဒီမိုကရေစီခေါင်းဆောင်အားလူထုက ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။

“သူ့ကို သဘောကျလို့ လာကြည့်တာပါ။ သူက အရင်တုန်းကလည်း ဒီကို လာခဲ့ဖူးတယ်။ ကျွန်တော်တို့က ပါတီဝင်မဟုတ်ဘူး။ သူလာမယ်ဆိုလို့ ဒီတီရှပ်တွေကို ပါတီရုံးက သွားဝယ်ထားတာ”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ စာတန်းပါ ခွပ်ဒေါင်းတံဆိပ်တီရှပ်အဖြူကို ဝတ်ဆင်ထားသော အသက်လေးဆယ်အရွယ် အမျိုးသားတစ်ဦးကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ထားဝယ်မြို့သို့ ဦးစွာသွားရောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့သို့လည်း သွားရောက်မည်ဖြစ်သည်။ ထို့နောက် ရောဝတီတိုင်းဒေသကြီး၏ စပါးကျီဖြစ်သော ပုသိမ်မြို့သို့လည်း သွားရောက်ဦးမည်ဖြစ်သည်။

ထားဝယ်မြို့ကို ပါတီစည်းရုံးရေးခရီးစဉ်အဖြစ် ပထမဆုံး ရွေးချယ်ခြင်းမှာ ဒေါ်အောင်ဆန်းစုကြည်၏ ဆုံးဖြတ်ချက်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လက်ခံခဲ့သည်ဟု NLD ၏ ပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ဝင်းက ပြောသည်။

ထားဝယ်မြို့၏ ၂၀၁၂ ဇန်နဝါရီ ၂၉ ရက် နံနက်ခင်းသည် ခွပ်ဒေါင်းအလံငယ်များဖြင့် နီစွေးတောက်ပနေသည်။ လူငယ်တိုင်းလိုလို၏ ခန္ဓာကိုယ်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ပုံနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတံဆိပ်ဖြစ်သည့် ခွပ်ဒေါင်းအလံတီရှပ်များက နေရာယူထားသည်။

အမျိုးသား၊ အမျိုးသမီး၊ ကလေးလူကြီးမရွေး ခွပ်ဒေါင်းအလံတံဆိပ်စတေကာငယ်လေးများကို ပါးပေါ်၊ နဖူးပေါ်တို့တွင် ကပ်ထားကြသည်။ တစ်ဦးနှင့်တစ်ဦး အလံငှေ့ယမ်းကာ နှုတ်ဆက်နေကြသည်။ ထားဝယ်မြို့သူ၊ မြို့သားများ၏ ဟိုင်းလတ်ကားများ၊ ဘီအမ်နှင့် အဝေးပြေးကားများထိပ်တွင် အနီရောင်အောက်ခံနှင့် ထိပ်ဖျားရှိကြယ်ပွင့်ဖြူ၊ ရွှေရောင်ခွပ်ဒေါင်းအလံများကိုလွှင့်ထူထားကြသည်။

လူငယ် လူလတ်ပိုင်းများက ခွပ်ဒေါင်းတံဆိပ် စတစ်ကာတတ်ထားသော ဆိုင်ကယ်ကိုယ်စီဖြင့် ကြယ်ဖြူ၊ ခွပ်ဒေါင်းအလံ အသေးစားများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကြသည်။ ကားများပေါ်ရှိ အမျိုးသား၊ အမျိုးသမီးအချို့က လက်ခုပ်ပြိုင်တူတီးကာ တေးတစ်စကို စည်းချက်ညီညီ သံပြိုင်သီနေကြသည်။ သူတို့အားလုံး၏မျက်



7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012













နှာတွင် တူညီသော အပြုံးနှင့် တောက်ပသော မျက်ဝန်းများကို မြင်တွေ့ရမည်ဖြစ်သည်။

"လိုင်းကားတွေ အားလုံးလိုလို အစေလမ်းကြောင်းနောက် လိုက်မယ်။ ရွာတွေက လူတွေလည်း ဒီနေ့ဘာအလုပ်မှ မလုပ်ကြတော့ဘူး။ ကြုံရခဲလို့ တစ်ရက်လုံးအချိန်ပေးပြီး လာစောင့်နေကြတယ်"ဟု ထားဝယ်မြို့ခံတစ်ဦးက အသံခပ်ဝဲဝဲ ပြောနေသည်။

သူတို့စောင့်စားနေကြသည့် ဒီမိုကရေစီခေါင်းဆောင်က ဆေးရုံလမ်းအတွင်းရှိ ထားဝယ် NLD ပါတီရုံးတွင် မိန့်ခွန်းပြောခဲ့သည်။

"ကျွန်မ ဒီ ထားဝယ်ရောက်တာနဲ့ ထားဝယ်လေသံတွေကြားရတာပေါ့နော်။ ကြားရပြီဆိုတော့ နည်းနည်းတော့ နားယဉ်အောင်လို့ နားထောင်ယူရတယ်။

**စာ(၃၀)သို့**



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# သူတို့တစ်တွေ အိမ်အပြန်

ကျော်ဝင်း

(၁)

ပြောရလျှင် ဒီရက်ပိုင်း စာမရေးဖြစ်ပါ။ ခရီး ယာယီများနေသောကြောင့်ဖြစ်သည်။ ခါတော်မီ တုပ်ကွေးနှင့် တိုးနေသောကြောင့်လည်းဖြစ်သည်။ ထို့ထက် ဖတ်စရာတွေ မနိုင်မနင်းများနေသောကြောင့်လည်းဖြစ်ပါသည်။ သတင်းထူးတွေ တသွင်သွင်စီးနေသောကာလမို့ ခါတိုင်း ပုံမှန်မဖတ်ဖြစ်သော ပြည်တွင်းဂျာနယ်တွေကိုပင် တကူးတကရှာပြီး တခုတ်တရဖတ်နေရသည်။

အဆိုပါ သတင်းရေစီးတွင် မင်္ဂလာအရှိဆုံး သတင်းတစ်ပုဒ်ကား ဆယ်စုနှစ်များနှင့်ချီ၍ ထောင်ဒဏ်ကျခံနေရသော နှစ်ကြီးယုံကြည်ချက်အကျဉ်းသားတွေ အစုလိုက်အပြုံလိုက် လွတ်လာသော သတင်းပင်။ အထူးသဖြင့် လူထုချစ်သော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ ပါလာသည်။ သူတို့ကို လူတွေက သောင်းသောင်းဖြဖြကြိုကြသည်။ မလိုင်လုံး ထုပ်ကလေးကိုင်ရင်း မျက်ရည်စမ်းစမ်းဖြင့် ကျောင်းသားခေါင်းဆောင်ကို ဖက်ပွေ့ကြိုဆိုနေသော အဘွားအိုတစ်ယောက်၏ သတင်းဓာတ်ပုံဆိုလျှင် ထိထိခိုက်ခိုက်ရှိလှသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ် ကျော်ဝန်းကျင်ကဆိုလျှင် သူတို့တစ်တွေမှာ အသက်နှစ်ဆယ်ဝန်းကျင် လူငယ်လူရွယ်များ။ ယခုတော့ အသက် လေးဆယ်ကျော် လူလတ်ပိုင်းတွေဖြစ်နေချေပြီ။ သူတို့မျက်နှာပေါ်တွင် နုပျိုမှု၏ အမှတ်အသားများကို မတွေ့ရတတ်တော့။ ဇရာ၏ လက္ခဏာများက နေရာယူထားချေပြီ။ ယုံကြည်မှုတစ်ခုအတွက် ဘဝ၏ အလှပဆုံး၊ အချိုမြိန်ဆုံး၊ အနုပျိုဆုံး အချိန်တွေကို ထားရစ်ခဲ့ချေပြီ။ စာရေးသူအနေနှင့်မူ သူတို့တစ်တွေကိုသော်လည်းကောင်း နောင်လာမည့် မျိုးဆက်များကိုသော်လည်းကောင်း ယခုလို ဘဝကြမ်းကြမ်း ခရောင်းလမ်းတွေမကြုံစေချင်တော့ပါ။ သမိုင်းတစ်ကျော့ မလည်စေချင်တော့ပါ။ ကျွန်တော်တို့တိုင်းပြည်တွင်ရင်နာစရာတွေများ ရုံမျှမကလျှံ၍ပင်နေပြီထင်ပါသည်။

(၂)

တိုင်းမ်မဂ္ဂဇင်း အက်ဆေးဆရာတစ်ယောက်ဖြစ်သူ ဇီယာအက်ဘ်ဒိုလ်ခါရင်မ်က သူ၏ အက်ဆေးတစ်ပုဒ်ဖြစ်သည့် ‘In Search of New Heroes’တွင် ယခုလို ရေးဖူးသည်။ “လူ့အဖွဲ့အစည်းတစ်ရပ် ကံဆိုးမိုးမှောင်ကျနေပြီဆိုလျှင် သူ့ရဲကောင်းတွေ ပေါ်ထွက်တတ်ပါသည်။ သို့နှင့်တိုင် အဆိုပါလူ့အဖွဲ့အစည်းသို့ ကံကောင်းခြင်းများ သယ်ဆောင်လာဖို့ဆိုလျှင် စွန့်လွှတ်အနစ်နာခံရဲသော သူရသတ္တိတစ်ခုတည်းနှင့် မလုံလောက်ပါ။ သူရဲကောင်း အသည်းနှလုံးကို တည့်မတ်ရှေ့ဆောင်နိုင်မည့် အမြော်အမြင်ကြီးသော ဦးနှောက်ရှိဖို့လည်း လိုပါသည်. . . ”စသဖြင့်။

နိုင်ငံများ၏ ဒီမိုကရေစီအရေးတော်များ၊ တစ်နည်း- ဒီမိုကရက်တိုင်ဇေးရှင်းသမိုင်းကိုကြည့်လိုက်လျှင်လည်း အဖွင့်ကျားကွက်ရွှေ့ခဲ့ကြသူများမှာ ဘဝနှင့်ရင်းပြီး အမှောင်ကန့်လန့်ကာ ဖွင့်ခဲ့ကြသည့် ‘တက်ကြွလှုပ်ရှားသူတွေ’ (Activists)သာဖြစ်ပါသည်။ သို့နှင့်တိုင် ဒီမိုကရေစီခရီးကို ရေဆုံးရေဖျား ဆက်နိုင်ဖို့ဆိုလျှင် တက်ကြွလှုပ်ရှားသူမျှဖြင့် မလုံလောက်ပါ။ ‘ပညာဖြင့်ယှဉ်၍နိုင်ငံရေးလုပ်တတ်သူများ’ (ပရော်ဖက်ရှင်နယ်နိုင်ငံရေးသမားများ) ရှိဖို့လိုသည်ဟု အီတလီနိုင်ငံ ဖလောရင့်တက္ကသိုလ်မှပါမောက္ခဖိလစ်ပီရှမစ်သာကဆိုသည်။

ဤအတွက် အကောင်းဆုံး ဥပမာမှာ ဗိုလ်ချုပ်အောင်ဆန်းဟု သဘောရပါသည်။ ကိုအောင်ဆန်းမှာ ဒုတိယကျောင်းသားသပိတ်(၁၉၃၆ သပိတ်) က မွေးထုတ်လိုက်သော တက်ကြွလှုပ်ရှားသူဖြစ်သည်။ နောက် ဒို့ဗမာအစည်းအရုံးဝင် သခင်အောင်ဆန်းဖြစ်လာသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ‘လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး’ ဆိုသော မဟာဗျူဟာလမ်းကြောင်းတစ်ခုကိုချမှတ်ဖော်ထုတ်သူ၊ ပရော်ဖက်ရှင်နယ်နိုင်ငံရေးသမားဖြစ်သွားသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် စစ်ရေးက အဓိကဖြစ်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာပြန်သည်။ စစ်ပြီးခေတ်လွတ်လပ်ရေးတိုက်ပွဲတွင်မူ ဦးအောင်ဆန်းအဖြစ် ဖဆပလကို ဦးဆောင်ပြီး တစ်မျိုးသားလုံးညီညွတ်မှုအင်အားဖြင့် လွတ်လပ်ရေးကို အရယူပေးခဲ့သည်။ နိုင်ငံရေးဆိုသည်မှာ အခြားသော လောကဓမ္မတာများနည်းတူ နုရာမှ ရင့်လာရသည်မဟုတ်ပါလော။

(၃)

ယနေ့ ရောက်ရှိနေသော မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်း၏ အခင်းအကျင်းသစ်မှာ ကနဦးကာလ ၁၉၈၈ ဝန်းကျင်နှင့်မတူတော့ပါ။ ဒီမိုကရေစီရေးအတွက် ရင့်မှည့်လာသော နိုင်ငံတကာရေစီးနှင့် ပြည်တွင်းနိုင်ငံရေးအင်အားစုများ၏ ရင့်ကျက်လာမှုကြောင့် ထိခိုက်နာကျင်စရာတွေ နည်းပါးလိမ့်မည်ဟု မျှော်လင့်ရသော လမ်းကြောင်းသစ်တစ်ရပ်သို့ ‘တည်’မိပြီဟုထင်ပါသည်။ ဤလမ်းကြောင်းသစ်က ယခင်ကလို ဆန့်ကျင်ဘက်များ အပြန်အလှန်ဖယ်ထုတ်ဖို့မဟုတ်။ အမျိုးသားရင်ကြားစေ့ရေးဖြင့် ဘုံတူညီချက်ရှာကာ ဒီမိုကရေစီရေးသို့ ဦးတည်ကြဖို့ဖြစ်သည်။

တစ်ကျော့ပြန် ၈၈ မျိုးဆက်များ၏ အင်တာဗျူးများတွင် အဆိုပါအပြောင်းအလဲနှင့်ပတ်သက်သော အကောင်းမြင်အရိပ်နိမိတ်အချို့ကို ‘ဆဝါး’မိ၍ ကျေနပ်ရသည်။ သူတို့က အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများကို တစ်စုံတစ်ရာ သိမှတ်လက်ခံသည့် သဘောရှိသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ရွေးချယ်လိုက်သည့် လမ်းကြောင်းကိုလည်း ခံတွင်းမတွေ့သည့်လက္ခဏာမျိုးမတွေ့ရပါ။ဘဝ၏ အထုအထောင်း ဒဏ်ရာဒဏ်ချက်များ အကင်းသေ ကောင်းမှသေနိုင်သည့်တိုင် သူတို့အားလုံးတွင် ရင့်ကျက်သော ဆင်ခြင်တုံတရားအပြည့်ရှိပြီဟုထင်ပါသည်။

လူထုကမူ သူတို့ ရှေ့ဆက်ကြမည့် ခြေလှမ်းတွေကို စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။ အချို့က သူတို့ကို ခွပ်ဒေါင်းအလံနှင့် ခွဲမမြင်၊ တွဲမြင်ချင်ကြဆဲရှိသည်။ အချို့က နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲလမ်းကြောင်းလိုက်စေလိုသည်။ အချို့ကမူ ပါတီနိုင်ငံရေး၊ အာဏာနိုင်ငံရေးလမ်းကြောင်းမလိုက်ဘဲ အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်မှာပဲ ရှိစေချင်သည်။ စာရေးသူအနေနှင့်မူ ပါတီနိုင်ငံရေး၊ အမျိုးသားနိုင်ငံရေးခွဲခြားကြည့်မြင်ကြသည်ကိုဘဝင်မကျ။ ၁၉၉၀ရွေးကောက်ပွဲ အကြိုကာလလောက်က ဤအမြင်မျိုး အတော်အသံကျယ်ခဲ့ဖူးသည်။ ထိုစဉ်ကတည်းက ဘဝင်မကျ။


(၄)

အမှန်စင်စင် ဒီမိုကရေစီရေးမှာ မြန်မာတစ်မျိုးသားလုံး၏ အရေး၊ တစ်နည်း အမျိုးသားရေးပင်ဖြစ်သည်။ ဒီမိုကရေစီရေးနှင့် အမျိုးသားနိုင်ငံရေးကို တသီးတခြား ခွဲလို့မရ။ တစ်ထပ်တည်းပင်ဖြစ်သည်။ အတူတူပင်ဖြစ်သည်။

နိုင်ငံရေးပါတီများ ဖွဲ့စည်းလှုပ်ရှားကြသည်မှာလည်း ဒီမိုကရေစီရေးအတွက်ပင်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးပင်ဖြစ်သည်။ နိုင်ငံရေးပါတီထောင်သည်နှင့် အမျိုးသားနိုင်ငံရေးမဟုတ်ဟု ပြောမရ။ လုံးဝ(လုံးဝ) ပြောမရ။ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲမှတစ်ဆင့် အာဏာရယူဖို့ ကြိုးပမ်းကြသည်မှာလည်း ဒီမိုကရေစီရေးအတွက် လက်တွေ့လုပ်ပိုင်ခွင့်အာဏာရယူဖို့သာ ဖြစ်သည်။ အမျိုးသားနိုင်ငံရေးပင်ဖြစ်သည်။ စာရေးသူကတော့ ဤအတိုင်းပဲမြင်သည်။

၈၈ မျိုးဆက်များ နိုင်ငံရေးပါတီထောင် မထောင်ဆိုသည်မှာ သူတို့ ဆုံးဖြတ်ချက်နှင့်သူတို့ဖြစ်သည်။ ပါတီထောင်သည်ဖြစ်စေ မထောင်သည်ဖြစ်စေ ဒီမိုကရေစီရေး တစ်နည်း အမျိုးသားနိုင်ငံရေးဦးတည်ချက်မှ သွေဖည်မသွားနိုင်ဟုယုံကြည်သည်။ နိုင်ငံရေးပါတီတွေ လိုအပ်သည်ထက် များလွန်းနေလျှင် ဒီမိုကရက်တစ်အင်အားစုများ ညီညွတ်ရေးအတွက် အဟန့်အတားဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဤသို့ ပါတီတွေများခြင်းသည်ပင် ဒီမိုကရေစီအသွင်ပြောင်းခါစ နိုင်ငံများ၏ အခြင်းအရာဖြစ်လေရာ အကောင်းအဆိုး ဝေဖန်ဖို့မသင့်ဟုထင်သည်။

အရေးကြီးသည်မှာ ဂိုဏ်းဂဏအစွဲတွေကို ကျော်ကြည့်နိုင်ဖို့ပင်ဖြစ်သည်။ ဒီမိုကရေစီ မျှော်မှန်းချက်၊ တစ်နည်း အမျိုးသားရေးမျှော်မှန်းချက်ကို မျက်ခြည်မပြတ်ဖို့ပင်ဖြစ်သည်။ ယနေ့ရောက်ရှိနေပြီဖြစ်သော အဆင့်နေရာမှ နောက်ပြန်မဆုတ်ဘဲ ရှေ့တိုးနိုင်ဖို့ပင်ဖြစ်သည်။ ဤအတွက် ဆန္ဒထက် အမြော်အမြင်က ပိုအရေးကြီးလိမ့်မည်ဟု ထင်သည်။ အသည်းနှလုံးထက် ဦးနှောက်က ပိုကြီးဖို့လိုမည်ထင်ပါသည်။ ။



# ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် လျှပ်စစ်ရရှိရန် စဉ်းစားနေဆဲ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အတွက် လိုအပ်မည့် လျှပ်စစ်စွမ်းအင်မည်သည့် စွမ်းအင်မှ ထုတ်ယူသုံးစွဲရန် စဉ်းစားနေသောကြောင့် စွမ်းအင်ကိုတည်ဆောက်မည့်လုပ်ငန်းအား ရပ်နားထားကြောင်း ထားဝယ်အထောက်အကူပြုဖွံ့ဖြိုးရေးအဖွဲ့မှ အတွင်းရေးမှူးဦးတင်မောင်ဆွေက ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်နှင့်ကျောက်မီးသွေး(မဂ္ဂါဝပ်သုံး ၄၀၀) လျှပ်စစ်ဓာတ်အားနှစ်ခုမှ ထုတ်ယူသုံးစွဲရန် စဉ်းစားနေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

“သဘာဝဓာတ်ငွေ့သုံးဖို့ကလည်း ချက်ချင်းကြီးမဖြစ်နိုင်ဘူး။ နေနဲ့လေကလည်း ဘယ်လောက်အကြာကြီးသုံးလို့ ရနိုင်မှာလဲ။ ရေအားလျှပ်စစ်ကိုတော့ စဉ်းစားနေတယ်။ တကယ်လို့ မဖြစ်မနေကျောက်မီးသွေးကို သုံးရရင်လည်း Clean Coal Fire Plant ကိုပဲ စဉ်းစားထားပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တွင် မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ဖျက်သိမ်းကြောင်း ဇန်နဝါရီ ၉ ရက်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ထုတ်ပြန်ကြေညာပြီးနောက် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံအား ဆက်လက်တည်ဆောက်ရန် ပြင်ဆင်နေကြောင်း အင်တာနက်သတင်းများထွက်ခဲ့ခြင်းကို အထက်ပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ၄၀၀ မဂ္ဂါဝပ်ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားဖျက်သိမ်းခြင်းအပေါ် ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ Sochet Thinaphong က “ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို အလိုမရှိဘူးဆိုရင် တခြားစွမ်းအင်ကို ရှာဖွေရမယ်။ သဘာဝဓာတ်ငွေ့လည်းဖြစ်ချင်ဖြစ်မယ်။ ဘယ်လို အသုံးပြုမယ်ဆိုတာ ဆွေးနွေးဖို့လိုအပ်ပါသေးတယ်” ဟု ဖြေကြားခဲ့သည်။

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း၏ လျှပ်စစ်ဓာတ်အား အရေးပေါ် လိုအပ်ချက်အတွက် မဂ္ဂါဝပ် ၄၀၀ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံတည်ဆောက်ရန် စဉ်းစားနေကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးကလည်း ဇန်နဝါရီ ၉ ရက်တွင် တရားဝင်ပြောကြားခဲ့သည်။

7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012



ရေနစ်နေသော ကြက်သွန်နီများ မဆုံးရှုံးရန် ဆယ်နေသူအချို့

## JOKE

### အတိတ်ကာလ

အင်္ဂလိပ်စာသင်သော ကျောင်း ဆရာမတစ်ဦး အတန်းထဲသို့ဝင်လာပြီး ယခုလိုပြောသည်။

"ကဲ. . ဒီနေ့တပည့်တို့ကို အချိန်ကာလ(tenses)တွေကြောင်း သင်မယ်။ အကယ်၍ ဆရာမက "ငါအရမ်းလှတယ်" (I'm very beautiful)လို့ ပြောလိုက်ရင် ဘယ်အချိန်ကာလကို ဆရာမကရည်ညွှန်းနေတာလဲ"ဟုဆိုရာ. . .

တပည့်တစ်ယောက်က လက်ထောင်လိုက်ရင်း "ဒါကတော့ ရှင်းပါတယ်။ ဆရာမ၊ အတိတ်ကာလကို ရည်ညွှန်းနေတာပါ"ဟု ဆိုလိုက်ပါ၏။

### ရေးဖြေ

ဒေးဗစ်နှင့်တွမ်သည် အလုပ်တစ်ခုတည်းကို အတူတူလျှောက်ကြသည်။ ရေးဖြေကိုလည်း အတူတူ ဖြေကြရသည်။ "မင်းတို့နှစ်ယောက်စလုံး မေးခွန်းတစ်ခုမှာ မှားနေတယ်"ဟု HR မန်နေဂျာက ပြောသည်။ "ဒါပေမဲ့ဒေးဗစ်ကိုဒီအလုပ်မှာ ခန့်လိုက်တယ်"ဟု ၎င်းက ဆိုရာ တွမ်က မကျေမနပ်နှင့် "နှစ်ယောက်စလုံး အတူတူမှားတာကို ဘာဖြစ်လို့ ဒေးဗစ်ကအလုပ်ရသွားတာလဲ" ဟု မေးခွန်းထွက်ရာ HR မန်နေဂျာက "မေးခွန်းတစ်ခုတည်းကို နှစ်ယောက်စလုံးမှားတာတော့ ဟုတ်တယ်။ မေးခွန်းအမှတ် ၂၅ ကို ဒေးဗစ် ဖြေထားတာက "ကျွန်တော်မသိပါ"လို့ ဖြေထားပြီး မင်းရဲ့အဖြေလွှာမှာတော့ "ငါလည်းမသိဘူး" လို့ ဖြေထားလို့ပါတွမ်" ဟု ရှင်းပြပါသည်။

# ကျေးလက်က ကျွန်တော်တို့ကိုကြည့်ပေးပါ

■ ကိုရွှေတောသား

ကျွန်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင်းရှိ မုံရွာမြို့နှင့် မလှမ်းမကမ်းတွင်ရှိသော ကျေးရွာကလေးတစ်ရွာမှဖြစ်ပါသည်။

ကျွန်တော်တို့ရွာသားများမှာ တောရွာကလေးဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးဖြင့် အသက်မွေးသော တောင်သူလယ်သမားများဖြစ်ကြပါသည်။ အထူးသဖြင့် ကျွန်တော်တို့ တစ်နယ်လုံးကြက်သွန်နီကို အဓိကထားစိုက်ပျိုးသော တောင်သူများဖြစ်ကြသည်။ ကျွန်တော်ပြောပြမည့် အကြောင်းရာမှာ ကျွန်တော်တို့ကျေးလက် တောင်သူလယ်သမား အများစုကြုံတွေ့နေရသည့် အခက်အခဲနှင့်၎င်းတို့၏ ဘဝအတွေ့အကြုံအကြောင်း တစေ့တစောင်းဖြစ်ပါသည်။ အများသိကြသည့်အတိုင်း ယခုခေတ်ကုန်ဈေးနှုန်းများတွင် ကျွန်တာ်တို့ စိုက်ပျိုးရေးထွက်၊ လယ်ယာထွက် ကုန်ပစ္စည်းများမှာ ဈေးနှုန်းအလွန်နည်းပါးနေပါသည်။ ပဲမျိုးစုံနှင့် အခြားသီးနှံများမှာ တစ်တင်းလျှင် ကျပ်တစ်သောင်းကျော်ကျော်သာရှိသဖြင့် စိုက်ပျိုးစရိတ် ကုန်ကျငွေနှင့် ရရှိနှုန်းမှာ အလွန်ကွာခြားသောကြောင့် အရှုံးများနှင့်ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ ကြက်သွန်နီကိုပင် အားပြု၍ စိုက်ပျိုးနေရပါသည်။ ကြက်သွန်နီမှာ စိုက်ပျိုးစရိတ်နှင့် အခြားကုန်ကျစရိတ်များမှာလည်း များပြားသောကြောင့် တစ်ဧကလျှင် ကျပ်ငါးသိန်းမှ ကျပ်ခုနစ်သိန်း ဝန်းကျင်အထိ ကုန်ကျပါသည်။ ထိုသို့များပြားလှသည့် စိုက်စရိတ်များကို တတ်နိုင်သူ အနည်းစုမှလွဲ၍ ကျန်တောင်သူများအားလုံး တစ်ရာကျပ်လျှင် တစ်ဆယ်ကျပ်နှုန်း အတိုးပေး၍ စိုက်ပျိုးရပါသည်။ ထိုကြောင့်များစွာအခက်အခဲတွေ့ရပါသည်။

ပြီးခဲ့သည့် ၂၀၁၁ နှစ်ကုန်ပိုင်းတွင် နိုင်ငံတော်အစိုးရနှင့် အခြားကုမ္ပဏီများမှ အတိုးနှုန်းသက်သာစွာ တစ်ရာကျပ်လျှင် နှစ်ကျပ်နှုန်းဖြင့် စိုက်ပျိုးတောင်သူများကိုငွေချေးပေးမည်ဟု သတင်းထွက်ခဲ့ပါသည်။ ပြည့်စုံမှုမရှိသော ကျွန်တော်တို့ တောင်သူအများ ပျော်ရွှင်ဝမ်းမြောက်ပီတိဖြစ်၍ နိုင်ငံတော်အစိုးရတာဝန်ရှိသူများနှင့် ကုမ္ပဏီများ အပေါ်များစွာ ကျေးဇူးတင်မဆုံးဖြစ်ရပါသည်။

သို့သော်လက်တွေ့ကျွန်တော်တို့ ချေးငွေထုတ်ချိန်တွင် ကြက်သွန်နီတစ်ဧကကျပ်နှစ်သောင်းနှုန်းချေးမည်ဟု သိရပါသည်။ တစ်ဧကလျှင် ကျပ်ငါးသိန်းမှ ကျပ်ခုနစ်သိန်းအထိ ကုန်ကျသော အချိန်တွင် ထိုကျပ်နှစ်သောင်းမှာ မည်ကဲ့သို့ အသုံးပြုရမည်ဟု မတွေးတတ်တော့ပါ။ ထိုထက် တစ်ဧကလျှင် နှစ်သောင်းကျပ်နှုန်းထုတ်ပေး၍ ငွေစုငွေချေးအဖြစ် ငါးထောင်ကျပ်ပြန်၍ သွင်းရမည်ဖြစ်ပါသည်။ တကယ်ချေးယူလျှင်လည်း နှစ်သောင်းထဲမှ ငါးထောင်ကျပ်ပြန်သွင်းရမည်ဖြစ်၍ တစ်ဧကလျှင် ကျပ်တစ်သောင်းခွဲသာ ရပါမည်။ ပြန်ဆပ်လျှင် ကျပ်နှစ်သောင်းနှင့် အတိုးနှုန်းပေးရမည်ဟု သိရ၍ ကျွန်တော်တို့ ချေးယူခြင်းမပြုကြပါ။ ထိုသို့ ချေးငွေယူခြင်း မရှိသော်လည်း မည်သည့်အတွက်ရယ်မသိ ချေးငွေယူခြင်းမရှိကြောင်း လက်မှတ်ထိုး၍ ပေးရမည်ဟု သိရပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးမှူးအား လက်မှတ်ထိုးပေးလိုက်ရပါသည်။ ရေဒီယိုနှင့် သတင်းစာ၊ ဂျာနယ်များတွင် တောင်သူလယ်သမားများအား စိုက်ပျိုးငွေများကို အတိုးနှုန်းသက်သာစွာ ချေးပေးနေသည်ဟု အမြဲကြားနေဖတ်နေရပါသည်။

ကျွန်တော်တို့ ကျေးလက်တောင်သူများတွင် အထက် ပါအတိုင်း အဆုံးသတ်လျက်ရှိနေပါသည်။ မည်သူ့ကိုအားထားရမည် မသိတော့ပါ။ နိုင်ငံတော် အစိုးရတာဝန်ရှိသူများကတော့ တောင်သူများငွေမလို၍ ချေးငွေ မယူခြင်းဖြစ်မည်ဟုထင်ပါလိမ့်မည်။ မဟုတ်ရပါခင်ဗျာ။

နောက်တစ်ခု ကျန်ပါသေးသည်။ ၂၀၁၁ ခုနှစ်တွင် နောက်ပိုင်းကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် တစ်ထောင်ဝန်းကျင်ရောက်ရှိပါသည်။ ကျွန်တော်တို့ ပျော်ရပါသည်။ သို့သော် ကြာကြာ မပျော်လိုက်ရပါ။ စားသုံးသူများအတွက် ဈေးနှုန်းများနေ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပွဲစားများကို ခေါ်ယူစည်းဝေးကာ တစ်ပိဿာလျှင် တစ်ထောင်ကျပ်ထက် မပိုရန် သတိပေးတားမြစ်ခဲ့ပါသည်။ စားသုံးသူများအတွက် ဈေးကြီး၍ ကန့်သတ်ခြင်းဖြစ်သောကြောင့် အပြစ်မပြောလိုပါ။ သို့သော် ယခု ၂၀၁၂ တွင်နှင်းကြက်သွန်တစ်ပိဿာလျှင် ၁၅၀ ကျပ်မှ ၂၀၀ ကျပ်ဝန်းကျင်ဖြစ်နေသောအချိန်၌ မည်သည့်တာဝန်ရှိပုဂ္ဂိုလ်ကမျှ ဂရုမစိုက်၍ များစွာဆုံးရှုံးရပါသည်။ ဈေးနှုန်းမြင့်မားချိန်တွင် ကန့်သတ်ကာဖြစ်၍ ဈေးနှုန်းနိမ့်၍ အရှုံးပေါ်ချိန်တွင် ကျွန်တော်တို့မည်သူ့ကို အားကိုးရမည်မှန်းမသိတော့ပါ။ နိုင်ငံတော်အစိုးရမှ အကူအညီများပေးနေသည်ဆိုသော်လည်းကျွန်တော်တို့တောင်သူလယ်သမားများမှာတော့ဘာအကျိုးမျှမခံစားရ၍ တစ်ခါတစ်ခါ တောင်သူလုပ်ငန်းစွန့်၍ နေ့စားအလုပ်သမား လုပ်ကြရန်ပင် တွေးတောနေမိပါသည်။

ကျွန်တော်တို့လယ်ယာထွက် သီးနှံများဈေးနှုန်း နည်းနေသော်လည်း၊ လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုရသော မြေဆီနှင့် စိုက်ပျိုးရေးဆေးများမှာ ကျသည်ဟု မရှိဘဲ ဈေးနှုန်းများ အလွန်မြင့်မားလျက်ရှိပါသည်။ ထိုအတွက်လည်း ကျွန်တော်တို့မှာ နစ်နာမြဲ၊ ဆုံးရှုံးမြဲ ဆုံးရှုံးလျက်ပင်ရှိပါသည်။ ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိသော တောင်သူဦးကြီးများအား ကြွေးမြီကင်းရှင်း၍ ခိုင်မာသောဘဝများ တည်ဆောက်နိုင်ရန် နိုင်ငံတော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အထူးအလေးထား၍ ဆောင်ရွက်ပေးလိမ့်မည်ဟုလည်း မျှော်လင့်လျက်ရှိနေကြပါသည်။ ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။
**ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL
# Business
Vol.10, No.46 • FEBRUARY 2 , 2012

## ပဲမျိုးစုံတက်ဈေး များစွာမမျှော်လင့်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦး ခန့်မှန်း

ပြည်သိမ်း

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ပဲအသစ်စတင်ပေါ်လာသဖြင့်ဈေးနှုန်းအနည်းငယ်မြင့်တက်လာသော်လည်း ယခုနှစ်တွင် ဈေးနှုန်းများစွာမြင့်တက်မည်ကို မျှော်လင့်၍ မရကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းနေသဖြင့် ပြည်ပဈေးကွက်တွင် ဈေးနှုန်းမှာ များစွာမြင့်တက်ခြင်းမရှိနိုင်ဟု ၎င်းကဆိုသည်။ အိန္ဒိယနိုင်ငံတွင်လည်း ပဲအထွက်မှာ ပုံမှန်ရှိသဖြင့် ဈေးနှုန်းများစွာမြင့်တက်နိုင်ခြင်းမရှိနိုင်ကြောင်း ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ခန့်မှန်းသည်။

“အခုဈေးတက်တာလည်း အိန္ဒိယကပဲသစ်ဝယ်လို့ တက်တာပါ။ အရမ်းတော့မတက်နိုင်ဘူး။ ရောင်းသင့်တာကို ရောင်းဖို့လိုတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိပြည်တွင်းပဲဈေးကွက်သည် လဆန်းပိုင်းထက် တစ်တန်လျှင် ကျပ် ၅၀,၀၀၀ကျော်ဈေးနှုန်းမြင့်တက်လာသည်။ ပဲစင်းငုံအဟောင်းသည် လဆန်းပိုင်းကတစ်တန်လျှင် ၄၃၀,၀၀၀ ကျပ်ဝန်းကျင်မှ ယခုရက်ပိုင်းတွင် ၄၈၀,၀၀၀ ကျပ်ကျော်၊ ပဲစင်းငုံအသစ်မှာ ၅၂၀,၀၀၀ ကျပ်ဝန်းကျင် ဈေးရှိသည်။

“နှစ်စဉ်ပဲသစ်ပေါ်ချိန်မှာ ဈေးက တက်လေ့ရှိတယ်။ ကုန်သည်တွေက မနှစ်ကလိုတော့ဈေးတွေအရမ်းဖွင့်ပြီး မလှောင်ရဲကြဘူး”ဟုပဲကုန်သည်တစ်ဦးကပြောသည်။

၂၀၁၁ ခုနှစ်တွင်ပဲအများဆုံးပေါ်သောကာလဖြစ်သည့်မတ်လ လယ်ပိုင်း၌ ရွာခဲ့သောမိုးကြောင့် ပဲများအရည်အသွေးကျခဲ့သည်။ ၎င်းပဲများသည်ဈေးကွက်အတွင်း ဝယ်သူမရှိသဖြင့် ဈေးနှုန်းများစွာကျဆင်းခဲ့ပြီး ပဲကောင်းများ ဈေးကိုပါ ဆွဲချခဲ့သည်။ ယင်းကြောင့် တောင်သူများ၊ ကုန်သည်များ အရှုံးပေါ်ခဲ့ရသည်။

“မတ်ပဲအသစ်က တစ်တင်းကို ၁၃,၀၀၀ ကျပ် ဈေးရှိတယ်။ မနှစ်ကဒီချိန် ၂၅,၀၀၀ကျပ်ဝန်းကျင်ရှိတယ်။ တောင်သူတွေက ၂၀,၀၀၀ ကျပ်ထိတက်လာမလားလို့ မျှော်လင့်ကြတယ်”ဟု ပန်းတနော်မြို့နယ်မှပဲစိုက်သူလယ်သမားတစ်ဦးက ဆိုသည်။

လယ်သမားအများစုမှာ ၂၀၁၁ မိုးစပါးရာသီဥတုကြောင့် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့သဖြင့် ဆောင်းသီးနှံပဲကိုသာ အာရုံထား စိုက်ပျိုးနေကြသည်။

“ဒီနှစ်ပိုးကျတာတော်တော်ဆိုးတယ်။ တစ်ဧက အရင်က ၁၀ တင်းဆိုရင်ခုခြောက်တင်းလောက်တောင်ရပါမလားမသိဘူး”ဟုပန်းတနော်မှပဲစိုက်သူလယ်သမားကြီးက လက်ရှိအခက်အခဲကို ရှင်းပြသည်။

၂၀၁၂ ပဲဈေးသည် ယခင်နှစ်များကဲ့သို့ ဈေးနှုန်းများစွာမရှိနိုင်သော်လည်း ယခုဈေးနှုန်းထက် များစွာမကျနိုင်ကြောင်း၊ပြည်ပတင်ပို့မှုမှာလည်း ၂၀၁၁ ခုနှစ်တွင် ပဲ ဈေးကျနေသော်လည်း ၂၀၁၀ ကထက်ပိုမိုတင်ပို့နိုင်ခဲ့သည်။ယင်းကြောင့် ယခုနှစ်လည်း တင်ပို့မှု အားကောင်းနိုင်ကြောင်း ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အထွေထွေအတွင်းရေးမှူးက ခန့်မှန်းပြောကြားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၂၅ | ၈၄၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၂၅ | ၈၄၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၅ | ၆၄၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၁၅ | ၁၀၃၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၇ | ၁၃၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၇၁ | ၈၇၁ | ကျပ် |

၂၀၁၂ ဇန်နဝါရီ ၂၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၅၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၆၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၆၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၃၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၃၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၁၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၀. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၀၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၁၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၅၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၇၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၃၇၅ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၁၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၁၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၁၁၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၃၅. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၄၆၀ |
| ငွေ | ၁ အောင်စ | ၃၃. ၇၉၀ |
| ကြေးနီ | ပေါင် | ၃၈၈. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၇၅၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဇန်နဝါရီ ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## နယ်စပ်မှ ဝယ်လိုအားတိုး၍ ကြက်သွန်နီဈေး အနည်းငယ်ပြန်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**



ရန်ကုန်ဘုရင့်နောင် ကြက်သွန်နီဈေးကွက်တွင် နယ်စပ်ဝယ်လိုအားကောင်းနေ၍ ယခုရက်ပိုင်း၌ ကြက်သွန်ဈေးနှုန်းများမြင့်တက်နေကြောင်း ဘုရင့်နောင်ဈေးကွက်မှ ကုန်သည်များကပြောသည်။

ကြက်သွန်နီဈေးနှုန်းသည် နှစ်ရက်အတွင်း၌ပင် တစ်ပိဿာ ၁၂၅ ကျပ်(တစ်အိတ်လျှင် ၄,၃၇၅ ကျပ်)ထိ ဈေးနှုန်းမြင့်တက်သွားသည်။

“ကြက်သွန်က အဝင်များပေမယ့် နယ်စပ်က အဝယ်များတော့ ဈေးကတက်သွားတယ်။ နယ်စပ်ထွက်တာကတော့ ပုံမှန်သွားတာရော၊ အောက်လိုင်းထွက်တာရော ရှိနေတယ်” ဟု ကြက်သွန်ကုန်သည်တစ်ဦးကပြောသည်။ လတ်တလောတွင် နယ်စပ်ဒေသများဖြစ်သော မြဝတီ၊ ကော့ကရိတ်နှင့် ရခိုင်၊ မြိတ်ဒေသများမှ ဝယ်လိုအားကောင်းနေကြောင်း သိရသည်။ သို့သော် ဇန်နဝါရီ ၂၆ ရက်တွင် တစ်ပိဿာ ၅၀ကျပ်ဝန်းကျင်စီ ကျဆင်းလာသည်။

ဈေးကွက်ဝယ်လိုအားကောင်းနေခြင်းကြောင့် ဇန်နဝါရီ ၂၄ ရက်တွင် ကားအစီးရေ ၃၃ စီး ဝင်ရောက်သည့်တိုင် တစ်ပိဿာလျှင် ၁၀၀ ကျပ်နှုန်းမြင့်တက်ခဲ့သည်။

ထို့ကြောင့် ဘုရင့်နောင် ကြက်သွန်လက်ကားဈေးကွက်တွင် မြစ်သားမှာ တစ်ပိဿာလျှင် အနိမ့်ဆုံး ၄၇၅ ကျပ်မှ ၅၅၀ ကျပ်ထိရှိပြီး ဆိပ်ဖြူမှာ တစ်ပိဿာလျှင် ၂၇၅ ကျပ်မှ ၄၂၅ ကျပ်ထိရှိနေသည်။

လက်လီဈေးကွက်တွင် ကြက်သွန်အရွယ်အစားပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၈၀၀-၁၀၀၀ ထိပေးနေရကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

# ရေထွက်ကုန် ပြည်ပတင်ပို့သော တန်ဖိုးအများဆုံးနှစ်ဖြစ်ရန် နီးစပ်နေ

**ထူးသန့်၊ သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ရေထွက်ပို့ကုန် တင်ပို့မှုမှ ကန်ဒေါ်လာသန်း ၆၀၀ ခန့်ရရှိနိုင်ပြီး ကာလတစ်လျှောက် အများဆုံးရရှိသည့် ဘဏ္ဍာနှစ်ဖြစ်ရန် နီးစပ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ် သန်းခြောက်ရာဝန်းကျင်လောက်ရမယ်လို့ခန့်မှန်းထားတယ်၊ကျော်ဖို့ အခြေအနေလည်းရှိတယ်"ဟု ၎င်းက ပြောသည်။ ယခုဘဏ္ဍာနှစ်တွင်ဇန်နဝါရီ၂၂ရက်အထိရေထွက်ကုန်ပြည်ပတင်ပို့မှုမှကန်ဒေါ်လာ ၄၉၂ ဒသမ ၁၉၈ ရရှိထားပြီးဖြစ်ကြောင်းရေထွက်ကုန်ပြည်ပတင်ပို့မှုအရည်အသွေးစစ်ဆေးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန် ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ ၅၆၁ ဒသမ ၀၂၃ သန်းရရှိခဲ့သည်။ ယခုနှစ်တွင် ကန်ဒေါ်လာ သန်း ၇၀၀ ရရှိရန်လျာထားခဲ့သည်။

ရေထွက်ပို့ကုန်ကဏ္ဍတွင်မြန်မာကျပ်ငွေတန်ဖိုးမာလာခြင်းကြောင့် ၂၀၁၁ခုနှစ်ကလုပ်ငန်းရှင်များ အထိနာခဲ့သော်လည်း နိုင်ငံတော်မှကုန်သွယ်ခွန် ရှစ်ရာခိုင်နှုန်းကိုလျှော့ချပေးခဲ့သည်။ ကဏန်းနှင့် ငါးရှဉ့်များအား တရုတ်နိုင်ငံမှ ထူးထူးခြားခြားဈေးနှုန်း မြင့်မားစွာပေးဝယ်ခဲ့ခြင်းကြောင့်လည်း ကုန်သွယ်မှုတန်ဖိုး မြင့်မားခဲ့ကြောင်း သတင်းရရှိသည်။

ကုန်ချောအဖြစ်တင်ပို့နိုင်ရန် နည်းပညာနှင့်အရင်းအနှီးလိုအပ်နေပြီး တိုင်းရင်းသားအမည်ခံကာ ပြည်ပလုပ်ငန်းရှင်များ လုပ်ကိုင်နေခြင်းကိုလည်း ဝန်ကြီးဌာနသို့ တင်ပြထားကြောင်း စုံစမ်းသိရှိရသည်။




# ရွှေဈေးကွက် အရောင်းအဝယ်သွက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

ရွှေဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

အခေါက်ရွှေတစ်ကျပ်သားလျှင်၇၁၀,၀၀၀ကျပ်နှင့်၇၂၀,၀၀၀ကျပ်ကြားတွင်ရှိနေခြင်းကြောင့် ဈေးနှုန်းကိုကြိုက်၍ ရောင်းသူဝယ်သူများနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီဈေးတန်းက အဝယ်ရော၊ အရောင်းရော ကောင်းတဲ့ ကာလဖြစ်နေတယ်။ ဈေးအနိမ့်နဲ့ဝယ်ထားတဲ့သူတွေက ပြန်သွင်းတယ်။ တချို့ကလည်း အတက်မှန်းပြီး ဝယ်တဲ့သူတွေရှိတယ်"ဟု ရွှေဆိုင်လုပ်ငန်းတာဝန်ခံတစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁,၆၆၀ ဒေါ်လာကျော်တွင် ရှိနေပြီး ၁၀ ဒေါ်လာဝန်းကျင်သာ ဈေးနှုန်းအပြောင်းအလဲရှိနေသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း ကျပ်ထောင်ဂဏန်းဝန်းကျင်သာ ဈေးနှုန်းပြောင်းလဲမှုရှိသည်။


ရွှေလုပ်ငန်းရှင်အများစုက လက်ရှိရွှေဈေးနှုန်းသည် ဈေးနှုန်းအကျဘက်သို့ ပြန်မသွားနိုင်ဘဲ ဈေးနှုန်းဆက်တက်နိုင်သော အနေအထားတွင်ရှိနေသည်ဟု ခန့်မှန်းပြောကြသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အထည်ဈေးကွက် ဝယ်လိုအား မြင့်တက်လာသကဲ့သို့ အပိုင်းဈေးကွက်နှင့် ဖြက်စဝယ်စုသော ဈေးကွက်၌လည်း ယခုတစ်ပတ်တွင် ဝယ်လိုအားမြင့်တက်လာခဲ့သည်ဟု ရွှေလုပ်ငန်းရှင်များကပြောသည်။

ဈေးကွက်ဝယ်လိုအားများ မြင့်တက်သကဲ့သို့ ရွှေပြန်သွင်းသည့် ဈေးကွက်၌လည်း ပြန်သွင်းသူများသော ကာလဖြစ်နေသည်။

ယခုဇန်နဝါရီ ၂၅ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၆၆၅ ဒေါ်လာရှိနေသည်။ ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၁၆,၅၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၆၀,၀၀၀ ကျပ်ဖြင့် ဈေးကွက်တွင်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

# ကဏန်းသားဖောက်လုပ်ငန်း ရပ်နား



သန်းဌေး

**ရန်ကုန်၊ ဇန်နဝါရီ- ၂၄**

နိုင်ငံပိုင် ကဏန်းသားဖောက်လုပ်ငန်း၏ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားသောကြောင့် လုပ်ငန်းရပ်တန့်လိုက်ပြီး ကဏန်းဘဏ် တည်ထောင်ပေးနေကြောင်း ငါးလုပ်ငန်းဦးစီးဌာန စီမံရေးရာဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကဏန်း သားဖောက်တာက ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ မကိုက်လို့ Crab Bank (ကဏန်းဘဏ်) များများတည်ထောင်ပေးရပါမယ်"ဟု ၎င်းကပြောသည်။

ကဏန်းဘဏ်ဆိုသည်မှာ သဘာဝမှ ဖမ်းဆီးရမိသော ၁၀၀ ဂရမ်အောက် အကောင်ငယ်လေးများအား အစာကျွေး၍ မွေးမြူပြီး အရွယ်ရောက်မှသာ ပြန်လည်ရောင်းချသည့်လုပ်ငန်းမျိုးကိုခေါ်သည်။


ပြည်ပမှ ပညာရှင်များဖြင့် ပင်လယ်ကမ်းခြေတွင် ကဏန်းသားဖေါက်ခြင်း ဆောင်ရွက်နေရာမှ စီးပွါးရေး တွက်ခြေမကိုက်သောကြောင့် ကျေးလက်များတွင် အရွယ်မရောက်သေးသောကဏန်းများအား ပြန်လည်မွေးမြူရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကလည်း စီစဉ်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကဏန်းဘေးမဲ့ဇုန်တွေမှာ ဆိုင်းဘုတ်ပဲရှိတော့တယ်။ ဒါကြောင့် ကင်းမဲ့ဇုန်နဲ့ မကင်းမဲ့ဇုန် ဘာကွာလဲဆိုတာ လေ့လာရဦးမယ်"ဟု ကဏန်းများအား သီးသန့်သုတေသနပြုနေသော သတ္တဗေဒပညာရှင် ဒေါက်တာသက်စုမာက ပြောသည်။

ရခိုင်ပြည်နယ် ကျိန္တလီနှင့် ဂွမြို့နယ်များတွင် တစ်ရွာလျှင် သုံးလေးဦးခန့်က ဖမ်းမိသော အရွယ်မရောက်သေးသည့် ကဏန်းများအား ကျွေးမွေးထားပြီး အရွယ်ရောက်မှ ပြန်ရောင်းသောလုပ်ငန်းများ(ကဏန်းဘဏ်တည်ထောင်မှု)လုပ်ကိုင်လျက်ရှိနေကြောင်း ၎င်းကပြောသည်။

ယခင်က JICA အစီအစဉ်ဖြင့် သုတေသနပြုမှုအရ ပြည်ပသို့ ရောင်းချနေသော ရွှံ့ကဏန်းမျိုး စိတ်(၅)ခုသာ တွေ့ရှိခဲ့ပြီး ယခုအခါ မျိုးစိတ် (၂၇)ခုတွေ့ရှိထားကြောင်း ၎င်းကပြောသည်။

# 7DAY BOOK REVIEW



## ပိတောက်ပွင့်သစ်မဂ္ဂဇင်း (၂၀၁၂ ဇန်နဝါရီ)

**ပြည်သူချစ်လျှင်ကမ္ဘည်းတင်မည်** ဆောင်ပုဒ်ဖြင့်ထွက်လေ့ရှိသော ပိတောက်ပွင့်သစ်စာပေ အနုပညာမဂ္ဂဇင်းသည် စာသမားများအမြဲလိုလိုစောင့်မျှော်ဖတ်ရလေ့ရှိသည့် မဂ္ဂဇင်းတစ်စောင်ဖြစ်ခဲ့ပြီး ယခင်အကြိမ်များက စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာကြီးတစ်ဦးဦး၏ အကြောင်းကို အထူးပြုညွှန်းဆိုထွက်ရှိခဲ့သော်လည်း ယခု ၂၀၁၂ ဇန်နဝါရီလတွင်မူ ထူးထူးခြားခြားအနေဖြင့် ယနေ့မြန်မာနိုင်ငံ၌ အရေးတကြီးလိုအပ်နေသော 'အမျိုးသားသွေးစည်းညီညွတ်ရေး'ကိုရည်ရွယ်၍ညီညွတ်ရေး ခေါင်းစဉ်ဖြင့်ထွက်လာသည်ကို ဖတ်ရှုရသည်။

ညီညွတ်ရေးဆိုသည့်အတိုင်း စာအုပ်တွင် ပါဝင်သော ဆောင်းပါး၊ အက်ဆေးနှင့် ကဗျာတိုင်းသည် ယနေ့အချိန်အခါတွင် အရေးတကြီးလိုအပ်နေသော အပစ်အခတ်ရပ်စဲရေး၊ အကြွင်းမဲ့ငြိမ်းချမ်းမှုရရှိရေးနှင့် အမျိုးသားညီညွတ်ရေးကို အထူးပြုဖော်ဆောင်ထားသည့် စာများဖြစ်ကြသည်။ စာအုပ်တွင်အမျိုးသားညီညွတ်ရေးအတွက် ရည်ညွှန်းပုံဖော်သည့် ဆောင်းပါး ၂၃ ပုဒ်ပါဝင်ပြီး ဆောင်းပါးတိုင်းလိုလိုမှာ အားထုတ်ကြိုးကုပ်ရေးထုတ်ထားသည်ကို တစ်ပုဒ်ချင်းစေ့စေ့ညက်ညက် ဖတ်ရှုခြင်းဖြင့် သိရှိနိုင်ပါသည်။

အထူးသဖြင့် တော်ဘုရားကလေး အောင်ဇေ၊ လှကွန်း၊ မောင်တင်ဆင့်၊ သရက်ဗဟိန်းစိုး၊ မောင်စမ်းအေး(သဲကုန်း)၊ ရဲရင့်တင့်ဆွေ၊ မန္တလာမောင်မှတ်ကြီး၊ ဆင်လှ၊ ကြည်နိုင်၊ စံဟွမ်တို့၏ အက်ဆေးနှင့် ဆောင်းပါးတို့သည် စာအုပ်၏ ရည်ရွယ်ချက်ကို အထမြောက်စေသော စာများအဖြစ် ဖတ်ရှုရပါမည်။ လှကွန်း၏တွေ့ဆုံဆွေးနွေးခြင်းသည်သာဆောင်းပါးတစ်နေရာ၌ပြည်တွင်းစစ်နှင့်ပတ်သက်၍ "စစ်စဖြစ်တဲ့အချိန်က ၁၉၅၇ ခုနှစ်ထိ ၉ နှစ်တာကာလအတွင်း ရွာကြီးပေါင်း ၃၀၀၀ ကျော် မီးလောင်ပျက်စီးခဲ့ရတယ်။ ကျေးရွာ လူထုလေးသောင်းကျော်လောက် သေကျေဆုံးရှုံးခဲ့ကြရတယ်။ ပြည်သူ့အိုးအိမ်နဲ့ ဥစ္စာပစ္စည်း ကုဋေငါးရာကျော်နစ်နာဆုံးရှုံးခဲ့ရတယ်။ ဖြစ်နေတဲ့ပြည်တွင်းစစ်မှာ သုံးစွဲခဲ့တဲ့ ငွေတွေဟာ ပြည်သူလူထုတွေပေးခဲ့ရတဲ့အခွန်ငွေတွေထဲကဖြစ်တယ်။ နှစ်စဉ်အခွန်ငွေရဲ့ ၆၀ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသတဲ့" ဟု ဖော်ပြပါရှိသည်။ မဂ္ဂဇင်းစာမျက်နှာတိုင်း၌ ညီညွတ်ရေး စာလုံးဖြင့် ခေါင်းစီးတင်ရိုက်နှိပ်ထားသော 'ပိတောက်ပွင့်သစ်' သည်ယနေ့ကာလတွင်အမှန်တကယ်လိုအပ်နေသည့် အမျိုးသားညီညွတ်ရေးဆီသို့ ဦးတည်ရေးသားထားသည်ကို ဖတ်ရှုရပါမည်။ စာအုပ်ကို တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




## သားသားမီးမီးဖွံ့ဖြိုးမှု အထူးဂရုပြု

■ ဒေါက်တာယုဇနစောမြင့် (ကလေးအထူးကုဆရာဝန်ကြီး)

ကလေးများ၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအချက်အလက်များ၊ စိတ်ခံစားမှုများ၊ မိဘနှင့်သားသမီးအကြား သိသင့်သိထိုက်သည်များပါရှိသဖြင့် ရင်သွေးငယ်ရှိသောမိဘများလေ့လာသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

မွေးကင်းစအရွယ်မှသိနားလည်ချိန်အရွယ်အထိကလေးများ၏အမူအကျင့်၊ စိတ်ခံစားမှု၊ စူးစမ်းလေ့လာမှုစသည်များကိုအကြောင်းအရာအလိုက်ဖတ်ရှုရမည်ဖြစ်သည်။ အစားကျွေးရခက်သည့်ကလေးများ၊ ဖွံ့ဖြိုးမှုနည်းသည့်ကလေးများကိုပြုစုနည်းများ၊ ကလေးကိုခြောက်လှန့်ပြီးဆုံးမသည့် နည်းလမ်းမှားများ၊ ယဉ်ကျေးလိမ္မာအောင်ဆိုဆုံးမနည်းများစသည်ဖြင့် ဆယ်ကျော်သက်အရွယ်တိုင်အောင် ပြုစုအုပ်ထိန်းမှုနည်းလမ်းများကို ဝါရင့်ကလေးအထူးကုဆရာဝန်ကြီးက အကြံပြုရေးသားထားသဖြင့် မိဘ၊ အုပ်ထိန်းသူများ ဆောင်ရန်၊ ရှောင်ရန်သိရှိနိုင်ရန် လေ့လာသင့်သည့်စာအုပ်တစ်အုပ်ဖြစ်သည်။

ပင်ဝါးရုံစာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဝက်တွေက ရွှံ့ထဲမှာနေရတာကို ဘာကြောင့်ကြိုက်ကြတာလဲ

ဝက်များသည်ချွေးမထွက်ကြသဖြင့် လူများကဲ့သို့ကိုယ့်ကိုယ်ကိုယ်အေးမြအောင်စွမ်းဆောင်နိုင်ခြင်းမရှိပေ။ ဝက်များရွှံ့ထဲစိမ်နေရခြင်းကို နှစ်ခြိုက်ခြင်းမှာအရေပြားကို အေးမြစေကာ ညင်သာစွာနှိပ်နယ်ပေးခြင်းမျိုး ခံစားရခြင်းကြောင့်ဟုဆိုသည်။ ရွှံ့သည် သန်းနှင့်ကပ်ပါးပိုးမွှားများကို ဖယ်ရှားရှင်းလင်းပေးပြီး ၎င်းတို့ခန္ဓာကိုယ်အတွက် နေပူဒဏ်ကာကွယ်ပေးသည့် သဘာဝနေပူခံလိမ်းဆေးအဖြစ်လည်း လုပ်ဆောင်ပေးသည်။

ဝက်များတွင် ခန္ဓာကိုယ်၏အပူဓာတ်ကို လျော့ပါးစေနိုင်သည့် တန်ပြန်စွမ်းအင်မပါရှိခြင်းကြောင့် ရေကန်ငယ်များတွင်စိမ်ခြင်းဖြင့်လည်းကောင်း၊ ရေမရှိသည့်အခါ ရွှံ့ဗွက်အိုင်များတွင် ကိုယ်ကိုနစ်မြုပ်အောင်နေခြင်းဖြင့် အပူလျော့ပါးအောင် လုပ်ဆောင်ကြခြင်းပင်ဖြစ်သည်။

*—Source:wiki.answers.com*

# တစ်ပတ်တာကံကြမ္မာ

ဖေဖော်ဝါရီ ၁ ရက် မှ ၇ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကံလမ်းကြောင်း၊ ဘဝလမ်းကြောင်းတစ်မျိုးတစ်ဖုံပြောင်းလဲ၍ လမ်းကြောင်းသစ်သို့ဦးတည်မည်။ လိုလားချက်၊ ဦးတည်ချက်များအောင်မြင်မည်။ ငွေကြေးကံ၊ လုပ်ငန်းကံတွင်လည်း လမ်းကြောင်းဟောင်းရပ်၍ လမ်းကြောင်းသစ်သို့ဦးတည်မည်။ စိတ်ပင်ပန်း၊ လူပင်ပန်းကြုံပြီးမှ အောင်မြင်မှုရမည်။ သူတစ်ပါးအတွက် ဆောင်ရွက်ပေးသောကိစ္စများအဆင်ပြေပြီး မိမိအတွက် ဆောင်ရွက်ထားသည်များ နှောင့်နှေးမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်တိုင်းမကျ အားမလိုအားမရကြားမှ မိမိတိုးတက်မှုများအား ဖန်တီးရမည်။ ကာလအတန်ကြာအုပ်စုဖွဲ့၍ မိမိအားအနှောင့်အယှက်ပေးသူအချင်းချင်း ပဋိပက္ခဖြစ်ကာ ၎င်းတို့အနက်မှအချို့ မိမိနှင့်လာရောက်ပူးပေါင်းမည်။ ယာယီနှစ်သိမ့်လက်ခံပါ။ ရေရှည်လက်တွဲ၍မသင့်။ ရပ်တန့်နေသော ကိစ္စများ ပြန်လည်သက်ဝင်လှုပ်ရှားလာမည်။ ငွေကြေးကိစ္စ၊ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ချိုသာစွာ ပြော၍ အနီးကပ်ဒုက္ခပေးသူများ ပေါ်ပေါက်မည်။ အသုံးစရိတ်မြင့်မားနေမည်။ ကြွေးမြီဟောင်းများပြန်လည်တောင်းခံရန်ရှိမည်။ သူတစ်ပါးလုပ်၍ခက်ခဲသောကိစ္စများ မဖြစ်နိုင်ဟုဆိုသော ကိစ္စများအား လုပ်လိုစိတ်ပြင်းထန်မည်။ ဆန္ဒရှိက လုပ်ပါ။ မိမိအလုပ်က အောင်မြင်မည်။ အိမ်တွင်းမိသားစုတွင်း မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလုံးစုံချောမွေ့လျှင် သတိထားရမည်။ အဆုံးသတ်အဆင်မပြေဖြစ်တတ်သည်။ လုပ်သမျှ စလျှင်စချင်း ခက်နေလျှင်ဝမ်းသာပါ။ အဆုံးပိုင်းချောမွေ့သွားမည်။ မိမိကိုယ်မိမိထင်ပေါ်အောင် မနေရ။ မပြောရ။ သူတစ်ပါးကမိမိအားလျှော့တွက်ထားလေ အဆင်ပြေလေဖြစ်မည်။ ထင်ပေါ်က အန္တရာယ်များမည်။ အပြိုင်များလိမ့်မည်။ ရှေ့တွင် တစ်မျိုးကွယ်ရာတွင် ကတိစကားပျက်သောသူများနှင့်တွေ့တတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လိုရာပြည့်စုံ၍ တိုးတက်ခြင်းများရှိမည်။ စိတ်ကြီးခြင်း၊ တစ်ဇွတ်ထိုးလုပ်ခြင်းလျှော့ပါ။ ရုတ်တရက်ပေါ်ပေါက်လာသော ပြဿနာကြောင့် လုပ်နေသော ကိစ္စများ ခေတ္တရပ်တန့်မည်။ ငွေကြေးပျောက်ရှတတ်သည်။ ဦးတည်ချက်တူသော်လည်း သဘောထားချင်း ကွာခြားသူများနှင့်တွဲ၍ လုပ်ရာမှ မကြာခဏ အချင်းများ၊ စကားများရသော်လည်း အဆုံးပိုင်းတွင် အောင်မြင်မည်။ မေတ္တာကံကောင်းမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အေးအေးချမ်းချမ်းရှိနေသော မိမိဘဝအား နှောင့်ယှက်သူပေါ်မည်။ အားနာပျော့ပျောင်းသော သဘာဝအပေါ် အနိုင်ယူသူပေါ်မည်။ ဆွေမျိုးရင်းများ၊ မိတ်ဆွေရင်းများမှ စိတ်အနှောင့်အယှက် ပေးတတ်သည်။ အလိုအလျောက်ရန်ပေါ်နေမည်။ ကတိမတည်၊ စောင့်ထိန်းမှုမရှိသော ဖြစ်လိုသော ရည်ရွယ်ချက်တစ်ခုတည်းသာ ဦးတည်နေသောသူများကြောင့် စိတ်အနှောင့်အယှက်ရှိမည်။ မထင်မှတ်ဘဲ ငွေလိမ်ခံရမည်။



### LIBRA — တူရာသီဖွား(စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လုပ်နေသောကိစ္စအတော်အတန်ခရီးရောက်မှ မှားယွင်းမှုအပေါ် အခြေခံထားသည်ကိုသိ၍ အစအဆုံးပြန်လည်လုပ်ရတတ်သည်။ ခေါင်းအေးအေးနှင့် လုပ်ပါ။ အလောတကြီး လုပ်၍မရ။ သံယောဇဉ်အကြီးဆုံး သူ၏အထင်လွဲမှားမှုအား ဖြေရှင်းရမည်။ ကြွားဝါလိုသောသူများနှင့် ပူးပေါင်းလုပ်မိ၍ ကိုယ့်အကြံ၊ ကိုယ့်လုပ်ငန်း၊ ကိုယ့်ခြေလှမ်းအား သူတစ်ပါးမှ ကြိုသိသွားတတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အထူးကောင်းသည်။ စိတ်ကူးရည်ရွယ်ထားသည်များ အောင်မြင်မည်။ မိသားစုနှင့် ပတ်သက်သည့် ကောင်းသတင်း၊ တိုးတက်မှုသတင်းများကြုံမည်။ အချိန်ယူဆုံးဖြတ်ခြင်းများ မရှိသင့်။ ပိုင်ပိုင်နိုင်နိုင်ရဲရဲဆုံးဖြတ်၍ ထိထိရောက်ရောက် လုပ်ပါ။ သူတစ်ပါးထက်သာသော ကိုယ်ပိုင်အစွမ်းအား ဤကာလတွင် ပြသနိုင်မည်။ အလွယ်တကူပေးထားခဲ့သော ကတိအား ထိန်းရန်ခက်ခဲမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကိုယ်ပိုင်အချိန်အား တန်ဖိုးရှိစွာအသုံးချပါ။ ပတ်ဝန်းကျင်နှင့် ကင်းကွာလေ အကျိုးရှိလေဖြစ်သည်။ စောင့်ဆိုင်းနေသော အစွမ်းပြရမည့် ကာလသို့ ရောက်မည်။ မိဘအကြီးအကဲကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ ငွေကြေးကံအလုပ်ကံတိုးတက်မည်။ ပျိုရွယ်သူများမေတ္တာရေးကံကောင်းသည်။ မေတ္တာရေးစန်းကောင်းမည်။ လုပ်ငန်းခွင်မှသူများ အလုပ်သစ်များ ထပ်ပိုး၍ လုပ်ရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အလွန်သတိရှိရမည်။ လုပ်နိုင်လျက်နှင့် မိမိကိုယ်မိမိယုံကြည်မှု နည်းကာ စမ်းတဝါးဝါးလုပ်သောကြောင့် ထင်သလောက်ခရီးမရောက်။ မစိုးရိမ်သင့်သည်များ ကြုံဖန်စိုးရိမ်မည်။ အမှားအယွင်းတစ်စုံတစ်ရာ မရှိအောင် လုပ်နိုင်လေ၊ တိတိကျကျ လုပ်နိုင်လျှင် အကျိုးရှိမည့် ကိစ္စမျိုးကိုလုပ်နေရမည်။ ကိုယ့်အတွက်ထက် သူတစ်ပါးအတွက်ကို စိတ်ပူပင်ရမည်။ အရေးကြီးသော ကိစ္စများ မိသားစုတွင် ဆောင်ရွက်နေရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်သမျှအောင်မြင်ခြင်း၊ အထွတ်အထိပ်တိုးတက်ခြင်းများ ဖြစ်ပေါ်မည်။ ဘဝတိုးတက်မည်။ ရည်ရွယ်ချက်ကောင်းမည်။ ထိပ်တိုက်တွေ့သည်များအနိုင်ယူစိုးမိုးနိုင်မည်။ ဘဝအတွက် အရေးပါသောကိစ္စများအား ပြန်လည်အသုံးချရမည်။ ကြုံတွေ့ရမည့် အခက်အခဲများသည် အသစ်အဆန်းများဖြစ်လင့်ကစား ကြိုတင်မျှော်လင့်ပြင်ဆင်ထားပြီး ဖြစ်နေမည်။ ချစ်သူခင်သူသံယောဇဉ်ရှိသူများနှင့် ခေတ္တဝေးကွာရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်ချမ်းမြေ့စရာများ ပျော်ရွှင်စရာများရှိမည်။ လိုရာပြည့်စုံမည်။ မိသားစုတွင် လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ လုပ်ငန်းရှိသူလုပ်ငန်းတိုးတက်ခြင်း၊ ဝင်ငွေတိုးခြင်းရှိမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အမျိုးသမီးမိတ်ဆွေထံမှ အထောက်အကူရမည်။ ကြွေးမြီဟောင်းများ ပြန်လည်တောင်းခံရရှိမည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စများပြောဆိုအောင်မြင်မည်။

7DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012



Photo - New York Times

# နိုင်ငံရေးလမ်းကြောင်းသစ်တွင် စီးပွားရေးအကျပ်အတည်းကို ကျော်လွှားရမည့် အီဂျစ်

**ကြည်နေဝင်းမင်း**

အဆုံးမရှိဟုထင်ရသောမငြိမ်မသက်မှုများနှင့် စစ်ဘက်အုပ်ချုပ်ရေးကာလ တစ်နှစ်တာ ဖြတ်သန်းပြီးချိန်တွင် အီဂျစ်နိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းမှုကို အားနည်းစေနိုင်သည့် ဆိုးဆိုးရွားရွား ဘဏ္ဍာရေးကျပ်တည်းမှုအခြေအနေနှင့် ရင်ဆိုင်နေရပါသည်။ ယင်းမှာ နိုင်ငံကိုအုပ်ချုပ်နေသောအစ္စလာမ်မစ်များအတွက်လည်း အလှည့်အပြောင်းဖြစ်စေနိုင်သော စိန်ခေါ်မှုဖြစ်နိုင်ပါသည်။

တောင်လိုပုံနေသော ကြွေးမြီများ၊မဖြစ်စလောက်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရန်ပုံငွေ လျော့ပါးလာမှုလည်း နိုင်ငံတွင် ကြုံတွေ့နေရ၍ စစ်ဘက်အုပ်ချုပ်သူများနှင့် အစ္စလာမ်မစ်များဦးဆောင်သည့်ပါလီမန်သစ်သည်ခက်ခဲသောရွေးချယ်မှုများနှင့် တည့်တည့်တိုးနေပြီဖြစ်သည်။ ပထမဦးဆုံး ကြုံတွေ့ရမည်မှာ အီဂျစ်နိုင်ငံသုံးငွေအား ထပ်မံ၍မဖြစ်မနေ တန်ဖိုးလျှော့ချရမည့်အရေးဖြစ်ပြီး ယင်းသို့ လုပ်ဆောင်ခဲ့ပါကလည်း စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ဈေးခေါင်ခိုက်သွားစေနိုင်သည်။

နောက်ထပ်အီဂျစ်အစိုးရက လုပ်ဆောင်ရမည့် အရေးကိစ္စမှာ အစိုးရအသုံးစရိတ်၏ ငါးပုံတစ်ပုံအထိပါဝင်နေသည့်ရေနံနှင့်ဓာတ်ဆီများ ခွဲတမ်းချပေးနေသော စနစ်ကြီးကို အခြေခံမှစ၍ ပြုပြင်ပြောင်းလဲရမည့်အရေးဖြစ်သည်။ အတိတ်ကာလတွင်မူ စားသောက်ကုန်ဈေးနှုန်းများကြီးမြင့်လာခြင်းနှင့် ရေနံနှင့် ဓာတ်ဆီခွဲတမ်းများ လျှော့ချလိုက်ခြင်းမှာ အဓိကရုဏ်းများကိုဖြစ်ပေါ်လာစေခဲ့ဖူးသည်။

“အခြေအနေက တော်တော်ကိုဆိုးပါတယ်”ဟု အီဂျစ်စီးပွားရေးလေ့လာရေးစင်တာမှ အမှုဆောင်ဒါရိုက်တာ မက်ဒါကန်ဒီးလ်ကပြောပါသည်။ မကြာသေးမီက တွေ့လာခဲ့ရသည့် အညွှန်းလက္ခဏာများမှာလည်း ထိတ်လန့်စရာကောင်းသည်ဟု ၎င်းကဆိုသည်။

လက်ရှိအခြေအနေ၏ လေးနက်မှုကိုပြသနေသော လက္ခဏာအဖြစ် နိုင်ငံကို အုပ်ချုပ်နေသည့် စစ်ဘက်ကောင်စီက ယခင် ရက်သတ္တပတ်အတွင်း ၎င်း၏ မူလရပ်တည်ချက်မှတစ်ဆစ်ချိုးကာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ထံမှ ကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံချေးငွေရယူမည့်အစီအစဉ်ကို ပြန်လည်ဆွေးနွေးခဲ့သည်။ ယခင်ကဆိုလျှင် အိုင်အမ်အက်ဖ်ထံမှ ချေးငွေရယူရေးအစီအစဉ်ကို နိုင်ငံတော်အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု အကြောင်းပြချက်ဖြင့် ဗိုလ်ချုပ်ကြီးများကပယ်ချခဲ့သည်။ သို့သော် ယခုအခါတွင် စစ်ဘက်ဦးဆောင်သော အစိုးရအဖွဲ့မှ အရာရှိများက ၎င်းတို့အနေဖြင့် အိုင်အမ်အက်ဖ်ထံမှ ပို၍ကြီးမားသောချေးငွေကိုပင် ချေးယူရဖွယ်ရှိသည်ဟု ပြောဆိုနေကြပါသည်။

ထို့အပြင် ယခင်က ကြာရှည်ကြာညောင်း မတရားအသင်းအဖြစ် ကြေညာခံထားရပြီး ယခုအခါ နိုင်ငံ၏ ပါလီမန်သစ်ကို ထိန်းချုပ်ထားသည့် အစ္စလာမ်မစ် အုပ်စုမွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ကလည်း အိုင်အမ်အက်ဖ်ကိုယ်စားလှယ်များနှင့် သီးခြားတွေ့ဆုံ၍ ဘဏ္ဍာရေးအကူအညီပေးမည့်အစီအစဉ်ကို လက်သင့်ခံမည့် အရိပ်အယောင်ပြသခဲ့သည်။ ယင်းမှာ နှစ်ပေါင်း ၈၀ ခန့် အနောက်နိုင်ငံများ၏ ကိုလိုနီဝါဒကိုရှုတ်ချ၍ အာရပ်တို့၏ မှီခိုမှုကို ပြစ်တင်ပြောကြားခဲ့သည့် အဖွဲ့အတွက် စစ်ဘက်ထက် ပို၍အံ့အားသင့်စရာ တစ်ဆစ်ချိုး ကွေ့မှုပင်ဖြစ်သည်။

မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ခေါင်းဆောင်များကလည်း နိုင်ငံအား အကျပ်အတည်းမှ ပဲ့ကိုင်သွားရေးမှာ ၎င်းတို့၏ နိုင်ငံအုပ်ချုပ်ရေးစွမ်းရည်အတွက် စမ်းသပ်မှုပင်ဖြစ်ကြောင်း ဝန်ခံပြောကြားကြပါသည်။ စစ်ဘက်အုပ်ချုပ်သူများအား ရာထူးမှ ဖြုတ်ချရန် လှုပ်ရှားနေသူများကလည်း စီးပွားရေးအခက်အခဲမှာ ၎င်းတို့၏ လှုပ်ရှားမှုအတွက် ကြီးမားသော အတားအဆီးဖြစ်လာပြီး နိုင်ငံသားအများအပြားမှာ တည်ငြိမ်မှုကိုသာ ပြန်လည်၍လိုလားတောင့်တနေကြပြီဟုပြောသည်။ အချို့ကလည်း လွန်ခဲ့သောတစ်နှစ်က သမ္မတမူဘာရက်အား ရာထူးမှပြုတ်ကျသွားအောင် ကန့်ကွက် ဆန္ဒပြမှုများဖြစ်ပေါ်စေခဲ့သည့်စားဝတ်နေရေးကျပ်တည်းမှုမှာ ယခုအခါ မခံမရပ်နိုင်လောက်အောင် ပိုမိုဆိုးရွားလာခဲ့ပြီဟု စိတ်ပျက်လက်ပျက်မှတ်ချက်ချကြသည်။

စီးပွားရေးကျပ်တည်းမှုအား အီဂျစ်မင်္ဂလာဆောင်များမှာထက် ပို၍ သိသာသောနေရာမရှိပေ။ အီဂျစ်နိုင်ငံတွင် မင်္ဂလာဆောင်များမှာ အလွန်ငွေကုန်ကြေးကျများပြီး တစ်နှစ် တစ်နှစ်လျှင် အမေရိကန်က အီဂျစ်နိုင်ငံအား အကူအညီပေးနေသော ငွေကြေးပမာဏနှင့် ရှိုင်းယှဉ်နိုင်သည်။ မင်္ဂလာဆောင်မည့်စုံတွဲများမှာ မင်္ဂလာဆောင်အတွက် ကုန်ကျစရိတ်ကို လျှော့ချနေကြသဖြင့် တော်လှန်ရေးမတိုင်မီ ဒေါ်လာ ၃၀၀ ခန့်ကုန်ကျမည့် အခမ်းအနားများကို ဒေါ်လာ ၁၀၀ ခန့်သာ ပေးချေလိုကြသည်ဟု မင်္ဂလာဆောင်ပွဲစီစဉ်သူများကဆိုသည်။ ယခင် တော်လှန်ရေးမတိုင်မီက တစ်လလျှင် ပျမ်းမျှ ဆယ်ပွဲခန့် ဖျော်ဖြေနေရသော ဒီဂျေများကလည်း ယခုအခါ တစ်လလျှင် မင်္ဂလာဆောင်ပွဲ နှစ်ပွဲ၊ သုံးပွဲလောက်သာရှိတော့ကြောင်းပြောပြကြသည်။

“တော်လှန်ရေးပြီးတဲ့နောက်မှာ ဘယ်သူမှ မင်္ဂလာမဆောင်ကြတော့ဘူး”ဟု မင်္ဂလာဆောင်ပွဲများအတွက် ကားငှားရမ်းခြင်းလုပ်ငန်းလုပ်ကိုင်နေပြီး တွက်ခြေမကိုက်တော့၍ လုပ်ငန်းရပ်နားလိုက်ရသော အာမေအယ်လ်ခိုဒါရီကပြောပါသည်။ အသက် ၂၆ နှစ်အရွယ် ဘွဲ့ရတက္ကစီယာဉ်မောင်း အီဘရာဟင်မိုဟာမက်၏ အနေအထားမှာ လေ့လာစရာနမူနာကောင်းဖြစ်သည်။ တက္ကစီငှားခနှုန်းထားများ အလွန်ကျဆင်းသွားခဲ့၍ အီဘရာဟင်မှာ သတို့သမီးအတွက် ပေးရမည့် လက်ဝတ်ရတနာလက်ဆောင်၊ မင်္ဂလာပွဲနှင့် မင်္ဂလာဆောင်ပြီး နေထိုင်ရန် အိမ်ခန်းခ၊ အိမ်ထောင်ပရိဘောဂများအတွက် အကြမ်းဖျင်းလိုအပ်သော ကန်ဒေါ်လာ ၇,၀၀၀ ခန့်ကို မစုဆောင်းနိုင်တော့ကြောင်းပြောပြသည်။

“တော်လှန်ရေးကြောင့်သာ မဟုတ်ရင်ကျွန်တော်လက်ထပ်နိုင်လောက်ပါပြီ”ဟု အီဘရာဟင်က ဆိုသည်။

အီဘရာဟင်၏ ကံကြမ္မာအတွက် အကြောင်းပြချက်များမှာ တစ်နှစ်ပတ်လုံးတွင် ပိုများလာပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လုံးဝနီးပါးပြတ်တောက်သွားခြင်း၊ ကမ္ဘာလှည့်ခရီးသည်လည်ပတ်မှု ၃၀ ရာခိုင်နှုန်းလျော့နည်းသွားခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုရပ်တန့်နေခြင်းတို့အပြင် တရားဝင် အလုပ်လက်မဲ့နှုန်း ၁၂ ရာခိုင်နှုန်းရှိခြင်းတို့ဖြစ်သည်။ လူငယ်များအတွက် အလုပ်လက်မဲ့နှုန်းမှာ ထို့ထက်နှစ်ဆပင် ရှိနိုင်ပါသည်။

စစ်ဘက်အုပ်ချုပ်ရေးမှူးများမှာ ဘဏ္ဍာရေးအကျပ်အတည်းကို ဖင်ခုထိုင်ထားရသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဆယ်ရာခိုင်နှုန်းကျော်လာခဲ့ပြီး နိုင်ငံသုံးငွေ အီဂျစ် ပေါင်မှာလည်း အကြီးအကျယ် ဖိအားပေးခံနေရသည်။ အီဂျစ်ငွေ ပေါင်တန်ဖိုးကို တွန်းတင်ထားနိုင်ရန် ကြိုးပမ်းရင်း အစိုးရက တစ်လလျှင် ကန်ဒေါ်လာနှစ်ဘီလီယံခန့် အသုံးပြုနေရာ နိုင်ငံခြားအရန်ငွေများ သိသိသာသာလျော့ကျလာသည်။ တော်လှန်ရေးမတိုင်မီ ကန်ဒေါ်လာ ၃၆ ဘီလီယံရှိခဲ့သော နိုင်ငံခြားအရန်ငွေမှာ ပေးချေစရာများ ဖယ်ထားပြီးချိန်တွင် ၁၀ ဘီလီယံသာ ရှိတော့သည်။

ဇွန်လအတွင်း အိုင်အမ်အက်ဖ်ထံမှ ချေးငွေယူရန်ရှောင်ရှားခဲ့သော အီဂျစ်စစ်ဘက်အုပ်ချုပ်သူများကြောင့်လည်း အခြေအနေပိုဆိုးခဲ့ကြောင်း စီးပွားရေးပညာရှင်များကပြောကြားပါသည်။ ထိုအစား စစ်ဘက်အစိုးရက ပြည်တွင်း၌ပင် လှည့်ပတ်ချေးယူခဲ့သည်။

“ပြည်တွင်းဈေးကွက်ကပဲ ဆက်ပြီး ငွေချေးနေတာကတော့ ဒေဝါလီခံရမယ့်မူဝါဒပါပဲ”ဟုယခုအခါ ကိုင်ရိုမြို့တွင် ရောက်ရှိနေသော မင်နီဆိုတာတက္ကသိုလ် အီဂျစ်လူမျိုး စီးပွားရေးပညာရှင် ရက်ဂူရီအာဆတ်ကဆိုပါသည်။ နောက်ဆုံးတွင် အီဂျစ်ငွေတန်ဖိုး လျှော့ချရုံမှလွဲ၍ ရွေးချယ်စရာမရှိဖြစ်လာနိုင်သည်ဟု ၎င်းကပင်ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ အီဂျစ်နိုင်ငံသည်စီးပွားရေးပြိုလဲနိုင်မှုအခြေအနေမှ ရုန်းထွက်နိုင်သေးကြောင်း အချို့စီးပွားရေးပညာရှင်များက အခိုင်အမာပြောကြားကြသည်။ စစ်ဘက်ဦးဆောင်သောအစိုးရက နိုင်ငံ၏ဘတ်ဂျက်လိုငွေအား ကန်ဒေါ်လာ ၃၀ ဘီလီယံမှ လေးဘီလီယံလျှော့ချနိုင်မည့် အစီအစဉ်များ ကြေညာခဲ့ခြင်းကို ၎င်းတို့က ထောက်ပြကြသည်။ ထို့အပြင် လွှတ်တော်ကို ချုပ်ကိုင်ထားသော မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ကလည်း လွတ်လပ်သောဈေးကွက်စနစ်ကို ထောက်ခံပြီး လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများကိုလုပ်ဆောင်ရန် စိတ်အားထက်သန်ကြောင်းလည်းဆိုနေကြရာ ဒယ်အိုးထဲမှ မီးပုံထဲသို့ ခုန်ဆင်းခဲ့ကြသော အီဂျစ်နိုင်ငံသားများ သက်သာရာရတော့မည်လားဆိုသည်မှာ. . .။

*—Ref: Economic Potholes Add Dangers on Egypt's New Political Path.*

သဇင်
Body Beauty အမျိုးသမီးများအတွက် လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊ အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။ မျက်ဝန်းတစ်ဝိုက်အရေးအကြောင်းများကို သုံးရက်အတွင်း သိသာစေခြင်း။
၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ၊
ဖုန်း - ၀၉၅၁ ၅၁၀၄၅၊ ၀၉-၇၃၀ ၂၄၆၆၅

We Need Urgent Requirement For U.A.E
Emax DUBAI
( Interview on 1st Week Feb 2012 )
Sales Staff (2600-2800Dhs)
Sales Supervisor (3000 + )
Ray Myanmar H.R Solutions ( No.108 -2010 )
No.454,3rd Floor,Corner Of Merchant St; & Bogalayzay St;
Call : 398197 / 09 5119273

ကားကောင်း ကားသန့်များ ရောင်းမည်
အမှန်တကယ် ကားဝယ်စီးမည့်သူများအတွက် လတ်တလော တင်သွင်းထားသော ဂျပန်ကားကောင်း ကားသန့်များကို အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
ဆက်သွယ်ရန် - ရောင်နီဦး(V-38/39) မြကန်သာလမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၆၀၆၀၅၊ ၀၉-၇၃၀ ၉၈၆၉၆


"Year End Lucky Draw
Opening Ceremony & Thank You Party
( Chatrium 19-1-2012)"
တက်ရောက်ချီးမြှင့်ပေးကြပါသော ဖြန့်ချီရေးနှင့်
အရောင်းကိုယ်စားလှယ်တော်ကြီးများ၊
ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ သီးလေးသီးအဖွဲ့နှင့်
အစီအစဉ်တင်ဆက်ပေးသူ ကိုအရိုင်း၊
စဉ်ဆက်မပျက် ဝယ်ယူအားပေးခဲ့ကြသော
မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ Customers များအားလုံးကို
Mon Shine International Trading Co.,Ltd မှ
ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။
PRIZE- 20 Lakh
PRIZE- 10 Lakh
PRIZE- 10 Lakh
ကျပ် (၅) သိန်းဆု (၃)ဆု
(၁) NO.03107 (ရွှေကျဲကော်ဝတ်ီး - ဟသ်တ)
(၂) NO.08194 (ရန်ကုန်မှန်တိုင် - လာရှိုးမြို့)
(၃) NO.01921 (ရွှေကျဲကော်ဝတ်ီး - ဟသ်တ)
ကျန်ရှိနေသေးသော - ကျပ် (၂) သိန်းဆု (၂၀)ဆု
ကျပ် (၁) သိန်းဆု (၃၀)ဆု
ကျပ် (၅) သောင်းဆု (၅၀)ဆု
နှင့်
ကျပ် (၂) သောင်းဆု ကျပ် (၁) သောင်းဆု ကျပ် (၅) ထောင်ဆု များကို
Mon Shine ရုံများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် အောက်ဖော်ပြပါဖုန်းနံပါတ်များတွင်
ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Hot Line : ( Yangon ) - 010 3000749
( Mandalay) - 09 91029844 ( Mawlamyaing) - 09 49810479
SOLO COLLECTION
MS Mon Shine International Trading Co., Ltd.

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 51,150 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၂၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0″ | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၉)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၄-၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈-၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၂၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၂၉)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၃,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ(၂၈)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၃,၃၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၅၀၀ |

ဇန်နဝါရီ (၂၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R⁺ | - | ၁၀ | ၁၅၀ |
| ဆပ်ဖ် | ၉၇ | ၆၀ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆၀ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆၀ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆၀ | ၄၂၀ |

ဇန်နဝါရီ(၂၈)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Jan (22) | Jan (23) | Jan (24) | Jan (25) | Jan (26) | Jan (27) | Jan (28) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

Environment
7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# ချင်းတွင်းမြစ်ရေ အရည်အသွေး သုံးစွဲရန်သင့်လျော်ဆဲ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ချင်းတွင်းမြစ်အတွင်းရှိရေအရည်အသွေးသည် ၂နှစ်အတွင်းတိုင်းတာခဲ့သော ရလဒ်များအရ သံဓာတ်နှင့် နောက်ကျိမှုနှုန်းတက်လာသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်သော ကောင်းမွန်သည့်ရေအရည်အသွေးစံနှုန်းများနှင့်ကိုက်ညီနေသေးကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေ၏ ရေအရည်အသွေးတိုင်းတာရာတွင် ထိုသတ်မှတ်ချက်များနှင့် ကိုက်ညီနေဆဲဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော သုံးစွဲရန်သင့်တော်သည့်ရေမှာ သံဓာတ် ၀ ဒသမ ၃ နှင့် ၁ အကြားနှင့် ကလိုရင်း ၂နှင့်၁၀ကြားရေအရည်အသွေး(PH)၆ ဒသမ ၅ မှ ၉ ဒသမ ၂ အတွင်းရှိရန်၊ နောက်ကျိမှု ၂၀ ntu ထက်မနည်းရန်ဖြစ်သည်။

ချင်းတွင်းမြစ်တစ်လျှောက် ၂၃ နေရာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များအတိုင်း တိုင်းတာခဲ့သည်။

"အားလုံးကို ခြုံပြီးပြောရရင် သောက်လို့ရသေးတယ်။ သုံးသပ်ပြောရရင် ပြောခဲ့တဲ့ ဓာတ်သုံးမျိုးက တက်လာတယ်။ ကျန်တဲ့ကလိုရိုက်နဲ့ ရေသွက်ရေစေး၊ အမိုးနီးယားနဲ့ နိုက်ထရိုက်တို့က နည်းလာတယ်။ ဖလူရိုက်၊ နိုက်ထရက်အက်ဆစ်သတ္တိနဲ့ ဖလူရိုက်တို့ PH တို့ကတော့ အရင်တိုင်းပဲ" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။



*မုံရွာမြို့မှ မြင်တွေ့ရသော ချင်းတွင်းမြစ်မြင်ကွင်း*

ဓာတ်ပုံ - အောင်အောင်

ချင်းတွင်းမြစ်၏ ရေမျက်နှာပြင်နှင့် ရေအနက် ၀ ဒသမ ၆ တို့တွင် တိုင်းတာထားခြင်းဖြစ်သည်။ သံဓာတ်ပါဝင်မှုများပါကစိုက်ပျိုးရေးလုပ်ငန်းပစ္စည်းများ သံချေးတက်ခြင်းတို့ဖြစ်ပွားတတ်ပြီး ကလိုရင်း ဓာတ်များသောရေကို ၁၅ နှစ်ကျော်သောက်သူများသည် ကင်ဆာဖြစ်ပွားနှုန်းကို ပိုများစေသည်။

နောက်ကျိမှုများခြင်းသည် ရေတွင် ပျော်ဝင်သော အောက်ဆီဂျင်ဓာတ်ကို လျော့ကျစေခြင်းကြောင့်ဂေဟဗေဒစနစ်ကိုထိခိုက်စေသည်။

ချင်းတွင်းမြစ်သို့စီးဝင်သော ဥရုမြစ်ကြောင်းသည် ကျောက်တူးဖော်မှုနှင့် ရွှေတူးဖော်မှုများကြောင့် နောက်ကျိမှုများသည်။

ထို့ကြောင့် ချင်းတွင်းမြစ်နှင့် ဥရုမြစ်ဆုံစည်းရာ ဟုမ္မလင်းမြို့ အောက်ဘက်တွင် ချင်းတွင်းမြစ်၏ နောက်ကျိမှုပိုများသည်။

ချင်းတွင်းမြစ်နှင့် ဥရုမြစ်မှ စီးဆင်းလာသော ရေကြည်တစ်ဝက်နှင့် ရေနောက်တစ်ဝက်သည် ပေပေါင်း ၁၀၀ မှ ပေါင်းစည်းပြီး ထိုပေါင်းစည်းပြီးသော ချင်းတွင်းမြစ်ရေသည် ပိုနောက်ကျိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

# ဧရာဝတီမြစ်ရေ အရည်အသွေး ဖေဖော်ဝါရီတွင် တိုင်းတာမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ဧရာဝတီမြစ်၏ ရေအရည်အသွေးတိုင်းတာမှုကို ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် တိုင်းတာမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ကမ်းသင်္ဘောကပ်ရ ဆိပ်ကမ်း၊ မြစ်ရေတင်စီမံကိန်းနှင့် စက်ရုံ၊ အလုပ်ရုံရှိရာ မြို့များတွင် တိုင်းတာမည်ဖြစ်ပြီး ရန်ကုန်မှ ဗန်းမော်မြို့အထိ စက်လှေဖြင့် ၁၀ ရက်အကြာ ရေအရည်အသွေးတိုင်းတာမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော အရည်အသွေးတိုင်းတာမှု သတ်မှတ်ချက်များအနက်မှ ၁၄ မျိုးကို တိုင်းတာမည်ဖြစ်သည်။ တိုင်းတာမှုကို မြစ်၏ မျက်နှာပြင်ရှိရေနှင့်ရေအနက် ထက်ဝက်တို့ကို နှစ်ပိုင်းခွဲ၍တိုင်းတာမည်ဖြစ်သည်။

၂၀၀၆ ခုနှစ်က မြစ်ကြီးနားမြို့မှ ရန်ကုန်မြို့အထိ ဧရာဝတီမြစ်၏ ရေအရည်အသွေးတိုင်းတာမှုကို ပထမအကြိမ်တိုင်းတာခဲ့သည်။

တိုင်းတာမည့် ရေအရည်အသွေးများမှာ သံဓာတ်၊ ကလိုရိုက်၊ ကလိုရင်း (အကာလီနတီ) အက်ဆစ်ဂုဏ်သတ္တိ၊ ရေစေးရေသွက်၊ အမိုးနီးယား နိုက်ထရိုက်၊ နိုက်ထရက်၊ ဖလိုစရိုက်၊ အနည်ပါဝင်မှုနှင့် မြစ်၏ အရည်အသွေးတိုင်းတာမှုကို PH Level တို့ဖြစ်သည်။

## ဧရာဝတီလင်းပိုင်တစ်ကောင် သေဆုံး

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ- ၂၇**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်မြစ်ကမ်းကြီးကျေးရွာတွင် လင်းပိုင်အသေတစ်ကောင်ကို လင်းပိုင်ရေလုပ်သားဦးထွန်းဝေနှင့်အဖွဲ့က တွေ့ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ သတင်းပို့ခဲ့သည်။

အဆိုပါလင်းပိုင်အသေကိုစစ်ဆေးကြည့်ရှုရာတွင် အရှည် ၆ ပေ ၅ လက်မရှိပြီး အသက်အရွယ်ကြီး၍ အလိုအလျောက်သေဆုံးသွားခြင်းဖြစ်နိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စစ်ဆေးချက်မှတ်တမ်းအရ သိရသည်။

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဧရာဝတီလင်းပိုင်များမျိုးမသုဉ်းရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ရေလုပ်သားများပူးပေါင်း၍ ငါးဖမ်းဆီးသည့် အလေ့အထကိုထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

# အမျိုးသားအဆင့် ရေတိမ်ဒေသနေ့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၃**

လာမည့် ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေတိမ်ဒေသနေ့အထိမ်းအမှတ်နှင့် မုတ္တမဒေသကို Ramsar ဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေတိမ်ဒေသနေ့နှင့် မုတ္တမဒေသကို ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဝန်ကြီးဌာနနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA) တို့က ပူးပေါင်းကျင်းပမည်ဖြစ်ပြီးကမ္ဘာ့ရေတိမ်ဒေသများထိန်းသိမ်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ရမ်ဆာကွန်ဗင်းရှင်းမှ တာဝန်ရှိသူ တစ်ဦးလည်း လာရောက်ကာ ပြည်တွင်း ပြည်ပပညာရှင်များနှင့် ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

*စာ(၄၀) သို့*

## Environment Cartoon




# ကချင်ပြည်နယ် မြစ်ချောင်းများရှိ ရေခဲငါးများကို အချိန်မီထိန်းသိမ်းရန်လိုအပ်


အေးမြကျော်

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ကချင်ပြည်နယ်မေခ၊ မလိခမြစ်နှင့်ချောင်းလက်တက်များအတွင်းတွင် ရေခဲငါးဟုခေါ်သော မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငါးမျိုးစိတ်များကို အလျင်အမြန် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်နေကြောင်း ထိုဒေသတွင်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ခဲ့သော BANCA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေခဲငါးများ၏အလေ့အထမှာအေးခဲနေသောရေများအတွင်းမှာပင်ရှင်သန်သွားလာနိုင်ပြီး ယင်းတို့ နေထိုင်ကျက်စားသော မြစ်ချောင်းများမှာ အများအားဖြင့် နောက်ကျိနေလေ့ရှိသဖြင့်အလွယ်တကူ ရှာဖွေတွေ့ရှိရန် ခက်ခဲကြောင်းပညာရှင်တစ်ဦးကရှင်းပြသည်။မေခ၊မလိခမြစ်ကြောင်းများအထက်ပိုင်းတွင် ရေကာတာစီမံကိန်းများ မတည်ဆောက်မီသဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိမရှိစစ်တမ်း(EIA) အတွက် သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက်အဖွဲ့များခွဲကာ နို့တိုက်သတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းနေသတ္တဝါများကိုလေ့လာသုတေသနပြုခဲ့သည်။ထိုသို့လေ့လာရာတွင် မေခ၊ မလိခမြစ်နှစ်သွယ်အထက်ပိုင်းမြစ်ချောင်းများ၌ ရေခဲငါးဟုဒေသခံများခေါ်ဝေါ်ကြသော Snow Troutခြောက်မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး ထိုအထဲတွင် Kunming Snow Trout ရေခဲငါးတစ်မျိုးကို တွေ့ရှိခဲ့ကာ ထိုငါးမှာ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ IUCN ၏မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်ရသော မျိုးစိပ်စာရင်း(သို့) အနီရောင်စာရင်း၌ ဖော်ပြခံထားရပြီး အကောင်ရေမှာ ဆက်တိုက်လျော့ကျနေသည့်စာရင်းတွင်ပါဝင်နေသည့်အတွက် သဘာဝမှပျောက်ကွယ်မသွားရန် အချိန်မီထိန်းသိမ်းသင့်ကြောင်း လည်းထိုပညာရှင်ကပြောသည်။

၂၀၀၉ ခုနှစ်တွင်ပြုလုပ်ခဲ့သော ထိုလေ့လာသုသေတနစစ်တမ်းအပြီး နောက်ပိုင်းစနစ်တကျနှင့် ထိရောက်သောလေ့လာမှုများပြုလုပ်ရခြင်းမရှိသေးကြောင်း သိရသည်။




*ကူမင်း ရေခဲငါးတစ်မျိုး*

Tourism

7Day NEWS JOURNAL

Vol.10, No.46 · FEBRUARY 2 , 2012


# ဟိုတယ်အခန်းရရှိရန် အခက်အခဲ ဝန်ကြီးဌာနသို့တင်ပြ

**အောင်သူရ**

**ရန်ကုန်၊ဇန်နဝါရီ-၂၆**

ဟိုတယ်များတွင် အခန်းရရှိမှု ခက်ခဲနေခြင်းနှင့် ကြုံတွေ့နေရသော အခက်အခဲများအား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြပေးရန်တောင်းခံလာကြောင်း သတင်းရရှိသည်။

"စာချုပ်ကိစ္စ စောင့်ဆိုင်း စာရင်းနဲ့ ဖျက်သိမ်းခြင်းကိစ္စတွေမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို တင်ပြဖို့ တောင်းခံလာတာပါ" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ အခက်အခဲများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကြား ဝန်ကြီးဌာနက ညှိနှိုင်းပေးရန်အတွက် ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

"ဟိုတယ်တွေက အထိန်းအကွပ်ကို မရှိဘူး။ လုပ်ချင်တိုင်း လုပ်နေကြတာ စာချုပ်ချုပ်ထားပြီး ပြန်ဖျက်ချင်ရင် ဖျက်တာပဲ" ဟု ဒဂုံမြို့နယ်အခြေစိုက်ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ထို့အပြင် ဟိုတယ်အခန်းခဈေးနှုန်းများမှာ ၅၀ ရာခိုင်နှုန်းခန့်ဈေးတက်သွားပြီး အခန်းငှားရမ်း၍ မရဖြစ်နေကြောင်း ခရီးသွားလုပ်ငန်းရှင်များက ဆိုသည်။

ရန်ကုန်မြို့ရှိဟိုတယ်အများစုမှာ ဆက်သွယ်လာသောပြည်ပကုမ္ပဏီများသို့တိုက်ရိုက်ရောင်းချမှုများရှိလာသဖြင့် ယင်းသို့အခန်းမရရှိခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ "နိုင်ငံခြား ကုမ္ပဏီတွေနဲ့ ကျွန်တော်တို့ဘယ်လိုမှ မယှဉ်နိုင်ဘူး။ ကျွန်တော်တို့က ၇ ရာခိုင်နှုန်းပေးရတယ်။ သူတို့က ပေးစရာမလိုဘူး"ဟုခရီးသွားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ထို့အပြင် ယခင်က ဟိုတယ်တွင်ဧည့်သည်တည်းခိုပြီးမှ အခန်းခပေးချေရသော်လည်း ယခုနောက်ပိုင်း၌ အချို့ဟိုတယ်များမှာ အခန်းခကြိုတင်တောင်းခံလာကြောင်း သတင်းရရှိသည်။

"မြန်မာနိုင်ငံက ခရီးသွားလုပ်ငန်းက အခုမှ စကောင်းစပဲရှိသေးတယ်။ ဒါမျိုးတွေဖြစ်နေရင် နာမည်ပျက်လိမ့်မယ်"ဟုစီးပွားရေးပညာရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဒေသအသစ်အဖြစ် လာရောက်မှု မြင့်တက်လာနေသော်လည်း ကမ္ဘာ့စီးပွားရေး အခြေအနေမှာ ကောင်းမွန်ခြင်းမရှိသေးကြောင်း သိရသည်။



**အင်းလေးကန်သို့ လာရောက်လည်ပတ်နေသော ကမ္ဘာလှည့်ခရီးသည်များ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ထိုင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးအစီအစဉ် ဘတ်ငွေ ၆ ဘီလီယံကျော်သုံးရန် လျာထား

**ဘန်ကောက်၊ ဇန်နဝါရီ-၂၈**

လာမည့်မတ်လမှစတင်မည့် ထိုင်းခရီးသွားမြှင့်တင်ရေး အစီအစဉ် "Miracle Thailand Year 2012" အတွက် ထိုင်းဘတ်ငွေ ၆ ဒသမ ၃ ဘီလီယံ သုံးစွဲရန် အစိုးရကလျာထားကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနက ပြောကြားသည်။



ယင်းဘတ်ဂျက်ငွေအား ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ (Tourism Authority Of Thailand) က သုံးစွဲမည့် ဘတ် ၄ ဒသမ ၈ ဘီလီယံ အပါအဝင် စိုက်ပျိုးရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဝန်ကြီးချုပ်ရုံးတို့က စိုက်ထုတ်သွားမည်ဖြစ်သည်။

ၚင်းအရောင်းမြှင့်တင်ရေး အစီအစဉ်အရ ဆုန်ခရမ်ပွဲတော်၊ ထိုင်းဈေးပွဲတော်ကြီး (Thailand Grand Sales)ဖယောင်းတိုင် ပွဲတော်နှင့် လွိုင်ကရာသုန်ပွဲတော်များအား ကမ္ဘာ့အဆင့်မီပွဲတော်များဖြစ်အောင် အဆင့်မြှင့်သွားမည်ဟု ထိုင်းခရီးသွားလုပ်ငန်းဝန်ကြီးဌာနချွန်ပိုးလ်စီလာပါက ပြောကြားသည်။

ထို့အပြင် ဒေသတွင်း ခရီးသွားများနှင့် နိုင်ငံခြားခရီးသွားများငွေကြေးပိုမိုသုံးစွဲစေရန် ထူးခြားဆန်းသစ်သော အစီအစဉ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အကောင်အထည်ဖော်မည်ဖြစ်သည်။ ခရီးသွားများသွားရောက်လည်ပတ်မည့်ဒေသများမှ ထုတ်ကုန်များကို ဦးစားပေးမြှင့်တင်မည့်အစီအစဉ်များကိုလည်း ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့က ဦးဆောင်လုပ်ကိုင်သွားမည်ဖြစ်သည်။

-The Nation

# ရိုးရာရထားဆွဲပွဲတော် စစ်တွေမြို့ ဝက်ဘာကွင်း၌ ပြောင်းရွှေ့ကျင်းပမည်

**ဇေကရာဇ်**

**စစ်တွေ၊ ဇန်နဝါရီ-၂၄**

ရိုးရာအစဉ်အလာပွဲတော်တစ်ခု ဖြစ်သည့် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီလ ၃ ရက်မှ ၇ ရက်အထိ စစ်တွေမြို့၊ ဝက်ဘာကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။



**ယခင်နှစ်က ရိုးရာရထားဆွဲပွဲတော်ကျင်းပစဉ်** ဓာတ်ပုံ-မောင်ကံ

ရထားဆွဲပွဲတော်ကို ယခင်နှစ်များက စစ်တွေမြို့၊မိဇ္ဇရပ်ကွက်၊ ကမ်းနားလမ်း၌ ၃နှစ်တိုင် ကျင်းပလာခဲ့ခြင်းဖြစ်ရာ ပွဲတော်နေရာကျဉ်းမြောင်းခြင်း၊ ပွဲတော်သို့လာရောက်ကြသည့် ပရိသတ်များပြားခြင်းတို့ကြောင့် ယခုနှစ်တွင် စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်ရှိ ဝက်ဘာကွင်းရှေ့သို့ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ပြီး စစ်တွေမြို့ပေါ်မှ ရပ်ကွက်အားလုံး ပါဝင်ယှဉ်ပြိုင်ကြမည်ဟုလည်း သိရသည်။

"ဒီနှစ် မိဇ္ဇရပ်ကွက် ကမ်းနားလမ်းမှာမလုပ်တာက နေရာကျဉ်းတယ်။ ရောက်လာကြတဲ့ပရိသတ်ကလည်း အများကြီး။ ပြီးတော့ ဒီပွဲတော်ကို အစကတည်းကနေ နေရာပြောင်းရွှေ့မှာပါ။ ဒါပေမဲ့ ပွဲတော်ကို တစ်နှစ်လုပ်ရင် အဲဒီနေရာမှာပဲ သုံးနှစ်ဆက်တိုက်လုပ်ရပါတယ်။ ခုတော့ ကမ်းနားလမ်းမှာလုပ်လာတာ သုံးနှစ်ပြည့်သွားပြီလေ။ ဒါကြောင့် ဒီနှစ် ဝက်ဘာကွင်းမှာ ပြောင်းရွှေ့ကျင်းပသွားမှာပါ" ဟု ရထားဆွဲပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးကပြောသည်။ ယမန်နှစ်ရထားဆွဲပွဲတော်တွင် အနိုင်ရရှိခဲ့သည့် စစ်တွေမြို့၊ ရွှေပြားရပ်ကွက်မှ ပုဂ္ဂိုလ်တစ်ဦးကလည်း "အခုဆိုရင် ရထားဆွဲပွဲတော်ကို အောင်အောင်မြင်မြင် ကျင်းပလာတာ သုံးနှစ်တောင်ရှိသွားပြီ။ အရင်ကတော့ ရခိုင်မှာ ဒီရထားဆွဲပွဲတော်ဟာ ပျောက်ကွယ်လုနီးပါးရှိခဲ့ပါတယ်။ နောက်ပိုင်း ၂၀၀၉ ခုနှစ်ကနေစပြီး ကျင်းပလာခဲ့တာ ဒီနှစ်အထိပေါ့။ ခုဆိုရင် ဒီပွဲတော်ကို လူတိုင်းလိုလိုကမျှော်နေကြတယ်။ ပြီးရင် သူနိုင်ကိုယ်နိုင်သံချပ်ထိုးပြီး ဟိုနှစ်ကတော့ ပြိုင်ပွဲဝင်အသင်းတွေကို ပထမဆုအနေနဲ့ ကျပ်ငွေနှစ်သိန်းခွဲချီးမြှင့်ခဲ့ပါတယ်"ဟု ဆိုသည်။

ရခိုင်ရိုးရာရထားဆွဲပွဲတော်မှာ ယခင်ကနှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့သော်လည်း ပျော်စရာကောင်းသော ပွဲတော်တစ်ခုအဖြစ် စစ်တွေမြို့တွင် ဖော်ထုတ်ကျင်းပလာခဲ့ရာ ယခုအချိန်၌ စစ်တွေတစ်မြို့တည်း မဟုတ်တော့ဘဲ အခြားခရိုင်၊ မြို့နယ်များတွင်လည်း ကျင်းပလာခဲ့သည်။




7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# Cartoon

## The Cartoon Logo






















7DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

# ဖိလစ်ပိုင်သမ္မတဟောင်း အာရိုယိုအား ရုံးတော်တွင် ထုချေရန် ဆင့်ခေါ်

**မနီလာ၊ ဇန်နဝါရီ - ၂၅**

ဖိလစ်ပိုင်နိုင်ငံမှ ပါဆေးမြို့တော် ဒေသဆိုင်ရာတရားရုံးသည် ယခင် သမ္မတဟောင်း ဂလိုရီယာအာရိုယိုအား သူမအပေါ် မဲလိမ်မှုစွဲချက်များပြန်လည်ထုချေရှင်းလင်းနိုင်ရန် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရုံးတော်သို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သည်။

တရားရုံးသည် သူမကို ဖမ်းဝရမ်းထုတ်ထားခြင်းအား ပယ်ဖျက်ပေးရန် လျှောက်ထားမှုကို ပယ်ချခဲ့ပြီး ယခုကဲ့သို့ ပြစ်မှုများအတွက် ထုချေလွှာတင်ရန် ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ အသက် ၆၄ နှစ်အရွယ် ဖိလစ်ပိုင်သမ္မတဟောင်းသည် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ၎င်း၏ အမတ်လောင်းများအား ၂၀၀၇ ရွေးကောက်ပွဲအနိုင်ရအောင် မဲလိမ်ပေးခဲ့မှုစွဲချက်များဖြင့် ထိန်းသိမ်းခံထားရသည်။

အာရိုယိုသည် ၂၀၀၁ မှ ၂၀၁၀ ပြည့်နှစ်အထိ ဖိလစ်ပိုင်သမ္မတဖြစ်ခဲ့ပြီး သူမသည် ယခုအခါ မဲလိမ်မှုအပြင် တရုတ်ကုမ္ပဏီတစ်ခုထံမှ ဆက်သွယ်ရေးစာချုပ်ချုပ်ဆိုရာတွင် သူမ၏ ခင်ပွန်းနှင့်နိုင်ငံရေးမဟာမိတ်တစ်ဦးတို့ လာဘ်စားခဲ့သည့်အမှုတွင်လည်း ပါဝင်သည်ဟု တရားစွဲခံထားရသည်။

*—Ref: AFP*


Photo - Reuters

# အိန္ဒိယလူငယ်များ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ သုံးခြင်းကို ငြီးငွေ့လာဟုဆို

**နယူးဒေလီ၊ ဇန်နဝါရီ - ၂၄**

အိန္ဒိယနိုင်ငံ၏ မြို့ပြလူငယ်များသည် ဖေ့စ်ဘွတ်ခ်အပါအဝင် အခြားလူမှုကွန်ရက်များအား အသုံးပြုရခြင်းကို ငြီးငွေ့လာနေကြကြောင်း လေ့လာမှုအသစ်တစ်ခုကဖော်ပြလိုက်သည်။

အိန္ဒိယစက်မှုနှင့် ကုန်သည်ကြီးများအသင်း(ASSOCHAM) က ပြုလုပ်ခဲ့သော ယင်းလေ့လာမှုအရ လူငယ်များသည် လူမှုကွန်ရက်မီဒီယာများကိုငြီးငွေ့လာခြင်းဖြစ်ကြောင်းသိရခြင်းဖြစ်သည်။

ယင်းလေ့လာမှုက "လူငယ်တွေဟာ လူမှုကွန်ရက်မီဒီယာတွေကို အချိန်ကုန်ခြင်း၊ စိတ်ရှုပ်ထွေးရခြင်း၊ ငြီးငွေ့ခြင်းတွေကြောင့် စိတ်ပျက်စပြုလာပါပြီ။ သူတို့ဟာ ဖေ့စ်ဘွတ်ခ်၊ ဂူးဂဲလ်ပလပ်စ်၊ တွစ်တာ၊ Orkut နဲ့ တခြားလူမှုကွန်ရက်ဆိုက်တွေမှာ Sign up လုပ်ဝင်သုံးတာပါနည်းလာပါတယ်"ဟုဖော်ပြသည်။

၎င်းသုတေသနသည် မြို့တော် ၁၀ မြို့ရှိ အသက် ၁၂နှစ်မှ ၂၅ နှစ်အရွယ် လူငယ်ပေါင်း ၂,၀၀၀ ကို စစ်တမ်းကောက်ယူပြုစုခြင်းဖြစ်သည်။ စစ်တမ်းတွင် လူငယ်များက ၎င်းတို့သည် လူမှုကွန်ရက်များအစား သူငယ်ချင်းများနှင့် ဆက်သွယ်ရန် Blackberry Messenger၊ Whats App၊ Nimbuz၊ G-Talk စသည့် မိုဘိုင်းဆော့ဖ်ဝဲများကို ပိုမိုအသုံးများလာကြောင်း ဖြေဆိုခဲ့သည်။

စစ်တမ်းတွင် မေးမြန်းခံရသူလူငယ် ၅၅ ရာခိုင်နှုန်းက ၎င်းတို့သည် လူမှုကွန်ရက်မီဒီယာများသုံးခြင်းကို လျှော့ချနေကြောင်းနှင့်စွဲလမ်းမှုလည်း မရှိတော့ကြောင်းဖြေခဲ့သည်။ အခြား ၅၅ ရာခိုင်နှုန်းကလည်း လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ မသုံးတော့သလို ယင်းလူမှုကွန်ရက်ဝက်ဘ်ဆိုက်များမှ ၎င်းတို့၏ Profile များ၊ အကောင့်များကို ဖျက်သိမ်းခဲ့ကြကြောင်းထုတ်ဖော်ခဲ့သည်။

*—Ref: CNA*


Photo - AP

# လေးနှစ်အတွင်း တိုကျိုမြို့တော် ငလျင်လှုပ်နိုင်ခြေ ၇၀ ရာခိုင်နှုန်းရှိ

**တိုကျို၊ ဇန်နဝါရီ - ၂၃**

တိုကျိုတက္ကသိုလ်မြေငလျင်သုတေသနအင်စတီကျုဒ်၏ လေ့လာချက်အရ လာမည့်လေးနှစ်အတွင်း တိုကျိုမြို့တော်အပါအဝင် တောင်ပိုင်းကန်တိုဒေသတွင် ကြီးမားသည့် မြေငလျင်တစ်ခုလှုပ်ခတ်နိုင်ခြေ ၇၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်းသိရသည်။

အဆိုပါအင်စတီကျုဒ်မှ ပါမောက္ခ နာအိုရှီဟီရာတာနှင့် သုတေသနအဖွဲ့ဝင်များ၏ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတွင် အဆိုပါငလျင်ထပ်ဖြစ်နိုင်ခြေမှာ ပြီးခဲ့သည့်နှစ် မတ် ၁၁ ရက်က လှုပ်ခဲ့သော ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိ ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သော မြေလွှာများရွေ့လျားမှုကြောင့်ဖြစ်သည်ဟုဆိုသည်။


သုတေသနအဖွဲ့က ထိုဒေသတွင်း ငလျင်လှုပ်နိုင်ခြေမှာ ၇၀ ရာခိုင်နှုန်းအထိ တိုးလာနေပြီး နောက်လေးနှစ်အတွင်း ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ် မတ်လက လှုပ်ခတ်ခဲ့သောငလျင်ကြောင့် အလွန်ကြီးမားသော ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ကာ နိုင်ငံအရှေ့မြောက်ပိုင်း ဖူကူရှီးမားနျူကလီးယားစက်ရုံ၌ သမိုင်းတွင် အဆိုးရွားဆုံးဓာတ်ရောင်ခြည်ယိုစိမ့်မှုပါဖြစ်ပေါ်ခဲ့ရသည်။ *—Ref: Xinhua*

# ဆူမတြားဆင် နှစ် ၃၀ အတွင်း ပျောက်ကွယ်နိုင်ဟု သတိပေး

**ဂျကာတာ၊ ဇန်နဝါရီ - ၂၄**

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(WWF)က ဆူမတြားဆင်ဟုခေါ်သော ဆင်မျိုးစိတ်သည် ၎င်းကို ကာကွယ်စောင့်ရှောက်ပေးခြင်းမရှိပါက လာမည့်နှစ် ၃၀ ကာလအတွင်း၌ပင် မျိုးသုဉ်းပျောက်ကွယ်သွားဖွယ်ရှိကြောင်းသတိပေးပြောကြားလိုက်သည်။


Photo - WWF

အဆိုပါဆင်များနှင့်ပတ်သက်၍ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN)ကလည်း မူလက ယင်းဆင်မျိုးစိတ်ကို မျိုးသုဉ်းနိုင်ဖွယ်သတ္တဝါများစာရင်း ထည့်သွင်းထားရာမှ ယခုအခါ မျိုးစိတ်တစ်ဆက်တည်းမှာပင် ယင်းဆင်ကောင်ရေစုစုပေါင်း၇၀ရာခိုင်နှုန်းခန့်လျော့ကျသွားခြင်းကြောင့် ချက်ချင်းမျိုးသုဉ်းနိုင်သည့် အရေးပေါ်အန္တရာယ်ရင်ဆိုင်နေရသော သက်ရှိမျိုးစိတ်အဖြစ် ပြောင်းလဲသတ်မှတ်ထားသည်။

အဆိုပါဆင်များ ကောင်ရေလျော့ကျခြင်းတွင် အဓိကအကြောင်းရင်းမှာ စိုက်ပျိုးရေးအတွက် သစ်တောများ ချဲ့ထွင်ရှင်းလင်းမှုဖြစ်ပြီး ယင်းကြောင့် ဆူမတြားကျားနှင့် ဂျာဗားကြံ့မျိုးများပါ မျိုးသုဉ်းနိုင်ခြေများနေသည်။ WWF ၏ကြေညာချက်တွင်"ဆူမတြားဆင်မျိုးစိတ်ဟာ မျိုးသုဉ်းနိုင်ခြေရှိတဲ့ သက်ရှိမျိုးစိတ်စာရင်းထဲ အခြားအင်ဒိုနီးရှားတိရစ္ဆာန်တွေနဲ့ အတူပါဝင်သွားပါပြီ"ဟု ဖော်ပြထားသည်။

ယခုအခါ ခန့်မှန်းချက်များအရ တောနက်များထဲတွင် ဆူမတြားဆင်ကောင်ရေ ၂,၄၀၀ မှ ၂,၈၀၀ သာရှိမည်ဟု ခန့်မှန်းထားပြီး ယင်းမှာ လွန်ခဲ့သည့် ၁၉၈၅ ခုနှစ်က ခန့်မှန်းကောင်ရေထက် ၅၀ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်းဖြစ်သည်။ *—Ref: Reuters*

# ထိုင်းနိုင်ငံတွင် တရုတ်နှစ်သစ်ကူးကာလ မီးရှူးမီးပန်း ဖောက်မှုကြောင့် လူသုံးဦးသေဆုံး

**ဘန်ကောက်၊ ဇန်နဝါရီ - ၂၅**


ထိုင်းနိုင်ငံ မြို့တစ်မြို့တွင် တရုတ်နှစ်သစ်ကူးကာလအတွင်း မီးရှူးမီးပန်းများ၊ ဗြောက်အိုးများ ပစ်ဖောက်မှုကြောင့် ထိခိုက်သေဆုံးသူသုံးဦးရှိပြီး ဒဏ်ရာရသူ ၄၀ ဦးခန့်ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ယင်းအဖြစ်အပျက်မှာ ဘန်ကောက်မြို့ အနောက်မြောက်ဘက် ဆူဖန်ဘူရီမြို့နယ်မှ တရုတ်ဘုရားရှိခိုးကျောင်း၏ အနောက်ဘက်တွင်ဖြစ်ကာ နှစ်သစ်ကူးနေ့က မီးပန်း၊ ဗြောက်အိုးများဖောက်ရာမှ မတော်တဆပေါက်ကွဲမှုဖြစ်ပွားကာ လူသေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။

ဒေသခံ ရဲအရာရှိတစ်ဦးက "ပေါက်ကွဲမှုဟာ မတော်တဆလို့ထင်ပါတယ်။ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပေမယ့်ဆက်လက်စောင့်ကြည့်နေဆဲပါ"ဟုပြောသည်။ ၎င်းက သေဆုံးသူများနှင့် ဒဏ်ရာရသူများမှာ မီးပန်းများ ပစ်လွှတ်ပြသစဉ် ရပ်ကြည့်နေသူများဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် အနီးရှိ သစ်သားအိမ်များပါမီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

သတင်းများအရ မီးလောင်မှုကြောင့် အိမ်အလုံး ၂၀ ပျက်စီးကာ ကျန် ၃၀ မှာလည်း တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်းသိရသည်။ ထိုင်းနိုင်ငံသည် တရုတ်နွယ်ဖွား လူဦးရေများပြားသောနိုင်ငံဖြစ်ပြီး နဂါး နှစ်သစ်ကိုကြိုဆိုမှုများ နိုင်ငံအနှံ့ ပြုလုပ်ခဲ့ကြသည်။

*—Ref: AFP*



## Leader's Profile

# ဟန်ဂေရီနိုင်ငံ သမ္မတ ပေါလ်ရှမစ်

ရဲမင်း

ဟန်ဂေရီနိုင်ငံရေးသမား ပေါလ်ရှမစ်သည် ၂၀၁၀ ပြည့်နှစ်မှစ၍ ဟန်ဂေရီသမ္မတရာထူး ရယူထားသူဖြစ်သည်။ မစ္စတာ ရှမစ်သည် ငယ်စဉ်က ဓားခုတ်အားကစားနည်းတွင် ထူးချွန် အောင်မြင်ခဲ့ပြီး အိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုနှစ်ဆုဆွတ်ခူးခဲ့သည်။ ၁၉၉၀ပြည့်နှစ်များတွင်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၉ - ၂၀၁၀ ခုနှစ်တွင် ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌနေရာကိုရယူခဲ့သည်။

၁၉၄၂ ခုနှစ် မေလ ၁၃ ရက်က ဟန်ဂေရီနိုင်ငံ ဘူဒါပတ်စ်မြို့တွင် မွေးဖွားခဲ့သော မစ္စတာရှမစ်သည် အသက် ၁၃ နှစ်သား အရွယ် ၁၉၅၅ ခုနှစ်မှစတင်၍ ဟန်ဂေရီနိုင်ငံ MTK-VM အသင်း၌ ဓားခုတ်အားကစားနည်းကို သင်ယူခဲ့ပြီးပြိုင်ပွဲဝင်ခဲ့သည်။ ဟန်ဂေရီအမျိုးသားဓားခုတ်ပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိခဲ့ပြီးနောက် ၁၉၆၅မှ ၁၉၇၇ခုနှစ်အတွင်း ဟန်ဂေရီအမျိုးသားဓားခုတ်အားကစားအသင်းအား ကိုယ်စားပြု၍ အကြိမ်ပေါင်း ၁၃၀ ကျော် ပြိုင်ပွဲဝင်ခဲ့သည်။

မစ္စတာရှမစ်သည် အသင်းလိုက်နှင့် တစ်ဦးချင်းဆုတံဆိပ်ပေါင်းများစွာ ရရှိခဲ့ပြီး ၁၉၆၈ ခုနှစ်နှင့်၁၉၇၂ခုနှစ်အိုလံပစ်ပြိုင်ပွဲများတွင် အသင်းလိုက် ရွှေတံဆိပ်ဆုများရရှိခဲ့သည်။ တစ်ဦးချင်းနှင့်အသင်းလိုက် ကမ္ဘာ့ချန်ပီယံဆုများလည်းရရှိခဲ့ပြီး ၁၉၇၇ ခုနှစ်အထိ ဓားခုတ်အားကစားနည်းကို ကစားခဲ့သည်။ နောက်ပိုင်းတွင် မစ္စတာရှမစ်သည် နိုင်ငံတကာအိုလံပစ်ကော်မတီ စည်းကမ်းထိန်းသိမ်းရေးအကြီးအကဲအဖြစ် တာဝန်ယူခဲ့သလို ၁၉၉၉မှ ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာ့အိုလံပစ်အားကစားသမားများအစည်းအရုံးဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာရှမစ်သည် ၁၉၈၃ မှ ၁၉၈၈ ခုနှစ်အတွင်း ဟန်ဂေရီအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဟန်ဂေရီနိုင်ငံ၌ ကွန်မြူနစ်ဝါဒအဆုံးသတ်သွားချိန် ဟန်ဂေရီအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖြစ်လာခဲ့ပြီး နောက်ပိုင်း စပိန်နှင့် ဆွစ်ဇာလန်နိုင်ငံသို့ ဟန်ဂေရီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ၁၉၉၃ မှ ၂၀၀၂ ခုနှစ်အထိ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာရှမစ်သည် ၂၀၀၃ ခုနှစ်တွင်ဟန်ဂေရီအရပ်သားများ သမဂ္ဂပါတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ ယင်းမတိုင်မီ တစ်နှစ်တွင်ဟန်ဂေရီမြို့တော်ဘူဒါပတ်စ်၏မြို့တော်ဝန်နေရာအတွက်တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ၂၀၀၉ ခုနှစ် ဟန်ဂေရီနိုင်ငံတွင် ကျင်းပသည့် ဥရောပပါလီမန်ရွေးကောက်ပွဲများ၌ မစ္စတာရှမစ်က ဟန်ဂေရီအရပ်သားများသမဂ္ဂပါတီ(Fidesz) ကို ဦးဆောင်ခဲ့ပြီး ဥရောပပါလီမန်အမတ်အဖြစ်ရွေးချယ်ခံခဲ့ရသည်။

ဥရောပလုံးဆိုင်ရာ ပြည်သူ့ပါတီဗျူရိုနှင့် ဥရောပပါလီမန်၏ယဉ်ကျေးမှုနှင့် ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဥရောပပါလီမန်၏ ဒုတိယဥက္ကဋ္ဌ ၁၄ ဦးထဲတွင်လည်းပါဝင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော ဟန်ဂေရီပါလီမန်ရွေးကောက်ပွဲ တွင်မှု ဟန်ဂေရီအမျိုးသားလွှတ်တော်ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ယင်းနှစ်မှာပင်ပြုလုပ်သည့် သမ္မတရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်က မစ္စတာပေါလ်ရှမစ်အား သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။ မစ္စတာပေါလ်ရှမစ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ဟန်ဂေရီ၊ပြင်သစ်၊ဂျာမန်နှင့် အင်္ဂလိပ်ဘာသာစကားများ ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သည်။

—*Ref: Wikipedia*



Photo - Getty Images

# ဂျူလီယန်အက်ဆန်း၏ ကိုယ်ပိုင်ရုပ်သံအစီအစဉ် စတင်မည်

**လန်ဒန်၊ ဇန်နဝါရီ - ၂၅**

နိုင်ငံတကာလျှို့ဝှက်ချက်များကို ဖွင့်ချလေ့ရှိသည့် ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းသည် ၎င်း၏ ကိုယ်ပိုင်ရုပ်သံအစီအစဉ်ကို စတင်တော့မည်ဖြစ်သည်။

၎င်းနှင့် ဆွေးနွေးမည့် ဧည့်သည်များအကြောင်းကိုမူ ဂျူလီယန်အက်ဆန်းက ဖွင့်ဟမပြောကြားသေးသော်လည်း ၎င်း၏ အစီအစဉ်တွင် အငြင်းပွားဖွယ်ရာအကြောင်းအရာ ပါဝင်မည်ကိုမူ အသက် ၄၀ အရွယ် ဩစတြေးလျနိုင်ငံသားက ကတိပေးထားသည်။

ယင်းရုပ်သံအစီအစဉ်မှာနိုင်ငံရေးအလွှာစုံမှ အငြင်းပွားဖွယ်ရာ အသံများကိုစုစည်းရန် ရည်ရွယ်ထားကြောင်း ဝီကီလိခ်ဝက်ဘ်ဆိုက်က ထုတ်ပြန်ကြေညာထားသည်။ အနာဂတ် ကမ္ဘာကြီးအတွက် ပြတင်းပေါက်ဖွင့်ပေးရန် သမားရိုးကျ စိတ်ကူးများကို ဆန့်ကျင်သူ၊ အနာဂတ်အား စိတ်ကူးယဉ်ပုံဖော်တတ်သူများနှင့် အာဏာအတွင်းစည်းမှ လူများကို စုစည်းသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။

မစ္စတာအက်ဆန်း၏ အစီအစဉ်အား မည်ကဲ့သို့ထုတ်လုပ်မည်၊ မည်သည့်လိုင်းက ထုတ်လွှင့်မည်ဆိုသည်ကို မသိရှိရသေးပေ။

—*Ref: AP*

### နောက်ကျောဖုံး - ကြွေးမြီအကျပ်အတည်းကို အီးယူ အပြီးသတ်ဖြေရှင်းရန် ဒါဗို့စ်အစည်းအဝေးတွင် တိုက်တွန်း မှ

ယင်းအကြံပေးချက်များအား လိုက်နာရန်ပျက်ကွက်ခြင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေကြေးဈေးကွက်များကို ခြိမ်းခြောက်လာနိုင်သလို ဥရောပအတွက် ပြင်ပမှ ပံ့ပိုးမှုများအပေါ် ကုန်ခန်းသွားစေနိုင်ကြောင်း ဘီလျံနာရင်းနီးမြှုပ်နှံသူ ဂျော့ချ်ဆိုးရော့စ်နှင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာတို့ ပါဝင်သော ကိုယ်စားလှယ်များက ပြောကြားသည်။

ဥရောပအကြီးအကဲများ၏ ထိပ်သီးဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် ဘရပ်ဆဲမြို့၌ကျင်းပရန်ရှိကြောင်းသိရသည်။

—*Ref: Bloomberg*

### နောက်ကျောဖုံး - ဒေသတွင်း တည်ငြိမ် အေးချမ်းမှုရှိရန် တရုတ် တိုက်တွန်း မှ

"သက်ဆိုင်သူများက ဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုဆီသို့ ပိုမိုကြိုးပမ်းလုပ်ဆောင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါတယ်"ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက အေအက်ဖ်ပီသို့ ဖက်စ်ဖြင့်ပေးပို့သည့် ထုတ်ပြန်ချက်တွင် ပါရှိကြောင်းသိရသည်။

အစိုးရ၏ တုံ့ပြန်မှုမှာ အမျိုးသားရေးရပ်တည်ချက်ကို ဦးစားပေးဖော်ပြသော တရုတ်သတင်းစာ ဂလိုဘယ်တိုင်းမ်စ်နှင့် သိသိသာသာကွာခြားပြီး ယင်းသတင်းစာ၏ ခေါင်းကြီးပိုင်းက ဖိလစ်ပိုင်အပေါ် ပိတ်ဆို့တားဆီးမှုများ ချမှတ်သင့်သည်ဟု ရေးသားခဲ့ကြောင်း သိရသည်။

တရုတ်၊ဖိလစ်ပိုင်နှင့်ဗီယက်နမ်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ဒေသ ကျွန်းများအား သူပိုင်ကိုယ်ပိုင် အပြိုင်အဆိုင် အငြင်းပွားနေကြသောနိုင်ငံများဖြစ်သည်။

—*Ref: AFP*

### နောက်ကျောဖုံး - မြို့တော်ဆင်ခြေဖုံးနေရာများအား သူပုန်များလက်မှ ပြန်လည်သိမ်းယူရန် ဆီးရီးယားစစ်တပ်ပြင်ဆင် မှ

၁၀ လကြာမြင့်ခဲ့ပြီဖြစ်သော လူထုအုံကြွမှုအတွင်း အပြင်းထန်ဆုံး တိုက်ခိုက်မှုများတွင် အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့သည်ဟု တက်ကြွလှုပ်ရှားသူများထံမှ သိရှိရသည်။

အာရပ်အဖွဲ့ချုပ်က ၎င်းတို့၏ စောင့်ကြည့်လေ့လာရေးလုပ်ငန်းကို ဆိုင်းငံ့ထားလိုက်ပြီး ဇန်နဝါရီ ၂၉ ရက်တွင် ဆီးရီးယားနိုင်ငံတစ်ဝန်း စုစုပေါင်း လူ ၆၀ ဦးသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အစိုးရဘက်ကလည်း လက်နက်ကိုင်သူပုန်များ တိုက်ခိုက်မှုကြောင့် အနည်းဆုံး စစ်သား ၁၆ ဦး သေဆုံးခဲ့ကြောင်း ပြောကြားသည်။ —*Ref: BBC*

### နောက်ကျောဖုံး - အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့ ဆော်ဒီအာရေးဗီးယားတွင် ငြိမ်းချမ်းရေးဆွေးနွေးမည် မှ



ယခင်ကဆိုလျှင်တာလီဘန်အဖွဲ့က သမ္မတဟာမစ်ကာဇိုင်းအစိုးရအား အသိအမှတ်ပြုရန်ငြင်းဆန်ခဲ့သော်လည်း ယခုအခါ တွေ့ဆုံဆွေးနွေးရေးကို တာလီဘန်အဖွဲ့က သဘောတူညီလိုက်ပြီဖြစ်ကြောင်း ကဘူးလ်မြို့ အရာရှိကြီးများက ပြောကြားသည်။


စစ်သွေးကြွအုပ်စုများအား ဘီဘီစီက ဆက်သွယ်ခဲ့သော်လည်း ယင်းကိစ္စအပေါ် မှတ်ချက်ပေးရန်ငြင်းဆန်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကာတာနိုင်ငံတွင် ပြုလုပ်မည့် ဆွေးနွေးပွဲအတွက် အမေရိကန်နှင့် ကာတာနိုင်ငံတို့ ဦးဆောင်ကြိုးပမ်းခဲ့ခြင်းအတွက် အာဖဂန်နစ္စတန် သမ္မတဟာမစ်ကာဇိုင်းကို ဒေါသထွက်စေခဲ့သည်။ အာဖဂန်နစ္စတန်အစိုးရမှာ ချောင်ထိုးခံခဲ့ရသည်ဟု ဟာမစ်ကာဇိုင်းကစွပ်စွဲ ပြောကြားခဲ့သည်။

သို့ရာတွင် အာဖဂန်နစ္စတန်က ဆွေးနွေးပွဲများ၌ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျနန်မိုဆာဇိုင်းက ဘီဘီစီသတင်းဌာနအား ပြောကြားခဲ့ကြောင်းသိရသည်။

"ငြိမ်းချမ်းရေးအစီအစဉ်ကို ထောက်ခံတဲ့ ဘယ်လိုခြေလှမ်းမျိုးကိုမဆို အာဖဂန်နစ္စတန်အစိုးရက ကြိုဆိုပါတယ်"ဟု ပြောရင်း ၎င်းတို့အစိုးရသည် တာလီဘန်အပါအဝင် လက်နက်ကိုင် အတိုက်အခံအဖွဲ့များနှင့် အဆက်အသွယ်ရှိကြောင်း မစ္စတာမိုဆာဇိုင်းက ပြောကြားသည်။ —*Ref: BBC/UPI*

7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012



# တူနီးရှားရွေးကောက်ပွဲအနိုင်ရ အင်နာဒါပါတီခေါင်းဆောင် ရာရှစ်အယ်ဂန်နော်ချီနှင့်တွေ့ဆုံခြင်း

Photo - Reuters

**ကျော်မျိုး**

အာရပ်နွေဦးပေါ် ပေါက်ရာ နိုင်ငံတွေထဲက တစ်နိုင်ငံအပါအဝင်ဖြစ်တဲ့ တူနီးရှားဟာ ယခုအခါ စံပယ်တော်လှန်ရေး(Jasmine Revolution) ပြီးနောက် တစ်ပါတီအာဏာရှင်စနစ်ကိုဖျက်သိမ်းကာ နိုင်ငံရဲ့ ဒီမိုကရေစီရွေးကောက်ပွဲကိုကျင်းပပြီးစီးခဲ့ပါပြီ။ ယင်းရွေးကောက်ပွဲမှာ အနိုင်ရခဲ့တာကတော့ အင်နာဒါပါတီဖြစ်ပါတယ်။ အင်နာဒါပါတီဟာလတ်တလောမှာတော့ တူနီးရှားရဲ့ အကြီးမားဆုံးပါတီကြီးတစ်ရပ်ဖြစ်ကာ ဒီပါတီကိုတည်ထောင်သူတွေထဲက တစ်ဦးဖြစ်တဲ့ ရာရှစ်အယ်ဂန်နော်ချီကိုပါတီရဲ့ တတ်သိပညာရှင်ခေါင်းဆောင်တစ်ဦးအဖြစ်သတ်မှတ်ကြပါတယ်။ မစ္စတာရာရှစ်ဟာ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်တက္ကသိုလ်မှာ ဒဿနဗေဒပညာသင်ကြားနေစဉ် ၁၉၆၈ ခုနှစ်ခန့်က ဆိုရှယ်လစ်ပါတီဝင်ဖူးသူတစ်ဦးဖြစ်ပေမယ့် နောက်ပိုင်းမှာ ဘာသာရေးအခြေခံအမြင်နဲ့ ပြုပြင်ပြောင်းလဲရေးသမား အစ္စလာမ်ဝါဒီတစ်ဦးဖြစ်လာပါတယ်။ ၎င်းဟာ တစ်ပါတီတည်း ကြီးစိုးတဲ့ နိုင်ငံရေးစနစ်အဆုံးသတ်ဖို့နဲ့ ဒီမိုကရေစီထွန်းကားဖို့ ကြိုးပမ်းခဲ့ပြီး ထောင်ဒဏ် ၁၁ နှစ် တစ်ကြိမ်၊ တစ်သက်တစ်ကျွန်း တစ်ကြိမ် ကျခံခဲ့ရဖူးသူလည်းဖြစ်ပါတယ်။ ၎င်းဟာ ပထမပြစ်ဒဏ်ကို ၁၉၈၁ ကနေ ၁၉၈၄ ခုနှစ်အထိ သုံးနှစ်ခံခဲ့ရပြီး နိုင်ငံရေးနဲ့ ဘာသာရေးအဖွဲ့တွေရဲ့ တောင်းဆိုမှုကြောင့် လွှတ်ပေးခံခဲ့ရတယ်။ ဒုတိယပြစ်ဒဏ်ကို ၁၉၈၇ မှာရခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ လွှတ်ပေးခံခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းတော့ ၎င်းဟာ လန်ဒန်မှာပဲ ပြည်ပြေးတစ်ဦးအနေနဲ့ ဆယ်စုနှစ်နှစ်ခုကြာနေထိုင်ခဲ့ပါတယ်။ ဒါဟာ သူ့ရုပ်ပုံလွှာအကျဉ်းမျှပါပဲ။ ယခု တင်ဆက်မှာကတော့ သူနဲ့ယူရိုသတင်းဌာနရဲ့ အင်တာဗျူးကောက်နုတ်ချက်များဖြစ်ပြီး ဒီကောက် နုတ်ချက်များမှာ လက်ရှိတူနီးရှားရဲ့တော်လှန်ရေးအလွန် နိုင်ငံရေး ကိုလည်းမြင်တွေ့နိုင်ပါမယ်။

**အင်နာဒါရဲ့ လက်ရှိမူဝါဒတွေကို တူနီးရှားနဲ့ ပြင်ပကလူများစုက (ဘာသာရေးမဆန်တဲ့) လောကီရေးအသားပေးအယူအဆ(Secularism)ကို ခြိမ်းခြောက်မှုတစ်ခုလို့ မှတ်ယူနေကြတယ်။ ဘာသာရေးမဆန်တာကလည်း တူနီးရှားနိုင်ငံရေးရဲ့ အသွင်တစ်ခုဖြစ်ပါတယ်။ ဒီတော့ အဲဒီလိုမျိုး ခြိမ်းခြောက်မှုရှိပါတယ်လို့ထင်နေသူတွေကို လူကြီးမင်းအနေနဲ့ ဘယ်လို အာမခံချက်တွေပေးနိုင်ပါသလဲ။**

တူနီးရှားက လောကီရေး(သက်သက်)တိုင်းပြည်တစ်ခုမဟုတ်ပါဘူး။ တူနီးရှားမှာ သုံးတဲ့ ဘာသာစကားက အာရဗီဖြစ်ပြီး ဘာသာရေးက အစ္စလာမ်ပါ။ ဒါပေမဲ့ တူနီးရှားနိုင်ငံသားအားလုံးကို လောကီရေးသမားပဲဖြစ်ဖြစ် အစ္စလာမ်ဝါဒီပဲဖြစ်ဖြစ် အာမခံချက်တွေ ကျွန်တော်တို့ပေးထားတယ်။ ကွဲပြားမှုတွေ၊ သဘောထားအမြင်တွေရှိနေပေမယ့်လည်း တူနီးရှား မှာ အမျိုးသားနဲ့ အမျိုးသမီးအားလုံးဟာ အခွင့်အရေးညီတူညီမျှ ခံစားသင့်ပါတယ်။ သူတို့ရဲ့ ယုံကြည်မှုတွေကို ဘေးဖယ်ထားပြီး ဆိုရရင် ဥပဒေရှေ့မှာ အားလုံးသာတူညီမျှပါပဲ။

**လူတော်တော်များများက တော်လှန်ရေးကို ဖိနှိပ်ခဲ့တဲ့ စစ်တပ်နဲ့ ရဲတပ်ဖွဲ့ရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်လို့ အမှန်တရားပေါ် ထွက်လာဖို့ စောင့်နေပါတယ်။ အာဏာပိုင်တွေက စုံစမ်းစစ်ဆေးမှုရလဒ်တွေကို ဘယ်အချိန်ထုတ်ပြန်ဖြစ်မယ်လို့ထင်ပါသလဲ။**

တရားရုံးတွေအတွက်က သူတို့လက်ရှိမှာ အစီရင်ခံစာကို သုံးသပ်ဆဲဖြစ်ပြီး ဒီကိစ္စက အချိန်ယူရမှာပါ။ စုံစမ်းစစ်ဆေးမှုကို လျင်မြန်စွာနိဂုံးချုပ်ဖို့လိုအပ်ပါတယ်။ တစ်နှစ်ကုန်သွားပြီး ဘာရလဒ်မှ မရှိသေးဘူး။ တရားရုံးတွေကလည်း ခိုးမှုနဲ့အလွဲသုံးစားမှု တချို့ကို စီရင်ပြီးဖြစ်ပေမယ့် သေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရမှုတွေကို စီရင်တာနည်းသေးတယ်။ နှေးနေတယ်။ ဒါပေမဲ့ အမှုတွေအားလုံး ရုံးတွေမှာ စစ်ဆေးနေပါပြီ။ ဒီကိစ္စကိုဖြစ်နိုင်သမျှ မကြာခင်မှာပဲ တရားနည်းလမ်းကျကျ မျှတတဲ့နည်းနဲ့ ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**တူနီးရှားဟာ တိုးတက်မှုနိမ့်ပြီး စီးပွားရေးကျဆင်းနေတယ်။ စီးပွားရေးရဲ့ အဓိကကျောရိုးဖြစ်တဲ့ ခရီးသွားလုပ်ငန်းက နှေးကွေးနေပြီး အလုပ်လက်မဲ့ဦးရေက ၈၀၀,၀၀၀ လောက်ရှိတယ်။ ဒီကိစ္စတွေကို ကိုင်တွယ်ဖို့ လူကြီးမင်းရဲ့ စီမံကိန်းတွေက ဘာများပါလဲ။**

မျက်လှည့်ဆန်တဲ့ ဖြေရှင်းချက်မျိုးတော့ မရှိဘူးပေါ့။ ကျွန်တော်တို့ဆန္ဒရှိသလို အလုပ်လက်မဲ့ပြဿနာနဲ့ စီးပွားရေးတိုးတက်နှုန်းသုညကနေ ရှစ်ရာခိုင်နှုန်းဖြစ်လာဖို့အတွက် ဖြေရှင်းချက်မျိုး ဒီနေ့ရှိထားပြီလို့ မပြောနိုင်ပါဘူး။ ဒီအချက်က တောင်းဆိုတာက တူနီးရှားနိုင်ငံသားအားလုံး အစိုးရနဲ့အတိုက်အခံ၊ လူတန်းစားအားလုံးဟာ အခြေအနေကိုတိုးတက်အောင် အတူတကွအလုပ်လုပ်ရပါမယ်။ အစိုးရနဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေကို ထောက်ခံပြီး ပြည်တွင်းနဲ့ နိုင်ငံခြားအရင်းအနှီးရှာရပါမယ်။ တူနီးရှားမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ အလားအလာတွေအများကြီးရှိပါတယ်။

**ရင်းနှီးမြှုပ်နှံမှုအကြောင်းပြောတော့ လူကြီးမင်းတို့ကို ကျောထောက်နောက်ခံ ပေးထားတဲ့ လူပုဂ္ဂိုလ်၊ နိုင်ငံ၊ အဖွဲ့အစည်း တစ်ခုခုများရှိမလား။**

ကမ္ဘာကြီးက တူနီးရှားတော်လှန်ရေးကို ကြိုဆိုခဲ့ကြတယ်။ ဥရောပဟာကျွန်တော်တို့ရဲ့ ပထမဆုံးမိတ်ဖက်ပါ။ ဒီဆက်ဆံရေးဖွံ့ဖြိုးဖို့ကျွန်တော်တို့ သန္နိဋ္ဌာန်ချထားတယ်။ တူနီးရှားဟာ အခုတော့ လာလည်ပတ်စရာနေရာတစ်ခုဖြစ်နေပြီ။ ပြင်သစ်၊ အီတလီနဲ့ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးအားလုံး ဒီကိုလာလည်ပြီးသွားပါပြီ။

**ဥရောပသမဂ္ဂက ဘာတွေကတိပြုခဲ့ပါသလဲ။**

သူတို့ ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေနဲ့ အကူအညီတွေပေးဖို့ တူနီးရှားနဲ့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ ကတိပြုထားတယ်။ အမေရိကန်ကလည်း တူနီးရှားမှာ ရင်းနှီးမြှုပ်နှံချင်နေတယ်။ ခရီးသွားလုပ်ငန်း မြှင့်တင်ချင်လို့ပါ။ ပင်လယ်ကွေ့နိုင်ငံတွေနဲ့ အယ်ဂျီးရီးယား၊ လစ်ဗျား၊ မော်ရိုကို၊ အာရပ်ကမ္ဘာတို့ဟာလည်း တူနီးရှားမှာ အဓိကရင်းနှီးမြှုပ်နှံသူတွေပါ။

**တူရကီက အစ္စလာမ်မစ်ပါတီ အေကေပီကတော့ စီးပွားရေးအရ၊ နိုင်ငံရေးအရ အောင်မြင်ကြောင်း သက်သေပြပြီးပါပြီ။ ဒါပေမဲ့ တခြားသော အစ္စလာမ်မစ်ပါတီတွေရဲ့ အတွေ့အကြုံကရော ဘယ်လိုလဲ။ အယ်ဂျီးရီးယားမှာ ၉၀ နှစ်များ အစောပိုင်းကလိုပေါ့။ ဆိုမာလီယာမှာရော ဘယ့်နှယ့်လဲ။ အင်နာဒါ ဟာ ဘယ်လိုပုံစံမော်ဒယ်မျိုးကို လိုက်လုပ်ဖို့ ရည်ရွယ်ထားပါသလဲ။**

အေကေပီပါတီကတော့ ကျွန်တော်တို့နဲ့ အနီးကပ်ဆုံးပါ။ တူရကီနဲ့ တူနီးရှားအခြေအနေက တစ်ပုံစံတည်းတူညီမှုရှိတယ်။ မကြာမီကရတဲ့ သမိုင်းအတွေ့အကြုံတွေ၊ အနောက်အုပ်စုနဲ့ နီးကပ်မှုရှိတာတွေရယ် တောင်မှ အတူတူပါပဲ။ ဒီအချက်တွေအားလုံးတူညီပြီး အေကေပီနဲ့ ကျွန်တော်တို့ဆက်ဆံရေးကလည်း ပိုနက်ရှိုင်းနေပါတယ်။ ကျွန်တော်တို့ဟာအစွန်းမရောက်တဲ့ အလယ်အလတ် အစ္စလာမ်မစ်ပါတီတွေ ဖြစ်တယ်။ အေကေပီကို နမူနာယူပြီး တူရကီရဲ့ စီးပွားရေးအောင်မြင်မှု၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအောင်မြင်မှုတွေကနေ ကျွန်တော်တို့ အကျိုးအမြတ်ရနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံတစ်ခုချင်းမှာ ကိုယ့်ကိုယ်ပိုင်အခြေအနေနဲ့ကိုယ်ဖြစ်ပါတယ်။

**စာနယ်ဇင်းသမားတော်တော် များများက မီဒီယာကဏ္ဍမှာ အငြင်းပွားဖွယ်ရာထူးနေရာသစ်တွေ ခန့်အပ်လိုက်လို့ ဒေါသထွက်နေကြပါတယ်။ ဒီလိုဆုံးဖြတ်ချက်မျိုးတွေနဲ့ အင်နာဒါပါတီက မီဒီယာကို ထိန်းချုပ်ဖို့ ကြိုးစားတာဟာ လွတ်လပ်တဲ့စာနယ်ဇင်းနဲ့ လွတ်လပ်စွာဖော်ပြခွင့်ကို ပျက်စီးစေနိုင်ပါတယ်။**

အစိုးရဟာ သူလုပ်ပိုင်ခွင့် ဩဇာအာဏာကို ကျင့်သုံးဆောင်ရွက်ရမှာပဲ။ မီဒီယာကို ကြီးကြပ်မယ့်သူတွေကို မကြာခင်က ရွေးချယ်ခန့်အပ်တာတွေ သူတို့လုပ်ခဲ့ပါတယ်။

**လူကြီးမင်းဟာ တူနီးရှားမီဒီယာကိုဝေဖန်ခဲ့တယ်နော်။**

တူနီးရှားမီဒီယာအားလုံးတော့မဟုတ်ပါဘူး။ မှန်မှန်ကန်ကန်လုပ်တဲ့ မီဒီယာတွေကိုကျွန်တော်တို့မဝေဖန်ခဲ့ပါဘူး။ ပရော်ဖက်ရှင်နယ်မဆန်တဲ့ မီဒီယာတွေကိုပဲ ဝေဖန်တာပါ။

**အင်နာဒါပါတီဟာ တူနီးရှားကို အုပ်ချုပ်နေတာလား။**

တူနီးရှားကို အင်နာဒါပါတီ ဦးဆောင်တဲ့ အမျိုးသားတပ်ပေါင်းစုအဖွဲ့က အုပ်ချုပ်နေတာပါ။

*—Ref: Post Revolution Politics in Tunisia, Euronews. 13 Jan.*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.46 • FEBRUARY 2 , 2012



# အရောင်စုံအကယ်ဒမီ



ဖေဖော်ဝါရီလရက်တွင် ၂၀၁၀ပြည့်နှစ်အတွက် ရုပ်ရှင်အကယ်ဒမီဆုပေးပွဲကြီးကို ကျင်းပတော့မည်။သို့ဖြစ်၍ ပရိသတ်ချစ်သော အနုပညာရှင်များ၏ ပွဲတက်ဝတ်စုံအတွက် ကြိုတင်စိတ်ကူးစီစဉ်ထားသည်များကို လက်လှမ်းမီသမျှ စုစည်းဖော်ပြလိုက်ပါသည်။

**■သက်မွန်မြင့်**

ယခုနှစ်အကယ်ဒမီဆုအတွက် လူပြောအများဆုံးနှင့်ထင်ကြေးပေးမှုအများဆုံးခံရသော မင်းသမီး သက်မွန်မြင့်သည် အကယ်ဒမီပေးပွဲအတွက် ဒီဇိုင်နာမပုံ့ချုပ်ပေးသောဝတ်စုံကိုဝတ်ဖြစ်မည်ဖြစ်ပြီး အရောင်နှင့်ဒီဇိုင်းကိုမူ ရွေးချယ်နေဆဲဖြစ်ကြောင်းသူမကပြောကြားသည်။ သူမသည် ယခုနှစ်ဝတ်စုံအတွက် ပြီးခဲ့သောနှစ်များတွင်ဝတ်ခဲ့သောအရောင်များကိုရှောင်ကာ ရွေးချယ်ဝတ်ဆင်သွားမည်ဟု ပြောကြားသည်။

**■စိုင်းစိုင်းခမ်းလှိုင်**

သည်နှစ်အကယ်ဒမီပွဲမှာ အကယ်ဒမီဆုအတွက် ထင်ကြေးပေးခံရသူများထဲကတစ်ဦးဖြစ်သည့် "အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်"မင်းသား စိုင်းစိုင်းခမ်းလှိုင်ကို ခဲရောင်တိုက်ပုံနှင့် အနက်ရောင်ပုဆိုး ဝတ်ဆင်လာမည်ကို မြင်တွေ့ရမည်။

**■ချစ်သုဝေ**

ယဉ်သူထိုက်ပိုးထည်တိုက်က ဆင်မြန်းပေးထားသော ဝတ်စုံနှစ်စုံကို ဒီဇိုင်နာ မပုံ့က ချုပ်ပေးပြီး ထိုဝတ်စုံနှစ်စုံထဲမှ စိတ်ကြိုက်ဝတ်စုံတစ်ခုကို ရွေးချယ်ဝတ် ဆင်မည်ဖြစ်ကာလတ်ပြတ်ကိုကြိုက်နှစ်သက်သည့်အတွက် လက်ပြတ်ဝတ်ဖြစ်ဖို့များကြောင်း ချစ်သုဝေကပြောသည်။ လူငယ်တစ်ဦးဖြစ်သည့်အတွက် ရိုးရာကိုအခြေခံကာ ဖန်စီဒီဇိုင်းကို အသားပေးချုပ်လုပ်ထားကြောင်း သူမကပြောသည်။

**■စိုးပြည့်သဇင်**

မနှစ်ကအကယ်ဒမီဆုဆွတ်ခူးခဲ့သော စိုးပြည့်သဇင်က ဝါရွှေဇင်ပိုးထည်တိုက်မှ ဒီဇိုင်နာ ဖွေး ဖွေး(B-First)ချုပ်ပေးမည့် ဖက်ဖူးရောင်ဝတ်စုံကို ဝတ်ဆင်မည်ဖြစ်သည်။

**■နေတိုး**

အကယ်ဒမီဆုရှင် မင်းသားနေတိုးက ရွှေပိုးအိမ်ပိုးထည်တိုက်က ဆင်မြန်းပေးထားသော ခရမ်းအနီရောင်ပုဆိုးနှင့်တိုက်ပုံကို ဝတ်ဆင်ရန် စိတ်ကူးထားပြီး ဒီဇိုင်နာမင်းသက်စံက တာဝန်ယူချုပ်ပေးထားကြောင်း ပြောကြားသည်။

စာ(၄၉)သို့



## ဂျပန်မှာ လူကြိုက်အများဆုံး နံပါတ်-၆ နေရာ ရောက်နေတဲ့ You Pet

**ဆိုးလ်၊ ဇန်နဝါရီ - ၂၄**

ကိုရီးယားအချစ်ဟာသဇာတ်ကား You Pet သည် ဂျပန်နိုင်ငံတွင် စတင်ဖြန့်ချိသည့် ပထမပတ်အတွင်း လူကြိုက်အများဆုံးစာရင်း၌ နံပါတ်-၆ နေရာ ရပ်တည်နေသည်။

မူရင်းက ဂျပန်ဇာတ်လမ်းဖြစ်သော ယင်းရုပ်ရှင်ကားတွင် ကင်ဟာနူးနှင့် ဂျန်ဂန်ဆုတ်တို့ ပါဝင်ထားသည်။ You Pet ဇာတ်ကားသည် လက်မထပ်ရသေးသော အမျိုးသမီးတစ်ဦးနှင့် ငယ်ရွယ်ချောမောသော လူငယ်တစ်ဦးတို့၏ အတူတူနေထိုင်ပုံ အကြောင်းဇာတ်လမ်းဖြစ်သည်။

ကိုရီးယား ထိပ်တန်းမင်းသား ဂျန်ဒေါင်ဂန်းပါဝင်သော My Way ဇာတ်ကားမှာ ယခုအပတ်တွင် ဂျပန်နိုင်ငံ၌ နံပါတ်-၉ နေရာ ချိတ်ခဲ့သည်။

—Ref: Hancinema

## အကယ်ဒမီဇန်းကိုင်စာရင်းတွင် နာမည်ရစ မော်ဒယ်မင်းသမီးနှစ်ဦးပါဝင်



ဓာတ်ပုံ - ဂျော်ဇမောင်မောင်(အမရပူရ)

ကြူကြူဟန်

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

အစိုးရသစ်လက်ထက်တွင်ပထမဆုံး ကျင်းပပြုလုပ်မည့် ၂၀၁၀ပြည့်နှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်မည့်အခမ်းအနား၌ အကယ်ဒမီဇန်းကိုင်မည့်မော်ဒယ် ၈ဦးကို ရွေးချယ်စာရင်းထုတ်ပြန်ခဲ့ပြီး ထိုရှစ်ဦးတွင် နာမည်ရစမော်ဒယ် မင်းသမီး နှစ်ဦး ပါဝင်လာသည်ကို တွေ့ရသည်။

ထက်မိုးမြတ်ဦး၊ ထိုက်ဆုဝင်း၊ သဲနော်ဇာ၊ ယုသန္တာတင်၊ ခင်ရတနာစိုး၊ ဝင်းလဲ့နု၊ သဲစုနိုင်၊ အိန္ဒြေဘုန်းမြင့်တို့ကို ဇန်းကိုင်များအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယုသန္တာတင်မှာ မင်းသားများ စင်တင်ခဲ့သည့် အနုပညာပျိုးခင်း မင်းသမီးများထဲမှ တစ်ဦးဖြစ်သည်။ သဲနော်ဇာမှာလည်း မော်ဒယ်အဖြစ်မှ နာမည်ရစပြုလာပြီး ဗီဒီယိုဇာတ်ကား အချို့တွင် ပါဝင်သရုပ်ဆောင်လျက်ရှိသူတစ်ဦးဖြစ်သည်။

**ယုသန္တာတင်**

အမေတို့က လျှောက်ပါလားဆိုပြီး တိုက်တွန်းတာနဲ့ လျှောက်ဖြစ်တာ။ လျှောက်တဲ့သူများတယ်ပြောတယ်။ ဘယ်နှယောက်လည်းတော့သမီးလည်းမသိဘူး။ ကိုယ်လျှောက်တုန်းကတော့ လျှောက်လိုက်တယ်။ ပါတော့ပါချင်တာပေါ့နော်။ တစ်နေ့ကမှ လှမ်းပြီး အကြောင်းကြားတော့မှ ပါမှန်းသိတာ။ အနုပညာပျိုးခင်းက ခွင့်ပြုပါတယ်။ ဒီဟာက အနုပညာ အလုပ်လုပ်တာပဲလေ။ တခြား မဟုတ်တာလုပ်တာမှမဟုတ်တာ။ ဇန်းကိုင်ချင်တယ်ဆိုပြီး လျှောက်လိုက်တာပဲ။ တခြားဘာမှမရှိပါဘူး။

**သဲနော်ဇာ**

သမီးလျှောက်တာ ၃ နှစ်ရှိပြီ။ ဒီနှစ်မှပါတာ။ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှာ ဖောင်အခမဲ့ယူပြီး ဓာတ်ပုံ ၉ပုံနဲ့ တင်တာ။ ဖောင်တင်ထားတာ ၃၊ ၄ လလောက်ရှိပြီ။ ဒီနေ့မှ သိရတာ။ အယောက် ၁၀၀ကျော်ထဲက ရှစ်ယောက်ရွေးတာ။

7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# လီမင်ဟိုနှင့် ပက်မင်ယောင်း လမ်းခွဲပြီ



**ဆိုးလ်၊ ဇန်နဝါရီ - ၂၅**

ကိုရီးယားမင်းသားချော လီမင်ဟိုသည် City Hunter ဇာတ်ကားတွင် ၎င်းနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သော မင်းသမီး ပက်မင်ယောင်းနှင့်ပြီးခဲ့သည့်နှစ်မှစ၍ လက်တွဲခဲ့သော်လည်း နှစ်ဦးသား လမ်းခွဲခဲ့သည်မှာ လအတန်ကြာပြီဖြစ်ကြောင်း ကိုရီးယားမီဒီယာများက ဖော်ပြလိုက်သည်။

ပက်မင်ယောင်း၏အေဂျင်စီက "ဒီလို လမ်းခွဲထားတာ တော်တော်ကြာသွားပါပြီ။ ဒါပေမဲ့ သူမ (ပက်မင်ယောင်း)က မကြေညာခဲ့ပါဘူး။ အကြောင်းက အဲဒါ သူမအတွက် စိတ်ထိခိုက်စရာဖြစ်သလို သူမ အေဂျင်စီရဲ့အခြေအနေကိုလည်း စဉ်းစားမိလို့ပါ"ဟု ပြောသည်။

ဆက်လက်၍ အေဂျင်စီမှ မင်းသမီး၏ ပြောခွင့်ရပုဂ္ဂိုလ်က "သူတို့နှစ်ဦးဟာ တစ်ခါတလေတောင်မတွေ့နိုင်ခဲ့ပါဘူး။ တကယ်ပဲ လမ်းခွဲခဲ့ပါပြီ"ဟုပြောသည်။

သို့သော် လီမင်ဟို၏ အေဂျင်စီဘက်ကမူ ယခုသတင်းနှင့်ပတ်သက်၍ "သူတို့ လမ်းခွဲသွားရင် လီမင်ဟိုက ကျွန်တော်တို့ကို ထုတ်ပြောမှာပါ"ဟုပြောသည်။

—Ref: CNA


# ချစ်သူကို ချီးကျူးလိုက်တဲ့ ဟယ်ရီပေါ်တာမင်းသား



**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ - ၂၄**

ဟယ်ရီပေါ်တာဇာတ်ကားများ၏ လူငယ်မင်းသား ဒင်နီယယ်ရက်ဒ်ကလစ်က ၎င်း၏ချစ်သူ ရိုဆီကွတ်ကာအား မိမိ ဦးနှောက်တစ်ခြမ်း၏ ပဲ့ကိုင်ရှင်ဖြစ်ကြောင်း တင်စားချီးကျူးလိုက်သည်။

ရက်ဒ်ကလစ်သည် ရုပ်ရှင်ထုတ်လုပ်ရေးလက်ထောက် ရိုဆီကွတ်ကာနှင့် ချစ်ကြိုးသွယ်နေသည်မှာ ၂နှစ်ခန့်ရှိပြီဖြစ်ပြီး ၎င်း၏ချစ်သူသည် ၎င်းအတွက် အမြဲအားပေးသူ၊ ယုံကြည်မှုပေးသူဖြစ်ကြောင်းချီးကျူးသည်။ အသက် ၂၃ နှစ်အရွယ် မင်းသားက"သူမဟာ ကျွန်တော့်ဦးနှောက်တစ်ခြမ်းပါပဲ။ ကျွန်တော့်ကို မနှစ်မြို့တာမရှိတဲ့တစ်ခြမ်းပေါ့။ အဲဒါသူမပါပဲ။ သူမက ကျွန်တော့်ကို ကောင်းတာတွေပဲ သွန်သင်ပါတယ်"ဟုပြောသည်။ ဒင်နီယယ်ရက်ဒ်ကလစ်က ၎င်း၏ အချစ်ရေးနှင့်ပတ်သက်၍လည်း ရုပ်ရှင်လောကမှ အချင်းချင်းလက်တွဲရသည်မှာ တစ်ဦးဘဝတစ်ဦး နားလည်၍လွယ်ကူကြောင်းဆိုခဲ့သည်။Ref: Showbizspy



# ခင်ပွန်းသည်နဲ့ လမ်းခွဲလိုက်တဲ့ ဟိုင်ဒီကလမ်

**ဘာလင်၊ ဇန်နဝါရီ - ၂၃**

ဂျာမနီဖွား ဟောလိဝုဒ်စူပါမော်ဒယ် ဟိုင်ဒီကလမ်က သူမသည် ခင်ပွန်းသည်ဖြစ်သူ ဗြိတိသျှအဆိုတော် ဆီယယ်လ်နှင့် အိမ်ခွဲနေထိုင်နေပြီဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

ဟိုင်ဒီကလမ်သည် ဆီယယ်လ်နှင့် လွန်ခဲ့သည့် ခုနစ်နှစ်ကပင် လက်ထပ်ခဲ့ပြီး ယခု လမ်းခွဲသည့် သတင်းကိုမူ သူမ၏ အေဂျင်စီက အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ် သည်။

အေဂျင်စီ၏ကြေညာချက်တွင်သူမ၏ပြောကြားချက်ကို"ကျွန်မတို့ဟာ ခုနစ်နှစ်တာကြာအောင်ပျော်ရွှင်၊သစ္စာရှိစွာလက်ထပ်ထိမ်းမြားမှုကာလကိုဖြတ်သန်းခဲ့ပြီးတဲ့နောက် သီးခြား ခွဲနေဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်မတို့ တစ်ဦးနဲ့တစ်ဦး လေးစားပြီး ဆက်ချစ်သွားဦးမှာပါ။ ဒါပေမဲ့ ကျွန်မတို့ ခွဲခွာနေထိုင်ခဲ့ပြီးပါပြီ။ ဒါဟာ ရှောင်လွှဲလို့မရတဲ့ဖြစ်စဉ်ဖြစ်ပြီး ကျွန်မတို့ ကလေးတွေရဲ့အရေးကိုလည်း ဦးစားပေးအဖြစ်ထားပြီး ကာကွယ်ပေးသွားမှာပါ" ဟုဖော်ပြထားသည်။

မီဒီယာများ၏ ဖော်ပြချက်အရ ဟိုင်ဒီကလမ်သည် မကြာမီကာလအတွင်း လော့စ်အန်ဂျလိစ်တရားရုံး၌ ကွာရှင်းလိုကြောင်း လျှောက်ထားမည်ဟုသိရသည်။ ၎င်းတို့စုံတွဲသည် ၂၀၀၅ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသမီးသုံးဦးထွန်းကားခဲ့သည်။ —Ref: AFP






7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012



## စာ - ၄၇၊ အရောင်စုံအကယ်ဒမီ မှ



**■နိုင်းနိုင်း**

လောလောဆယ်တော့ မစီစဉ်ရသေးဘူး။ ကျွန်တော်က ကာလာ အဖျော့လေးတွေကြိုက်တယ်။ အဖြူလေးတွေ ကျွန်တော်ဒီဇိုင်းထွင်တာမျိုးတော့အစီအစဉ်မရှိပါဘူး။ စပွန်ဆာလည်းမရှိပါဘူး။ အနီးနားရောက် မှပဲ ကိုယ့်ဟာကိုယ်ဝယ်စီစဉ်ဖြစ်မယ်ထင်ပါတယ်။

**■ မိုးယုစံ**

ပိုးထည်က ဝါရွှေစင်ကပါ။ အရောင်ကရွှေဝါရောင်၊ ဒီဇိုင်နာက မပုံ့ပါ။ ဝတ်စုံပုံစံက မပုံ့စိတ်ကြိုက်ပါပဲ။ မပုံ့ကိုအပ်ထားတယ်။

**■သင်ဇာဝင့်ကျော်**

ချိတ်ပဲဝတ်မှာပါ။မန္တလေးက ကိုတင်မောင်ခိုင်ပဲ ချိတ်ရောဒီဇိုင်းပါ စီစဉ်ပေးမှာပါ။ အရောင်က မသေချာသေးဘူး။ ဘိုဆန်တဲ့အရောင် ပဲဝတ်ချင်တယ်။ အရောင်တောက်တောက်ကြီး မဝတ်ချင်ဘူး။ ဒီဇိုင်းပုံက ဒီဇိုင်နာစိတ်ကူးပါပဲ။

**■Aroma (Zulu Studio) Wedding Dress & Photo Studio**

ဂျွှဝင်၊ စမိုင်း၊ ဝါဆိုမိုးဦး၊ မေဖြူဖြူစသူတို့အတွက် မိတ်ကပ်၊ ဝတ်စုံ၊ လက်ဝတ်ရတနာများကို စပွန်ဆာပေးမည်ဖြစ်ပြီး အဖြူ၊ ရွှေရောင်၊ အစိမ်း၊ အနက်ရောင်မြန်မာဝတ်စုံဒီဇိုင်းဆန်းများ စီစဉ်ပေးထားသည်ဟု သိရသည်။ ကိုယ်ပိုင်ဒီဇိုင်းချိတ်ပေါ်တွင် စိန်နှင့်ကျောက်မျက်ရတနာများဖြင့် ဒီဇိုင်းထွင်ချုပ်လုပ်ထားသည်ဟု သိရသည်။

မိုးအောင်ရင်၊ မိုးယံဇွန်၊ မြင့်မြတ်၊ မင်းရာဇာ၊ မင်းထက်တို့အတွက် ဝတ်စုံများ စီစဉ်ပေးထားပြီး ပိုးပုဆိုးနှင့် တွဲဖက်ကာ အစိုဘက်အရောင်သမ်းသော ပိုးအပြောင်သားတိုက်ပုံများဖြင့်ပွဲထုတ်သွားမည်ဟု သိရသည်။ အမျိုးသား သရုပ်ဆောင်များအတွက် လိမ္မော်၊ အဝါ၊ ဖက်ဖူးစိမ်း၊ အနက်ရောင်များရွေးချယ်ထားသည်ဟု ဆိုသည်။

**■အိန္ဒြာကျော်ဇင်**

ဝတ်စုံကတော့ ရိုးရိုးပါပဲ။ ထူးထူးဆန်းဆန်း ဘာမှမရှိဘူး။ ပိုးထည် စပွန်ဆာက နှစ်တိုက်ရှိတယ်။ဘယ်ဟာယူဖြစ်မလဲမသေချာသေးဘူး။ အစ်မက ခဲရောင်ဝတ်ဖြစ်မယ်ထင်တယ်။ နောက်တစ်ရောင်တော့ စဉ်းစားနေတာပဲ။ ကိုယ်ဝတ်ချင်တဲ့ဒီဇိုင်းရယ်လို့မရှိဘူး။ ဒီဇိုင်နာက အစ်မအိကျော်ဇင်၊မြတ်မိုးအောင်ကချုပ်ပေးမှာ။ ဒီဇိုင်းပုံက ဒီဇိုင်နာပြောရင်ပိုကောင်းမယ်ထင်တယ်။

**■ခန့်စည်သူ**

ဝတ်ချင်တဲ့ဒီဇိုင်းကမရှိဘူး။ ဝတ်စုံက ယဉ်သူထိုက်(မန္တလေး)၊ ဖိနပ်က ရွှေနဂါး၊ ဒီဇိုင်နာက ယုံးယုံးပါ။ ဘာအရောင်ဝတ်ဖြစ်မလဲ မသိဘူး။ ခရေစီကာလာ မရှိဘူး။

**■မင်းသွေး**

ဗီဒီယိုကားများနှင့် ခြေလှမ်းစိပ်စိပ်လှမ်းလာသော မင်းသွေးက ကတ္တီပါသားအနက်ရောင်ကို ရင်ဖုံးတိုက်ပုံနှင့် အနက်ရောင်တွင် ခဲရောင်ဖောက်ထားသောပုဆိုးကို ဝတ်ဆင်မည်ဟုပြောပြီး သူ့အတွက် ဝတ်စုံကို ဒီဇိုင်းနာမင်းသက်စံက ချုပ်ပေးထားသည်။

**■ကောင်းပြည့်**

တက်သစ်စမင်းသားကောင်းပြည့် သည် သူ၏ အကယ်ဒမီ ပထမဆုံး ပွဲတက်အတွေ့အကြုံ ဖြစ်မည်ဖြစ်ပြီး Aroma က ကမ်းလှမ်းထားသော နက်ပြာရောင်ပုဆိုးနှင့် တိုက်ပုံကိုဝတ်ဆင်ဖြစ်ရန်များနေကြောင်း သူကပြောသည်။


**■ကျော်ကျော်ဗိုနှင့် ဇနီး**

နှစ်စဉ်ထူးခြားအမြင်ဆန်းသည့် ဝတ်စုံဒီဇိုင်းဖြင့် မြင်ရလေ့ရှိသော မင်းသားကျော်ကျော်ဗိုတို့ ဇနီးမောင်နှံကို ယခုနှစ်တွင် ဆင်စွယ်ရောင်ဆင်တူမြန်မာ ဝတ်စုံဖြင့်မြင်တွေ့ရမည်ဟု ကျော်ကျော်ဗိုက ပြောသည်။ “အရမ်းမဆန်းဘဲ အရောင်ကိုလည်းဆင်စွယ်ရောင် ပျော့လေးဆင်ပေးဖို့ ပြောထားတယ်”

**■မြတ်သူအောင်**

ယခုနှစ်ဝတ်စုံကို ဒီဇိုင်နာမင်းသက်စံက စီစဉ်ပေးထားပြီး ပိုးထည်ကိုတော့ ယွန်းရွှေရည်ပိုးထည်တိုက်က ကူညီပေးကြောင်း သိရသည်။






## သရုပ်ဆောင်အစည်းအရုံးဆုပေးပွဲတွင် The Help နှင့် Boardwalk Empire အောင်ပွဲခံ

**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ - ၃၀**

သရုပ်ဆောင်အစည်းအရုံးက ချီးမြှင့်သောဆုပေးပွဲ(Screen Actors Guild Awards)တွင် The Help ဇာတ်ကားက အောင်ပွဲခံခဲ့ပြီး ယင်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သူများအားလုံး အဖွဲ့လိုက် အကောင်းဆုံးသရုပ်ဆောင်ဆုရရှိခဲ့သလို ဇာတ်ကားတွင်ပါဝင်ခဲ့သော အမျိုးသမီးသရုပ်ဆောင်နှစ်ဦးမှာလည်း အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု(Viola Davis)နှင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆု(Octavia Spencer)များ ရရှိခဲ့ကြသည်။

SAG၏ အကောင်းဆုံးဆုများရရှိခဲ့သောဇာတ်ကားသည်ရှေ့လ အကယ်ဒမီဆုပေးပွဲဖြစ်သည့် Golden Globe ဆုပေးပွဲတွင် အကောင်းဆုံးဆုများရရှိခဲ့သော The Artist နှင့် The Decendents ဇာတ်ကားများနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Boardwalk Empire ဇာတ် လမ်းမှာ ရုပ်သံအတွက် ဒရာမာ ဇာတ်လမ်းတွဲ အဖွဲ့လိုက် အကောင်းဆုံး သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ ယင်းဇာတ်လမ်းတွဲမှ မင်းသား Steve Buscemiမှာလည်း အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုရရှိခဲ့သည်။

—Ref: Internet

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | underword Awakening | Screen Gems & Sony Pic | ၂၅၃၀၆၇၀၀ | ၁ |
| ၂။ | Red Tails | 20th Century Fox | ၁၉၇၈၂၂၀၀ | ၁ |
| ၃။ | Contraband | Universal Picturess | ၄၅၉၃၇၅၀၀ | ၂ |
| ၄။ | Extremely Loud and Incredibly Close | Paramount Pictures& Warner Bros. | ၁၀၇၃၇၂၀၀ | ၄ |
| ၅။ | Beauty and the Beast | Walt Disney | ၃၃၅၈၈၁၀၀ | ၂ |
| ၆။ | Haywire | Relativity | ၈၄၂၅၃၇၀ | ၁ |
| ၇။ | Joyful Nose | Warner Bros.Pic | ၂၀၇၄၅၄၀၀ | ၂ |
| ၈။ | Mission: Impossibel: | Paramount Pictures | ၁၉၇၃၆၃၀၀၀ | ၄ |
| ၉။ | Sherlock Holmes:A Game of Shadows | Warner Bros.Pictures& Warner Bros. Picutres | ၁၇၈၃၂၂၀၀၀ | ၄ |
| ၁၀။ | The Iron Lady | The Weinstein Company | ၁၂၅၈၆၀၀၀ | ၄ |

## Movie Review

### Big Miracle




မြို့ငယ်လေးတစ်မြို့မှသတင်းထောက်တစ်ဦးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား ရည်းစားဟောင်းတို့က အာတိတ်ဒေသတွင် ရေခဲလာမှုကြောင့် ခြိမ်းခြောက်ခြင်းခံနေရသော ရှားပါးမီးခိုးရောင်ဝေလငါးများကိုကယ်တင်သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းပေါ်တွင် အခြေခံထားသည်။

မြို့ငယ်လေးမှ သတင်းထောက်က ရေးသားလိုက်ချိန်တွင် ရေနံသူဌေးတစ်ဦး၊ နိုင်ငံခေါင်းဆောင်များနှင့် အခြားသတင်းဌာနများပါယင်းကိစ္စကိုစိတ်ဝင်စားလာပြီး ရုရှားနှင့် အမေရိကန်စစ်ဘက်များကလည်း ဝေလငါးများကိုကယ်တင်ရန်ကြိုးစားရင်း စစ်အေးကာလ အနည်းငယ်ပျော့ပျောင်းလာခဲ့ကြောင်း ရိုက်ကူးထားသည်။

ဒါရိုက်တာ Ken Kwapis ရိုက်ကူးထားပြီး Drew Barrymore, John Knasinski, Dermot Mulroney တို့ပါဝင် သရုပ်ဆောင်ထားသော မိသားစုအတူကြည့်ရှုနိုင်သည့် ဒရာမာဆန်ဆန် ဇာတ်ကားအား ဖေဖော်ဝါရီ ၃ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012

# သမိုင်းဝင်အရှည်ကြာဆုံး ယှဉ်ပြိုင်ဗိုလ်လုပွဲ ဂျိုကိုဗစ်ဗိုလ်စွဲ

**မဲလ်ဘုန်း၊ ဇန်နဝါရီ - ၃၀**

ဆာဘီးယားနိုင်ငံမှ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား နိုဗက် ဂျိုကိုဗစ်သည် ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက် စပိန်ကစားသမား ရာဖေးလ်နာဒယ်အား ဂရင်းဆလင်းပြိုင်ပွဲသမိုင်း၌ အရှည်ကြာဆုံး ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားပြီး အနိုင်ရဗိုလ်စွဲသွားသည်။


Photo - AFP

ဂျိုကိုဗစ်သည် ယခုဗိုလ်လုပွဲကို အနိုင်ရရန် နာဒယ်နှင့် ၅ နာရီ ၅၃ မိနစ်ကြာအောင် ယှဉ်ပြိုင်ခဲ့ရပြီး ပွဲငါးပွဲ ကစားကာ ၅-၇၊ ၆-၄၊ ၆-၂၊ ၆-၇(၅)၊ ၇-၅ တို့ဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲ အနိုင်ရခဲ့သဖြင့် ၎င်းသည် ကစားသမား သက်တမ်းတစ်လျှောက် ငါးကြိမ်မြောက် ဂရင်းဆလင်းချန်ပီယံဆု ရရှိခဲ့ပြီး ဩစတြေးလျအိုးပင်းချန်ပီယံသရဖူကိုလည်း ၂၀၀၈၊ ၂၀၁၁ နှင့် ၂၀၁၂ တို့တွင် သုံးကြိမ်ရယူနိုင်သည့် ကစားသမားဖြစ်လာသည်။

ဂျိုကိုဗစ်သည် ယခုပွဲ အနိုင်ရရန် နာဒယ်နှင့် အကြိတ်အနယ်ကစားခဲ့ရပြီး ပွဲငယ်များတွင် အနိုင်ရရန် နှစ်ဦးစလုံးကြိုးစားခဲ့ရသည်။ နောက်ဆုံးပွဲငယ်တွင် ဂျိုကိုဗစ်သည် နာဒယ်၏ ဦးဆောင်မှုကို ခံခဲ့ရပြီး နောက်ပိုင်း နာဒယ်၏ အမှားစောင့်ကာ လက်ပြန်ရိုက်ချက်များဖြင့်အောင်ပွဲဆင်ခဲ့သည်။

ပွဲအနိုင်ရခဲ့၍ ဂျိုကိုဗစ်က "ဒီပွဲဟာ တကယ့်ထိပ်တန်းပွဲလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ခြောက်နာရီနီးပါးကြာအောင်ကစားခဲ့လို့ပါ။ ဒါဟာ ဂရင်းဆလင်းပြိုင်ပွဲတွေအားလုံးရဲ့ သမိုင်းမှာ အရှည်ကြာဆုံးဗိုလ်လုပွဲဖြစ်မှာပါ"ဟုပြောသည်။

ယခု ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲသည် ပြိုင်ပွဲသမိုင်းတွင် အရှည်ကြာဆုံးစံချိန်ရခဲ့သကဲ့သို့ ဂရင်းဆလင်းပြိုင်ပွဲကြီးလေးရပ် သမိုင်း၌လည်း ၁၉၈၈ ယူအက်စ်အိုးပင်းဗိုလ်လုပွဲတွင် မက်ဝီလန်ဒါက အီဗန်လန်ဒယ်အား အနိုင်ရစဉ်က တင်ခဲ့သောပြိုင်ပွဲကြာချိန် ၄ နာရီ ၅၄ မိနစ်ထက်လည်း အချိန်တစ်နာရီကျော် ပိုမိုကြာရှည်ခဲ့သည်။

—*Ref: AP*




# မက်ဆီကို တိုင်းမ်မဂ္ဂဇင်းကြီးက မျက်နှာဖုံးတွင် ဂုဏ်ပြုဖော်ပြ

**နယူးယောက်၊ ဇန်နဝါရီ - ၂၈**

မကြာသေးမီက ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိခဲ့သော ဘာစီလိုနာအသင်းမှ အာဂျင်တီးနားကွင်းလယ်လူ လီယွန်နယ်မက်ဆီ၏ ဓာတ်ပုံကို တိုင်းမ် မဂ္ဂဇင်းက နောက်ဆုံးထုတ်စာစောင်မျက်နှာဖုံးတွင် ဂုဏ်ပြုဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၆ ရက် ၂၀၁၂ အတွက် နောက်ဆုံးထုတ်ဝေခဲ့သည့် တိုင်းမ်မဂ္ဂဇင်း အတွဲ-၁၇၉၊ အမှတ်-၅ မျက်နှာဖုံးတွင် မက်ဆီအား ဘုရင်လီယို King Leo အဖြစ် ဂုဏ်ပြုဖော်ပြခဲ့ခြင်းဖြစ်သည်။ သို့သော် မဂ္ဂဇင်းသည် ၎င်း၏ အမေရိကပြည်တွင်းထုတ်ဝေသော U.S edition အဖုံးတွင်မူ မက်ဆီကို မျက်နှာဖုံးမတင်ဘဲ ကျန်တစ်ကမ္ဘာလုံးတွင် ဖြန့်ဝေသော ဥရောပ၊ အာရှနှင့် တောင်ပစိဖိတ်ဒေသထုတ် မဂ္ဂဇင်းမူများတွင် မျက်နှာဖုံးတင်ဖော်ပြခဲ့သည်။

မက်ဆီကို တိုင်းမ်မဂ္ဂဇင်းက မျက်နှာဖုံးတင် ဖော်ပြခြင်းနှင့် ပတ်သက်၍ ဘာစီလိုနာအသင်းဝက်ဘ်ဆိုက်က တိုင်းမ်မဂ္ဂဇင်းတွင် မျက်နှာဖုံး၌ ပထမဆုံးဖော်ပြခံရသော ဘောလုံးသမားဟု ဆိုခဲ့သော်လည်း ရာဟူးသတင်းဝက်ဘ်ဆိုက်မှ ဆောင်းပါးရှင် ဘရွတ်ခ်ပက်ကမူ ၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့ဖလားရခဲ့သည့် အမေရိကန်အမျိုးသမီးဘောလုံးအသင်းသာ တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံးတွင် ပါဝင်ဖူးသည့် ပထမဆုံးဘောလုံးသမားများဖြစ်ကြောင်း တုံ့ပြန်ရေးသားထားသည်။

ထို့ပြင် ၎င်းက ၂၀၀၂ ခုနှစ်တွင် တိုင်းမ်မဂ္ဂဇင်းသည် ၎င်း၏ ဥရောပနှင့် အာရှထုတ်မူများတွင် ဗြိတိန်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းနှင့်တောင်ကိုရီးယားတိုက်စစ်မှူး အန်ဂျွန်ဟွာတို့ကို မျက်နှာ ဖုံးတင်ခဲ့ကြောင်းဆိုသည်။

မက်ဆီသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိထားပြီး ဘာစီလိုနာအတွက် ဂိုးပေါင်း ၂၀၀ ကျော်သွင်းယူထားသည်။ ၎င်းသည် ဘာစီလိုနာကလပ်အသင်းနှင့် အောင်မြင်မှုများစွာရရှိထားပြီး ကမ္ဘာ့ဖလားကို အာဂျင်တီးနားနှင့်သာ ဗိုလ်စွဲနိုင်ခဲ့ပါက ပီလီနှင့် မာရာဒိုနာတို့ကဲ့သို့ပင် အငြင်းပွားဖွယ်မရှိသည့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ဖြစ်လာမည်ဖြစ်သည်။ —*Ref: Time*

# အာရှထိပ်တန်း တင်းနစ်ကစားသမားများ ဇေကမ္ဘာအိုးပင်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၉**

ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအတွက် အမှတ်ပေးမည့်ပြိုင်ပွဲဖြစ်သည့် ဇေကမ္ဘာမြန်မာအိုးပင်းပြိုင်ပွဲသို့ လက်ရှိ ချန်ပီယံအပါအဝင် အာရှထိပ်တန်းစာရင်းဝင် ဂေါက်သီးကစားသမား ၂၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အာရှထိပ်တန်းစာရင်းဝင် အယောက် ၆၀ ထဲက ကစားသမား ၂၀ ကျော်လောက်လာပြိုင်မှာပါ။ ပြည်တွင်းမှာလုပ်တဲ့ပြိုင်ပွဲတွေထဲမှာ နာမည်ကျော်ဂေါက်သီးသမားတွေ အများဆုံးလာပြိုင်မယ့်ပြိုင်ပွဲလို့တောင် ပြောလို့ရပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးချမ်းဟန်ကပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာအိုးပင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ဂျပန်နိုင်ငံ၏ လက်ရှိ အဆင့်-၃ တက်ဆူဂျီနှင့်ဂျပန်နိုင်ငံ၏လက်ရှိ အဆင့်-၂ ဂေါက်သီးသမား မစ္စတာအီကေဒါလည်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့အပြင် အာရှတိုက်၏ နာမည်ကျော် ဝါရင့်ဂေါက်သီးသမားဖြစ်သူ ထိုင်းဂေါက်သီး အကျော်အမော် ဘွန်ချူးယွန်းကတ်၊ ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကြီးကစားသမား အင်ဂျလိုကော၊ European Tour ပြိုင်ပွဲတွင် အနိုင် ရရှိခဲ့ဖူးသည့် တောင်အာဖရိကနိုင်ငံမှ နာမည်ကြီး ဂေါက်သီးသမား ဂျိမ်းစ်ကင်စတန်တို့လည်း လာရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမေရိကန်၊ ဂျပန်၊ ဆွစ်ဇာလန်၊တောင်အာဖရိကအပါအဝင် နိုင်ငံပေါင်း ၂၀ကျော်မှပြည်ပကစားသမား ၁၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ European Tour ပြိုင်ပွဲမှ နာမည်ကြီး ကစားသမားသုံးဦးခန့်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဦးချမ်းဟန်က ဆိုသည်။

ပြည်တွင်းမှလည်း ဇော်မိုး၊ ဇော်ဇော်လတ်၊ စိုးကျော်နိုင်၊ နေဗလဝင်းမြင့်အပါအဝင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမား ၂၀ ကျော်လည်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက်မှ ၅ရက်အထိ ရှိုင်ရယ်မင်္ဂလာဒုံဂေါက်ကလပ်တွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲ၌ စုစုပေါင်း ဆုကြေးငွေ ကန်ဒေါ်လာသုံးသိန်းချီးမြှင့်မည်ဖြစ်ပြီး အဆင့်-၁ မှ ၆၀ အထိ ဆုကြေးရရှိမည်ဖြစ်သည်။

မြန်မာအိုးပင်း မကျင်းပဖြစ်ဘဲ ရပ်နားခဲ့သည်မှာ တစ်နှစ်တာမျှရှိခဲ့ပြီး ယခုနှစ်တွင် Asian Tour ၏ ပွဲစဉ်အဖြစ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်ကြောင်းသိရသည်။ ယခုနှစ်ပြိုင်ပွဲတွင်ဇေကမ္ဘာက Title စပွန်ဆာအဖြစ်လည်းကောင်း၊ အဲပုဂံက Presenting စပွန်ဆာအဖြစ်လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

"ဆုငွေနည်းပေမယ့် နာမည်ကြီးတွေ အများဆုံးလာကြတာဟာ ငွေကြောင့်မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်။ ကိုယ့်ပြည်တွင်းမှာပဲ အဆင့်မြင့် ပြည်ပကစားသမားတွေနဲ့ ယှဉ်ပြိုင်ရတဲ့ မြန်မာကစားသမားတွေအတွက် တန်ဖိုးရှိတဲ့ အခွင့်ကောင်းဖြစ်ပါတယ်" ဟု ဦးချမ်းဟန်ကပြောသည်။

# ဂျာမနီဘွန်ဒစ်လီဂါပြိုင်ပွဲ ဈေးကွက်ရှာဖွေရေးဒုတိယဥက္ကဋ္ဌ လာရောက်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၉**

ဂျာမနီ ဘွန်ဒစ်လီဂါပြိုင်ပွဲ ဈေးကွက်ရှာဖွေရေးဒုတိယဥက္ကဋ္ဌ KAY DAMMHOLZ သည် ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၂ ရက်တွင် လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပထမက ဂျာမနီလိဂ်ဥက္ကဋ္ဌ လာဖို့ရှိတာပါ။ အကြောင်းကြောင်းကြောင့် သူ မလာဖြစ်ပေမယ့် ဈေးကွက်ရှာဖွေရေး ဒုတိယဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေ လာမှာဖြစ်ပြီး ဖေဖော်ဝါရီ ၂ ရက် နေ့လယ် ၁ နာရီမှာ မီဒီယာတွေနဲ့ သတင်းစာရှင်းလင်းပွဲကို ဆီဒိုးနားဟိုတယ်မှာပြုလုပ်မှာဖြစ်ပါတယ်"ဟု Sky Net ရုပ်သံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ယင်းနေ့ ညနေပိုင်း အောင်ဆန်းကွင်း၌ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ရန်ပုံငွေချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ ဘွန်ဒစ်လီဂါမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးမည်ဖြစ်ကြောင်းသိရသည်။

ယင်းရန်ပုံငွေဘောလုံးပွဲစဉ်အဖြစ် အနုပညာရှင်များပါဝင်သည့် The Best Act FC နှင့် Sky Net ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပွဲမစတင်မီ နေ့လယ် ၁ နာရီမှစတင်ကာ အနုပညာရှင် အဆိုတော်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပွဲစဉ်၏ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်သုံးထောင်နှင့် ရိုးရိုးတန်းကျပ်တစ်ထောင်သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ သုံးနှစ်စာအတွက် ကျပ်သိန်း ၃၆,၀၀၀ ရရှိသော စာချုပ်ချုပ်ဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် Title စပွန်ဆာနှင့် ရုပ်သံထုတ်လွှင့်ခွင့်မှ သုံးနှစ်အတွက် ကျပ်သိန်းပေါင်း သုံးသောင်းခြောက်ထောင်ရရှိမည့် စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၂၆ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနား၌ အဓိကစပွန်ဆာဖြစ်သည့် မြန်မာဘရူဝါရီလီမိတက်နှင့် MRTV-4 ရုပ်သံလိုင်းတို့မှ ဘောလုံးအဖွဲ့ချုပ်နှင့် သုံးရာသီကြာ စာချုပ်များချုပ်ဆိုခဲ့ကြခြင်း



ဓာတ်ပုံ - အောင်အောင်

ဖြစ်သည်။

မြန်မာဘရူဝါရီသည် ယခုနှစ်ပြိုင်ပွဲအတွက် အဓိကစပွန်ဆာအဖြစ် ငွေကျပ်သိန်းငါးထောင်၊ ၂၀၁၃ ပြိုင်ပွဲအတွက် ငွေကျပ်သိန်းခြောက်ထောင်၊ ၂၀၁၄ ပြိုင်ပွဲအတွက် ငွေကျပ်သိန်း ခုနစ်ထောင် စသည်ဖြင့် တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး MRTV-4 ရုပ်သံလိုင်းအနေဖြင့်လည်း တစ်နှစ်ချင်းစီအတွက် ရုပ်သံမူပိုင်ခွင့်နှုန်းထားအား အထက်ပါအတိုင်းပင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

MRTV-4 ရုပ်သံလိုင်းမှ လက်ရှိအချိန်တွင် နယ်မြို့များတွင် ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်များကို ထုတ်လွှင့်ပြသနိုင်ခြင်းမရှိသေးသော်လည်း မကြာမီ ပြသနိုင်ရန် ကြိုးစားနေကြောင်း MRTV-4 ရုပ်သံ (Forever Group)မှ ဥက္ကဋ္ဌ ဦးဝင်းမော်က အဆိုပါ အခမ်းအနားတွင်ပြောကြားခဲ့သည်။

ဘောလုံးအဖွဲ့ချုပ်သည် စပွန်ဆာစာချုပ်များမှ ရရှိသည့်ငွေကြေးများကို ပြိုင်ပွဲကျင်းပရေးအတွက် အသုံးပြုမည်ဖြစ်ပြီး ပိုလျှံငွေများကို ကလပ်အသင်းများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အကျိုးအမြတ်ကို မမျှော်လင့်ဘဲ ဝင်ရောက်ပူးပေါင်းကူညီခဲ့ကြသည့် စပွန်ဆာများကို ကျေးဇူးတင်ကြောင်း ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

# အရန်ဒိုင်ကို ဆဲသောနည်းပြအား နှစ်ပွဲပယ်နှင့် ဒဏ်ကြေးနှစ်သိန်းပေးဆောင်စေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၈**

အရန်ဒိုင်လူကြီးအား ဆဲဆိုခဲ့သည့် ဧရာရွှေမြေအသင်းလက်ထောက်နည်းပြဦးကျော်မင်းအား ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပွဲပယ်နှစ်ပွဲနှင့် ဒဏ်ငွေကျပ်သုံးသိန်းပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ဦးကျော်မင်းသည်ဇန်နဝါရီ ၂၁ ရက်က မုံရွာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဧရာရွှေမြေနှင့် ရောဝတီအသင်းတို့ပွဲစဉ် ပွဲချိန် ၇၄ မိနစ်တွင် နည်းစနစ်ဧရိယာအား ကျော်လွန်၍ တာဝန်ကျအရန်ဒိုင်အား ဆဲဆိုခဲ့သောကြောင့် ကွင်းလယ်ဒိုင်၏ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် ဦးကျော်မင်း၏ အပြုအမူနှင့်ပတ်သက်၍ မှတ်တမ်းဗီဒီယိုကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများခေါ်ယူမေးမြန်းခြင်းများပြုလုပ်ခဲ့ပြီး အထက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၃) တွင်လည်း တစ်ပွဲတည်း အဝါကတ်ငါးကြိမ်ပြသခံခဲ့ရသည့် ရတနာပုံအသင်းနှင့် မနောမြေအသင်းတို့သည်လည်း ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းအရ ဒဏ်ငွေကျပ်တစ်သိန်းစီအား ဘောလုံးအဖွဲ့ချုပ်သို့ ပေးဆောင်ရမည်ဖြစ်သည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၃ အထိ ပွဲစဉ်များအထိတွင် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ချမှတ်သော ပွဲပယ်နှင့်ငွေကြေးပြစ်ဒဏ်များအား ချမှတ်ခံရမှုစာရင်းတွင် နည်းပြဆရာများက ဦးဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရိုးရာစစ်တုရင်အားကစားသမားများ ရွေးချယ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၌ ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းတွင် နိုင်ငံကိုယ်စားပြုလက်ရွေးစင်ကစားသမားဖြစ်လိုသူများအတွက် တစ်ဦးချင်း (အလွတ်တန်း) လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကိုဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၃ ရက်အထိ သိမ်ဖြူအားကစားခန်းမ၌ကျင်းပမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ သိရသည်။ ၎င်းပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူ အနည်းဆုံးရှစ်ဦးသည် မြန်မာ့လက်ရွေးစင်များရွေးချယ်မည့် ၂၀၁၂ မြန်မာ့ရိုးရာစစ်တုရင်တံခွန်စိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းနဲ့ပတ်သက်တဲ့ အရုပ်၊ သက်ဆိုင်တဲ့ စည်းကမ်းဥပဒေတွေကို ပြီးခဲ့တဲ့ (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ အာဆီယံနိုင်ငံတွေကိုဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ ဟောပြောပွဲတစ်ခုလည်း လုပ်ခဲ့ပါတယ်။ သူတို့ကလည်း စိတ်ဝင်စားမှုရှိကြတယ်"ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပရန် သေချာသွားပြီဖြစ်ရာ ယခုအချိန်အထိ အိမ်ရှင်နိုင်ငံ၏ ရိုးရာအားကစားနည်းနှစ်မျိုး (ရိုးရာခြင်းလုံးအပါအဝင်)အတည်ပြုနိုင်ပြီ ဖြစ်သည်။

ရိုးရာစစ်တုရင်တစ်ဦးချင်း (အလွတ်တန်း)ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများသည် တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး နှစ်ထောင်ကျပ်ဖြင့် ဖေဖော်ဝါရီလ ၁၄ ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံး ဖုန်း- ၀၁-၃၇၅၅၇၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းပြိုင်ပွဲ အမျိုးအစားငါးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

**TRADEMARK CAUTION**
KAO KABUSHIKI KAISHA (also trading as Kao Corporation), a Company incorporated in Japan at 14-10, Nihonbashi Kayabacho 1-chome, Chuo-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

EVITA

**Reg: 4/317/2012**
In respect of : Int'l class 3: " Soaps; perfumery, essential oils, cosmetics, hair lotions.
Int'l class 21: " Household or kitchen utensils and containers (not of precious metal or coated therewith); combs and sponges; brushes (except paint brushes), perfume atomizers (containers), cosmetic brushes, eye brow brushes, hair brushes, nail brushes, shaving brushes, hair combs, powder compacts not of precious metals (containers), dispensers for liquid soap, soap holders, sponge holders, powder puffs."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 2.Feb.2012

# လူငယ်လက်ရွေးစင်ဘောလုံးအသင်း အူလ်ဆန်တက္ကသိုလ် လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာလူငယ်ဘောလုံးအသင်းသည်ပြိုင်ပွဲအကြိုအဖြစ် တောင်ကိုရီးယားအူလ်ဆန် တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၁ ရက်နှင့် ၃ ရက်နေ့များတွင်ပြုလုပ်မည့်အဆိုပါခြေစမ်းပွဲစဉ်များကို အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး၊ ပထမပွဲစဉ်ကို ညနေ သုံးနာရီခွဲအချိန်နှင့် ဒုတိယပွဲစဉ်အား နေ့လယ် နှစ်နာရီအချိန်တွင် စတင်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သိရသည်။



ဓာတ်ပုံ - အောင်အောင်

အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းသည် ယခင်ကလည်း မြန်မာနိုင်ငံသို့ ခြေစမ်းပွဲများလာရောက်ယှဉ်ပြိုင်ကစားဖူးပြီး၊ ၂၀၁၀ ဇန်နဝါရီလအတွင်းနောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာယူ-၂၃ အသင်းနှင့်ပွဲစဉ် နှစ်ပွဲလုံးတွင် အဆိုပါအသင်းက နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းခြေစမ်းပွဲစဉ်များအတွက် ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်တစ်ထောင်နှင့်ရိုးရိုးတန်းကျပ်ငါးရာသတ်မှတ်ထားပြီး၊ မြန်မာလူငယ်အသင်းဆက်လက်ခြေစမ်းနိုင်ရန် ဒေသတွင်းအသင်းများအား ဖိတ်ခေါ်ကမ်းလှမ်းထားကြောင်း သတင်းရရှိသည်။

# ပဏာမဘိလိယက်နှင့် စနူကာကစားသမားရွေးချယ်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

ပဏာမမြန်မာ့လက်ရွေးစင် ဘိလိယက်နှင့်စနူကာကစားသမားများ ရွေးချယ်မည့်ပြိုင်ပွဲသို့မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့်ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

"ဒီပြိုင်ပွဲကို လက်ရည်အဆင့်မီတဲ့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ဝင်ကြေးမလိုပါဘူး။ ဒါပေမဲ့ ယှဉ်ပြိုင်မယ့်ကစားသမားရဲ့လက်ရည်ကိုတော့ စိစစ်လက်ခံသွားမှာပါ"ဟု မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များရွေးချယ်မည့် ၎င်းပြိုင်ပွဲကို ဖေဖော်ဝါရီလ ၉ရက်မှ စတင်၍ လမ်းမတော်မြို့နယ်ရှိ(သံဈေး)ဘိလိယက်နှင့်စနူကာစင်တာတွင်ကျင်းပမည်ဖြစ်ပြီး ဘိလိယက်၊ စနူကာ၊ Pool နှင့် Carom ပြိုင်ပွဲအမျိုးအစားများ ပါဝင်မည် ဖြစ်သည်။

"ဘိလိယက်နှင့်စနူကာအားကစားနည်းက ပဏာမလက်ရွေးစင်ခြောက်ဦးစီနဲ့ ကျန်အားကစားနည်းနှစ်မျိုးအတွက်ကသုံးဦးစီ ရွေးချယ်ဖို့စီစဉ်ထားပါတယ်။ ရွေးချယ်ခံရတဲ့ အားကစားသမားတွေကို နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူက ဆိုသည်။

ပြိုင်ပွဲဝင်လိုသည့် အားကစားသမားများအနေဖြင့် အဖွဲ့ချုပ်ရုံး(အောင်ဆန်းကွင်း)သို့ဖေဖော်ဝါရီလ ၆ရက်နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်စာရင်းပေးရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# ချယ်လ်ဆီး–မန်ယူ၊ လီဗာပူး–စပါး ပွဲကြီးပွဲကောင်းတွေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၂၄ ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် ၂၄ မှာတော့ ပွဲကြီးပွဲကောင်းတွေ အပြည့်ပြန်ပါလာပါတယ်။ မန်စီးတီး–ဖူးလ်ဟမ်၊ နယူးကာဆယ်–အက်စတန်–ဗီလာ၊ ချယ်လ်ဆီး–မန်ယူ၊လီဗာပူး–စပါးပွဲတွေကစိတ်လှုပ်ရှားစရာ အပြည့်ဖြစ်လာမယ့်ပွဲတွေပါပဲ။ မန်စီးတီးတို့ဇယားကိုဆက်ဦးဆောင်ဖို့ မျှားနေပြီး အဝေးကွင်းရှုံးပွဲနည်းတဲ့ မန်ယူကိုချယ်လ်ဆီးတို့ အိမ်ကွင်းမှာ ဘယ်လိုဧည့်ခံမလဲဆိုတာလည်း စောင့်ကြည့်သင့်ပါတယ်။ သင့်ပါဘူး။ အာဆယ်နယ်တို့အနိုင်မပြတ်သားနိုင်တဲ့ပွဲပဲဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့သာကပ်နိုင်မှာပါ။

**နော့ဝစ်ချ်–ဘော်လ်တန်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် – ၂–၁**

အိမ်ကွင်းမကျောတဲ့ နောဝစ်ချ်ကို ဇယားအောက်ပိုင်းက ဘော်လ်တန်တို့ အသာစီးရဖို့ မလွယ်ဘူး။ ပထမအကျော့တုန်းကအတိုင်း ဂိုးရလဒ်ထွက်ဖို့ နီးစပ်နေတယ်။ အိမ်ရှင်နော့ဝစ်ချ်ဘက်က တစ်ဂိုးအသာနဲ့နေရမှာပါ။



**နယူးကာဆယ်–ဗီလာ**

**ည ၈း၀၀ နာရီ**

**ပကျော့ရလဒ် –၁–၁**

နယူးကာဆယ်တို့ အဝေးကွင်းခြေစွမ်းအကောင်းဆုံးစာရင်းဝင်နေဆဲဆိုပေမယ့် ဗီလာကိုသတိထားရပါမယ်။ ဗီလာတို့ ခြေစွမ်း မငြိမ်သေးပေမယ့် နယူးကာဆယ်ကို သူ့အိမ်ကွင်းမှာ ဒုက္ခပေးနိုင်တယ်။ နယူးကာဆယ်တို့ တစ်ဂိုးလောက်နဲ့ပဲ အများဆုံးကပ်နိုင်မှာပါ။

**ချယ်လ်ဆီး–မန်ယူ**

**ည ၁၀း၃၀ နာရီ**

**ပကျော့ရလဒ် – ၁–၃**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ မန်ယူလေးကြိမ်နိုင်ပြီး ချယ်လ်ဆီးတစ်ကြိမ်နိုင်တယ်။ လက်ရှိမှာလည်း မိုင်ရဲလတ်စ်၊ မာတာတို့ အလယ်တန်းကောင်းမွန်ပေမယ့် မန်ယူရဲ့အလယ်တန်းနဲ့ ခံစစ်ကလည်း အဝေးကွင်းရှုံးပွဲတစ်ပွဲပဲရှိသေးတဲ့အသင်းဖြစ်ပါ တယ်။ ဧည့်သည်မန်ယူကိုကြိုက်မိပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ မန်ယူကပ်နိုင်ခြေများနေတယ်။

**၄၊ ဖေဖော်ဝါရီ၊ စနေ**

**အာဆယ်နယ်–ဘလက်ဘန်း**

**(ည ၇း၃၀ နာရီ)**

**ပကျော့ရလဒ်– ၃–၄**

ပထမအကျော့တုန်းက အာဆင်နယ်တို့ ကပ်ရှုံးခဲ့ရတာ သတိထားစရာပါ။ အာဆင်နယ်အိမ်ကွင်းခြေစွမ်းအကောင်းဆုံးရှိပေမယ့် ဘလက်ဘန်းက အဝေးကွင်း သရေပွဲ အများဆုံးဆိုတာ မမေ့

**ကျူပီအာ–ဝုလ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် – ၃–၀**

ကျူပီအာတို့ တန်းဆင်းဇုန်ထိပ်နားမှာ ရှိနေဆဲဆိုပေမယ့် ဒီအိမ်ကွင်းပွဲကို အနိုင်ရဖို့မျှားပါတယ်။ ဝုလ်တို့ နောက်ဆုံးငါးပွဲခြေစွမ်း တောက်လျှောက်ကျနေတယ်။ ကျူပီအာကို နှစ်ဂိုးလောက်နဲ့ ရွေးသင့်တယ်။

**စတုတ်–ဆန်းဒါးလန်း**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် – ၀–၄**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ ဆန်းဒါးလန်းက နှစ်ကြိမ်နိုင်ထားတယ်။ သူ့အိမ်ကွင်းမှာ ချည်းပါပဲ။ ဒီလိုပဲ နောက်ဆုံးတွေ့ဆုံထားတဲ့ အိမ်ကွင်းနှစ်ပွဲစလုံးမှာလည်း စတုတ်ကချည်းနိုင်ထားတယ်။ သရေဖြစ်နိုင်သလို စတုတ်ဂိုးအနည်းနဲ့ နိုင်နိုင်တယ်။

**ဝက်စ်ဘရွန်း–ဆွမ်းဆီး**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် –၀–၃**

နှစ်သင်းစလုံး ဇယားမှာ ရပ်တည်မှု သိပ်မကွာပါဘူး။ ဝက်စ်ဘရွန်းအိမ်ကွင်း အားနည်းတဲ့အသင်းဖြစ်တာမို့ ဒီနောက်ပိုင်းအခြေအနေကောင်းလာတဲ့ ဧည့်သည်ဆွမ်းဆီးဘက်က ဂိုးအနည်းနဲ့နေရမှာပါ။ သရေဖြစ်ဖို့မရှိဘူး။

**ဝီဂန်–အဲဗာတန်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် – ၁–၃**

သရေပွဲများနေတဲ့ အဲဗာတန်တို့ အဝေးကွင်းဆိုပေမယ့် ဇယားအောက်ဆုံးက ဝီဂန်ကို အားထည့်ကစားပြီး အနိုင်သုံးမှတ်ရနိုင်ခြေများပါတယ်။ အဲဗာတန်ကိုပဲ နှစ်ဂိုးလောက်နဲ့ ရွေးရမှာပါ။

**၅၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**မန်စီးတီး–ဖူလ်ဟမ်**

**နံနက် ၀၀း၀၀ နာရီ**

**ပကျော့ရလဒ် – ၂–၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံထားမှု ငါးကြိမ်မှာ သရေသုံးပွဲ၊ မန်စီးတီးနိုင်ပွဲ နှစ်ပွဲရှိခဲ့တယ်။ ဒါပေမဲ့ အိမ်ရှင်မန်စီးတီးကိုပဲ ရွေးရမှာပါ။ ဘာလေ့တယ်လီမပါပေမယ့် မန်စီးတီးတို့ အိမ်ကွင်းမှာ ကစားကွက်အသာနဲ့ ကစားသွားမှာပါ။ ဂိုးတော့ မများနိုင်ဘူး။

**၇၊ ဖေဖော်ဝါရီ၊ အင်္ဂါ**

**လီဗာပူး–စပါး**

**နံနက် ၂း၃၀ နာရီ**

**ပကျော့ရလဒ် – ၀–၄**

လီဗာပူးဟာ စပါးနဲ့တွေ့တိုင်း မနိုင်တာကြာနေပါပြီ။ ပြီးခဲ့တဲ့ နောက်ဆုံးတွေ့ဆုံမှုပွဲအားလုံး စပါးကချည်းအသာရခဲ့တယ်။စပါးရဲ့အသင်းလိုက်ကစားပုံပိုကောင်းတာမို့လီဗာပူးအိမ်ကွင်းဆိုပေမယ့် သရေပဲမျှော်မှန်းနိုင်မယ်။ စပါးကပ်နိုင်ဖို့များမယ်ထင်ပါတယ်။



# မဲလ်ဘုန်းတွင်တောက်ပခဲ့သော အဇာရင်ကာ

**ဆစ်ဒနီ၊ ဇန်နဝါရီ–၂၈**

ယနေ့ကျင်းပပြီးစီးခဲ့သော ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပွဲ ဗိုလ်လုပွဲတွင် ဘီလာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယား အဇာရင်ကာက ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာအား အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အသက် ၂၂ နှစ်အရွယ်ရှိ ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာသည် ရှာရာပိုဗာအား ၆–၃၊ ၆–၀ ဖြင့် အနိုင်ရခဲ့ပြီး ပြိုင်ပွဲတွင် ဦးစားပေးအဆင့် ဆီဒင်–၃ ရခဲ့သူဖြစ်သည်။

ရှာရာပိုဗာမှာမူ ၂၀၀၈ ဩစတြေးလျအိုးပင်းချန်ပီယံဖြစ်ပြီး အဓိက ဂရင်းဆလင်းချန်ပီယံဘွဲ့ သုံးဆုရထားသူဖြစ်သည်။ ဗိုလ်စွဲခဲ့သည့်အတွက် အဇာရင်ကာကပရိသတ်များအားနှုတ်ဆက်ခဲ့ပြီး သူမ၏အဖွဲ့ကိုလည်း ချန်ပီယံသရဖူရရှိအောင် ပံ့ပိုးပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။ သူမသည် ယခုအပတ်တွင်း၌ပင် ဆစ်ဒနီအင်တာနေရှင်နယ်ပြိုင်ပွဲ၏ ချန်ပီယံဖြစ်ခဲ့သေးသည်။

—Ref:AP

# ကိုရီးယားတိုက်စစ်မှူးအန်ဂျွန်ဟွာ အနားယူမည်ဟု ကြေညာ

**ဆိုးလ်၊ ဇန်နဝါရီ–၂၇**

တောင်ကိုရီးယား လက်ရွေးစင်ဘောလုံးအသင်း၏ တိုက်စစ်မှူးဟောင်းအန်ဂျွန်ဟွာသည် မကြာမီအနားယူတော့မည်ဖြစ်ကြောင်း ၎င်း၏အေဂျင်စီက တရားဝင်ထုတ်ပြန်လိုက်သည်။

ကိုရီးယား ယုံဟပ်သတင်းဌာန၏ ဖော်ပြချက်အရ ယင်းတိုက်စစ်မှူးသည် လာမည့်အပတ်တွင် ဘောလုံးလောကမှ အနားယူမည့်အကြောင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကြေညာမည်ဟု သိရသည်။ အေဂျင်စီ၏ ကြေညာချက်၌ "အန်ဟာ တရုတ်စူပါလိဂ်က ဒါလျန်းရှီဒီကလပ်မှာ ကစားခဲ့ပြီး ပြန်လာမှာပါ။ သူဟာဆက်ကစားရမလား။ အနားယူရမလား စဉ်းစားခဲ့ပြီးနောက်ဆုံးမှာ အနားယူဖို့ဆုံးဖြတ်ခဲ့တာပါ" ဟု ဖော်ပြခဲ့သည်။

အန်ဂျွန်ဟွာသည် ၂၀၀၂ ကမ္ဘာ့ဖလားပွဲ ရှုံးထွက်အဆင့်တွင် အီတလီအား တောင်ကိုရီးယားက အနိုင်ရခဲ့ရာ၌ အချိန်ပိုတွင် တစ်ဂိုးသွင်းပေးခဲ့သည်။ ဂျပန်နှင့် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပသော ယင်းကမ္ဘာ့ဖလားပွဲတွင် တောင်ကိုရီးယားအသင်းသည် ဆီးမီးဖိုင်နယ်ထိ ရောက်ရှိခဲ့သည်။ အန်ဂျွန်ဟွာသည် ၁၉၉၈ မှစ၍ ကိုရီးယားပြည်တွင်းမှ ကေလိဂ်တွင် ဘူတန်ဒေဝူးရွိုင်ရယ်အသင်း၌ ကစားခဲ့ပြီး အီတလီ၊ ဂျပန်၊ ပြင်သစ်နှင့် ဂျာမနီတို့သို့ သွားရောက်ကစားခဲ့ဖူးသည်။ ၎င်းသည် ၂၀၀၉ တွင် တရုတ်စူပါလိဂ်ဒါလန်းအသင်းတို့ သုံးနှစ်စာချုပ်ဖြင့် သွားရောက်ကစားခဲ့သည်။

—Ref:AFP



7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012



# အိုင်အမ်အက်ဖ်က ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု ခန့်မှန်းချက်အား လျှော့ချ


Photo - Getty Images

**ဝါရှင်တန်၊ ဇန်နဝါရီ – ၂၆**

ငွေကြေးအကျပ်အတည်းနှင့် ဒုက္ခတွေ့နေသော ယူရိုဇုန်၏ စီးပွားရေး ရပ်တန့်နေမှုက ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထမှုကို ခြိမ်းခြောက် နေကြောင်းပြောကြား၍ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က ကမ္ဘာ့စီးပွားရေးခန့်မှန်းချက်ကို လျှော့ချဖြတ်တောက်လိုက်သည်။

ဥရောပတစ်ဝန်း စီးပွားရေးကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေး နှင့်ဘဏ္ဍာရေးစနစ်များအန္တရာယ်ရှိနေချိန်တွင် ဘဏ္ဍာရေးအရေး ပေါ် အခြေအနေ ကြုံတွေ့မနေသော အစိုးရများအနေဖြင့် သုံးစွဲ မှုကို အလွန်အမင်းလျှော့ချခြင်းကိုရှောင်ကြဉ်သင့်ကြောင်း ထိုသို့ မဟုတ်ပါက လက်ရှိအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း အိုင် အမ်အက်ဖ်က တိုက်တွန်းထားသည်။

စက်တင်ဘာလနောက်ပိုင်း ကမ္ဘာ့စီးပွားရေးခန့်မှန်းချက်ကိုပြင် ဆင်ရာတွင် ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးသည် ၄ ရာခိုင်နှုန်း တိုးတက်မည်ဟု မူလက ခန့်မှန်းချက်အား ၃ ဒသမ ၃ ရာခိုင်နှုန်းသို့ လျှော့ချလိုက်သည်။ ဥရောပငွေကြေး ယူရိုသုံးစွဲသော ၁၇ နိုင်ငံ ပါဝင်သည့် ယူရိုဇုန်၏ စီးပွားရေးမှာ ၀ ဒသမ ၅ ရာခိုင်နှုန်း ဆုတ်ယုတ် ကျဆင်းသွားမည်ဟုလည်း အိုင်အမ်အက်ဖ်က ဟောကိန်းထုတ်လိုက် သည်။

"ကမ္ဘာ့စီးပွားရေး နာလန်ထူမှုဟာ ယူရိုဇရိယာမှာ ပိုမိုဆိုးရွား လာတဲ့ ယိုယွင်းပျက်စီးမှုတွေကြောင့် ခြိမ်းခြောက်မှုခံနေရပါတယ်" ဟု အိုင်အမ်အက်ဖ်၏ ကြေညာချက်တွင် ဖော်ပြပြီး "ပြင်ပအခြေ အနေများဆိုးရွားလာပြီး ပြည်တွင်းဝယ်လိုအား လျော့နည်းလာ သဖြင့် စီးပွားရေးအင်အား ကြီးမားစပြုလာသောနိုင်ငံများနှင့် ဖွံ့ဖြိုး ဆဲနိုင်ငံများတွင်လည်း စီးပွားရေးနှေးကွေးလာမည်ဟု မျှော်လင့် ထားကြောင်း" အိုင်အမ်အက်ဖ်အစီရင်ခံစာတွင် ဆက်လက်ဖော်ပြ ထားသည်။

*—Ref:AFP*


Photo - AFP

# နိုင်ဂျီးရီးယားအကြမ်းဖက်အဖွဲ့ ယခုနှစ်စမှာပင် လူပေါင်း ၂၅၃ ဦးကို သတ်ဖြတ်

**အဘူဂျာ၊ ဇန်နဝါရီ – ၂၅**

နိုင်ဂျီးရီးယားနိုင်ငံမှ အစ္စလာမ်မစ်စစ်သွေးကြွ ဘိုကိုဟာရမ်အဖွဲ့သည် ၂၀၁၂ ခုနှစ် အစောပိုင်း ရက်သတ္တပတ် သုံးပတ်အတွင်း တိုက်ခိုက်မှုအမျိုးမျိုး ပြုလုပ်ခဲ့ပြီး လူပေါင်း ၂၅၃ ဦး သေဆုံးစေခဲ့ပြီဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကပြောကြားသည်။

၂၀၀၉ ခုနှစ် ဇူလိုင်လမှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့သောအဖွဲ့သည်ဎင်းတို့လက်ချက်ဟု မသင်္ကာဖွယ်ရာတိုက်ခိုက်မှု ၁၆၄ ကြိမ်တွင် လူပေါင်း ၉၅၃ ဦးကို သတ်ဖြတ်ခဲ့ပြီးဖြစ်သည်။ ယင်းတိုက်ခိုက်မှုများတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများလည်း ပါဝင်သည်။ ဘဏ်များ၊ ရဲစခန်းများ၊ စစ်ဘက်အဆောက်အအုံများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ အရက်ဆိုင်များအား တိုက်ခိုက်ခြင်းကို ဎင်းတို့လက်ချက်ဟု ဘိုကိုဟာရမ်အဖွဲ့က ပြောကြားလေ့ရှိခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့၏ နေရာဒေသမရွေး အကြမ်းဖက်တိုက်ခိုက်မှုမှာ ယင်းအဖွဲ့သည် လူ့အသက်ကို တန်ဖိုးမထားခြင်းဆိုသည့် အထောက်အထားများဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အနောက်အာဖရိက သုတေသီ ကိုရင်းဒက်ဖ်က ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ သမ္မတ ဂွတ်လပ်ဂျွန်နသန်သည် ဘိုနို၊ နိုင်ဂျာ၊ ပလာတူးနှင့် ယိုဘီဒေသများတွင် မငြိမ်မသက်မှုများရှိနေ၍ အရေးပေါ် အခြေအနေကြေညာခဲ့ သည်။ ယင်းကို တုံ့ပြန်၍ ဘိုကိုဟာရမ်အဖွဲ့ကလည်း နိုင်ငံမြောက်ပိုင်းမှ ခရစ်ယာန်များအား ဇန်နဝါရီ ၂ ရက်တွင် မြောက်ပိုင်းမှ ထွက်ခွာသွားရန် ရာဇသံပေးခဲ့ ပြီး နောက်ပိုင်း တိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်လာခဲ့သည်။

*—Ref: UPI*

# ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမေရိကန်သည် ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်မှုနှုန်း အများဆုံးဖြစ်

**အတ္တလန်တာ၊ ဇန်နဝါရီ – ၂၄**



ဖွံ့ဖြိုးပြီးနိုင်ငံများကြားတွင် အမေရိကန်နိုင်ငံသည် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုနှုန်းနှင့် ကလေးမွေးဖွားမှုနှုန်း အများဆုံးဖြစ်ပြီး နှစ်စဉ် အသက် ၁၅နှစ်နှင့် ၁၉နှစ်ကြား ဆယ်ကျော်သက်မိခင်များမှ ကလေး ၄၀၀,၀၀၀ ခန့်မွေးဖွားလာကြောင်း ဖက်ဒရယ်အရာရှိများကပြောကြားသည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ သုတေသီများသည် ၂၀၀၄ မှ ၂၀၀၈ ခုနှစ်အတွင်း ကိုယ်ဝန်ရရှိခြင်းအန္တရာယ် စောင့်ကြည့်ရေးစနစ်မှ အချက်အလက်များကို လေ့လာခဲ့သည်။ ထို့အပြင် လူဖြူများ၊ လူမည်းများ၊ စပိန်မျိုးနွယ်ဝင်များမှ အသက် ၁၄-၁၉အုပ်စုဝင်ဆယ်ကျော်သက်များ၏ သန္ဓေတားဆေးများ အသုံးပြုမှုအခြေအနေကိုလည်း သုတေသီများကလေ့လာခဲ့သည်။

ဆယ်ကျော်သက် ၅၀ ရာခိုင်နှုန်းသည်ကိုယ်ဝန်ရရှိလာချိန်တွင် မည်သည့် သန္ဓေတားနည်းကိုမျှ အသုံးမပြုခဲ့ကြောင်းပြောကြားသည်။ ဎင်းတို့ထဲမှ ၃၀ ရာခိုင်နှုန်းကျော်က ဎင်းတို့အနေဖြင့် ကိုယ်ဝန်မရနိုင်ဟုယုံကြည်ခဲ့ကြကြောင်း ပြောကြားသည်။

ဆယ်ကျော်သက် ၂၀ ရာခိုင်နှုန်းက ထိရောက်သော သန္ဓေတားနည်းသုံးပြီး ၂၄ ရာခိုင်နှုန်းက ကွန်ဒုံးသုံးခြင်းကဲ့သို့ အပြည့်အဝစိတ်မချရသောနည်းလမ်းများသုံးပြီး ၅ ရာခိုင်နှုန်းခန့်က စိတ်ချရမှုအလွန်နည်းသော ရက်ရှောင်ခြင်းနှင့် အပြင်သို့ သုတ်ထုတ်ခြင်းနည်းလမ်းများကို သုံးသည်ဟုဆိုသည်။

ဆယ်ကျော်သက် ၂၅ ရာခိုင်နှုန်းမှာ ဎင်းတို့၏ အဖော်များက တားဆီးမှုမလုပ်လို၍ လိုက်လျောခြင်းဖြစ်ပြီး ၂၂ ရာခိုင်နှုန်းခန့်က ကိုယ်ဝန်ရှိလာလျှင်လည်း ကိစ္စမရှိဟု သဘောထားခဲ့ကြကြောင်း သိရသည်။

*—Ref: UPI*

# တရုတ်နိုင်ငံတွင် ၂၀၁၁ အတွင်း အေအိုင်ဒီအက်စ်ကြောင့် သေဆုံးသူ ၂၈,၀၀၀ ဦးရှိခဲ့

**ဘေဂျင်း၊ ဇန်နဝါရီ – ၂၃**

ပြီးခဲ့သည့် ၂၀၁၁ က တရုတ်နိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူ ၂၈,၀၀၀ ဦးရှိခဲ့ပြီး အိတ်ချ်အိုင်ဗီပိုင်းရပ်စ်ကူးစက်ခံရသူ ၄၈,၀၀၀ ဦးခန့်ရှိခဲ့ကြောင်း တရုတ်အစိုးရ၏ ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်က ဖော်ပြလိုက်သည်။

အဆိုပါအစီရင်ခံစာကို တရုတ်ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ သုံးပွင့်ဆိုင်ပူးပေါင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာတွင် တရုတ်နိုင်ငံ၌ လူပေါင်း ၇၈၀,၀၀၀ ဦးမှာ အိတ်ချ်အိုင်ဗီပိုင်းရပ်စ်ကူးစက်ခံနေရပြီး ယင်းမှ ၁၅၄,၀၀၀ဦးမှာ အေအိုင်ဒီအက်စ်ရောဂါအဆင့်သို့ ရောက်ရှိနေကြောင်းဆိုသည်။

ထို့ပြင် ၂၀၁၁ စက်တင်ဘာလတွင် ရောဂါကုသမှုခံယူသူပေါင်း ၁၃၆,၀၀၀ ဦးရှိပြီး ၂၀၀၉ တွင် ကုသမှုခံယူသူ ၁၁ ဒသမ ၅ ရာခိုင်နှုန်းထက်တိုးကာ ၇၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ကုသပေးနိုင်ခဲ့ကြောင်းဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် အိတ်ချ်အိုင်ဗီရောဂါကူးစက်မှုနှုန်းမှာ အစိုးရက ဖော်ပြသည့်ကိန်းဂဏန်းများထက် ပိုများကြောင်း လူ့အခွင့်အရေးအဖွဲ့များက ခန့်မှန်းထားသော်လည်း ယခုအခါ အစိုးရ၏ ကျန်းမာရေးပညာပေးအစီအစဉ်များတိုးမြှင့်လာမှုကြောင့် ရောဂါအပေါ် သတိပြုမှု ပိုများအောင်ကူညီလာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

*—Ref:AFP*

7 DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012

# အမေရိကန်က တရုတ်အပေါ် ကုန်သွယ်ရေးဖိအားပေးမှု တိုးမြှင့်သွားမည်

**ဝါရှင်တန်၊ ဇန်နဝါရီ - ၂၆**

နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှု အပေါ် ထောက်ပံ့ငွေပေး၍ အမေရိကန်နိုင်ငံသို့ ပစ္စည်းအတုများပေးပို့သည့် တရုတ်နှင့် အခြားနိုင်ငံများအပေါ် ဖိအားပေးမှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားကပြောကြားသည်။

အမေရိကန်၏ ကုန်ထုတ်လုပ်ရေးကဏ္ဍအား ပြန်လည်တည်ဆောက်ရေး တွန်းအားပေးရာတွင် ပြိုင်ဘက် စီးပွားရေးနိုင်ငံများက ကျင့်သုံးနေသည့် မျှတမှုမရှိသော ကုန်သွယ်ရေးအလေ့အကျင့်များကိုရပ်တန့်အောင် လုပ်ဆောင်ရန် အဖွဲ့အစည်းသစ်တစ်ရပ်အား စတင်ထူထောင်သွားမည်ဟု သမ္မတအိုဘားမားကပြောကြားသည်။

"ပြိုင်ဘက်တွေက စည်းကမ်းအတိုင်း မကစားဘူးဆိုရင်တော့ ကျွန်တော်တို့ ရပ်ကြည့်နေမှာမဟုတ်ပါဘူး"ဟု နိုင်ငံတော်သို့ ပြောကြားသည့် မိန့်ခွန်းတွင် အိုဘားမားက ထည့်သွင်းပြောကြားသွားသည်။

ကုန်သွယ်ရေးကြီးကြပ်မှုအဖွဲ့သစ်တစ်ဖွဲ့ ထူထောင်မည်ဟု လွှတ်တော်အားအသိပေးမည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့အား တရုတ်နိုင်ငံကဲ့သို့ နိုင်ငံများတွင် တရားမျှတမှုမရှိသော ကုန်သွယ်ရေးအလေ့အကျင့်များအကြောင်းကို စုံစမ်းစစ်ဆေးသွားရန် တာဝန်ပေးအပ်ထားမည်ဖြစ်ကြောင်း အိုဘားမားကပြောကြားသည်။

အမေရိကန်ကုန်ထုတ်လုပ်ရေးကဏ္ဍကိုပြန်လည်မြှင့်တင်ပြီး နိုင်ငံတွင် အလုပ်အကိုင်များဖန်တီးရန် အိမ်ဖြူတော်က တွန်းအားပေးနေစဉ်မှာပင် တရားမျှတမှုမရှိသော ကုန်သွယ်ရေးကိစ္စကိုပို၍အပြင်းအထန်နှိမ်နင်းရန် ခြိမ်းခြောက်မှု ထွက်ပေါ်လာခြင်းဖြစ်ကြောင်းအေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

—Ref: AFP



Photo - AFP

# ဆီးရီးယား ငြိမ်းချမ်းရေး ဆွေးနွေးပွဲ လက်ခံကျင်းပရန် ရုရှားကမ်းလှမ်း

**မော်စကို၊ ဇန်နဝါရီ - ၂၆**

လူပေါင်း ၅,၀၀၀ သေဆုံးမှုဖြစ်ပေါ်ခဲ့သည်ဟုကုလသမဂ္ဂကပြောသော ဆီးရီးယားနိုင်ငံမှ မငြိမ်မသက်မှုများ အဆုံးသတ်ရေးအတွက် ဆီးရီးယားအာဏာပိုင်များနှင့် အတိုက်အခံအင်အားစုများအကြား ဆွေးနွေးညှိနှိုင်းမှုများအား ရုရှားနိုင်ငံက လက်ခံကျင်းပရန်သဘောတူနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။

"ဆွေးနွေးပွဲကျင်းပဖို့ နေရာအတွက်ပူပန်နေတယ်ဆိုရင်တော့ ဘက်ပေါင်းစုံက သဘောတူနိုင်တဲ့နေရာကို ကျွန်တော်တို့ကြိုဆိုပါတယ်"ဟု မစ္စတာဆာဂျီလက်ဗ်ရော့ကပြောသည်။ "အကယ်၍ အတိုက်အခံတွေဘက်က ဒမတ်စကတ်ကို မသွားချင်ဘူးဆိုရင် ကိုင်ရိုကိုလည်း သွားလို့ရတယ်။ ဒါမှမဟုတ် တူရကီ၊ ရုရှားနိုင်ငံတွေမှာလည်း(ဆွေးနွေးပွဲ)လုပ်လို့ရတာပဲ"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးကဆက်လက်ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် ၁၀ လကြာဖြစ်ပေါ်ခဲ့သည့် အုံကြွမှုများအတွင်း ရုရှားနိုင်ငံသည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား အခိုင်မာဆုံးထောက်ခံအားပေးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခအတွင်း လူ့အခွင့်အရေးမှတ်တမ်းနှင့်ပတ်သက်၍ နိုင်ငံတကာမှ ဝေဖန်ပြောဆိုမှုများကို ဆီးရီးယားအစိုးရက ပယ်ချခဲ့ပြီး ၎င်းတို့၏ ရဲတပ်ဖွဲ့နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင် ၂,၀၀၀ ခန့်မှာ အကြမ်းဖက်သမားများနှင့် အစွန်းရောက်များ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ကြောင်းပြောသည်။

—Ref: RIA Novosti

# ရုရှားဘီလျံနာ ပရိုခိုရော့ဗ် သမ္မတလောင်းအဖြစ် ဗဟိုရွေးကောက်ပွဲကော်မတီ မှတ်ပုံတင်


Photo - AP

**မော်စကို၊ ဇန်နဝါရီ - ၂၆**

ရုရှားနိုင်ငံတွင် မတ်လ၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဘီလျံနာသူဌေး ပရိုခိုရော့ဗ်အား ရုရှားရွေးကောက်ပွဲ အာဏာပိုင်များက တရားဝင် စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

ယခုအခါ ရုရှားဘီလျံနာမှာ ရွေးကောက်ပွဲတွင် မျှော်လင့်ချက်ထားနိုင်သူငါးဦးထဲမှ တစ်ဦးဖြစ်လာခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်ထားသည့် အခြားပုဂ္ဂိုလ်လေးဦးမှာ ဝန်ကြီးချုပ် ဗလာဒီမာပူတင်၊ အလယ်အလယ်ဆိုရှယ်ဒီမိုကရက်တစ်ခေါင်းဆောင် ဆာဂျီမီရိုနော့ဗ်၊ လူထုအကြိုက်ခပ်ပြင်းပြင်းဆော်တတ်သူ ဗလာဒီမာဇီရင်နော့ဗ်စကီးနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင် ဂင်နာဒီဇူဂါနော့ဗ်တို့ဖြစ်သည်။

ပရိုခိုရော့ဗ် စုဆောင်းခဲ့သောလက်မှတ်များမှာ သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်း ဗဟိုရွေးကောက်ပွဲကော်မတီက ပြောသည်။ လက်မှတ်ရေးထိုးထားသောစာရွက်များကို ကြည့်ရှုစစ်ဆေးရာတွင် ၄ ဒသမ ၃၈ ရာခိုင်နှုန်းသာ တရားမဝင်ကြောင်းနှင့် ယင်းမှာ ဥပဒေအရ သတ်မှတ်ထားသည့် ၅ ရာခိုင်နှုန်း အောက်တွင်သာ ရှိကြောင်းသိရသည်။

ထောက်ခံကြောင်း လက်မှတ်များ အတည်မဖြစ်သောကြောင့် ယာဘလိုကိုပါတီတည်ထောင်သူ ဂရီဂေါရီယက်ဗလင်စကီအား အရည်အချင်းမပြည့်မီဟု သတ်မှတ်ခဲ့ကြောင်း ဗဟိုရွေးကောက်ပွဲကော်မတီကပြောကြားသည်။

ရွေးကောက်ပွဲဝင်ရေးမှတ်ပုံတင်နိုင်ရန် သမ္မတလောင်းတစ်ဦးသည် ထောက်ခံကြောင်းလက်မှတ်နှစ်သန်းရရှိအောင် စုဆောင်းရန်လိုအပ်ကြောင်း ဥပဒေအရ သတ်မှတ်ထားသည်။

—Ref: RIA Novosti






7 DAY NEWS JOURNAL
Vol.10, No.46 · FEBRUARY 2 , 2012



# အီဂျစ်နိုင်ငံတွင် အရေးပေါ် အခြေအနေ ရုပ်သိမ်း

**ကိုင်ရို၊ ဇန်နဝါရီ - ၂၅**

တော်လှန်ရေးနှစ်ပတ်လည်နေ့ဖြစ်သော ဇန်နဝါရီ ၂၅ ရက်တွင် အရေးပေါ် အခြေအနေကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များ၏ အကြီးအကဲ ဖီးလ်မာရှယ်ဟူစိန်တန်တာဝီကပြောကြားသည်။

"၂၀၁၂ ဇန်နဝါရီ ၂၅ ရက်ကစပြီး အရေးပေါ် အခြေအနေကို ရုပ်သိမ်းသွားဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်"ဟု လက်နက်ကိုင်တပ်ဖွဲ့များထိပ်သီးကောင်စီ၏ အကြီးအကဲလည်းဖြစ်သူ တန်တာဝီက ရုပ်သံမှတစ်ဆင့် နိုင်ငံတော်သို့ ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အရေးပေါ် အခြေအနေအား လက်နက်ကိုင်တပ်ဖွဲ့များထိပ်သီးကောင်စီ(SCAF)က အာဏာလွှဲပြောင်းရယူခဲ့ချိန် လွန်ခဲ့သော ၁၀ လက ချမှတ်ခဲ့ခြင်းဖြစ်ပြီး အခြေအနေအရ နိုင်ငံသားများအား ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ဖမ်းဆီးခွင့်ရှိသည်။

အရေးပေါ် ကာလအတွင်း ယင်းကဲ့သို့ ဖမ်းဆီးချုပ်နှောင်မှုပေါင်း ၁၂,၀၀၀ ရှိခဲ့ပြီး သမ္မတဟောင်း မူဘာရက်၏ နှစ်ပေါင်း ၃၀ အရေးပေါ် ဥပဒေအရ အုပ်ချုပ်မှုတွင် ယင်းကဲ့သို့ ဖမ်းဆီးမှုပေါင်း ၂,၀၀၀ သာရှိခဲ့သည်။

အရေးပေါ် ဥပဒေအရ လူအများစုဝေးခြင်းနှင့် ကန့်ကွက်ဆန္ဒပြမှုများကို ပိတ်ပင်ထားပြီး သတင်းစာလွတ်လပ်ခွင့်ကိုလည်း ကန့်သတ်မှုများချမှတ်ထားခဲ့သည်။ အရေးပေါ် ဥပဒေမှာ ရမ်းကားမှုများအတွက် အကျုံးဝင်နေဆဲဖြစ်ကြောင်း အီဂျစ်စစ်ဘက်ကောင်စီ အကြီးအကဲက ပြောကြားခဲ့သော်လည်း အကျယ်ချဲ့၍ မပြောခဲ့ပေ။

*—Ref: UPI*

# အင်အား ၅၀,၀၀၀ ပါဝင်မည့် လူထုချီတက်ပွဲ မော်စကိုအာဏာပိုင်များ ခွင့်ပြု




Photo - AFP

**မော်စကို၊ ဇန်နဝါရီ - ၂၆**

ပါလီမန်ရွေးကောက်ပွဲရလဒ်များအား ကန့်ကွက်ဆန္ဒပြရန် လူပေါင်း ၅၀,၀၀၀ အထိ ပါဝင်မည့် အတိုက်အခံများ၏ ချီတက်ပွဲနှင့် စုရုံးမှုအား မော်စကိုမြို့တော်ဝန်ရုံးက ခွင့်ပြုပေးလိုက်ကြောင်း ဒုတိယမြို့တော်ဝန် အလက်ဇန္ဒားဂေါဘင်ဟိုကပြောသည်။

"ကန့်ကွက်ပွဲစည်းရုံးသူတွေ တင်ပြခဲ့တဲ့အထဲက တစ်မျိုးကို ခွင့်ပြုလိုက်တာပါ"ဟု ဂေါဘင်ဟိုကပြောသည်။

ယင်းချီတက်ပွဲအား မော်စကိုမြို့လယ်ရှိစက်ဝိုင်းပုံစံလမ်းမတစ်လျှောက်၌သာ ပြုလုပ်ရမည်ဖြစ်သည်။ ဖေဖော်ဝါရီ၄ရက်တွင် ပြုလုပ်မည့်ချီတက်ပွဲမှာ ကန့်ကွက်ပွဲစည်းရုံးသူများ အလိုရှိသည့် အတိုင်းပင်ဖြစ်သည်ဟု အလယ်အလတ် အက်ကိုမော့ခ်ဗီရေဒီယိုက သတင်းပေးပို့ထားသည်။

ကန့်ကွက်ဆန္ဒပြသူများသည် ဘော်လ်ရှာယားလမ်းမမှ ဘိုလိုညာယာရင်ပြင်သို့ ချီတက်ကြမည်ဖြစ်သည်။ ယင်းရင်ပြင်မှာ ဒီဇင်ဘာ ၄ ရက်နေ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် လိမ်လည်မှုများရှိခဲ့ကြောင်း စွပ်စွဲမှုများထွက်ပေါ်လာခဲ့ပြီးနောက် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာနေရာဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲကြိုတင်ဖြည့်ထားခြင်းနှင့် အခြား မူမှန်မဟုတ်သော အခြေအနေများလည်းရှိခဲ့သည်ဟု ဝေဖန်ရေးသမားများက ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ် ဗလာဒီမာပူတင်ဦးဆောင်သော ယူနိုက်တက်ရုရှားပါတီက အနိုင်ရရှိခဲ့သော်လည်း ရွေးကောက်ပွဲသည် မစ္စတာပူတင်၏ ပါတီအား မျက်နှာသာပေးခဲ့ကြောင်း ဝေဖန်သူများကပြောကြသည်။

*—Ref: RIA Novosti*



7 DAY NEWS JOURNAL

# International

Vol.10, No.46 • FEBRUARY 2 , 2012



Photo - AFP

## ကြွေးမြီအကျပ်အတည်းကို အီးယူ အပြီးသတ်ဖြေရှင်းရန် ဒါဗို့စ်အစည်းအဝေးတွင် တိုက်တွန်း

**ဒါဗို့စ်၊ ဇန်နဝါရီ - ၃၀**

ဥရောပ၏ကြွေးမြီအကျပ်အတည်းကို အဆုံးသတ်ရန် အချိန်တန်ပြီဖြစ်ကြောင်းနှင့် အကျပ်အတည်းအားထိန်းချုပ်ရန် လုပ်ဆောင်မှုများမှာ မလုံလောက်တော့ကြောင်း ဖြင့် ကမ္ဘာတစ်ဝန်းမှ စီးပွားရေးပညာရှင်များ၊ မူဝါဒချမှတ်သူများနှင့် ဘဏ်လုပ်ငန်းရှင်များက ဥရောပခေါင်း ဆောင်များကို ပြောကြားခဲ့ကြောင်းသိရသည်။

ငွေကြေးအကျပ်အတည်း တွေ့နေသောနိုင်ငံများအား ကယ်တင်ရေးရန်ပုံငွေအား ကန်ဒေါ်လာ တစ်ထရီလီယံအထိ ရောက်ရှိအောင်စုဆောင်းရန် ယူရိုငွေကြေးသုံးစွဲသည့်နိုင်ငံများအပေါ် ဖိအားမြင့်တက်လာစဉ်မှာပင် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင်ပြုလုပ်ခဲ့သည့် ငါးရက်ကြာ ကမ္ဘာ့စီးပွားရေးဖိုရမ်အဆုံးသတ်သွားခဲ့သည်။

တင်းကျပ်သောဘတ်ဂျက်စည်းမျဉ်းစည်းကမ်းများကို အပြီးသတ်ရေးဆွဲရေးနှင့် ဂရိကြွေးမြီအား စီမံခန့်ခွဲနိုင်သော အနေအထားရရှိအောင် ဆောင်ရွက်ရေးမှာလည်း အရေးကြီးကြောင်း ကမ္ဘာ့ခေါင်းဆောင်များကပြောကြားသည်။

**စာ(၄၅)သို့**

စာ(၄၅)သို့

## ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် တရုတ် တိုက်တွန်း


Photo - Reuters

**ဘေဂျင်း၊ ဇန်နဝါရီ - ၃၀**

အမေရိကန်တပ်ဖွဲ့များအား ၎င်းတို့၏ ပိုင်နက်နယ်မြေတွင် ပိုမိုထားရှိရေး ဖိလစ်ပိုင်နိုင်ငံက ကမ်းလှမ်းခဲ့ပြီးနောက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ပိုမိုကြိုးပမ်းလုပ်ဆောင်ကြရန် တရုတ်နိုင်ငံက တိုက်တွန်း ပြောကြားလိုက်ကြောင်းသိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံတွင် အလှည့်ကျပိုမိုထားရှိခွင့်ပြုရေးနှင့် အမေရိကန်တပ်ဖွဲ့များနှင့်လည်း ပိုမို၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်စီစဉ်ထားကြောင်း ဖိလစ်ပိုင်နိုင်ငံက ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်သည်။ ယင်းကမ်းလှမ်းမှုမှာ အာရှတွင် စစ်ရေးအင်အားတိုးချဲ့ရန်ပြင်ဆင်နေသော အမေရိကန်နိုင်ငံအား ကြိုဆိုသော ကမ်းလှမ်းမှုဟု အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

စာ(၄၅)သို့

## အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့ ဆော်ဒီအာရေးဗီးယားတွင် ငြိမ်းချမ်းရေးဆွေးနွေးမည်

**ကဘူးလ်၊ ဇန်နဝါရီ - ၃၀**

ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စတင်နိုင်ရန်အတွက် အာဖဂန်နစ္စတန်အစိုးရသည် တာလီဘန်အဖွဲ့နှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် တွေ့ဆုံရန် စီစဉ်နေကြောင်း သိရသည်။

ကာတာနိုင်ငံတွင် တာလီ ဘန်ရုံးခန်းဖွင့်လှစ်ရေး ယခင်ကကြေညာထားသောအစီအစဉ် မစတင်မီ ရှေ့လာမည့်ရက်သတ္တပတ်များ၌ နှစ်ဖက် သမိုင်းဝင် တွေ့ဆုံမှုဖြစ်ပေါ်လာမည်ဟု အနောက်တိုင်းနှင့် အာဖဂန်အရာရှိများအား ကိုးကား၍ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

စာ(၄၅)သို့

## မြို့တော်ဆင်ခြေဖုံးနေရာများအား သူပုန်များလက်မှ ပြန်လည်သိမ်းယူရန် ဆီးရီးယားစစ်တပ်ပြင်ဆင်

**ဒမတ်စကပ်စ်၊ ဇန်နဝါရီ - ၃၀**

ဆီးရီးယားစစ်တပ်သည် မြို့တော်ဒမတ်စကပ်စ်ဆင်ခြေဖုံးဒေသများအား သူပုန်များလက်မှ ပြန်လည်သိမ်းပိုက်ရန် စတင်လိုက်ပြီဖြစ်ကြောင်း စစ်ဘက်ပုဂ္ဂိုလ်များကပြောကြားသည်။

သံချပ်ကာယာဉ်များ အားဖြည့်ထားသော တပ်ဖွဲ့များသည် သူပုန်များသိမ်းပိုက်ထားသည့်မြို့တော်၏ အရှေ့ဘက်နှင့် မြောက်ဘက်ဒေသများသို့ လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း ၎င်းတို့ကပြောသည်။ စစ်တပ်က လမ်းများကိုပိတ်ဆို့ထားပြီး ဆက်သွယ်ရေးကိုလည်း ဖြတ်တောက်ထားကြောင်း အာရပ်လူ့အခွင့်အရေးအဖွဲ့ခေါင်းဆောင် မိုဟာမက်မီရာအီက ဘလွန်းဘာ့ဂ်သတင်းဌာနအားပြောသည်။

စာ(၄၅)သို့


Photo - Reuters



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.10, No.46 • FEBRUARY 2 , 2012

# အစိုးရနှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ အပစ်အခတ်ရပ်စဲရေး သဘောတူ



သီဟ

**ရန်ကုန်၊ ဇန်နဝါရီ- ၂၈**

ရှမ်းပြည်နယ် တိုးတက်ရေးပါတီ (SSPP) နှင့်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့၏ငြိမ်းချမ်းရေးဖော်ဆောင်ရန် အတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအားရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး၌ယနေ့ ကျင်းပပြုလုပ်ခဲ့သည်။

ပဏာမ ငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးရာတွင် SSPP မှ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးချက်ခုနစ်ချက်၊ ပြည်ထောင်စုအဆင့် ခုနစ်ချက်ဖြင့် ဆွေးနွေးခဲ့သည်။

သို့သော် ပဏာမ သဘောတူညီချက်လက်မှတ်ရေးထိုးရာတွင် ပြည်နယ်အဆင့်ဆွေးနွေးချက်ငါးချက်နှင့် ပြည်ထောင်စုအဆင့်တွင် ငါးချက်ဖြင့်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသို့ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရန်အတွက် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ရက်မှစ၍ SSPP အထွေထွေအတွင်းရေးမှူးချုပ်ထံမှ နိုင်ငံတော်သမ္မတထံသို့စာပို့ခြင်းဖြင့် စတင်ခဲ့သည်ဟု ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ပြောသည်။

"အခုလက်ရှိ သဘောတူထားတဲ့အချက်တွေကနေ မသွေဖည်ပါစေနဲ့လို့ဆုတောင်းပါတယ်။ ကျွန်တော်တို့က အရင်ကတည်းက စစ်ကိုမလိုလားပါဘူး။ ငြိမ်းချမ်းရေးကိုပဲ လိုလားပါတယ်။ နိုင်ငံရေးကိုစားပွဲပေါ်မှာပဲဖြေရှင်းချင်တယ်"ဟု SSPP မှ ပါတီဗဟိုကော်မတီ(နိုင်ငံရေးဌာန)မှဦးစစ်ခွန်ဆိုင်က ပြောသည်။

ယခုအခါ ပဏာမ ငြိမ်းချမ်းရေးဖော်ဆောင်ပြီးသည့် အဖွဲ့ပေါင်းမှာ ယခု SSPP အပါအဝင် ခုနစ်ဖွဲ့ရှိပြီဖြစ်ကြောင်း သိရသည်။

နှစ်ဖက်ဆွေးနွေးပြီး ပြည်နယ် အဆင့်သဘောတူခဲ့သော အချက် ၅ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) တပ်မတော်နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ / ရှမ်းပြည်တပ်မတော်တို့အကြား အပစ်အခတ်ရပ်စဲရန် သဘောတူသည်။**

**(ခ) ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ ရှမ်းပြည်နယ်တပ်မတော် တပ်ဖွဲ့များကို ဝမ်ဟိုင်းတွင် အခြေပြု၍ လက်ရှိဖြန့်ခွဲထားသော နေရာများတွင် ယာယီအခြေပြုနေထိုင်ရန် သဘောတူသည်။**

**(ဂ) နှစ်ဖက်အပြန်အလှန်ပြောဆိုဆက်ဆံဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် တောင်ကြီး၊ လားရှိုး၊ ခိုလန်နေရာများတွင် နှစ်ဖက်သဘောတူညီသော ပုဂ္ဂိုလ်များဖြင့် ဆက်ဆံရေးဌာနစခန်းများကို ထူထောင်မည်။ ထပ်မံ၍ လိုအပ်သောနေရာများတွင် ဆက်လက်ဖွင့်လှစ်သွားရန် ညှိနှိုင်းဆွေးနွေးသွားမည်။**

**(ဃ) နှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်လက်နက် ကိုင်ဆောင်သွားလာမှုများကို နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီးဆောင်ရွက်မည်။**

**(င) ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့်ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) မှ အဆင့်မြင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် နှစ်ဖက် သဘောတူညီသော နေရာ၊ သဘောတူညီသောအချိန်ကာလတွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးတပ်ဖွဲ့ဝင်များ အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆွေးနွေးရန် သဘောတူသည်။**

# ငွေလဲကောင်တာများ တစ်ရက် ကန်ဒေါ်လာတစ်သောင်းထိ ငွေလဲလှယ်ခွင့်ရ

ပြည်သိမ်း၊ အောင်သူရ

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

ငွေလဲကောင်တာ Money Changer များတွင် ငွေလဲနှုန်းပမာဏကို တစ်ရက်လျှင် ကန်ဒေါ်လာတစ်သောင်းထိ လွတ်လပ်စွာလဲလှယ်ရန် ဇန်နဝါရီ ၃၀ ရက်မှစတင်၍ ဗဟိုဘဏ်က ခွင့်ပြုလိုက်ကြောင်း ပုဂ္ဂလိကဘဏ်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

ထိုသို့ ခွင့်ပြုရခြင်းမှာ (IMF) နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အကြံပြုချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်က ပြောသည်။

"ဒီနေ့ကစပြီးလဲလို့ရပြီ။ AGD ငွေလဲကောင်တာအားလုံးမှာပါ" ဟု ဦးသက်လွင်ရွှေက ရှင်းပြသည်။

ယင်းကဲ့သို့ပင် CB (သမဝါယမ) ဘဏ်ကလည်း သူ၏ကောင်တာများတွင် လဲလှယ်လို့ ရပြီဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်က ဆိုသည်။

ယခင်က ငွေလဲကောင်တာများတွင် ငွေလဲလိုလျှင် နိုင်ငံခြားသားဖြစ်ပါက ပတ်စပို့ပြရခြင်း၊ ဒေါ်လာ ၂၀၀၀ ကျော်ပါက အကောက် အခွန်ကြေညာလွှာတင်ပြရခြင်း မြန်မာနိုင်ငံသားဖြစ်ပါက ငွေရရှိရာငွေဝင်အရင်းအမြစ်ကိုတင်ပြရခြင်း၊ ဝယ်ယူခြင်းဖြစ်ပါက မည်သည့်ကိစ္စအတွက် အသုံးပြုရန်ဟု သက်သေပြရခြင်းများ ရှိသည်။

ထိုပမာဏအား အရောင်းအဝယ်ပြုလုပ်နိုင်ပါက ဒေါ်လာငွေကြေးဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်မှုရရှိလာနိုင်ကြောင်း ကျွမ်းကျင်သူများကသုံးသပ်သည်။

ငွေလဲကောင်တာများအနေဖြင့် ယခုကဲ့သို့ ခွင့်ပြုလာခြင်းမှာ ကားတင်သွင်းသူများ သင်္ဘောသားများအတွက် ငွေလဲရာတွင် ပိုမိုအဆင်ပြေစေသည်။ သို့သော် ကန့်သတ်ထားမှုကို ပယ်ဖျက်ပေးပါက စီးပွားရေးလုပ်ငန်းများတွင် ပိုမိုအဆင်ပြေလာမည်။ သက်ဆိုင်ရာကုမ္ပဏီများ၏ စာရွက်စာတမ်းအထောက်အထား၊ MFTB တွင် စာရင်းဖွင့်ထားသည့် သက်သေခံစာရွက်စာတမ်းများဖြင့် ငွေကြေးပမာဏကို လွတ်လပ်စွာ လဲလှယ်ပေးသင့်ကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသည့်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခုအခါ စာရွက်စာတမ်းများ တင်ပြခြင်းများကို အမေရိကန်ဒေါ်လာတစ်သောင်းထိ မလိုအပ်ကြောင်း သိရသည်။

# ပုလဲသွယ်စပါး တစ်ဧက တင်း ၂၀၀ ကျော်ထွက်ပါက အာမခံဈေးကောင်းပေး ဝယ်ယူ

ပြည်သိမ်း၊ ထူးသန့်

**ရန်ကုန်၊ ဇန်နဝါရီ-၂၇**

စပ်မျိုးစပါးဖြစ်သော ပုလဲသွယ်စပါးတစ်ဧကတင်း ၂၀၀ ကျော်ထွက်ပါက အာမခံဈေးကျပ် လေးသိန်းဈေးဖြင့် ဝယ်ယူမည်ဟု ရောဟသ်ာကုမ္ပဏီဥက္ကဋ္ဌဦးဇော်ဝင်းရှိန်က နေပြည်တော်တွင်ပြောကြားသည်။

ပုလဲသွယ်စပါးမျိုးကို ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စားသုံးမှုများပြီး ပြည်ပသို့တင်ပို့ရာတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၆၀၀ ကြား ရရှိနိုင်ကြောင်း ရောဟသ်ာကုမ္ပဏီ မှ ဒါရိုက်တာ ဦးရဲမင်းအောင်က ပြောသည်။ စိုက်ပျိုးရက် ၁၁၀ သာရှိသော ရက်တိုစပါးဖြစ်သည့်အတွက် ရာသီဥတုဖောက်ပြန်သော ယနေ့ကာလနှင့် ကိုက်ညီသည်ဟု ဆိုသည်။

"နေပြည်တော်က လယ်သမားတွေလည်း အခြားဒေသက လယ်သမားတွေလိုပဲ ဆင်းရဲတယ်။ ဒါကြောင့် သူတို့ကိုမက်လုံးအနေနဲ့ အာမခံဈေးပေးတာပါ" ဟု ဦးရဲမင်းအောင်ကပြောသည်။

အာမခံဖြင့် ဝယ်ယူမည့်စပါးမှာ နွေစပါးဖြစ်ပြီး စိုက်ပျိုးစရိတ်အတွက်ချေးငွေကိုလည်းတစ်ဧကကျပ်နှစ်သိန်း ကြိုတင်ပေးထားသည်ဟု သတင်းရရှိသည်။

ယခုချေးငွေအတွက် နောင်စပါးရောင်းဝယ်ရာတွင် လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်းကိုလည်း ဦးဇော်ဝင်းရှိန်က "ဒါက အမြင့်ဆုံးပေးထားတဲ့ အခြေခံဈေးနှုန်းပါ။ စပါးပေါ်ချိန်မှာ ဈေးကွက်မှာ လေးသိန်းကျော်ပေါက်ရင်လည်း လွတ်လပ်စွာ ရောင်းနိုင်ပါတယ်။ ကျွန်တော်တို့ ဝယ်ယူတဲ့နေရာမှာလည်း တစ်တင်းကို ၄၆ ပေါင်ပဲ သတ်မှတ်ပါမယ်။ အစိုဓာတ်ကိုလည်း ၁၅ ရာခိုင်နှုန်းကြား လက်ခံသွားမှာပါ"ဟူ၍ ရှင်းလင်းပြောကြားသည်။

ပုလဲသွယ်စပါးကို ၂၁ ဧကခန့် စိုက်ပျိုးမည့် လယ်သူမကြီး ဒေါ်ထွေးကလည်း "နှစ်သိန်းဆိုတော့ စိုက်စရိတ်လုံလောက်မှာပါ။ ဝန်ကြီးဌာနကလည်း တစ်ဧက ၆ ပြည်နှုန်းမျိုးထုတ်ပေးပါတယ်။ အဲဒါက စပါးပေါ်မှ တစ်ဧက ၅ တင်းနှုန်းပြန်ပေးရမှာပါ။ အထွက်နှုန်းကိုတော့ ၁၅၀ တင်းလောက် မှန်းနိုင်ပါတယ်"ဟူ၍ မှတ်ချက်ပြုပြောဆိုခဲ့သည်။ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ် ၁၄ ချက်အပေါ် လယ်သမားအချို့၏ အမြင်နှင့်ပတ်သက်၍လည်း "တစ်ချက်လိုက်နာရင် တစ်ချက်အကျိုးရှိမှာ သေချာတယ်"ဟူ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်ဝင်းကဆိုသည်။

ယနေ့ ကြိုတင်ချေးငွေပေးအပ်ပွဲတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာမှ ပုလဲသွယ်စပါးစိုက်ပျိုးမည့် လယ်သမား ၂၀၀ ကျော်အား စိုက်ဧက ၃၆၈ ဒသမ ၈ ဧကအတွက် ချေးငွေ ၇၃၇ ဒသမ ၆ သိန်းကိုပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးမှ စတင်၍ အထူးပြုကုမ္ပဏီအချို့သည် အာမခံဈေးနှုန်းများဖြင့် ဝယ်ယူမှုများရှိသည်။ ရောဝတီတိုင်း၊ ဓနုဖြူမြို့နယ်တွင် ကဋ္ဌနကျွန်းသာအထူးပြုကုမ္ပဏီ၊ ပဲခူးတိုင်းအနောက်ခြမ်းပြည်ခရိုင်တွင် ခေတ္တရာဟသ်ာကုမ္ပဏီက အင်းမရဲဘော်စပါးတို့ကို အာမခံဖြင့် ဝယ်ယူသည်။

ပုလဲသွယ်မျိုးသည် စပ်မျိုးစပါးဖြစ်သဖြင့် စိုက်ပျိုးစရိတ်ကုန်ကျမှုမှာ သာမန်စပါးမျိုးထက်များသည်။ တစ်ဧကလျှင် နွေစပါး ပျမ်းမျှကျပ် ၁၈၀,၀၀၀ မှ ၂၅၀,၀၀၀ ကြားရှိကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

# ကျပ်သုံးသိန်းအောက် မိုဘိုင်းဖုန်းများ မတ်လတွင် ချပေးမည်ဟုဆို

ယုဇနကိုကို

**ရန်ကုန်၊ဇန်နဝါရီ-၃၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်သုံးသိန်းထက် မကျော်သည့် ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများကို လာမည့်မတ်လပထမပတ်အတွင်း စတင်ရောင်းချပေးတော့မည်ဟု သတင်းရရှိသည်။

အဆိုပါဖုန်းများကို စတင်ရောင်းချသည်နှင့် တစ်ပြိုင်နက် မြန်မာတစ်နိုင်ငံလုံးအနှံ့ ရောင်းချပေးမည်ဖြစ်သည်။

အင်တာနက်ဆက်သွယ်မှုစနစ်ကိုပါ တစ်ပါတည်း လျှောက်ထားနိုင်မည်ဟုဆိုသည့် အဆိုပါဖုန်းများကိုရောင်းချပေးမည့် မည်သည့်နေရာတွင်မဆို နေ့ချင်းပြီး ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ကျပ်သုံးသိန်းထက် မကျော်သည့်နှုန်းထားဖြင့် ရောင်းချပေးမည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဖုန်းများသည် စီမံကိန်းကာလ ငါးနှစ်အတွင်း အနည်းဆုံး ကျပ်တစ်သိန်းမှ နှစ်သိန်းအကြားသာရှိသော နှုန်းထားများအထိဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုနှုန်းထားများထက်လည်း ပိုမိုနည်းပါးလာနိုင်ကြောင်း သိရသည်။

ယခုဖုန်းများကိုစတင်ရောင်းချပေးသည့်အချိန်မှ တစ်နှစ်အတွင်း ပိုမိုအဆင့်မြင့်သည့် 4G ဝန်ဆောင်မှုအထိ ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

7 DAY NEWS JOURNAL

Vol.10, No.46 • FEBRUARY 2 , 2012

## ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာ ဥပဒေကြမ်းများ တင်သွင်း

**သီဟ**

**နေပြည်တော်၊ ဇန်နဝါရီ- ၃၁**

ဒီမိုကရေစီ အုပ်ချုပ်ရေးသည် ပြည်သူ့အုပ်ချုပ်စနစ်ဖြစ်သည်နှင့်အညီ ပြည်သူ့ဘဏ္ဍာငွေဖြစ်သော ရသုံးငွေများကို တိကျမှန်ကန်စွာ ရရှိရေးနှင့်ပြည်သူ့ဘဏ္ဍာငွေများကိုအကျိုးရှိစွာ ခွဲဝေသုံးစွဲရေးတို့အားပြည်သူ့ဆန္ဒနှင့်ညီညွတ်ရန်လိုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးပထမနေ့တွင် ပြောကြားသွားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၊ ၂၀၁၂ခုနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးဆိုင်ရာဥပဒေကြမ်းအစရှိသည့်ဥပဒေကြမ်းများကို တင်သွင်းသွားမည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းများနှင့်ပတ်သက်၍ လေ့လာနိုင်သည့်အချက်များအားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ယနေ့မနက်မှ ပေးပို့သည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များမှာ လေ့လာရန် အခက်အခဲရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောကြားသည်။

"လေ့လာဖို့ကအချိန်မလုံလောက်ဘူး။ ကိုယ်စားလှယ်တွေအားလုံး ဘဏ္ဍာရေးကို ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေမဟုတ်ကြဘူး" ဟု သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။

ယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး၏ ပထမနေ့သည် ပြည်ထောင်စုလွှတ်တော်သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်သည်။

## ကျောင်းသားအား ဖမ်းဆီးသော ကျောင်းအုပ်ဆရာ အရေးယူရေး ပညာရေးဝန်ကြီးဌာနက ဆုံးဖြတ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

သဃ်န်းကျွန်းမြို့နယ်ရှိ မူလတန်းကျောင်းတစ်ခုတွင် သတ္တမတန်းကျောင်းသားအား ကြိုးတုပ်ဖမ်းဆီးမှုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြပြီး ဆုံးဖြတ်ချက်ရယူမည်ဖြစ်ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါဖြစ်စဉ်အား အခြေခံပညာဦးစီးဌာနမှစစ်ဆေးလေ့လာထားပြီးဖြစ်ကာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒု-ညွှန်ချုပ်ကိုယ်တိုင် စစ်ဆေးနေပါတယ်။ ပညာရေးဝန်ကြီးကို အစီရင်ခံစာတင်ပြဖို့ရှိပါတယ်။ အဲ့ဒီကမှ ဆုံးဖြတ်ချက်ထွက်လာမှာပါ။ ဂျာနယ်တွေမှာပါနေတာတချို့က တကယ့်အဖြစ်မှန်နဲ့ ကွဲပြားနေတာရှိပါတယ်။ ကလေးကို ကြိုးတုပ်ထားတဲ့ တစ်ချက်တော့ရှိတယ်"ဟု ၎င်းကဆိုသည်။

ယခုလ ၁၄ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ အထက(၁)ကျောင်း၌ သတ္တမတန်းတက်ရောက်နေသော အသက် ၁၂ နှစ်အရွယ်ကျောင်းသားတစ်ဦးသည် ၎င်းနေထိုင်ရာရပ်ကွက်အနီးရှိ အမက (၂၀)ကျောင်းပြင်ပတွင် အခြားကလေးငယ်များနှင့်အတူ ဘောလုံးကစားနေစဉ် အဆိုပါကျောင်းအပေါ်ထပ်ရှိ ဝရန်တာတွင် ကြိုးတုပ်ဖမ်းဆီးခံရခြင်းဖြစ်သည်။

ကျောင်းအပေါ်ထပ် ဝရန်တာတွင် ကျောင်းသားအား လေးနာရီခန့် ကြိုးတုပ်ဖမ်းဆီးထားပြီး ရိုက်နှက်မှုများပြုလုပ်ခဲ့သည်ဆိုကာမိဘအုပ်ထိန်းသူများက အမက (၂၀)ကျောင်းအုပ်ကြီး၊ အထွေထွေလုပ်သား(ကျောင်းစောင့်)နှင့် အခြားသူတစ်ဦးတို့အားတိုင်ကြားသဖြင့် သဃ်န်းကျွန်းရဲစခန်း တွင် ပ-၅၈။ ၂၀၁၂၊ ပုဒ်မ-၃၄၂၊ ၃၅၂၊ ၁၁၄ တို့ဖြင့် အမှုဖွင့်ထားသည်။

"နောက်ထပ် ဒီလိုမျိုး ထပ်မလုပ်မိစေဖို့ဘဲ အဓိကရည်ရွယ်တာပါ။ ကျောင်းအုပ်ဆရာကြီးကတော့ လာတောင်းပန်ထားပါတယ်။ ကျွန်တော်တို့ကတော့ အခုအမှုဖွင့်ထားတဲ့အတွက် အဲဒီအတိုင်းပဲ ဆက်ဆောင်ရွက်သွားမှာပါ။ သားနဲ့ သမီးကတော့ ကလေးဖြစ်နေတာကို ကိုယ်တိုင်မြင်တွေ့ခဲ့တော့ ပိုပြီးဒေါသဖြစ်နေကြတယ်" ဟု ကျောင်းသားဖခင်ကပြောသည်။

ကျောင်းသားငယ် သည် ဖမ်းဆီးခံရပြီးနောက် နေအိမ်ပြန်ရောက်ချိန်တွင် အားနည်းခြင်းနှင့် အကြောက်လွန်နေကာ သတိလစ်နေသောကြောင့် သဃ်န်းကျွန်း စံပြဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အမက(၂၀)မှ ကျောင်းအုပ်ကြီးက "ကိစ္စက ပြီးသွားပြီဆိုတော့ ဘာမှတော့ ထွေထွေထူးထူးပြောစရာမရှိပါဘူး။ သူ့မိဘနဲ့ လည်း ရန်ငြိုးမရှိဘူး။ ရိုက်စရာလည်းဘာအကြောင်းမှမရှိပါဘူး။ ဂျာနယ်တွေက သူ့အလုပ်သူ လုပ်တာဆိုပေမယ့်လည်း ကျွန်တော်တို့က ဌာနဆိုင်ရာဝန်ထမ်းဖြစ် တော့ အများကြီးဖြေရှင်းရပါတယ်။ ဌာနကဆုံးဖြတ်ချက်ချမယ်ဆိုရင်လည်း လိုက်နာရမှာပါပဲ" ဟု ဆိုသည်။

## လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်သော်လည်း ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ထပ်တိုးရန်မရှိ

**အားမာန်၊ သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဇန်နဝါရီ ၂၈ ရက်က ကွယ်လွန်ခဲ့သော်လည်း ထိုကိုယ်စားလှယ်၏နေရာတွင် အစားထိုးလစ်လပ်မဲဆန္ဒနယ် ထပ်မံတိုးမြှင့်ရန် လောလောဆယ်မဖြစ်နိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲရက်မှာ နီးကပ်နေပြီဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခေါ်) ဦးအောင်ငွေကွယ်လွန်သွားသော်လည်း လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ထပ်တိုးရန် မဖြစ်နိုင်တော့ကြောင်း ရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲဌာန၊ ညွှန်ကြားရေးမှူး ဦးသောင်းလှိုင်ကပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင်လစ်လပ်မဲဆန္ဒနယ်၄၈နေရာရှိရာတွင်နှစ်နေရာမှာကွယ်လွန်ခဲ့သော ကိုယ်စားလှယ်နှစ်ဦးအတွက် အစားထိုးရန် ကျင်းပရခြင်းဖြစ်သည်။ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်နှင့် ရေကြည်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်တို့မှာလည်း ၂၀၁၁ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ဦးအောင်ငွေမှာ သုံးဦးမြောက် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ကွယ်လွန်ခြင်းဖြစ်ကြောင်း ဦးသောင်းလှိုင်ကပြောသည်။

ရုပ်ပျိုတိုင်းရင်းဆေးသမားတော် ဒေါက်တာဘိုကြီး(ခေါ်) ဦးအောင်ငွေ အသက် ၅၇ နှစ်သည် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတက်ရောက်နေစဉ် ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီခွဲ တွင် သေဆုံးသွားကြောင်း သမီး ဖြစ်သူ မအေးအိသုကပြောသည်။

"အဖေက အဆုတ်ကင်ဆာဖြစ်နေလို့ ဘန်ကောက်မှာ ကိုးလလောက် ဆေးကုနေတာ၊ ကင်ဆာကျိတ်လည်း ခွဲထုတ်ပြီးပြီ။ ဟေမိုလည်းသွင်းပြီး ဓာတ်ရောင်ခြည်ပေးတာ၊ ကိုးဆယ့်ကိုး ရာခိုင်နှုန်း သက်သာပြီဆိုလို့ ပြန်လာတာ။ အဖေက လွှတ်တော်အစည်းအဝေးတက်ရင်း ရာသီဥတုကလည်းအေးတော့ နမိုးနီးယားဝင်တာရယ်၊ ဓာတ်ရောင်ခြည်ရဲ့ ဒဏ်ရယ်ကြောင့် ဆုံးတာဖြစ်မယ်" ဟု ၎င်းကပြောသည်။

သမားတော် ဒေါက်တာ ဘိုကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်ခံရသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်သည်။

## အစိုးရခွင့်မပြုလျှင်လည်း ဆက်လက်ဆောင်ရွက်မည်ဟု ရွှေပြည်တံခွန်ကုမ္ပဏီဆို



ဓာတ်ပုံ - ဓေဝယ်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ- ၃၀**

ကျပ်ငါးထောင်တန်ဖုန်း ရောင်းချပေးမည်ဆိုသော ရွှေပြည်တံခွန်ကုမ္ပဏီက ၎င်းတို့၏စီမံကိန်းကို အစိုးရက ခွင့်ပြုချက်မပေးလျှင်လည်း အချိန်အနည်းငယ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ် ကြောင်းပြောသည်။

ယနေ့ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ပြုလုပ်ခဲ့သည့် မီဒီယာများသို့သတင်းစာရှင်းလင်းပွဲတွင် ထိုကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးလွင်နိုင်ဦးကပြောကြားခဲ့ခြင်းဖြစ်သည်။

ရွှေပြည်တံခွန်ကုမ္ပဏီ အနေဖြင့် အစိုးရ၏ ခွင့်ပြုချက်မရရှိလျှင်လည်း ၎င်းတို့ကုမ္ပဏီတစ်ဦးတည်း ရပ်တည်ကာ ဆောင်ရွက်သွားမည်ဟုဆိုသည်။

ထိုပြောကြားချက်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တာဝန်ရှိသူတစ်ဦးက "ရွှေပြည်တံခွန်ကပြည်သူတွေကိုငါးထောင်လို့ပြောပေမယ့် ဆက်သွယ်ရေးကို တင်ပြထားတာက အော်ပရေတာလိုင်စင်ကို တောင်းတာဖြစ်တယ်။ ငါးထောင်နဲ့ရောင်းမယ့်အစီအစဉ်မပါဘူး။ အဲဒါကြောင့်ပဲလောလောဆယ်မှာ ခွင့်မပြုနိုင်သေးတာပါ။ အစိုးရက ခွင့်မပြုလည်းဘဲ သူတို့ကဆက်လုပ်သွားမယ်ဆိုရင်တည်ဆဲဥပဒေနဲ့ ငြိစွန်းသွားပါလိမ့်မယ်။ လက်တွေ့မှာလည်း မဖြစ်နိုင်ပါဘူး။ အစိုးရက ခွင့်မပြုရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ခွင့်မပြုပါဘူး။ သူတစ်ဦးတည်း ဘယ်လိုဆောင်ရွက်မလဲ။ စဉ်းစားစရာပါ" ဟု ယနေ့ပြုလုပ်ခဲ့သည့် အဆိုပါကုမ္ပဏီ၏ သတင်းစာရှင်းလင်းပွဲနှင့်ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက 7Day News ၏ ဆက်သွယ်မေးမြန်းချက်ကိုပြောကြားသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ၎င်းတို့ ရောင်းချပေးမည်ဆိုသည့် ကျပ်ငါးထောင်တန်မိုဘိုင်းဖုန်းများကို၎င်းတို့ငါးထောင်ကျပ်တန်ဖုန်းအချင်းချင်းသာ ခေါ်ဆို နိုင်သည့် ဝန်ဆောင်မှုကိုသာ ပေးနိုင်မည်ဟုဆိုသည်။

## ပုဂ္ဂလိကဘဏ် ၄ ခု ဖေဖော်ဝါရီနှင့် မတ်တွင် ပြည်ပ၌ ဖွင့်လှစ်ရန်လျာထား

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃၁**

ပြည်ပ၌ငွေလွှဲကောင်တာဖွင့်လှစ်ခွင့်ရရှိထားသည့် ပုဂ္ဂလိက ဘဏ် ၄ ခုမှာ ဖေဖော်ဝါရီနှင့် မတ်လ၌ ငွေလွှဲလုပ်ငန်း စတင်ဆောင်ရွက်နိုင်ရန် လျာထားသတ်မှတ်ကြောင်း စုံစမ်း သိရသည်။

"ဟိုဘက်နိုင်ငံက ခွင့်ပြုချက်ရဖို့ စောင့်နေရတယ်။ ခွင့်ပြုတယ်ဆိုတာနဲ့ စလုပ်မှာပါ"ဟု အေဂျီဒီ(အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်)မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေကဆိုသည်။

ပြည်ပတွင် အလုပ်လုပ်နေသော နိုင်ငံသားများ ငွေလွှဲရာတွင် လုံခြုံလျင်မြန်ချောမွေ့စွာပေးနိုင်ရန် ဗဟိုဘဏ်မှ မြန်မာလူမျိုးအများစုရှိ နိုင်ငံများတွင် ငွေလွှဲကောင်တာများဖွင့်ရန် ၂၀၁၁ဒီဇင်ဘာလဆန်းမှ စတင်စီစဉ်လျက်ရှိသည်။ အဆိုပါဘဏ်များမှာ ထိုင်းနိုင်ငံတွင်ကမ္ဘောဇဘဏ်၊စင်ကာပူနိုင်ငံတွင် သမဝါယမဘဏ်နှင့် အေဂျီဒီဘဏ်၊ မလေးရှားနိုင်ငံတွင် ရောဝတီဘဏ်နှင့်အေဂျီဒီဘဏ်တို့ဖြစ်ကြကြောင်း ပထမအကြိမ်အမျိုးသားလွှတ်တော်တတိယအကြိမ်အစည်းအဝေးတွင် မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည်၏ အမေးကို ပြန်လည်ဖြေကြားခဲ့သည်။

ပြည်ပနိုင်ငံများတွင် ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇူလိုင်လအထိ ပြည်ပနိုင်ငံ ၁၅ နိုင်ငံတွင် မြန်မာအလုပ်သမားတရားဝင်စေလွှတ်မှုမှာ ၅၈၅၉၂၀ ဦးရှိသည်။ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများမှ စာရင်းများအရ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူ ၁၀ သိန်းရှိကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**ပြင်ဆင်ဖတ်ရှုပါရန်** – ယခုတစ်ပတ်ထုတ် 7Day News ဂျာနယ် စာမျက်နှာ (၅၀)ပါ'အာရှထိပ်တန်း တင်းနစ်အားကစားသမားများ ဇေကမ္ဘာအိုးပင်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်' သတင်းခေါင်းစဉ်အစား 'အာရှထိပ်တန်း ဂေါက်သီးကစားသမားများ ဇေကမ္ဘာအိုးပင်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်' ဟုပြင်ဆင်ဖတ်ရှုပါရန်။ (အယ်ဒီတာ)

7DAY NEWS JOURNAL
Vol.10, No.46 • FEBRUARY 2 , 2012



# ဒေါ်အောင်ဆန်းစုကြည် မြိုင်မြို့နယ်မှကျေးရွာ၂ ရွာသို့ ဒေသဖွံ့ဖြိုးရေးခရီးသွားရောက်

**အားမာန်**

**မြိုင်၊ ဇန်နဝါရီ- ၃၁**

ဒေါ်အောင်ဆန်းစုကြည်သည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ပထမဆုံးဦးဆုံးနိုင်ငံရေးခရီးစဉ်အဖြစ် ထားဝယ်သို့သွားရောက်ပြီးတစ်ရက်သာခြားကာဇန်နဝါရီ၃၁ တွင်မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာသို့ ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန(DFID)ကဆောင်ရွက်နေသောစီမံကိန်းများကို လေ့လာရန် နေ့ချင်းပြန်ခရီးသွားရောက်ခဲ့သည်။ DFID သည် မြန်မာနိုင်ငံ တွင်ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးစသောကဏ္ဍများအတွက်အဓိကကူညီပံ့ပိုးနေသောစီမံကိန်းတစ်ခုဖြစ်သည်။

ရန်ကုန်မြို့မှ အဲပုဂံလေယာဉ်ဖြင့် နံနက် ၈ နာရီတွင်ထွက်ခွာပြီး ညောင်ဦးမြို့သို့၉း၁၅ မိနစ်တွင် ရောက်ရှိလာသောဒေါ်အောင်ဆန်းစုကြည်ကိုနေရာတိုင်းတွင် ဒေသခံများက ထွက်ကာကြိုဆိုခဲ့ကြသည်။

ညောင်ဦးမြို့မှ မြိုင်မြို့နယ်သို့သွားရောက်ရာလမ်းတလျှောက်ရှိကျေးရွာများနှင့်ပခုက္ကူမြို့တွင်းသို့ကားလမ်းမအတိုင်း ကားတန်းဖြင့် ဖြတ်သန်းသောအခါ ဒေသခံများကထွက်၍ကြိုဆိုခဲ့ကြသည်။ ပခုက္ကူမြို့တွင်းတွင် ကြိုဆိုသူများပြားလွန်းသောကြောင့်မြို့တွင်းကားဖြတ်သန်း မောင်းနှင်ချိန်မှာပင် တစ်နာရီကြာမြင့်ခဲ့ပြီး မြိုင်မြို့နယ်ရှိ ခရီးစဉ်ပထမဆုံးဖြစ်သောပေပင်တိုက်ရွာသို့ ရောက်ရှိရန်မှန်းထားချိန်ထက် နောက်ကျမှရောက်ခဲ့ရသည်။ သူမနှင့်ဗြိတိန်၊ ဩစတြေးလျသံအမတ်များနှင့် ခရီးစဉ်လိုက်ပါသူများပါသောယာဉ်တန်းသည်လမ်းတစ်လျှောက်ကျေးရွာနှင့် မြို့များတွင် ထွက်ကြိုဆိုနေသူများမှာ ပြည့်ကျပ်လွန်းလှသဖြင့် ထိုရွာသို့စီစဉ်ထားသည့်အချိန်ထက် ၂ နာရီနောက်ကျကာ မွန်းလွဲ ၁ နာရီကျော်မှရောက်ရှိခဲ့ သည်။ ဗြိတိန်နိုင်ငံနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဒေသဖွံ့ဖြိုးရေးအတွက်အသေးစားချေးငွေလုပ်ငန်းများလုပ်ကိုင်နေသော (Lift) တို့မှ လုပ်ကိုင်နေသောဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိုရွာတွင် လေ့လာခဲ့သည်။

အညာနေပူပူအောက်တွင်ဖုန်လုံးများကြား၌ ပန်းများ၊ ကြိုဆိုနှုတ်ခွန်းဆက်စာတမ်းများ ကိုင်ဆောင်ကာ ကြိုဆိုနေကြသောပေပင်တိုက်ဒေသခံများကို တစ်နာရီကြာ နှုတ်ဆက်စကားပြောကြားခဲ့ပြီး သူမ၏ ခရီးစဉ်မှာနိုင်ငံရေးမဟုတ်ဘဲ ဒေသဖွံ့ဖြိုးရေးခရီးသာဖြစ်ပြီး မြိုင်ဒေသတွင် ဆောင်ရွက်နေသောဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အောင်မြင်မှု၊ လိုအပ်ချက်များကိုလေ့လာရန်လာရောက်ခြင်းဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ ထို့ကြောင့် ဒေသခံများအနေဖြင့် စီမံကိန်းများနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ရဲဝံ့စွာပြောကြားခြင်းဖြင့် ရှေ့ဆက်ကာ ပိုမိုကောင်းမွန်သော စီမံကိန်းများဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

"ကျွန်မတို့ပြည်သူတွေ ဆင်းရဲမှုနဲ့ နိစ္စဓူဝရုန်းကန်နေရတာသိပါတယ်။ ဆင်းရဲမှုက လွတ်မြောက်ဖို့ဆိုတာ ကိုယ်တိုင် ရုန်းကန်ချင်စိတ်ရှိရမယ်"ဟု သူမ၏နှုတ်ခွန်းဆက်မိန့်ခွန်းတွင် ပြောကြားကာ ဒေသခံများကို တိုက်တွန်းခဲ့သည်။ ပေပင်တိုက်ကျေးရွာနှင့် ကျစ်တီးကျေးရွာများမှ ဒေသခံများကိုဒေါ်အောင်ဆန်းစုကြည်လာရောက်ခြင်းနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာယခုကဲ့သို့လာရောက်မည်ကို မျှော်လင့်မထားသည့်အတွက် ဝမ်းမြောက်မိကြောင်းတညီတညွတ်တည်းပြောကြားသည်။ ထို့အပြင် အခွင့်အရေးရပါကယင်းတို့၏ အခက်အခဲများကို ပြောပြနိုင်ရန် မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သွားရောက်ခဲ့သော ကျေးရွာ ၂ ရွာမှာမြေပဲ၊ ပဲစင်းငုံ စသည့် ပဲမျိုးစုံစိုက်ပျိုးခြင်းဖြင့် အသက်မွေးသောကျေးရွာများဖြစ်ပြီး ယခုနှစ်တွင် ရာသီဥတုကြောင့် သီးနှံအထွက်နည်းကြောင်း ဒေသခံများကပြောသည်။ ထိုဒေသအတွက် အဓိကလိုအပ်ချက်မှာ ရေရရှိရေးပင်ဖြစ်ကြောင်းလည်း ပြောကြားကြသည်။

အညာနေပူပူ၊ ဖုန်ထူထူတွင် စိတ်အားထက်သန်စွာ ကြိုဆိုနေကြသော ပေပင်တိုက်ကျေးရွာဒေသခံများကို နှုတ်ဆက်ကာထိုရွာမှ ကျစ်တီးကျေးရွာသို့ မွန်းလွဲ တစ်နာရီခွဲတွင် ထွက်ခွာခဲ့သည်။ ထိုကျစ်တီးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုမူလအစီအစဉ်ထက် အချိန်များစွာနောက်ကျသွားသည့်အတွက် အနည်းငယ်သာလေ့လာခဲ့ရသည်။ ထို့နောက် ခရီးစဉ်တွင် အတူလိုက်ပါလာသော ပြည်တွင်းပြည်ပသတင်းထောက်များကိုသတင်းစာရှင်းလင်းပွဲပြုလုပ်ပေးရန် စီစဉ်ထားခဲ့သော်လည်း ကျစ်တီးရွာဘုန်းတော်ကြီးကျောင်းတွင်လာရောက်ကြိုဆိုသူများမှာ အလွန်များပြားလွန်းသဖြင့် သတင်းစာရှင်းလင်းပွဲမပြုလုပ်နိုင်ခဲ့ဘဲ ဒေသခံများကို နှုတ်ဆက်ရင်းဖြင့်သာခရီးစဉ်ကို အဆုံးသတ်ခဲ့ရသည်။

"ဒေါ်အောင်ဆန်းစုကြည်အခုလိုလာတာ စိတ်ချမ်းသာတယ်။ ဝမ်းသာတယ်။ ဒီနှစ်ရာသီကြောင့် မြေပဲမဖြစ်ဘူး။ ဒါပေမဲ့အခုသူကိုယ်တိုင် ဒီကိုလာနိုင်ပြီဆိုတော့ တိုင်းပြည်ကကောင်းတော့မှာပါ။ ဒီလိုဖြစ်သင့်တာကြာပြီ"ဟု ကျစ်တီးရွာမှ ဒေသခံ ၆၇ နှစ်အရွယ် ဒေါ်ကြွေကပြောကြားခဲ့သည်။

မနက်မိုးလင်းကတည်းကလာရောက်စောင့်ဆိုင်းခဲ့ကြသောဒေသခံများမှာခရီးစဉ်ယာဉ်တန်းထွက်ခွာသွားပြီးနောက် ဖုန်မှုန့်များကြား၌ လက်ပြကျန်ရစ်ခဲ့ကြသည်။ ခရီးစဉ်လည်း ထိုတွင်ပြီးဆုံးပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ လိုက်ပါလာသူများမှာညောင်ဦးလေဆိပ်မှ ရန်ကုန်သို့ပြန်လည် ထွက်ခွာခဲ့ကြသည်။

## မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကို ဦးစီးဌာနအဖြစ်ပြောင်းလဲ ဖွဲ့စည်းမည်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ- ၂၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကို ဦးစီးဌာနတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

တောင်သူလယ်သမား ပညာပေးလုပ်ငန်းများ၊ သွင်းအားစုဖြည့်တင်းရေးလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာခဲ့သော အဆိုပါဌာနကိုလက်ရှိကျင့်သုံးသော မူဝါဒသစ်များအရဦးစီးဌာနအဖြစ်သို့ပြောင်းလဲဖွဲ့စည်းသွားရန်ရှိကြောင်း ဌာနအသစ်၏ ဖွဲ့စည်းပုံကိုမူ လောလောဆယ်ဆောင်ရွက်ဆဲဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

"ဖွဲ့စည်းပုံပြောင်းမှာတော့ သေချာတယ်။ ကက်ဘိနက်ကလည်း ကျပြီ။ ဌာနရဲ့အမည်တွေ၊ ဖွဲ့စည်းပုံတွေလည်း မကြာခင်သိရမှာပါ" ဟု အထက်ပါတာဝန်ရှိသူက ယနေ့ပြောသည်။ အဆိုပါဝန်ကြီးဌာနအောက်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအပါအဝင်စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြေတိုင်း ဦးစီးဌာန၊ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းအပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်များလည်းရှိသည်။

## အကယ်ဒမီပွဲတွင် အဆင်ပြေရေးဆွေးနွေး

**ရန်ကုန်၊ဇန်နဝါရီ-၃၀**

နေပြည်တော်တွင် ဖေဖော်ဝါရီ ၇ ရက်တွင်ကျင်းပမည့်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲနှင့်ပတ်သတ်သည့်ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိစာပေစိစစ်ရေးရုံးတွင်ယခုလ ၂၈ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ယခင်နှစ်များထက် ပိုမိုအဆင့်မြင့်တင်ထားသည့် ဆုပေးပွဲအပြင်အဆင်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မကြာမီပေးအပ်တော့မည့် မြန်မာ့ရုပ်ရှင်အကယ်ဒမီ ချီးမြှင့်ပွဲကို ထိုင်းနိုင်ငံမှ လျှပ်စစ် ပစ္စည်းကုမ္ပဏီတစ်ခုနှင့် ဆက်သွယ်ကာ ခေတ်မီနည်းပညာပစ္စည်းများဖြင့် အလှဆင်သွားမည်ဟု သိရသည်။

## စီမံကိန်းသတင်းများကြောင့် ဈေးတက်ခဲ့သော မြို့ပြင်မြေကွက်အချို့ ဈေးပြန်ကျ

**ပြည့်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၈**

တစ်ရှိန်ထိုး တက်ခဲ့သည့် ရန်ကုန်မြို့ပြင် မြို့နယ်အချို့ရှိ အိမ်ခြံမြေဈေးမှာ ဇန်နဝါရီလဆန်းပိုင်းမှစတင်ပြီးထက်ဝက်ခန့်ကျဆင်းသွားကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှသတင်းရရှိသည်။

"သိန်းခုနစ်ရာတန်မြေကွက်က သိန်းသုံးရာလောက်ထိ ဈေးကျသွားတယ်။ ဝယ်သူတွေကလည်းအင်တင်တင်ဖြစ်ကုန်ပြီ"ဟု ကျောက်တံတားမြို့နယ်အတွင်းရှိ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

ထိုသို့ဈေးနှုန်းကျဆင်းရခြင်းမှာ ဈေးကွက်အတွင်း လိမ်လည်ရောင်းဝယ်မှုများဖြစ်လာခြင်း၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများကလည်း စာရွက်စာတမ်းအရှုပ်အရှင်းများကို စောင့်ကြည့်စိစစ်လာခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်းသတင်းရရှိသည်။

၂၀၁၁ နှစ်ကုန်ပိုင်းတွင် ရေနက်ဆိပ်ကမ်းစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများကြောင့် အရှေ့ဒဂုံ၊ မြောက်ဒဂုံ၊ တောင်ဒဂုံမြို့သစ်၊ သန်လျင်သုံးခွ၊ ကျောက်တန်း၊ ဒလ စသည့်မြို့နယ်များမှ မြေကွက်များသည် ဈေးတစ်ရှိန်ထိုး တက်လာသည်။ သီလဝါရေနက်ဆိပ်ကမ်းစီမံကိန်းသတင်းကြောင့် သန်လျင်၊ ကျောက်တန်း စသည့်မြို့နယ်များတွင် အိမ်ခြံမြေဈေးများ နှစ်ဆကျော်မြင့်တက်ခဲ့သည်။ သို့သော် ယခုအခါ ထိုမြို့နယ်များတွင် မြေဈေးပြန်ကျလာပြီဟုဆိုသည်။

"ဒဂုံမှာ ၉၇ တုန်းကလောက်ဆိုးဆိုးရွားရွား ဈေးထိုးကျသွားတာမရှိဘူး။ အခု ကျတာက သုံးပုံတစ်ပုံလောက်ပဲရှိတယ်"ဟု မဟာမြိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဒေါ်ခင်ခင်ဦးကဆိုသည်။

ယခုကဲ့သို့ ဈေးနှုန်းကျခြင်းမှာ မြို့ပြင်မြို့နယ်များတွင်သာဖြစ်ပြီး ရန်ကုန်မြို့တွင်း မြို့နယ်များရှိ အိမ်မြေများမှာ ကျဆင်းမှုမရှိကြောင်း မဟာမြိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဒေါ်သန်းသန်းမြကဆိုသည်။

"ဈေးတက်တုန်းက တအားတက်သွားပြီး အခု ပြန်မကျတော့ဘူး"ဟု ရွှေပြည်သာမြို့နယ်ရှိ ရွှေမြေယာအိမ်ခြံမြေအကျိုးဆောင်မှ ကိုကျော်ဝင်းမောင်ကဆိုသည်။

ရွှေပြည်သာမြို့နယ်တွင် ယခင်က ကျပ် ၁၀ သိန်းဝန်းကျင်ရှိသည့်မြေကွက်များသည်ကျပ်သိန်း ၅၀ ထိ ဈေးများမြင့်တက်ခဲ့ပြီး လက်ရှိ အရောင်းအဝယ်အေးသော်လည်း ဈေးနှုန်းများပြန်မကျကြောင်းသိရသည်။

"မကြာခင် ဈေးကွက်ကပြန်လှုပ်မယ်လို့ မျှော်လင့်တာပဲ" ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးသန်းဦးကဆိုသည်။

တရုတ်နှစ်ကူးပြီးဆုံးချိန်ကျောက်မျက်ပွဲ အပြီး ငွေများအထိုက်အလျောက်ဝင်လာခြင်း၊ ဒေါ်လာဈေးပြန်ကောင်းလာခြင်း စသည်တို့ကြောင့် ထိုသို့မျှော်လင့်ရခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် ကျပ်သိန်း ၁၀၀ အောက်အိမ်ခြံမြေများမှာ အရောင်းအဝယ်အနည်းငယ်သာရှိပြီး ကျပ်သိန်း ၂,၀၀၀ အထက် အိမ်မြေများ အရောင်းအဝယ်မဖြစ်ကြောင်းသိရသည်။

## အစိုးရနှင့် ကေအိုင်အို ဆွေးနွေးပွဲ မကြာမီ ကျင်းပနိုင်ဖွယ်ရှိဟု ဦးသိန်းဇော်ပြောကြား

**သီဟ**

**တောင်ကြီး၊ ဇန်နဝါရီ - ၂၈**

KIOနှင့် ရွှေလီဆွေးနွေးပွဲအပြီးတွင် ဒုတိယအကြိမ်ဆွေးနွေးပွဲအား မကြာမီ ပြုလုပ်နိုင်ဖွယ်ရှိပြီး၊ ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန်လည်း မကြာမီတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိကြောင်း ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ဒုတိယခေါင်းဆောင်ဦးသိန်းဇော်ကပြောသည်။

KIO/KIA အဖွဲ့က တောင်းဆိုသည့် ကိုယ်ပိုင်တပ်ထားရှိရေးနှင့်ပတ်သက်၍လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်ဟု ဦးသိန်းဇော်ကပြောသည်။

"KIO/KIA နဲ့အကြိမ်ကြိမ်ဆွေးနွေးပြီးပါပြီ။ အင်မတန်တူညီတဲ့အချက်တွေရှိပါတယ်။ သူတို့ကလည်း ပြည်ထောင်စုက ဘယ်တော့မှ ခွဲမထွက်ဘူးဆိုတာကိုဆုပ်ကိုင်ထားပါတယ်။ တိုင်းရင်းသားပြည်သူပြည်သားတွေအတွင်းမှာ လုံးဝ စိတ်ဝမ်းကွဲစရာမရှိပါဘူး" ဟု ဦးသိန်းဇော်က ပြောသည်။

ပြီးခဲ့သည့်အပတ်က ရွှေလီတွင် ပြုလုပ်ခဲ့သည့် KIO/KIA နှင့်ဆွေးနွေးပွဲတွင်ရလဒ်ကောင်းပေါ်ထွက်နေသည့်အတွက် ပြည်သူအများစိတ်ချမ်းသာလျက်ရှိသည်ဟု ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဒုတိယခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ကပြောသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO/KIA အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြရာတွင် တူညီသည့်အချက်များများစွာရှိကြောင်းလည်း ဦးသိန်းဇော်ကပြောသည်။

# အချပ်ပို

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
FEBRUARY 2 , 2012



## ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် လာရောက်

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးစောင့်ကြည့်ရေးအထူးစောင့်ကြည့်ရေး ကိုယ်စားလှယ် မစ္စတာသောမတ်စ်ကင်တားနားသည် ဇန်နဝါရီ ၃၁ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး သူ၏ခရီးစဉ်မှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများကို သုံးသပ်သွားရန် လာရောက်ခြင်းဖြစ်ကြောင်း ယင်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လက လာရောက်ခဲ့သော ခရီးစဉ်၏ နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ် ပြောင်းလဲလျက်ရှိသော အပြောင်းအလဲများနှင့် လူ့အခွင့်အရေးကိစ္စများကို ထပ်မံလေ့လာသုံးသပ်ရန် အဓိကဖြစ်ကာ ခရီးစဉ်အတွင်း အစိုးရတာဝန်ရှိသူများ၊ ဥပဒေပြုရေးပညာရှင်များနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးသွားပြီးပါက ဖေဖော်ဝါရီ၅ ရက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်သွားမည်ဖြစ်သည်။ Ref; Time of oman

## သမ္မတအကြံပေး ဒေါက်တာဦးမြင့်၏ သုတေသနစင်တာအတွက် နိုင်ငံခြားရောက် မြန်မာပညာရှင်အချို့ ပြန်လာမည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့် ဦးဆောင်ဖွင့်လှစ်မည့် မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ (MDRI) လက်အောက်မှ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Centre for Economics and Social Development) တွင် သုတေသီအဖြစ် လာရောက်လုပ်ကိုင်မည်ဟု နိုင်ငံခြားရောက် မြန်မာလူမျိုးပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာတင်မောင်သန်းက ပြောသည်။

၎င်းနှင့်အတူ အခြားသော ပြည်ပရောက်မြန်မာလူမျိုးပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာဇော်ဦးလည်း ပါဝင်လုပ်ကိုင်ရန်ရှိကြောင်းပြောသည်။

မန္တလေးဆေးတက္ကသိုလ်မှ M.B.B.S ဘွဲ့နှင့် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (M.P.A) ရရှိခဲ့သည့် ဒေါက်တာတင်မောင်သန်းက အဆိုပါစင်တာတွင် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို သုတေသနလုပ်ဆောင်သွားရန် ပြီးခဲ့သည့်လအနည်းငယ်က မြန်မာနိုင်ငံသို့ လာရောက်စဉ်လေ့လာခဲ့သည်ဟုပြောသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်၏ မြေးဖြစ်သူ ဗြိတိန်နိုင်ငံ ကန်းဘရစ်ချ်တက္ကသိုလ်မှ သမိုင်းဘာသာဖြင့်ပါရဂူ(PhD)ဘွဲ့ရ ဒေါက်တာသန့်မြင့်ဦးကဲ့သို့သမိုင်းပညာရှင်ပုဂ္ဂိုလ်မျိုးလည်း ထိုစင်တာကို ဝန်းရံနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ရရှိထားပြီး မြန်မာလူမျိုးများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို လုပ်ကိုင်နေသော ဗဟိုအဖွဲ့၏ ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်များဖြစ်သည့် ဒေါက်တာဇော်ဦးနှင့် ဒေါက်တာတင်မောင်သန်းတို့သည် အဖွဲ့ကိုယ်စားပြုခြင်းမဟုတ်ဘဲပုဂ္ဂလိကအနေဖြင့် လာရောက်ကူညီခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

စီးပွားရေးပညာရှင်ဦးမော်သန်းက "သူတို့က လာကူမယ်ဆိုရင် တိုင်းပြည်အတွက် သိပ်ကောင်းတာပေါ့။ သူတို့မှာ နိုင်ငံတကာအတွေ့အကြုံတွေလည်း ရှိတယ်။ ပညာကလည်းပဲ အဆင့်မြင့်ပါရဂူဘွဲ့တွေရထားတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်းလည်ပတ်နေသည့် ငွေကြေး၊ တိုင်းပြည်တွင်ရှိသည့် နိုင်ငံခြားရန်ပုံငွေကိစ္စများကို အစိုးရက သုတေသနပြုထားသည်များရှိသော်လည်း ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ဘဲ ယခုကဲ့သို့ စီးပွားရေးသုတေသနဌာနများပေါ်ပေါက်လာပါက အချက်အလက်များ ထွက်ပေါ်လာနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းပြောဆိုသည်။

ထို့ပြင် စီးပွားရေးဆိုင်ရာစာပေများရေးသားလျက်ရှိသည့် ဆရာခင်မောင်ညို(ဘောဂဗေဒ) ကမြန်မာနိုင်ငံတွင်လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကာလအတွင်း နိုင်ငံခြားသားများ၏ သုတေသနများက မြန်မာသုတေသီများ၏ သုတေသနများထက် ပိုမိုများပြားခဲ့ကြောင်း ထောက်ပြသည်။

## မျက်နှာဖုံး-ကျပ်ငါးထောင်တန်ဖုန်း ရောင်းချမည့်အစီအစဉ်မဖြစ်နိုင် မှ

ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပြီး ကျပ်ငါးထောင်ဖြင့် မိုဘိုင်းဆင်းမ်ကတ်များကို ရောင်းချပေးမည်ဆိုသည့်အစီအစဉ်သည် ယခုလက်ရှိမြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနည်းပညာဥပဒေများအရဆောင်ရွက်နိုင်ဦးမည်မဟုတ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးရုံးမှ ဦးဆောင်ညွှန်ကြားရေးမှူးကပြည်တွင်းမီဒီယာများသို့ တရားဝင်ပြောကြားသည်။

ယနေ့နံနက် ၉ နာရီဝန်းကျင်တွင် ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ဆက်သွယ်ရေးသင်တန်းကျောင်းအတွင်း ပြုလုပ်ခဲ့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဌာနအသီးသီးမှ အဓိကတာဝန်ရှိသူများနှင့် အဆိုပါပုဂ္ဂလိကကုမ္ပဏီဖြစ်သည့် ရွှေပြည်တံခွန်ကုမ္ပဏီတို့၏ နှစ်ဖက်တွေ့ဆုံရှင်းလင်းပွဲတွင်တက်ရောက်လာသည့်မီဒီယာများသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးက "ဆက်သွယ်ရေးအနေနဲ့ဘယ်လိုပုဂ္ဂလိကကဏ္ဍရဲ့ ဆောင်ရွက်ချက်မျိုးကို မဆိုလက်ခံပါတယ်။ ဒီစီမံကိန်းကို ခွင့်မပြုတာမဟုတ်ပါဘူး။ တည်ဆဲဥပဒေတွေနဲ့မကိုက်ညီတာတွေရှိနေတာကြောင့် လောလောဆယ်အနေထားမှာ လုပ်ငန်းဆောင်ရွက်ခွင့်မရနိုင်သေးတာပါ"ဟုပြောကြားသည်။

ထိုတွေ့ဆုံရှင်းလင်းပွဲတွင် ရွှေပြည်တံခွန်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာဦးလွင်နိုင်ဦးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများကို ၄င်း၏ ငါးထောင်တန်ဖုန်းစီမံကိန်းနှင့်ပတ်သက်ပြီး Power point တင်ပြချက်ဖြင့်ရှင်းလင်းခဲ့သည်။

သို့သော် ၎င်း၏ ရှင်းလင်းတင်ပြချက်အပြီးတွင် ဆက်သွယ်ရေးမှ တာဝန်ရှိသူများ၏ မေးမြန်းလာသည့် နည်းပညာပိုင်းဆိုင်ရာ စီမံကိန်းများနှင့်ဆောင်ရွက်ရမည့် အခြေအနေများကိုမူထိုကုမ္ပဏီ၏ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းပြောဆိုနိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။ ဆက်သွယ်ရေးဘက်မှ တာဝန်ရှိသူများက ကွန်ရက်တည်ဆောက်မည့် နည်းပညာပိုင်းစီမံကိန်းကာလကို မေးမြန်းရာ-

"ကွန်ရက်တည်ဆောက်မယ့် စီမံကိန်းကတော့ ကျွန်တော်က အင်ဂျင်နီယာမဟုတ်တဲ့အတွက် မရှင်းပြနိုင်ပါဘူး"ဟု ဦးလွင်နိုင်ဦးက ပြန်လည်ဖြေကြားသည်။

ဆက်သွယ်ရေးမှ တာဝန်ရှိသူများက Time Frame (သတ်မှတ်အချိန်) မည်မျှရေးဆွဲထားပါသလဲဟု မေးမြန်းမှုကို "ကုမ္ပဏီဘက်မှ ၂ နှစ်စီမံကိန်း ဆွဲထားပါသည်"ဟုပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေးလုပ်ငန်း၏ အခြားဌာနမှ တာဝန်ရှိသူတစ်ဦးက ယင်းစီမံကိန်းအတွက် အဝေးဆက်ကြောင်းတည်ဆောက်မှု စီမံကိန်းကာလ မည်မျှရေးဆွဲထားပါသလဲဟုမေးမြန်းရာယင်းပုဂ္ဂိုလ်ကပင်၅နှစ်စီမံကိန်းဟုဆက်လက်ဖြေကြားသည်။

ဦးလွင်နိုင်ဦးက ၄င်းတို့၏ ပထမဦးဆုံးပြုလုပ်သည့် မီဒီယာများနှင့်သတင်းစာရှင်းလင်းပွဲတွင် ခွင့်ပြုချက်ရသည်နှင့် သုံးလမှ ခြောက်လအတွင်း ၅၀၀၀ ကျပ်တန်ဖုန်းများကို ချက်ချင်းရောင်းချပေးသွားမည်ဟုပြောခဲ့ဖူးသည်။ သို့သော်မြန်မာ့ဆက်သွယ်ရေးနှင့် ယခုတွေ့ဆုံသည့် ရှင်းလင်းပွဲတွင် မူစီမံကိန်းကာလများမှာ ၂နှစ်နှင့် ၅ နှစ်ဟူ၍ ဖြေကြားခဲ့သည်။

ထိုကုမ္ပဏီက နိုင်ငံတော်သမ္မတရုံးသို့၎င်းစီမံကိန်းကိုတင်ပြထားပြီးနောက် ဇန်နဝါရီလ ၂၅ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့လည်း အဆိုပြုလွှာတင်သွင်းထားသည်။ သို့သော် မြန်မာ့ဆက်သွယ်ရေးသို့ တင်ပြထားသည့်အဆိုပြုလွှာတွင်မူကျပ် ၅၀၀၀ ဖြင့်ရောင်းချပေးမည်ဟူသည့် အဆိုပြုလွှာမပါရှိဘဲ ၎င်းတို့ကုမ္ပဏီကို ဆက်သွယ်ရေးနှင့် Second Mobile Operator အဖြစ် ငါးနှစ်သက်တမ်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးရန်ကိုသာ တောင်းဆိုထားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အထွေထွေမန်နေဂျာဖြစ်သည့်တာဝန်ရှိသူက "လက်ရှိ ရွှေပြည်တံခွန်ရဲ့စီမံကိန်းကာလဟာ အရမ်းကိုအချိန်နည်းပါးလွန်းပါတယ်။ တကယ်တမ်း ဆက်သွယ်ရေးစီမံကိန်းတစ်ခုအတွက်အဆင့်တစ်ခုချင်းစီအလိုက်ကို တာဝန်ယူရလုပ်ဆောင်ရတဲ့ အချိန်ဟာ မနည်းလှပါဘူး။ ဒါကြောင့်မို့လက်တွေ့မှာ လေးငါးခြောက်လတည်းနဲ့ မိုဘိုင်းဖုန်း သန်းဂဏန်းအရေအတွက်ကို ထုတ်ပေးနိုင်တယ်ဆိုတာဟာ စဉ်းစားစရာပါ"ဟု သုံးသပ်ပြောကြားခဲ့သည်။

ခွင့်ပြုချက်ကျလာသည်နှင့် အချိန်သုံးလမှ ခြောက်လအတွင်း မိုဘိုင်းဆင်းမ်ကတ် တစ်သန်းကို ထုတ်လုပ်မည်ဟုဆိုသည့်အထက်ပါကုမ္ပဏီက ထုတ်လုပ်မည့် မိုဘိုင်းဖုန်းစနစ်မှာ ၄င်းတို့ထုတ်လုပ်သည့် မိုဘိုင်းဖုန်းကွန်ရက်အချင်းချင်းသာ ပြောဆိုနိုင်သည့် (ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချထားသည့်မည်သည့်ဖုန်းကိုမျှ ဆက်သွယ်နိုင်ခြင်းမရှိသည့်) စနစ်တစ်ခုဖြစ်နေခြင်းဖြစ်ကြောင်းလည်းသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရွှေပြည်တံခွန်ကုမ္ပဏီ၏ ရည်ရွယ်ချက်သည် ၎င်းတို့လုပ်ငန်း၏ ရည်ရွယ်ချက်နှင့်တူညီပါကြောင်းကိုလည်း တာဝန်ရှိသူများက ပြောဆိုကြသည်။ သို့သော်မတူညီသည့်အချက်များရှိနေသေးသဖြင့် ထိုမတူညီသည့်အချက်အလက်များကို ညှိနှိုင်းကာပူးပေါင်းဆောင်ရွက်မှုများဖြစ်လာနိုင်ကြောင်းကိုလည်း ဆက်လက်ပြောကြားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင်ဆက်သွယ်ရေးဥပဒေမူကြမ်းကို နိုင်ငံတော်ရှေ့နေချုပ်ရုံးအဆင့်သို့ တင်ပြထားသည်ဟုဆိုသည်။ အဆိုပါဥပဒေထွက်ပေါ်လာပါကပြည်တွင်း၏ ဆက်သွယ်ရေးလုပ်ငန်းရပ်များတွင် Second Operator ဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီလေးခုခန့်ကိုဆောင်ရွက်ခွင့်များပေးသွားရန်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။ လက်ရှိတွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားသည့် ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများမှာရွှေပြည်တံခွန်ကုမ္ပဏီတစ်ခုတည်းမဟုတ်ဘဲ အခြားလုပ်ငန်းရှင် ရာဂဏန်းနှင့်ချီပြီးရှိနေသည်ဟုသိရသည်။

ထိုအရေအတွက်များတွင် ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ကုမ္ပဏီများ၏ အဆိုပြုလွှာများမှာ ပြည်တွင်းထက် ပိုမိုများပြားကြောင်း အထက်ပါ ဦးဆောင်ညွှန်ကြားရေးမှူးကပြောသည်။ ယခုလက်ရှိ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းဖုန်းအသုံးပြုခများမှာ အခြားနိုင်ငံများထက်ဈေးကြီးနေရခြင်းမှာအခြေခံအဆောက်အအုံများကို ရင်းနှီးတည်ဆောက်ရမှု၊ နိုင်ငံတော်မှချပေးသည့်ဘတ်ဂျက်ကိုရေရှည်အသုံးပြုခွင့်မရဘဲ သတ်မှတ်နှစ်များအတွင်းအမြတ်ငွေအဖြစ်ပေးဆောင်နေရခြင်းများကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ သို့သော် အစိုးရအနေဖြင့် ပြည်တွင်းမိုဘိုင်းဖုန်းအသုံးပြုခများကို တဖြည်းဖြည်းချင်း တစ်ဆင့်ဆင့်ချင်း လျှော့ကျသက်သာအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

### စာ-၃၊ ဒေါ်အောင်ဆန်းစုကြည်ကြောင့် အနာဂတ်အတွက် အားတက်မိကြောင်း ကိုမင်းကိုနိုင်ပြောကြား မှ

သဘောမတူဘူးဆိုတာကို သဘောတူတယ်ဆိုတဲ့စကားလုံး ဟာ အင်မတန်အရေးကြီးပါတယ်။ ဒီမိုကရေစီ နည်းလမ်းကျတယ် ပေါ့ဗျာ။ ကျွန်တော်တို့ရဲ့ သဘောထားအမြင်တွေကို သူက လွတ်လွတ်လပ်လပ်နဲ့ အမြဲတမ်းပြောခွင့်ပေးတယ်။ ဂရုတစိုက်နားထောင်တယ်။ ပြီးတော့မှ သူသဘောတူရင် တူတဲ့ အကြောင်း၊ မတူရင် မတူတဲ့အကြောင်း အားလုံးကို ပြေလည်စွာ ရှင်းပြလေ့ရှိတယ်။ အဲဒီ့အကျင့်ကောင်းတွေ အခုထိ သူ့မှာ ရှိနေတုန်းပဲ။ အားလုံးခြုံပြောရရင်တော့ သူက အရင်ကထက် ပြည့်ဝလာတာကိုတွေ့ရတယ်။ ဒီအတွက် အနာဂတ်အတွက် အားတက်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်က ကိုမင်းကိုနိုင်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းထားတယ်လို့သိရတယ်။ ကိုမင်းကိုနိုင်ရော အိမ်ထောင်ပြုဖို့အစီအစဉ်ရှိပါသလား။**

အဲဒါက အစ်မကြီးတစ်ယောက်က မောင်တွေကို ပူပန်သလို ပူပန်မှုမျိုးပါဗျာ။ မိသားစုထဲမှာ သူ့အနေနဲ့ တာဝန်ရှိသလို ခံစားရပါလိမ့်မယ်။ အဲဒီ့အခါကျတော့ အစ်မကြီးတစ်ယောက်ရဲ့ တာဝန်ရှိတဲ့အလျောက် မောင်တွေကို တိုက်တွန်းတာပါပဲ။ အဲဒါကတော့ ကျွန်တော့်ဘက်က ရယ်ရယ်မောမော၊ ပေါ့ပေါ့ပါးပါး ပါပဲ။ ရယ်နေရုံပဲ တတ်နိုင်တာပေါ့ဗျာ။

ကျွန်တော်တို့က ရယ်နေရုံအပြင်ရော ဘာများ တတ်နိုင်ဦးမှာမို့လို့လဲ။ ကျွန်တော်တို့ရဲ့ အခြေအနေအရ. . . (ရယ်လျက်)။